# ရောင်စုံကျေးလက်

## ဝတ္ထု ၁၂ ပုဒ်

သိန်းဖေမြင့်၊ ကျော်အောင်၊ မောင်ထွန်းသူ၊ ဆောင်းဝင်းလတ်၊
ကိုရိုးကွန့်၊ ဂျူး၊ နုနုရည်(အင်းဝ)၊ ကိုလေးမြတ်၊ ဂျိုဇော်၊
ခင်ခင်ထူး၊ တွာလ်ခဲင်းမာန်၊ မောင်ခိုင်အောင်



စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ရောင်စုံကျေးလက်

ဝတ္ထု ၁၂ ပုဒ်

ကြည်လင်အေး–စီစဉ်သည်။

ပထမအကြိမ်၊ ၂၀၂၁

ရောင်စုံကျေးလက် ဝတ္ထု ၁၂ ပုဒ်၊ သိန်းဖေမြင့် နှင့်အခြား...
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၂၄၇ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၁၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

# ရောင်စုံကျေးလက်
## ဝတ္ထု ၁၂ ပုဒ်

မြန်မာကျေးလက်သည် ယေဘုယျအားဖြင့် အေးချမ်းမှု ရသ အပြည့်ဟု ဆိုရပါမည်။

သာသာယာယာ အေးအေးဆေးဆေး ရှိသည်။

ထိုသဘာဝလေးကို ကျေးလက်ဝတ္ထုများတွင် ခပ်ပါးပါး ဖြစ်စေ ခံစားရပါသည်။

တစ်ခါတစ်ရံတွင်တော့ ကျေးလက်သည်လည်း အံ့သြ ပြောစမှတ်ပြုစရာ အဖြစ်အပျက်တို့ ရှိတတ်သည်။

မြန်မာဝတ္ထုတို အရေးအဖွဲ့နယ်ပယ်မှ လက်စွမ်းထက်သူ ဆရာ၊ ဆရာမများသည် ကျေးလက်ကို တန်ဖိုးထား၍ မမေ့နိုင်သော အလွမ်းများဖြင့်လည်းကောင်း၊ စိတ်အာရုံတွင် ထင်ဟပ်စွဲငြိစေသော ဖြစ်ရပ်တို့ဖြင့်လည်းကောင်း များစွာရေးဖွဲ့ခဲ့သည်မှာလည်း ရှေးကပင်ဖြစ်သည်။

ထို့ကြောင့်ပင် ရွာအလွမ်းနှင့် ကျေးလက်လူမှုရှုခင်း ဝတ္ထုတိုများကို ရောင်စုံကျေးလက်မြင်ကွင်းများအဖြစ် စုစည်းတင်ဆက်ထားပါသည်။ ။

(၁) သိန်းဖေမြင့်

(၃၃) ကျော်အောင်

(၅၂) ဆောင်းဝင်းလတ်

(၅၈) ကိုလေးမြတ်

(၇၁) နုနုရည်(အင်းဝ)

(၈၂) ကိုရိုးကွန့်

(၁၀၇) ဂျိုဇော်

(၁၂၆) ဂျူး

(၁၆၆) တွာလ်ခဲင်းမာန်

(၁၈၃) မောင်ထွန်းသူ

(၂၂၀) ခင်ခင်ထူး

(၂၃၄) မောင်ခိုင်အောင်

အချိုရှာ တမာတွေ့

သားအချစ် မြေးအနှစ်

ပေါင်းမိုးအောက်က လူနှစ်ယောက်

ကျွဲငှိုကာ

ရေယဉ်ငယ်စီးပါတဲ့ မြစ်ကြီးငယ်သောင်ခြေ

ဘဝကူး

ပန်းနွယ်ကစိမ်း

အိပ်မက်ထဲက မြို့တော်

ချစ်စရာ့ရွာ

တောင်ပံမဲ့လျက် လေထဲပျော်

ဝွဲသတ်ချိန်

မှတ်တိုင်

## အချိုရှာ တမာတွေ

- သိန်းဖေမြင့် -

ကုက္ကိုစုရွာကလေးမှာ အလွန်တရာမှ ချောင်ကျလေ၏။ ရွာအရှေ့ဘက် တစ်တိုင် ခရီးမျှသွားမှ ဆုံကုန်းဆိုသော မီးရထားဘူတာရွာသို့ ရောက်၏။ ရွာအနောက်ဘက် သုံးတိုင်ခရီးမျှ သွားပါမှ ရွှေစာရေးဝန်ဘိုဆိုသော ချင်းတွင်းကမ်းပါးရွာများသို့ ရောက်၏။ ရွာမြောက်ဘက် ခရီးနှစ်တိုင်မျှ သွားနိုင်မှ မြို့အုပ်မင်း ရုံးစိုက်တော်မူရာ ဘုတလင်မြို့သို့ ရောက်၏။ ကုက္ကိုစုသူ ဒေါ်ပန်းခက်မှာ မြို့ဆို၍ ဘုတလင်မြို့ကိုပင် တစ်ခါ တစ်ခေါက်မျှ မရောက်ဖူးချေ။

ကုက္ကိုစုဟု အမည်ပေးထားသော်လည်း ရွာတွင်းနှင့် ရွာနီးနား တစ်ဝိုက်တွင် ကုက္ကိုပင်ဟူ၍ကား တစ်ပင်တလေမျှ မတွေ့မြင်ရပေ။ နောင်လာနောက်သား လူအများတို့အား ဗဟုသုတပေးပါရန်၊ ကုက္ကိုစုနေ ဆွေမျိုးများထံ အလည်အပတ် ရောက်သွားသော ကျွန်တော်တို့က ကျွန်တော်တို့အဘိုး ဦးပေါက်ကြိုင်း၏ နှမ၊ ကျွန်တော်တို့၏ ဘွား ကလေးဖြစ်ထသော မမှိုပွင့်အား ချဉ်းကပ်မေးမြန်းသောအခါ “ဘောက် မယ့်ခေါ်တယ်လို့တော့ သိပါဖူးဟယ်၊ တို့များငယ်ငယ်တုန်းကတည်းက ကုက္ကိုစုပဲ ခေါ်ကြတာဘဲဟဲ့” ဟုသာ ဥပလက္ခိတံ ခဲ့ကြရလေသည်။

ရွာမှာ အိမ်ခြေငါးဆယ်ကျော် ခြောက်ဆယ်မျှရှိ၍ စာသင်ကျောင်း မရှိ။ ဘုန်းကြီးကျောင်းမျှပင်မရှိ။ အတန်းစာသင်ချင်လျှင် ကျည်းပင် ချောင် ဆရာကျင်၏ လောကဓာတ် ကျောင်းသို့ သွားရသည်။ သာရေး နာရေး ဘုန်းကြီးပင့်လိုလျှင် ယုန်လေ့းကုန်း၊ ဆုံကုန်း စသောရွာများသို့ သွား၍ပင့်ရလေသည်။

ချစ်ပိုကား စာပေလိုလားသော အမျိုးကောင်းသားတစ်ယောက်ဖြစ် သည့်အားလျော်စွာ ကျည်းပင်ချောင် ဆရာကျင်၏ကျောင်းတွင် ၃ တန်း အောင်သည်အထိ သင်ခဲ့ဖူး၏။ ၎င်းနောက် ယုန်လေ့းကုန်းဘုန်းကြီး ဦးသုဓမ္မကျောင်းတွင် ကိုရင်ဝတ်လျက် သုံးနှစ်မျှ စာသင်ကြားခဲ့ရာ သင်္ဂြိုဟ်ကိုးပိုင်း ကုန်သည်အထိ ပေါက်မြောက်စွာ တတ်ခဲ့၏။ သဒ္ဒါ၊ ဝိနည်း၊ ကျမ်းကြီး ကျမ်းငယ်များ ဆက်လက်သင်အံ၍ အသက် ၂၀ ရောက် လူလားမြောက်လျှင် လူ့ဘဝ၏ ဒုလ္လဘဖြစ်ပေသော ရဟန်း အဖြစ်ကိုပင် နှစ်ဝါတန်သည်၊ သုံးဝါတန်သည် ခံယူရန် ရည်သန် နှလုံး သွင်းနေဆဲ ဖခမည်းတော်ကြီး စုတေမနေ ကွယ်လွန်လေ၏။ ထို့ကြောင့် ယင်းအကြံကို လက်လျှော့ပြီး မိခင်ကြီးမဇလပ်နှင့် နှမလေး ချစ်မိတို့အား လုပ်ကျွေးသမှုပြုရန် လူဝတ်လဲရလေတော့၏။

ဖခင် ဦးဖူးညိုပိုင်သော ယာတောမှာ ကုက္ကိုစုရွာ၏ အနောက် မြောက် တစ်ခေါ်လောက်ဝေးသည့် လက်ပံပင်ကြီးနှင့် ရေငန်ချောင်းကြီး တွင် တည်ရှိလေသည်။ ရေငန်ချောင်းကမ်းဘေးတွင် သဲဆပ်ပြာများ ပွင့်လျက်ရှိပြီး ရေများငန်နေတတ်သဖြင့် ရေငန်ချောင်းဟု ခေါ်စမှတ်ပြုကြ သည်။ ရေငန်ချောင်းဘေးတွင် တည်ရှိသဖြင့် ဦးဖူးညို၏ ယာတောကို ရေငန်ချောင်းယာတောဟု ခေါ်ကြသည်။ ထိုရေငန်ချောင်းယာတောမှာ ၂ ဧကနှင့် ဒသမ ၃၅ အကျယ်အဝန်းရှိ၍ ၎င်း၏အရှေ့ဘက်တွင် ရှားပင်များဖြင့် ပြည့်နှက်နေသော မြေရိုင်းတစ်ကွက်ရှိလေသည်။

အနောက်ဘက်မှ ကပ်လျက်မှာကား ကျွန်တော်တို့၏ ဦးကြီး ဦးစိုးရ ဇနီးဒေါ်ရွှေမယ်တို့ လုပ်ကိုင်ကြသော ငှက်ပျောခြံတစ်ခု ရှိလေသည်။

ဦးဖူးညို ကွယ်လွန်သောအချိန်၌ ရေငန်ချောင်းယာတောဖြင့် သန်တုန်းမြန်တုန်း နွားတစ်ရှဉ်း၊ ကိုယ်လေးလက်ဝန်နှင့် နွားမတစ်ကောင်၊ လှည်းတစ်စီး၊ ထွန်တစ်တုံး စသည်ဖြင့် အရင်းအနှီး ပြည့်ပြည့်စုံစုံ ကျန်ရစ်လေသည်။

ကျွန်တော် အင်္ဂလိပ်ကျောင်းမပြောင်းခင် မြန်မာစာသင်ကျောင်း ၄ တန်းတွင် သင်ကြားနေစဉ် ကျွန်တော်တို့ ဘုတလင်မှာ ပလိပ်ရောဂါ ဖြစ်ပွားလေသည်။ ထိုအခါ ကျွန်တော်တို့မှာ ဘုတလင်မှထွက်ပြေးခဲ့ရပြီး ကုက္ကိုစုရွာမြောက်ဘက်ရှိ အဆိုပါ ဦးကြီး ဦးစိုးရတို့ ငှက်ပျောခြံတွင် ခိုလှုံနေကြရလေ၏။ ထိုစဉ်အခါက ပဥ္စင်းမတက်ရသေးမီ ကိုရင်လူထွက်ဖြစ်ခဲ့ရသော ကိုချစ်ပိုသည် ဖခင်ကြီး ဦးဖူးညို၏အမွေကို ဆက်ခံပြီး တောင်သူကြီး ဖြစ်၍နေလေပြီ။

တောင်သူကြီးအလုပ်နှင့် ညီညွတ်အောင် သူ၏ ကိုယ်ကာယတို့သည် ထွားကျိုင်း ၏။ ခြေလက်ကြီးမား၍ ရင်ဘတ်ကျယ်ပြန့်၏။ တိုတောင်းစွာ ဝတ်ထားသော ဖျင်ကြမ်း လုံချည်၏အောက်တွင် ကြွနေသော ခြေသလုံးကြွက်သားကြီးများကို မြင်နိုင်ပေ၏။ သို့သော် မျက်နှာကား တောင်သူကြီး မျက်နှာမပီသရုံမက လူကြီးမျက်နှာပင် မပေါ်သေးချေ။ အချို့က ချစ်ပိုရဲ့မျက်နှာက ကလေးကြီးမျက်နှာနဲ့တူသဟဲ့ဟု ဆိုကြကုန်၏။ ကိုချစ်ပိုသည် သျှောင်ထုံးနိုင်လောက်အောင်ကလည်း ဆံပင်ကမရှည်သေး။ သည်တိုင်းထား ပြန်ကလည်း ထိုးထိုးထောင်ထောင်ဖြင့် သူ့ဆံတိုကို လက်ကိုင်ပဝါဖြင့် အမြဲစည်းထားလေသည်။

ထိုအခေါက်တွင် ကိုချစ်ပိုနှင့် ကျွန်တော် တော်တော်ရင်းနှီးကြလေ၏။ သူ့ယာ တောအရှေ့ဘက်ရှိ ရှားပင်များဖြင့် ပြည့်နှက်နေသော

မြေရိုင်းတွင် ရှားပင်အချို့ကို ခုတ်ထွင်၍ ယာတဲကလေးတစ်ခု ဆောက်ထားလေရာ နေ့ခင်းနေ့လယ်များတွင် ကျွန်တော် သွား၍ လည်ပတ်လေ့ရှိ၏။ ကိုချစ်ပိုနှင့်အတူ လက်ဖက်ရည်ကြမ်းနှင့် ပဲလှော်ကိုလည်းကောင်း၊ တစ်ခါတစ်ရံ အမဲသားခြောက်၊ သမင်သားခြောက် စသည်ကိုလည်းကောင်း နေ့လယ်စာ စားလေ့ရှိပေ၏။ ကိုချစ်ပိုအား ကျွန်တော်မမေ့နိုင်သည့်အကြောင်းတစ်ခုမှာ ကျွန်တော်သည် နံနက်ခင်းများတွင်လည်းကောင်း၊ ညနေခင်းများတွင်လည်းကောင်း ကျွန်တော်တို့တည်းခိုရာ ငှက်ပျောခြံမှနေ၍ လေတံခွန် (စွန်) လွှတ်လေ့ရှိ၏။ လေက တဟီးဟီးတိုက်လျက်ရှိပြီး ပြောင်းခင်းကြား လေတိုးဝှေ့၍ တဝိုးဝိုးမြည်သံ၊ ငှက်ပျောလက်ကြား လေတိုးဝှေ့၍ တဖျပ်ဖျပ်မြည်သံနှင့် လေတံခွန်ထိုးတက်လိုက်၊ စိုက်ဆင်းလိုက်လုပ်ရင်း ဖြစ်ပေါ်လာသော တရွှမ်းရွှမ်းအသံ၊ ထိုသို့သော အသံတို့ကို နားခံရင်း စိတ်ကို လေတံခွန်နှင့်အတူကောင်းကင်သို့လွှတ်၍ လွင့်ပျံစေရသည်မှာ ပျော်မဆုံးစရာပင် ဖြစ်တော့၏ ။

တစ်နံနက်ခင်းတွင် ကျွန်တော်၏လေတံခွန်သည် စိုက်ဆင်း သွားရာ ကျွန်တော် ထိန်း၍မရတော့ချေ။ ၎င်းနောက် လက်ပံပင်ကြီးတွင် ကြိုးငြိပြီး ပြတ်သွားလေ၏။ လေတံခွန်မှာ လက်ပံပင်ခေါင်ဖျားတွင် ချည်တုပ်မိလျက်သားဖြစ်ပြီး တရွှမ်းရွှမ်း လူးနေလေ၏။ ထန်းပင် နှစ်ဖျားခန့် မြင့်ပေရာ ကျွန်တော့်မှာပြန်ရဖို့ အခက်ကြုံနေရလေ၏။ သည့်ထက်ခက်ပြန်သည်မှာ လေတံခွန်အသစ်လုပ်ရန် နောက်ထပ် စက္ကူမရှိခြင်းဖြစ်၏။ ကိုချစ်ပိုသည် ဘာမပြော၊ ညာမပြောနှင့် ခါးတောင်းမြောင်လှအောင် ကျိုက်လျက် လက်ပံပင်ကြီးကို တက်ပါလေ၏။ ခေါင်ဖျားနတ်နေကိုင်းအနီးထိတက်၍ လေတံခွန် ဖြုတ်ချပေးရလေသည်။ ကျွန်တော်ကား ကိုချစ်ပိုအား ထိုစဉ်က ဘာမျှမပြောမိသော်လည်း သို့မဟုတ်

မပြောတတ်သော်လည်း စိတ်တွင်းမှာ ကျိတ်လျက် သူ၏သတ္တိကို ကြည်ညို၍မငြီး၊ သူ၏ သစ်ပင်တက်ကျွမ်းကျင်မှုကို ချီးကျူး၍မကုန်၊ သူ့အား ကျေးဇူးတင်၍လည်း မပြီးပါ။

တစ်ခါတစ်ရံ ကိုချစ်ပိုက အရီးမအေးပုံ၏သမီး မစက်ကြည်ကလေးအကြောင်းကို ပြောတတ်ပါသည်။ မစက်ကြည်ကား စမ်းရေပြင်ကဲ့သို့ ဝိုင်းစက်ကြည်သော မျက်နှာနှင့် မျှစ်စို့ကြီးကဲ့သို့ နုပျိုထွားကျိုင်းလှပသော ကိုယ်လုံးကိုယ် ပေါက်ရှိသဖြင့် ကုက္ကိုစုတွင်မက ရွာနီးချုပ်စပ်တွင်ပါ ကွမ်းတောင်ကိုင် ဖြစ်လေသည်။ ကိုချစ်ပိုသည် မစက်ကြည်အားကိုရင်ဘဝတုန်းကပင် မေတ္တာပို့ခဲ့ပေရာ ကိုရင်လူထွက်သောအခါ ပိုသောမေတ္တာကို သစ္စာဖြင့် ခိုင်မြဲနိုင်ရန် အတည့်အလင်း ခွင့်ပန်ခဲ့ပေ၏။ မစက်ကြည်မှာ ပြောင်းရိတ်၊ မြေပဲကောက်၊ ပေါင်းသင်၊ ဝါးခွဲ၊ ထင်းခွေ၊ ရေခပ်တောသူတို့ တတ်အပ်သမျှကို ပိုင်နိုင်စွာ တတ်သည့်အပြင်သမင်မကလေးလို ဖျတ်လတ်ရကား ကိုချစ်ပို၏ မိခင်ကြီး မဇလပ်ကိုယ်တိုင်ကပင် အလွန်တရာ လိုလားလေသည်။

(၂)

ညနေစောင်းအချိန် ဖြစ်သည်။

နေကား အတော်ပင်ကျနေပြီဖြစ်သော်လည်း တိမ်တောင်တိမ်စွယ်အကာအရံကွယ် မရှိသဖြင့် ဝင်းထိန်တောက်ပလျက်ပင် ရှိသေး၏။ ရေငန်ချောင်းနံဘေးတွင် သဲပြင်ကလေးတစ်ခုရှိ၏။ ထိုသဲပြင်တစ်ခြမ်းကို အနီးရှိ ဒဟတ်ပင်ရိပ်က မိုးထား၍ တစ်ခြမ်းမှာ နေရောင်တွင် ဖြူဝင်း၍နေလေသည်။ ဒဟတ်ပင်ရိပ်ကျနေသော သဲပြင်ပေါ်တွင် ကိုချစ်ပိုသည် ငြိမ်သက်စွာ အလျားမှောက်လျက်၊ ချောင်းတစ်ဖက် ကမ်းချုံများဆီသို့ စူးစိုက်၍ ကြည့်နေလေသည်။ ဆီးသီးများမှာ အချို့မှည့်နေကြပြီးဖြစ်၍

အချို့ကဝါဝင်းလျက် အချို့မှာ နီရဲနေ၏။ ဆီးပင်အောက်များတွင် ကြွေကျပြီးသားဆီးသီးများ ရှိလေ၏။ ကိုချစ်ပိုခြေရင်းဘက်တွင်ကား ပြောင်းခင်းကြီးရှိ၏။ ပြောင်းပင်များမှာ လက်တစ်ဖောင်ခန့်မြင့်၍ အနုံတဝင့်ဝင့်နှင့်ဖြစ်၏။

ချစ်ပို၏ရှေ့တွင်ရှိသော ချောင်းရေမှာ နှစ်တောင်မျှသာကျယ်ပြီး အနက် တစ်ထွာသာသာမျှသာ ရှိပေလိမ့်မည်။ ရေစီးမှာလည်း မရှိသလောက်ပင် ဖြစ်၏။ သူ့လက်တွင်းမှာ ဒူးလေးနှင့်မြား ကိုင်စွဲလျက်သူ့ဘေးတွင် ဓားရှည်တစ်ချောင်းချထား၏။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ တိတ်ဆိတ်လှပေ၏။ လေပြည်ကလေး ဖေ့လာသဖြင့် မြက်ပင်ကလေးများ ယိမ်းသွားသော်လည်း ပြောင်းပင်များကိုမူ မလှုပ်နိုင်ရကား ဘာသံမျှ မကြားရပေ။ ထို့နောက်ခဏကြာသော် 'ဘိုတိုတောက်၊ ဘိုတိုတောက်' နှင့် အသံသည် ပေါ်လာပေ၏။ ထိုညနေခင်း၊ ထိုယာတောအလယ်၊ ထိုသို့သော တိတ်ဆိတ်ခြင်းဝယ် ပေါ်လာသော ဘိုတိုတောက်အသံသည် ပွဲခင်းကြီး အလယ်ပရိသတ်က တုတ်တုတ်မျှမလှုပ်ဘဲ အာရုံစိုက်နေကြဆဲ ပေါ်လာသော ချွတ်နင်းသံနှင့် တူလှပေတော့၏။

သမင်ကလေးတစ်ကောင်သည် ချုံကြားထဲမှ ထွက်လာ၏။ ဟိုဟိုသည်သည် လည်ထောင် ချိုမော့ကာ ကြည့်၏။ ချစ်ပိုသည် အသက်မျှနာနာမရှူဘဲ ငြိမ်ဆိတ်စွာ အလျား မှောက်မြဲမှောက်နေ၏။ သမင်ကလေးကား ဆီးသီးများကို ကောက်စားလေ၏။ ဘိုတိုတောက်၊ ဘိုတိုတောက်။ နောက်တစ်ကောင် ထွက်လာပြန်သည်။ ၎င်းသည်လည်း ဟိုဟိုသည်သည် လည်ထောင်ချိုမော့ကာ ကြည့်ပြန်၏။ ချစ်ပိုကား ငြိမ်ဆိတ်စွာပင် အလျားမှောက်လျက်။ သမင်ကလေးသည် ရေငုံ့သောက်လေ၏။

ပထမသမင်မှာ ခပ်ညိုညိုဖြစ်၍ လည်ပင်းမှာ အဖြူကလေးများပါသည်။ ဒုတိယသမင်ကား အုန်းခွံရောင်ဖြစ်၏။ ချစ်ပိုသည် သာယာသော ညနေချမ်းရှုခင်းဝယ် ပန်းပုပန်းခက်သဖွယ် တင့်တယ်သော ဦးချိုများကို လှုပ်၍လှုပ်၍ စားသောက်နေကြသော ထိုသမင် ကလေးများကို မြင်ရသောအခါ ကြည်နူးခြင်းဖြင့် လွှမ်းမိုးပြီး ဒူးလေးကိုပင် မောင်းမတင်မိဘဲ ရှိလေ၏။

ထိုအခိုက်တွင် စက်ကြည်သည် ပြောင်းခင်းထဲမှ ဘွားခနဲပေါ်လာ၏။ သူ့လက်တစ်ဖက်တွင် ပြောင်းဖူး ဆယ့်လေးငါးဖူးကို ဖက်ချင်းတွဲချည်၍ ကိုင်ထား၏။ အခြားတစ်ဖက်တွင်ကား နွားနှင်တံတစ်ချောင်းကိုကိုင်ထား၏။ စက်ကြည်သည် ဘွားခနဲ ပြောင်းခင်းမှ အထွက် အားလျားမှောက်နေသော ယောကျ်ားပျိုတစ်ယောက်အား နဖူးတွေ့ဒူးတွေ့ တွေ့ သွားသဖြင့် အံ့အားသင့်ကာ ငေးနေမိလေ၏။ သို့ အံ့အားသင့်ကာ ငေးနေမိသည်မှာ ခပ် ကောင်းကောင်းပင်ဖြစ်၏။ အကြောင်းမူကား ညနေစောင်းရှုခင်း၏ အလှဝယ် အလွန်တင့်တယ်သော သမင်ကလေးများ၏ စားသောက်မှုကိုလည်းကောင်း၊ ဒူးလေးတင်ရန် သတိမေ့လျော့ပြီး ငေးကြည့်နေမိသော ချစ်ပို၏ ကြည်နူးမှုကိုလည်းကောင်း ဘွားခနဲထွက်ပေါ်လာသော စက်ကြည်က အနှောင့်အယှက် မဖြစ်စေသောကြောင့်တည်း။

စက်ကြည်သည် နောက်တစ်ခဏ၌ အလျားမှောက်နေသူမှာ အခြားသူမဟုတ်၊ ချစ်ပို ဖြစ်ကြောင်းသိသဖြင့် စိတ်ထဲမှာ ရှက်တက်တက် ဖိန်းတိမ်းတိမ်းဖြစ်လာပြီး ပြောင်းခင်း ထဲသို့ ပြန်လှည့်ကာ ဝင်ချင်သလိုလို ဖြစ်လာ၏။ သို့သော် သူမ၏ မျက်စိအစုံကို သမင်မ ကလေးတစ်ရှဉ်းက ဆွဲထားသည်။ သူမ၏ ခြေများကို ချစ်ပိုတည်းဟူသော စပါးကြီးချက်က ညှို့ထားသည်။

"ကိုချစ်ပိုကြီး တစ်ယောက်တည်းရယ်၊ အလျှားကြီးမှောက်လို့ ဘာလုပ်မလို့ပါလိမ့်။ အမယ်တော့်လက်ထဲမှာလည်း ဒူးလေးကြီးနဲ့။ ကြည့်စမ်း ကြည့်စမ်း"

စက်ကြည်သည် နွားနှင်တံကိုင်ထားသောလက်ဖြင့် သူ့ရင်ကို မ,မိ၏။

ချစ်ပိုကား ဒူးလေးကြီးကိုတင်လိုက်ပြီး မြားကိုလွှတ်တော့မည်။ သမင်ကလေး တစ်ကောင် မှန်တော့မည်။ အသည်းဖောက်မိလျှင်တော့ သမင်ကလေး လဲရှာတော့မည်။ တစ်ကောင်ကတော့ ကြောက်အားလန့် အား လှည့်ပြေးပြီး ချုံနှင့်ချိုနှင့်ငြိကာ ရုန်းနေတုန်းကို ချစ်ပိုက မြား တစ်စင်း ထပ်လွှတ်ဦးမည်။

စက်ကြည်သည် ဝါးတစ်ရိုက်မျှကွာဝေးသော ချစ်ပို အလျှား မှောက်နေရာသို့ လှစ်ခနဲ ခြေဖျားထောက်၍ပြေးပြီး ချစ်ပို၏ဘေးတွင် ဖြုန်းခနဲ အလျှားထိုးချလိုက်၏။ ၎င်းနောက် မြားလွှတ်ရန် ဟန်ပြင်နေ သော ချစ်ပို၏လက်ကို ဆွဲထားလိုက်လေ၏။ သမင်ကလေးများသည် ဖြုန်းခနဲ လှည့်ကာ ခုန်ပေါက်ပြေးလွှားကြ၏။ ချုံထဲ အတင်းတိုးဝင်ကြ ၏။

ချစ်ပိုသည် မျက်လုံးပြူးပြူး၊ မျက်ဆန်ပြူးပြူး၊ ပါးစပ်အဟောင်း သားနှင့် စက်ကြည်ကို လှည့်ကြည့်လိုက်၏။ စက်ကြည်ကား ရင် တဒိတ်ဒိတ်ခုန်နေ၏။ ဟိုက်နေအောင် မောနေ၏။ ခဏလေးကြာမှ လေသံကလေးဖြင့် –

"သနားပါတယ်တော်၊ မပစ်ပါနဲ့"

ချစ်ပိုကား အံ့အားသင့်ရာမှ ဒေါသရောင်သန်းလာ၏။ သို့သော် ချစ်ပို၏ ဒေါသရောင်ကား စက်ကြည်၏အနီး၌ ပင်လယ်ရေပြင်တွင် ကျသော မီးဖွားကလေးသဖွယ်သာ ဖြစ်၏။ နောက်တစ်ခဏ၌ ပြုံးလိုက်

မိ၏။

စက်ကြည်သည် ချစ်ပို၏အပြုံးကိုမြင်တော့မှ သူ့ကိုယ်သူ သတိရ တော့ကာ ဆွဲကိုင်ထားသော ချစ်ပို၏လက်ကို လွှတ်လိုက်လေ၏။ မောဟိုက်နေသော လေသံနှင့်ပင်–

"သနားပါတယ်တော်၊ မပစ်ပါနဲ့"ဟု ထပ်မံပြောပြီး သေးချင်းယှဉ် ၍ အလျားမှောက်နေမိရာမှ ရုတ်တရက်ထပြီးထိုင်၏။ ချစ်ပိုလည်း ထထိုင်လိုက်ရာ စက်ကြည်နှင့် ယှဉ်ထိုင်မိလျက်ပင် နေလေ၏။ သူတို့နှစ် ယောက်သားသည် ရင်တဒိတ်ဒိတ်ခုန်နေကြ၏။ မျက်နှာမှာလည်း ထူပူ နေကြလေ၏။ အတန်ကြာသော် စက်ကြည်က ဤအကြိမ်တွင်ကား စကားမရှိ စကားရှာပြောသော သဘောမျိုးဖြင့် ထပ်ပြောပြန်၏။

"သနားပါတယ်တော်၊ မပစ်ပါနဲ့"

ထိုသို့ စက်ကြည်က စကားပြောလိုက်ခြင်းသည် ချစ်ပိုအား ရဲဆေး ထိုးပေးလိုက်သည်နှင့် တူလေ၏။ ချစ်ပိုသည် ရုတ်တရက် ပြုံးလိုက်ပြီး

"သမင်တော့ သနားတတ်တယ်။ ကျုပ်ကိုတော့ မသနားတတ်ဘူး"

စက်ကြည်သည် အတန်ငယ်တွေသွား၏။ နောက်မှ –

"ဘာပြောတယ်တော့်"

"အေး... သမင်ကိုတော့ သနားတတ်တယ်။ ကျုပ်ကိုတော့ မသနားတတ်ဘူးလို့ ပြောတာ"

စက်ကြည်က တစ်ကျော့ထပ်၍ တွေနေပြီးနောက်၊ အတန်ကြာမှ–

"သနားပါတယ်တော်။ အခုလောက် ဒုက္ခခံစောင့်နေရပြီး ကျုပ် ကြောင့် သမင်သား မစားရတော့ဘူး။ သနားပါတယ်တော် ဒုက္ခပဲ'

ချစ်ပိုသည် မျက်နှာကို ရှုံ့မဲ့လိုက်သည်။ နောက်မှ ညှိုးငယ်သော အမူအရာပြုလျက်–

"ဒါပြောတာ မဟုတ်ဘူး စက်ကြည်ရဲ့။ ကျုပ်ကို စက်ကြည်

မသနားဘူး။ ကျုပ်က စက်ကြည်ကို ကြိုက်တယ်။ စက်ကြည်က ခုထိ ချိုသည်ခါးသည် ပြန်မပြောဘူး။ အဲဒါ ပြောတာ"

စက်ကြည်က မပြုံးမရဲ့ တကယ့်တည်ငြိမ်သော မျက်နှာဖြင့် ငေးနေသည်။ ချစ်ပိုသည် စက်ကြည်ဘက် ကိုယ်ကိုယိမ်း၍ ကပ်လိုက်ပြီး –

"နားလည်ရဲ့လား။ ဒါကြောင့် ကျုပ်ကိုတော့ မသနားတတ်ဘူးလို့ပြောတာ"

စက်ကြည်သည် တစ်ကိုယ်လုံး သွေးရောသားရော တဆတ်ဆတ်တုန်နေ၏။ အရှက်လှိုင်းကြားတွင် မူးဝေ၍နေ၏။ သို့ မူးဝေနေစဉ်ပင် ချစ်ပိုအနားမှ တစ်ဖဝါးမျှ မခွာနိုင်လောက်အောင် အညှို့ခံနေရလေ၏။

"ပြောလေ၊ မသနားဘူး မဟုတ်လား"

"တော့်ကို မသနားဘူးလို့ ဘယ်သူက ပြောလို့တုံး"

"သနားရင် ကျုပ်ကြိုက်သလို စက်ကြည်ကလည်း ကြိုက်တယ်လို့ ပြောပါလား'

စက်ကြည်သည် အရှက်လှိုင်းကြားတွင် မူးဝေနေရာမှ အမူးလွန်လာပြီး ရဲစိတ်ကလေးများပင် ဝင်လာ၏။ သို့ကြောင့် ပြုံးလိုက်၏။

"ကဲ... ပြောလေ"

စက်ကြည်သည် ခစ်ခနဲရယ်လိုက်၏။ ပြီးမှ

"ကျုပ်ကလည်း တော့်လိုပါပဲ"

ချစ်ပိုသည် ထ၍ခုန်လိုက်၏။ သမင်ကလေးတွေနှင့် အပြေးပြိုင်လို၏။ သို့သော် စက်ကြည်အနားမှ တစ်ဖဝါးမျှမခွာနိုင်အောင် သံလိုက်ဓာတ်မိနေ၏။ ထို့ကြောင့် ပြုံးပြုံးကြီး လုပ်ပြီး စက်ကြည်အား 'ဆီးဖြူဖန်ခါးလိုဖြင့် ငုံထားပါရဲ့' ဆိုသော သဘောမျိုးဖြင့် ကြည့်နေလေ၏။ စက်ကြည်ကား ပြောင်းဖူးစည်းကို ရင်ဝယ်ပိုက်ပြီး ပြောင်းဖူးမွေးကလေးများကို သျှောင်ပေစူးကလေးတွေဖြစ်အောင် ထုံးပေးနေလေ၏။ သူတို့

သည် အချစ်ဝက်ပါတွင် နှစ်ယောက်သားဝင်ကြပြီး လမ်းစပျောက်သွားသည့်တိုင်အောင် ကြည်နူးနေကြပေရာ တစ်ယောက်ကိုတစ်ယောက် ဘာပြော၍ ဘာဆိုရမည်ကိုပင် အစရှာမရအောင် ဖြစ်နေကြလေ၏။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေပြန်၏။ နေမင်းကား ဝင်တော့မည်ဖြစ်သဖြင့် နီရဲသော မျက်နှာဝန်းကြီးပြလျက် နှုတ်ဆက်နေပေ၏။ ချစ်ပိုနှင့် စက်ကြည်တို့၏ အချစ်လှိုင်းဂယက်သည် ရေငန်ချောင်းတစ်ဝိုက်လုံး ပျံ့နှံ့သွားဟန်ရှိသည့်ပြင် ချုံနွယ်ပိတ်ပေါင်းတို့ကြားသို့ ထိုးဖောက်ကာ စောစောက ထိတ်လန့်၍ ပြေးဝင်သွားကြသော သမင်ကလေးတို့အား ရိုက်ခတ်ဟန်တူလေသည်။ 'ဘိုတိုတောက်၊ ဘိုတိုတောက်' အသံများ စည်းချက်ညီညီနှင့် ပေါ်လာပြန်၏။ သမင်ကလေးနှစ်ကောင်ပင် ပေါ်လာပြန်သည်။ နှစ်ကောင်စလုံး ပြိုင်တူ လည်တိုင်ကိုမော့၊ ချိုကိုကော့ကာ ဟိုဟိုသည်သည် ကြည့်ကြသည်။ ချစ်ပိုနှင့် စက်ကြည်ကား မလှုပ်မရှား သမင်ကလေးများကို ကြည့်နေကြသည်။ စက်ကြည်သည် ပြောင်းဖူးမွေးကလေးတွေကိုပင် မကစားရဲတော့သည် အထိ ငြိမ်ဆိတ်စွာ ထိုင်နေ၏။

သမင်ကလေးများသည် ပြိုင်တူပင် ရေသောက်ကြ၏။ ရေသောက်ပြီးနောက် အထီးက လည်တိုင်ကလေးဆန့်လိုက်၊ အမက လည်တိုင်တွန့်ပြီး ချိုကလေးဝင့်ကာ တို့၍ထိ၍ ကျီစယ်လိုက်။ အမက လည်တိုင်ဆန့်လိုက်၊ အထီးက လည်တိုင်တွန့်ပြီး ချိုကလေးဝင့်ကာ တို့၍ထိ၍ ကျီစယ်လိုက် လုပ်နေကြလေသည်။ ချစ်ပိုနှင့် စက်ကြည်တို့မှာ ထိုအခြင်းအရာကို မြင်သောအခါ ရယ်ချင်တုန်း ကလိထိုးခံရသလို ဖြစ်သွားကြလေ၏။

ချစ်ပိုသည် ဖြုန်းခနဲ ဆိုင်းမဆင့် စည်းမတောဘဲ စက်ကြည်၏ ပါးပြင်ကို ဘယ်ပြန် ညာပြန် နမ်းလိုက်မိလေ၏။ စက်ကြည်ကား ဖြုန်း

ခနဲ ပြောင်းဖူးစည်းကိုပစ်ချပြီး လက်နှစ်ဖက်နှင့်စုံကန်၍ ချစ်ပို၏ ရင်ဘတ်ကြီးကို တဗုန်းဗုန်းထုမိလေ၏။ သမင်ကလေးများမှာမူ ထိတ်လန့်တကြားနှင့် ချစ်စနိုး ကျီစယ်မှုများကို စွန့်လွှတ်ပြီး ချုံများထဲသို့ အတင်းပြေးဝင်ကြလေ၏။ စက်ကြည်သည် ပြောင်းဖူးစည်းကို ဘယ်လက်မှာဆွဲပြီး ညာလက်မှာ နှင်တံကို ကိုင်လျက် မတ်တတ်ရပ်လိုက်၏။ ချစ်ပိုမှာ ရယ်ရမလို၊ ဒေါသဖြစ်ရမလိုနှင့် အားမလို အားမရဖြစ်ပြီး ထိုင်ရာမှပင် စက်ကြည်အား မော့ကြည့်နေလေ၏။ အတန်ကြာမှ စက်ကြည်သည် သူ့အား ပြုံးသယောင်ယောင်နှင့် မျက်စောင်းချိတ်ကြည့်လျက်

"ကဲ... ထ၊ နေဝင်လုပြီ။ ရွာထဲဝင်ကြစို့ရဲ့"

"စက်ကြည်ဟာ ကျုပ်ကို မသနားဘူးလို့ ဒါကြောင့်ပြောတာပဲ"

"သနားတာနဲ့ ဒါနဲ့ ဘာဆိုင်သလဲ။ တကတဲမှပဲ ဖြစ်နေလိုက်တာ။ ကဲ... ထ၊ ရွာထဲသွားမယ်။ မှောင်လာရင် အမေက ပြောနေဦးမယ်"

စက်ကြည်သည် ပြောပြောဆိုဆို ပြောင်းခင်းထဲသို့ ဝင်သွားလေ၏။ ချစ်ပိုလည်း ကပျာကယာ မတ်တတ်ရပ်ကာ ဒူးလေးနှင့်မြားများကို ဆွဲကိုင်ပြီး ပြောင်းခင်းထဲသို့ပင် ဝင်၍ စက်ကြည်နောက်မှ လိုက်သွားလေ၏။ ပြောင်းပင်ကြီးများကား လက်တစ်ဖောင်သာသာမြင့်၍ ပြောင်းနှံများက တဝင့်ဝင့် ဖြစ်နေလေ၏။ မကြာမီ လက်ပံပင်ခေါင်ဖျားဝယ် ယီးလေးခိုနေသော နေရောင်ခြည်သည် ပျောက်ကွယ်သွားလေ၏။

(၃)

"အဲဒီနေရာပေါ့ မောင်ရ၊ စက်ကြည်နဲ့ငါ အတွာဖြစ်တာ" ဟု ဆိုလျက် ကိုချစ်ပိုက ကျွန်တော့်အား ရေငန်ချောင်း သည်ဘက်ဘေး ဒဟတ်ပင်အောက်က သဲပြင်နှင့် ဟိုဘက်နားက ဆီးပင်များ ညွှန်ပြပါသည်။

ဘုတလင်မှာ ပလိပ်ရောဂါ ကင်းစင်ပြီဖြစ်သဖြင့် ကျွန်တော်တို့ ပြန်ကြပြီး နောက်များမကြာမီပင် ကျွန်တော်သည် မုံရွာမြို့အင်္ဂလိပ် ကျောင်းသို့ ပြောင်းရွှေ့နေရပါသည်။ ထိုအခါမှစ၍ ကျွန်တော်သည် ကိုချစ်ပိုကိုတွေ့ရန် ခဲယဉ်းလာပါတော့သည်။ သို့သော် တစ်ခုသော နွေရာသီကျောင်းပိတ်ရက်ရှည်တွင် ကုက္ကိုစုသို့ သွားရောက်လည်ပတ် လေရာ ကိုချစ်ပိုကို တွေ့ရပါသည်။

"ဘယ့်နှယ်လဲ ကိုချစ်ပို၊ မစက်ကြည်ကော ရှိရဲ့လား" ဟု အိမ်ရှေ့တွင် ပြောင်းရိုး စဉ်းနေသော ကိုချစ်ပိုအား ကျွန်တော်က သူ့အိမ်ထဲ ရောက်သည် ဆိုလျှင်ပင် မေးလိုက်မိသည်။

ကိုချစ်ပိုသည် ပြောင်းရိုးစဉ်းသည်ကိုရပ်ပြီး ကျွန်တော့်အား ကြည့်လိုက်၏။ ကျွန်တော့်အမေးကို မဖြေဘဲ ပြုံးပြုံးကြီး လုပ်နေပါသည်။ သူ့အပြုံးမှာ ပါးစပ်အပြုံးသာ မဟုတ် တစ်မျက်နှာလုံး အပြုံးဖြစ်သည်။ မုန့်ကြိုးလိမ် သကြားဖြူးထားသော အချိုမျိုး မဟုတ်။ တင်လဲအိုးမှ အချိုမျိုးဖြစ်သည်။

ကျွန်တော်သည် သူ့အိမ်ခလောက်ဆွဲဝယ် ခြေတွဲလွဲချ၍ ထိုင်လိုက်သည်။ သူကမူ ပြောင်းရိုးစဉ်းဓားမကြီးကို အိမ်ထရံကပ်ကြားမှာ ထိုးလိုက်သည်။

"ဘယ့်နှယ်လဲ ကိုချစ်ပို၊ မစက်ကြည် ဘယ်မှာလဲ"

"သူ့အမေအိမ်မှာပေါ့ ကိုရင်ရဲ့"

"ဟင်... ခင်ဗျားတို့ အိမ်ထောင်မကျသေးဘူးလား"

"မကျသေးဘူး"

"ဘာဖြစ်လို့တုံး၊ ပျက်သွားကြလို့လား"

"မပျက်ပါဘူး၊ မင်္ဂလာဆောင်ဖို့ စရိတ်မရှိလို့"

ကျွန်တော့်မှာ မယုံနိုင်လောက်အောင် အံ့သြခြင်းဖြစ်ရလေသည်။

သူ့မှာ ၂ ဧက ဒသမ ၃၅ ကျယ်ဝန်းသော ရေငန်ချောင်းယာတော ရှိသည်မဟုတ်လော။ လှည်းနွားအစုံ ရှိသည် မဟုတ်ပါလော။ ကျွန်တော် မယုံနိုင်ဖြစ်နေသည်ကို ယုံစေရန် တိုက်တွန်းဘိသည့်အလား ကိုချစ်ပိုက ထပ်ဆက်ပြန်သည်။

"ခဲဖိုးပေးဖို့တောင် မရှိဘူး။ နောက်ထပ် ကြွေးချေးလို့လည်း မရနိုင်ဘူး"

"ဟင်… ခင်ဗျားမှာ အရင်က ကြွေးတင်ပြီးသားမို့ နောက်ထပ် ကြွေးယူလို့ မရတာလား။ ကျွန်တော်ဖြင့် သိ မသိပေါင်ဗျာ"

ကိုချစ်ပိုက ခေါင်းညိတ်လိုက်သည်။ သူခေါင်းညိတ်ပုံမှာ ကြွေ တော့မည့်ပန်း ငိုက်စိုက်ကျသွားသည်နှင့် တူတော့၏။

ကိုချစ်ပို၏ ဖခင် ဦးဖူးညို ကွယ်လွန်သောအခါ သူတို့တွင် ငွေသား တစ်ကျပ်တစ်ပြားမျှ မရှိချေ။ နှမ်း ၁၅ တောင်းနှင့် ပဲတစ်ပုတ် လောက်သာ အလွယ်တကူ ထုခွဲနိုင်သောပစ္စည်း ရှိလေသည်။ သို့သော် မသာစရိတ်အတွက် ရုတ်တရက် ရောင်းမရနိုင်သဖြင့် မဒေါင်းမေထံမှ ငွေ ၈၀ ကျပ် ချေးယူရလေသည်။ နောက်မှ နှမ်းနှင့်ပဲကို ထုခွဲရောင်းချရန် ကြိုးစားပါသော်လည်း ဈေးမကောင်းသည်ကတစ်ကြောင်း၊ ရသမျှထဲမှ လည်း ငါးပိ၊ ကြက်သွန် စသော အသုံးအဆောင်များကို ဖဲ့ဝယ်ရသဖြင့် တစ်ကြောင်း မဒေါင်းမေထံမှငွေကို အကျေအလည် မဆပ်နိုင်ခဲ့ပေ။ အတိုးအရင်း လေးငါးနှစ် ဖဲ့ဆပ်ခဲ့သော်လည်း ၄၀ ကျပ်မျှ ကျန်နေ သေးသည်။

ထိုအကြွေးဟောင်း မပြေသည့်အပြင် အကြွေးသစ်တွေ ထပ်၍ တင်စရာသာအကြောင်း ဖြစ်လာခဲ့၏။ လက်ဦးနှစ်တွင် မြေခွန်တော်ပူ သဖြင့် နှမ်း၊ ပဲ၊ ပြောင်း စသည်တို့ကို အပူတပြင်း ရောင်းရရာ ဈေးကောင်း ကောင်းမရချေ။ နောက်တစ်နှစ်တွင်လည်း ထိုနည်းလည်းကောင်းပင်

ဖြစ်လေ၏။

နောက် သည်ထက်သည် အခြေအနေဆိုးလာခဲ့လေသည်။ တစ်ပြည်လုံး အရောင်းအဝယ်ကျပ်တည်းသည်ဟု ကိုချစ်ပိုတို့ ကြားရသည်။ ဘာကြောင့် ကျပ်တည်းသည်၊ ဘယ်သူက ကျပ်အောင်လုပ်သည် စသည်ဖြင့်ကား ကိုချစ်ပိုတို့နားမလည်။ ကျပ်ခြင်း၏ ဒဏ်ကိုသာ ကုန်းခံရလေ၏။ အရောင်းအဝယ် ကျပ်ကုန်သဖြင့် ဘုတလင်က ပွဲစားကြီး ကိုမြင့်လည်း နှမ်းမဝယ်နိုင်။ မုံရွာက သားရေကုမ္ပဏီ ဦးဘကလည်း သားရေ မကောက်နိုင်။ ကိုချစ်ပို၏ နှမ်းတွေ အရောင်းရခက်။ ဦးစိုးရတို့၏ သားရေတွေမှိုတက်။ ဆီးသီးကောက်၍ ရထားတွဲနှင့် တင်ရန်လည်း မလွယ်ကူဖြစ်နေလေ၏။ သို့ရာတွင် မြေဆီမြေခ အခွန်အတုတ်တို့ကား ပေါ့သွားသည်မရှိ။ ပို၍သာ လေးလာခဲ့၏။

နောက်ဆုံး ကိုချစ်ပို၏ နွားမကြီးတစ်ကောင်၊ နွားသိုးတစ်ကောင်နှင့် နွားငယ်ကလေးတစ်ကောင်တို့ကို ရောင်းလိုက်ရုံသာမက ရေငန်ချောင်း တောင်ယာတောကို မဒေါင်းမေထံမှာ အပေါင်ထား၍ ငွေချေးရသည့်အဖြစ်သို့ ရောက်ခဲ့လေ၏။ ကိုချစ်ပိုမှာ ယာပိုင်သည်ဟူသောနာမည်သာရှိသော်လည်း ပိုင်သာပိုင် မဆိုင်ဖြစ်နေတော့သည်။

“အေးလေဗျာ၊ ကြွေးမယူဘဲ ခပ်ကျဉ်းကျဉ်းရုံးပြီး မင်္ဂလာဆောင်လိုက်ကြပေါ့ဗျာ”

“ကျဉ်းတာပဲ ကိုရင်ရဲ့။ ဒါပေမဲ့ ဝတ်စုံတစ်စုံမှ လက်မဖွဲ့နိုင်ရင် ဘယ်ကောင်းမလဲ။ ပြီးတော့လည်း မင်္ဂလာဆိုတာ တစ်သက်တစ်ခါဆောင်ရသဟာပဲ။ ပျော်ပျော်ပါးပါး ဆွေမျိုးတွေ၊ သူငယ်ချင်းတွေ မကျွေးမမွေးဘဲ လုပ်ရရင် ကျုပ်ရော မစက်ကြည်ပါ တစ်သက်လုံး ဘယ်မယ်စိတ်ကောင်းမလဲ။ သူငယ်ချင်းတွေ ခဲဖိုးမပေးရင်ကော ကောင်းမလားကိုရင်ရ”

ကျွန်တော်က ဈေ့တာရေးတရားတွေ၊ သာရေးနာရေးတွေမှာ စရိတ်မကုန်အောင် ဈေ့တာဖို့တွေ၊ ပြည်ဦးခ၏ ဈေ့တာရေးစာအုပ်မှ ကောက်နုတ်ချက်များပါ ထည့်ပြောလေရာ–

"လူရယ်ဖြစ်လာရင် သာရေးနာရေးဆိုတာ ကြုံမြဲပ။ ကြုံရင် ကုန်မြဲပ ကိုရင်။ သဟာကြောင့် ခက်တာပဲ" ဟု ကိုချစ်ပိုက ငြင်းချက်ထုတ်ပါသည်။ ကျွန်တော်ကလည်း မရှင်းတတ်ပါ။ အဘယ်ကြောင့်ဆိုသော် လူ့အရေးသည် စားရေး၊ နေရေး၊ ဝတ်ရေးမျှသာ မကသောကြောင့်တည်း။

ကိုချစ်ပိုသည် ကျွန်တော့်အား လက်ဖက်ရည်ကြမ်း ငှဲ့ပေး၏။ အမဲခြောက်ဖုတ်ကို ဖဲ့ပြီး ဆီဆမ်းကာပေး၏။ ထိုအခါ ကျွန်တော်သည် ရေငန်ချောင်း ယာတော၊ ရှားပင်တွေ အလယ်ကောင်ရှိ တဲကလေးတွင် ကိုချစ်ပိုနှင့် ကျွန်တော်သည်လိုပင် စကားတပြောပြောနှင့် လက်ဖက်ရည်ကြမ်း သောက်ကြသည်ကို ပြေးသတိရလေသည်။

"ကိုချစ်ပို ရေငန်ချောင်းယာထဲက တဲကို သွားလည်ကြဦးစို့ဗျာ။ ကျွန်တော်တော့ မုံရွာတုန်းက အဲဒီတဲကလေးကို ခဏခဏသတိရတာပဲ"

"ယာထဲက တဲကို ဖျက်လိုက်ရပြီကော ကိုရင်ရ"

"ဟင်... ဘာကြောင့်တုံး"

"ဆရာစံ သူပုန်ထတယ် မဟုတ်လား။ ဘယ်မှာတဲ့လေ (နဖူးကို လက်ဖနောင့်နှင့် ပေါက်ရင်း) ဘယ်မှာတဲ့လေ"

"သာယာဝတီမှာလေ၊ ဂဠုန်ဆရာစံ သူပုန်ထတာ"

"အေး အေး၊ သာယာဝတီ၊ သာယာဝတီ။ အဲဒီသူပုန် ထတုန်းကပေါ့။ ဆုံးကုန်းသူကြီးနဲ့ ကျုပ်တို့ရွာက ရွာခေါင်းက အမိန့်ထုတ်တယ်။ ရွာအပြင်မှာ ဘယ်သူမှ မနေရဘူးတဲ့။ ရွာအပြင်တဲတွေကို ဖျက်ရမတဲ့။ သူပုန်တွေခိုမှာ စိုးရသတဲ့ကိုရင်ရ။ သဟာ့ကြောင့် ကျုပ်တဲကလေး ဖျက်ရ

တာပ"

"လုံဖျား ပုစဉ်းနားတာနဲ့ ကျီးကန်းက ချေးပါဆိုတာပါဗျာ။ သာယာဝတီနဲ့ ကုက္ကိုစု အဝေးကြီးပါပဲ"

"ဒါထက် ရွှေဘိုမှာတောင် နည်းနည်းထလိုက်သေးတယ်ဆို မဟုတ်လားကိုရင်ရ"

"မထပါဘူး၊ အစိုးရက နှိမ်ကောင်းအောင်လို့ လှန့်တာပါ။ ဘုတလင်ကိုတောင် ကုလားတပ်တွေ ရောက်လာသေးတယ်ဗျ။ အားပြတာပေါ့လေ"

"အိမ်း၊ တယ်ဉာဏ်များသနော့။ (အသံကိုတိုးပြီး) ဒါထက် ဂဠုန် သူပုန်တုန်းက ကျုပ်တို့လို တောင်သူလယ်သမားတွေ ဓားဆွဲပြီးထတာဆို မဟုတ်လား။ အတက်လည်း သိပ်ရဲဆိုပဲ"

"မြန်မာ့သွေးကိုဗျ၊ ရဲတာပေါ့"

"အိမ်း... ဟုတ်တယ်။ (ပို အသံတိုးလျက်) ကိုရင် ဘယ်သူ့မှ တော့ မပြောနဲ့နော်။ ကျုပ်တို့တောင် ဖြစ်လာရင် ထချဖို့ ဓားသွေးထား တယ်။ တွင်းတောင်က ကိုညိုအေးတို့ ပြောလို့ လေးမြေဘုန်းကြီးဆီက ပြီးဆေးလေးဘာလေး ထိုးထားဖို့ ကြံသေးတယ်။ အခြေမလှလို့ ငြိမ်နေ လိုက်ရတာ ကိုရင်ရ"

ကျွန်တော့်မှာ ရင်တဒိတ်ဒိတ် ခုန်လာပါသည်။ အံ့သြခြင်းနှင့် ချီးကျူးခြင်းသည် ကျွန်တော့်အား တစ်လှည့်စီ ပူးနေကြသည်။

"အဟုတ်လား၊ ကျွန်တော်တို့ ကျောင်းသားတွေလည်း ငြိမ်မနေ ပါဘူး။ ကြည့်စမ်း၊ ကျွန်တော့်ခေါင်း"

ကျွန်တော်က ကျွန်တော့်ခေါင်းတုံးကို ပြသည်။ ကိုချစ်ပိုက ခေါင်း တုံးကို သေသေချာချာ တစ်စုံတစ်ရာ ရှာဖွေသလိုကြည့်ပြီး

"ကိုရင်တို့လည်း ပြီးဆေးများ ထိုးထားသလား၊ ဘယ်မလဲ"

"မဟုတ်ဖူး၊ အင်္ဂလိပ်ကိုမုန်းတဲ့ အထိမ်းအမှတ်နဲ့ ရန်ကုန်က ကျောင်းသားတွေကစပြီး ခေါင်းတုံးတုံးကြတာ။ ခု ကျွန်တော်တို့ မုံရွာကလည်း လိုက်လုပ်ကြတယ်လေ။ စီးကရက်လည်း သပိတ်မှောက်တာပဲဗျ"

"ဟေ... ဟုတ်လား" ဟု ပြောပြီး ကိုချစ်ပိုသည် တွေတွေကြီး ကြည့်ကာ ငေးနေပါသည်။

"တောက်၊ ဖြစ်ချင်ဖြစ် ကိုရင်ရာ။ ခုလို ဒုက္ခခံနေရတာထက် ဓားဆွဲ သူပုန်ထရတာက ကောင်းဦးမယ်"

ကျွန်တော်ကား ကုက္ကိုစုကသာ ပြန်လာခဲ့ပါတော့သည်။ ကိုချစ်ပိုအား ဘာမျှမပြောခဲ့တော့ပါ။ ဟုတ်ပါလိမ့်မည်။ ကိုချစ်ပိုအဖို့ ကြွေးကလည်း ဘယ်တော့မှကျေစရာအကြောင်း မရှိ။ ယာမြေတို့တွင် နဖူးက ချွေး ခြေမကျအောင် အလုပ်လုပ်ရသည်။ သို့လုပ်ပြီးနောက် ယာသီးယာနှံကား အတိုးဆပ်၍ အခွန်ဆောင်ဖို့ လိုလိုသာ ဖြစ်နေသည်။ မစက်ကြည်အား ဝတ်စုံတစ်စုံ တင်၍တောင်းနိုင်အောင် ချောင်ချိရန်မှာ ခက်လှဘိတောင်း။ သမင်ကလေးက ကလိသဖြင့် မစက်ကြည်အား နမ်းမိရာ သူ့ရင်ဘတ်ကို ဗုန်းဗုန်းထုရိုက်ခဲ့သော မစက်ကြည်၏ လက်အစုံကို မလွှတ်တမ်းဆွဲ၍ အချစ်ပွဲဝင်ရန်ကား ခက်လှဘိတောင်း။

## (၄)

တစ်နွေကုန်၍ တစ်မိုးဝင်ခဲ့၏။

ချစ်ပိုလည်း တစ်မိုးလုံး အလုပ်ခွင်ဝင်ရ၏။ ရေငန်ချောင်းယာတောတစ်ဝက်တွင် ပြောင်းစိုက်၍ တစ်ဝက်တွင် နှမ်းစိုက်သည်။ ချောင်းကမ်းနား ကပ်၍ကား ခရမ်းတောင့်ရှည်နှင့် ရုံးပတီသီးများ စိုက်၏။

တစ်မိုးကုန်၍ တစ်ဆောင်းဝင်ခဲ့ပြန်သည်။

ချစ်ပိုသည် တစ်ဆောင်းတွင်းလုံး အလုပ်ခွင်ဝင်ရပြန်၏။ ရေငန်ချောင်း ယာတောတစ်ခုလုံး ကုလားပဲစိုက်၏။ ချောင်းကမ်းနားမှာကား ပြောင်းဖူးနှင့် ခရမ်းချဉ်များ စိုက်လေ၏။

နှင်းတဝေဝေ ဖြစ်နေ၏။ ကုလားပဲပင်များမှာ နှင်းဖွဲများနှင့် ရွှဲနေလေ၏။

ချစ်ပိုသည် ယခင်က တဲထိုးခဲ့ရာနေရာတွင် မီးဖို၍ ကုလားပဲသီးများကို အပင်လိုက်မီးဖုတ်ကာ စားနေလေသည်။ သူသည် ကွင်းနင်းလာမည့် မြေတိုင်းစာရေးကြီးကို စောင့်နေခြင်းဖြစ်သည်။

နေထန်းတစ်ဖျားလောက်ရှိ၍ နှင်းလုံးလုံးစဲချိန်တွင် စာရေးကြီးနှင့် နောက်လိုက်နှစ်ယောက် ရောက်လာလေသည်။ စာရေးကြီးကား ကာကီရောင် သက္ကလတ်ဦးထုပ် ဆောင်းလျက် ရွက်ထည်ဘွပ်ဖိနပ်ကြီးကို စီးထားလေသည်။ ဖိနပ်ကြီးမှာ ကုလားပဲပင်မှ နှင်းရည်များလူးသဖြင့် စိမ်းနေလေ၏။ လက်မှာ မြေပုံလိပ်ကြီးပါ၏။ နောက်လိုက်တစ်ယောက်ကား မြေပုံ ပုံးရှည်ကြီးကိုထမ်း၍ အခြားနောက်လိုက်ကား လွယ်အိတ်ကိုလွယ်လျက် ရေဘူးတစ်ခုကို ဆွဲလာ၏။ လွယ်အိတ်ထဲတွင် အရက်ပုလင်းပါ၏။

"ဦးပိုင်နံပါတ် ၇၁ အမည် ငချစ်ပို။ အဖအမည် ငဖူးညို။ ဟုတ်သလား"

"ဟုတ်ပါတယ်" ဟု ချစ်ပိုက ဖြေလိုက်၏။

"အင်း... ကုလားပဲလုပ်ထားတယ်။ တယ်ကောင်းပါလား။ ချောင်းကမ်းဘေးမှာလည်း ပြောင်းဖူးတွေ စိုက်ထားသကိုး။ တယ်ကောင်းတယ်။ မြေကေ ၂ ဒသမ ၃၅ အားလုံး အောင်တယ်"

ချစ်ပိုသည် မဲ့သွားလေ၏။

"စာရေးကြီးရယ် မအောင်ဘူးလို့ ဖျက်ပေးပါခင်ဗျား"

"ဟော့... မင်း ငါ့ကို အလုပ်ပြုတ်သွားစေချင်သလား။ ရှာနားနီး တော့ အင်စပက်တော်က စစ်ချင်စစ်မှာကွ"

"စာရေးကြီးရယ်၊ ကြည့်ပါဦး။ ကျုပ်မှာလည်း ဆင်းရဲလွန်းလို့ သက်သာအောင် လုပ်ပါဦး။ ကျေးဇူး ကျေးဇူး"

စာရေးကြီးသည် ဖြန့်ထားသော မြေပုံကိုလိပ်လိုက်ပြီး

"ကိုင်း... မင်း ငွေငါးကျပ် ပေးမလား"

ချစ်ပိုမှာ မျက်လုံးပြူးသွားလေ၏။

"ငါးကျပ်တော့ များပါတယ် စာရေးကြီးရာ။ သုံးကျပ်လောက် တော့ တတ်နိုင်ပါရဲ့"

"ဘာလဲ၊ မင်းက ဈေးဆစ်နေပြန်ပြီ"

"မတတ်နိုင်လို့ပါ ခင်ဗျာ"

"မင်း မတတ်နိုင်တာ ငါက ဘာတတ်နိုင်မှာတုံး ဟကောင်။ ကုလားပဲထပ်ဖုတ်ဦးကွာ"

စာရေးကြီးသည် မီးဖိုနား သွားထိုင်လေ၏။ ချစ်ပိုသည် ကုလားပဲ ပင်များနုတ်ပြီး မီးဖုတ်လေ၏။ တပည့်တစ်ယောက်က စာရေးကြီးအား ချက်အရက်ငှဲ့၍ တည်ခင်းလေ၏။ စာရေးကြီးသည် အရက်သောက် လိုက်၊ ကုလားပဲမီးဖုတ်မြည်းလိုက်လုပ်ပြီး ဖုန်ခါ၍ ထပြီးသော် –

"ဟကောင်၊ ပိုက်ဆံ ဘယ်တော့ပေးမလဲ"

"ညကျတော့ စာရေးကြီးတည်းတဲ့အိမ် လိုက်ပေးပါ့မယ်"

"အေး... ဒါဖြင့် ညကျတော့ ဖျက်ပေးမယ်။ ညကျရင် ပြောင်းဖူး ချိုးခဲ့စမ်း"

စာရေးကြီးသည် အတန်ငယ် ဝေးကွာသွားအောင် ထွက်ခွာသွားပြီး နောက်မှထိုင်နေရစ်သော ချစ်ပိုဆီသို့ ပြန်လှည့်လာပြန်လေ၏။ ချစ်ပို ကား ကပျာကယာထပြီး သူ့ဆီသွား တွေ့လေ၏။

"မင်းမနေ့က ဆုံကုန်းတရားပွဲကို သွားသေးသလား"

"ဘာတရားပွဲတုံး စာရေးကြီးရဲ့"

"ခွဲရေးတွဲရေး တရားပွဲလေကွာ"

ချစ်ပိုမှာ ကြောက်ကြောက်ရွံ့ရွံ့ဖြစ်သွားပြီး လက်ယှက်၍ ရှိခိုးတော့မလိုဟန်မျိုးဖြင့်

"မသွားမိဘူး စာရေးကြီးရဲ့"

"အင်း... မင်းတို့ကောင်တွေ ဒါကြောင့် မသိနားမလည် ဖြစ်နေတာပဲ။ တွဲရေး မကောင်းဘူး နားလည်လား။ တို့ပြည်မှာ ကုလားတွေ ဘယ်လောက်ကြီးစိုးနေသလဲ မြင်ရဲ့လား။ သူတို့နဲ့တွဲနေရင် တို့တော့ ကျွန်အောက်သပေါက်ဘဝက ဘယ်တော့မှလွတ်မှာ မဟုတ်ဘူး။ သူတို့နဲ့ခွဲလိုက်ရင် တို့မှာ ရေအိုးနှစ်လုံးရွက်ထားရတာ တစ်လုံးကို ချပစ်လိုက်ရသလို ပေါ့သွားမှာပဲ၊ နားလည်လား။ ဒီတော့ ခွဲရေးဘက်က မဲပေးရမယ် နားလည်လား။ ပြီးတော့ ခွဲရေးအမတ်လောင်း ဦးမောက်စိန်ဟာ တွဲရေး အမတ်လောင်း ဦးလူဖေထက် ပညာရှိတယ်ကွ။ ဆွေဂုဏ်မျိုးဂုဏ်လည်း ရှိတယ်။ ကဲ... ကြားလား"

"ဟုတ်ကဲ့ စာရေးကြီး"

စာရေးကြီးသည် ခွဲရေးတရား ဟောပြီး ထွက်ခွာသွားပြန်လေ၏။ ချစ်ပိုမှာ ပါးစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့လေ၏။

တစ်နေ့က ကုက္ကိုစုရွာသို့လာ၍ ဦးတုတ်ပေါ်တို့အိမ်မှနေပြီး ဟောပြောသွားသော ကျည်းပင်ချောင်ရွာမှ ဦးအာလောက နူတ်ကပတ်တော် အရမူကား တွဲရေးဘက်မှ မဲပေးရ မည်ဆို၏။ အိန္ဒိယပြည်မှ မြန်မာပြည်ကို ခွဲထုတ်လိုက်လျှင် အင်္ဂလိပ်သည် အားငယ်သွားသော မြန်မာပြည်ကို ထင်သလို ကျင့်ကြံလိမ့်မည်။ အိန္ဒိယကို လွတ်လပ်ရေးပေးသော်လည်း မြန်မာကို လွတ်လပ်ရေးမပေးဘဲ ထားလိမ့်မည်ဟု ဆိုလေသည်။

ချစ်ပိုအဖို့ တွဲရေးနှင့် ခွဲရေးသည် ဘယ်ဘက်မှ ချိန်ခွင်လျှာမသာအောင် ဖြစ်နေပေ၏။

တွဲရေးခွဲရေးကြားထဲတွင် အမတ်လောင်း ဦးဖိုးကူးလည်း ရှိသေး၏။ ဦးဖိုးကူး၏ အဆိုမှာ –

"တွဲရေး ခွဲရေးထက် ပိုအရေးကြီးသည်မှာ နယ်အရေးဖြစ်သည်။ နယ်အတွက် အကျိုး ဆောင်ရေးကိုသာ ပဓာနထားမည်။ တွဲရေးခွဲရေးတွင် မီးစင် ကြည့်၍မဲပေးမည်" စသည် ဖြင့် ဖြစ်လေသည်။ ၎င်းပြင် ဦးဖိုးကူးက သူ့အား မဲထည့်သူကို တစ်ယောက် သုံးကျပ်ပေးမည်ဟု သတင်းဖြစ်နေပြန်၏။ "အင်း... ကိုဖိုးကူးကို မဲပေးလိုက်ရင်ကောင်းမယ်။ မဲပေးပွဲကလည်း ကနေ့ပဲဖြစ်ပါတော့ဗျာ။ ကနေ့သာဆိုရင် စာရေးကြီးကို ပေးဖို့ ငွေသုံးကျပ် တခြားမှာ မရှာဘဲ ရမှာပဲ" ချစ်ပိုခမျာမှ ခွဲရေးတွဲရေးတွင် လမ်းသုံးခွ တွေ့နေရပြီး မဲပေးခက်နေလေ၏။ သို့သော် တွဲရေးခွဲရေးသည် အကျိုးတစ်ခုတော့ ဖြစ်လာ၏။ တောင်သူလယ်သမားကြားတွင် သာယာဝတီသူပုန်စိတ်တွေ ပျံ့လွင့်ပျောက်ကွယ်စေပြီး ကုလားနှင့် ခွဲရေးတွဲရေးတွင်သာ ဝိတက်ဝိစာရ များစေ၏။ လူတို့ရဲ့အာရုံကို အစိုးရထံမှ ကုလားထံသို့ ကြိုးပြောင်းစေလေ၏။ ချစ်ပိုအဖို့ဆိုလျှင် 'တို့ တောင်သူလယ်သမား ကွ၊ တို့မြန်မာကွ' ဟု သွေးကြွမှုကွယ်ပျောက်ပြီး 'ငါ့အတွက် ငါလုပ်ဖို့အရေးကြီးတယ်။ ငါချမ်းသာပြီးရော' စသော ကျဉ်းမြောင်းသည့် ငါစိတ်သာ ဖြစ်ပေါ်၍ နေလေတော့၏။

ညတွင် စာရေးကြီးကိုပေးစရာ ငွေသုံးကျပ် ချစ်ပိုမှာမရှိသေး။ ဒေါင်းတောက်အောင် ရှာရပေဦးမည်။ မဒေါင်းမေမှတစ်ပါး ဘယ်သူ့ကိုမှုလည်း ချဉ်းကပ်စရာမမြင်။ သို့သော် မဒေါင်းမေထံမှ ယူထားသော ကြွေးတွေကလည်း များလှလေပြီ။ အလွတ်ချေးထားသော ကြွေးအပြင် ရေငန်ချောင်းယာတောကို အပေါင်ထား၍ ချေးထားရသောငွေလည်း

ရှိသေး၏။ ၎င်းပြင် မဒေါင်းမေအား အမျိုးမျိုး ခယတောင်းပန်လျက် စက်ကြည်နှင့် မင်္ဂလာဆောင်ရန် ငွေချေးဖူး၏။ မဒေါင်းမေက ပစ်ပစ်ခါခါ ငြင်းဖူးလေသည်။

"ကျွန်တော်မရဲ့ငွေဟာ အလေလိုက်ဖို့အတွက် မဟုတ်ဘူး ဦးချစ်ပိုကြီးတော့်။ ရှိကြီးခိုးပါရဲ့၊ နောက်ထပ် စကားစပ်မိလို့မှ မပြောပါနဲ့" စသည်ဖြင့် သူ့သားလောက်ပင် ရှိသေးသော ချစ်ပိုအား အရွဲ့တိုက်ကာ ကျွန်တော်မတွေ၊ ရှိကြီးခိုးပါရဲ့တွေနှင့်၊ သူ လင်မရဖူးတိုင်း သူများအချစ်ကို ကိုယ်ချင်းမစာတတ်သော အပျိုကြီး မဒေါင်းမေက ပြောခဲ့လေသည်။

"အိမ်း၊ ဒါကတော့ အခွန်တော်မဆောင်ရအောင် ပေးရတဲ့ငွေပဲ။ ချေးမှာပါပဲ။ များလည်းများတာမှ မဟုတ်ဘဲ" ချစ်ပိုသည် သို့ကလို မျှော်လင့်ထားပြီး ထိုနေ့လယ်ပင် မဒေါင်းမေထံသို့ သွားလေ၏။ သို့သော် မဒေါင်းမေကား ယုန်လေးကုန်းသို့သွားနေရာ ညနေစောင်းမှ ပြန်ရောက်မည် ဖြစ်လေသည်။

(၅)

မဒေါင်းမေကား ကုက္ကိုစုရွာ၏ သူဌေးမဖြစ်ရုံမက ပြိုင်ဘက်ကင်းသော အပျိုကြီးလည်း ဖြစ်လေသည်။ မြေဧက ၂၀ ကျော်၊ ၃၀ နီးပါး ပိုင်သည်။ နှမ်း၊ ပဲ၊ ပြောင်း စသည်တို့ကို ပုတ်ကြီးပုတ်ငယ်နှင့် လှောင်ထားနိုင်သည်။ ရင်းနှီး၍ ယုံကြည်စိတ်ချရသူတို့ကို နှစ်ဆယ်မျိုး သုံးဆယ်မျိုး ငွေတိုးပေးလေ့ရှိသည်။ ဆီဆုံတစ်ခုလည်း ပိုင်လေသည်။ မဒေါင်းမေ၏ ဆီဆုံသို့ လာရောက် ဆီပွတ်သူများသည် ကိုယ့်နွားကို ယူခဲ့ကြရသည်။ ဆီဆုံခအဖြစ်ဖြင့် ဆီတစ်ဆုံလျှင် အဝက်သားပေးရလေသည်။ သို့ကလို ကျိကျိတက်ချမ်းသာသော်လည်း မဒေါင်းမေခမျာမှာ ယခု အသက် ၄၀ ကျော်သည့်တိုင်အောင် ကံမပေါ်သေးချေ။ (ဝါ) လင်ဆို၍

တစ်ခါမျှ မတစ်ခါဖူးသေးချေ။ ရုပ်ဆိုး၍ ယောကျ်ားမရခဲ့ဟု မဆိုနိုင်ပေ။ အကြောင်းမူကား သူ၏ရုပ်မှာ ရွက်ကြမ်းရေကျိုထဲက ဖြစ်သည်။ လင်ရွေးရာ ဓီဇာကြောင်လွန်းလို့လည်း မဟုတ်ပေ။ ရိုးရိုးသားသားနှင့် အလုပ်အကိုင်ကောင်းလျှင် ရွာသူရွာသား လုပ်စားကိုင်စားထဲကပင်လျှင် လက်ခံရန် အဆင်သင့်ဖြစ်ပေသည်။ မိဘမောင်ဖွား အစောင့်အထိန်း ကျပ်လွန်းလှလို့ဖြစ်သည်ဟုလည်း မဆိုနိုင်ပေ။ အကြောင်းမူကား သူ့မှာ မောင်ဖွားမရှိ။ မိဘနှစ်ပါးမှာလည်း သူမ၏ အသက်အစိတ်တွင် ကွယ်လွန်သွားခဲ့ကြ၍ ကြီးတော်အိုကြီးနှင့် လွတ်လပ်စွာနေခဲ့သည်မှာ အနှစ်နှစ်ဆယ်မျှ ကြာခဲ့လေပြီ။ သို့ပါလျက် အရွယ်ဟိုင်း၍ မှိုတွေတက်သည့်တိုင်အောင် အပျိုရည်မပျက်သေးသည်မှာ အပျိုကြီး ဇာတာပါလို့သာ ဖြစ်သည်ဟု ဆိုရပေတော့မည်။

သို့သော် မဒေါင်းမေမှာ လင်စိတ်သားစိတ်ကုန်ပြီဟုကား မဆိုနိုင်ချေ။ တစ်ခါက ယုန်လေးကုန်းက ကျောင်းဆရာ မုဆိုးဖိုကြီး ဦးလူလှနှင့် စဉ်းစားကြည့်မိ၏။ ကံမကောင်း အကြောင်းမလှလိုက်ပုံက ဦးလူလှမှာ နီးစပ်သူဆရာမ အသက်ငယ်ငယ်ကလေးနှင့် ညားသွားလေ၏။ တစ်ခါကမူ ဆုံကုန်းရွာမှ သျှောင်တစောင်းနှင့် ပွဲစားကြီးလူပျိုကြီးပင် ဖြစ်ဘိသည့် ဦးမြတ်ရာနှင့် စိတ်ကူးမိ၏။ ကံမကောင်း အကြောင်းမလှလိုက်ပုံက ဦးမြတ်ရာမှာ ကွယ်လွန်သွားရှာပြန်လေသည်။ နောက်ဆုံး ကြံရာမရ ရိုးရိုးသားသား လုပ်စားကိုင်စား ချစ်ပိုကို စိတ်ကူးထဲမှာ ထည့်ကြည့်၏။ တစ်ဖန် ချစ်ပိုမှာ သူ့သားအရွယ်သာဖြစ်နေခြင်းနှင့် ချစ်သူမစက်ကြည် ရှိနေခြင်းတို့ကြောင့် နီးလျက်နဲ့ ဝေးရမည်ဖြစ်ရာ စိတ်ကူးကိုပင် ရဲရဲမကူးဝံ့ရှာပေ။ ချစ်ပိုက မင်္ဂလာဆောင်ရန် ငွေချေးရာ၌ မဒေါင်းမေက တူးတူးခါးခါးငြင်းသည်တွင် မစက်ကြည်နှင့် ပျက်စေလိုသော အဘိဇ္ဈာကလေးများ ပါကောင်းပါပေလိမ့်မည်။

ချစ်ပို၏ရုပ်ရည်ကို သူမ တပ်မက်၏။ ချစ်ပို၏ ရိုးဖြောင့်ပုံကို သူမ ကြည်ညို၏။ ချစ်ပို၏ အလုပ်အကိုင်ကောင်းပုံကို သူမသဘောကျ၏။ ချစ်ပိုကမူ အဖေသေတုန်း မသာစရိတ်မရှိ၍ မသာစရိတ်ချေးငှားသူ၊ အစိုးရကအခွန်တော်ပူစဉ် ပစ္စည်းများ လေလံပစ်မခံရအောင် ငွေချေးထားသူ၊ မင်္ဂလာစရိတ်ချေးငှားရန် အလားအလာရှိသူ ကျေးဇူးရှင်အဖြစ်ဖြင့် မဒေါင်းမေအား အဆင်ပြေအောင် ဆက်ဆံ၏။ မဒေါင်းမေအိမ်မှာ ဘူးစိုက်လိုလျှင် ဘူးစင်ဆောက်ပေး၏။ ရေလိုလျှင် ရေထမ်းပေး၏။ ဆီဆုံပျက်နေလျှင် ပြင်ပေး၏။ တစ်ခါတစ်ရံ မဒေါင်းမေက ခွေးတောက်ရွက် စားချင်လှပါသည်ဆိုသော် မဒေါင်းမေအိမ်ရှေ့ မန်ကျည်းပင်ကြီးတွင် တွယ်တက်နေသော ခွေးတောက်ရွက်ကို တက်၍ခူးပေး၏။ သို့ကလို ချစ်ပိုက အဆင်ပြေအောင် ဆက်ဆံခြင်းသည်ပင်လျှင် မဒေါင်းမေ၏ ဟဒယရုပ်ဝတ္ထုအား လှုပ်မြှုးစေပြန်၏။ စိတ်ကူးကောင်းစေလေ၏။

ယနေ့ ယုန်လေးကုန်းရောက်ပြန်တော့ မဒေါင်းမေအား ပိုမို၍ ချောက်ချားစေသော အကြောင်းအရာ တွေ့ပြန်၏။ မဒေါင်းမေ စိတ်ကူးခဲ့ဖူးသော ကျောင်းဆရာ ဦးလူလှအား ၎င်း၏ဇနီးသည် ဆရာမကလေး မတင်ဦးနှင့် တူစုံမောင်မယ် တွေ့ခဲ့ရ၏။ ဦးလူလှမှာ လေးဆယ်ကျော် ငါးဆယ်တွင်း၊ ဇနီးသည်ကလေးမှာ နှစ်ဆယ်ကျော် အစိတ်တွင်း။ 'ဘုရား သိကြား၊ အို... အရှင်နတ်များ၊ တတ်နိုင်လျှင်သည်လို လုပ်ပေးပါ။ မဒေါင်းမေက လေးဆယ်ကျော် ငါးဆယ်အတွင်း၊ ချစ်ပိုက နှစ်ဆယ်ကျော် အစိတ်အတွင်း'။

မဒေါင်းမေသည် အိမ်ပြန်အရောက် ထမင်းပင် မဆာအားအောင် လင်ဆာလျက် နေလေသည်။ မှောင်ရီသည်ဆိုလျှင်ပင် အိမ်အပေါ်ထပ်မှာ မီးအိုးကင်းထဲ မီးထည့်၍လုံ့ရင်း တွေးတောငေးမောနေလေသည်။ ချစ်ပိုအပေါ်တွင် စိတ်ကူးပိုမိသည်။ အခါတိုင်းမှာမူ ငါ့သား အရွယ်ဟူ

သောအချက်က စိတ်ကူးကောင်းတုန်း စလောင်းဖုံးပစ်တတ်သည်။ ယခုတော့ ထိုစလောင်းဖုံးမရှိတော့ပေ။ ထို့ကြောင့် ချစ်ပိုနှင့် စိတ်ကူးကြည့်ရသော အနံ့အရသာတို့သည် တထောင်းထောင်း ပျံ့လွင့်လျက်ရှိလေ၏။

ထိုအခိုက် –

"ဗျို့ အရီးဒေါင်း"

ဟူသော ချစ်ပို၏အသံ ပေါ်လာရာ မဒေါင်းမေမှာ ကျီးကန်းတောင်းမှောက် ကသိကအောက် ဖြစ်သွားလေ၏။

"ဗျို့ အရီးဒေါင်း၊ ကျုပ်တက်ခဲ့မယ်နော်"

ဒုန်း ဒုန်း ဒုန်း။

ချစ်ပို အိမ်ပေါ်သို့တက်လာပြီ။ မဒေါင်းမေကား အသံပြုရမလိုမပြုရ မလိုနှင့်။ မီးဖိုမှ ထရမလို၊ မထရမလိုနှင့် အနေခက်နေ၏။

"ဩော်… အရီးကလည်း အသံတောင်မပြုဘူး"

မဒေါင်းမေသည် ယောင်ယောင်မှားမှား ပြောင်းဖူးဖက် ဆေးလိပ်ကြီးကိုကောက်ဖွာရင်း

"ဆေးလိပ် မီးညှိနေလို့ပါဟဲ့" ဟု မိန်းမတို့ တခ်နုပ္ပတ္တိဉာဏ်ဖြင့် လိမ်လိုက်လေ၏။

"အရီး ဘယ်တုန်းက ပြန်ရောက်သတုံး"

"တစ်အောင့်ပဲ ရှိသေးသတော့။ ထိုင် ထိုင်၊ ချမ်းတယ်နော်"

မဒေါင်းမေ ခိုက်ခိုက်တုန်သွားဟန် တူသည်။ ဆောင်းတွင်း၏အအေးကြောင့် ခိုက်ခိုက်တုန်သွားသလော။ လင်ဆာစိတ် တက်နေသဖြင့် ခိုက်ခိုက်တုန်သွားသလော မပြောတတ်ပေ။

ချစ်ပိုက မီးဖိုတွင် မဒေါင်းမေနှင့် မျက်နှာချင်းဆိုင်၍ ထိုင်လိုက်ပြီး

"သိပ်မချမ်းပါဘူး အရီးရယ်"

မဒေါင်းမေသည် စကားအစရှာမရဘဲ ငိုင်နေသည်။ ချစ်ပိုလည်း

အိမ်တွင်း ဟိုဟိုသည်သည် ကြည့်လိုက်သည်။ လူအပိုဆို၍ မဒေါင်းမေ၏ ကြီးတော်အိုကြီးကိုပင် မတွေ့မြင်ရချေ။

"မောင်ပိုတို့များ မလာတာကြာလှပြီ" ဟု မဒေါင်းမေက စကားဖာလိုက်လေသည်။

"သဟာ့ကြောင့် ခက်တာပဲ။ ဘာကြာဦးမလဲ၊ တမြန်နေ့ကတောင် ကျုပ်ရောက်သေးသဟာ"

မဒေါင်းမေသည် အတန်ကြာစကားမပြောဘဲ ဆေးလိပ်ကိုသာ တဖွားဖွားဖွာနေပြီး နောက်

"ဘာကိစ္စလဲ မောင်ရင်"

"ကိစ္စကတော့ ငွေ ၃ ကျပ်လောက် လိုချင်လို့ဗျ။ ကုလားပဲလေး လုပ်ထားတာ စာရင်းဖျက်ပေးဖို့ မြေတိုင်းစာရေးကြီးကို ပေးရမယ်"

"အင်း... ပိုက်ဆံလိုချင်ရင် လာတာပဲ"

"သလိုလည်း မဟုတ်ပါဘူး အရီးဒေါင်းရယ်"

"ကောင်းပါလေစတော်။ ဒါဖြင့် မောင်ချေးတဲ့ဟာ ပေးပါ့မယ်"

ချစ်ပိုမှာ အလွန်အံ့အားသင့်မိ၏။ ပြော၍ ချောမောလှပေ၏။ လွယ်ကူလှပေ၏။ မဒေါင်းမေသည် မီးကိုဆွပေးနေလေသည်။ ချစ်ပိုသည် မီးလျှံကလေးများ တက်လာသကဲ့သို့ တရှိန်ရှိန် အားတက်လာပြန်၏။

"အရီး၊ ကျုပ်နဲ့မစက်ကြည်ကိစ္စ ပြီးစီးအောင် စောင်မဦးမှပဲဗျာ"

မဒေါင်းမေသည် ညှိုးငယ်သောမျက်စိဖြင့် ချစ်ပိုအား စိုက်ကြည့်လိုက်၏။ ကရုဏာသက်လှသဖြင့် စကားမထွက်သလို အမူအရာဖြစ်ပေါ်နေ၏။ အခါတိုင်းဆို ချစ်ပိုက ပါးစပ်မှမပိတ်သေးခင် တူးတူးခါးခါး ငြင်းလိုက်ခဲ့၏။ ယခုတော့ ချစ်ပိုအတွက် မျှော်လင့်ဖွယ်။

"အရီးရယ်၊ ကျုပ်တို့ကြိုက်နေတာ ကြာပြီဗျ။ ယူချင်လှပြီ"

မဒေါင်းမေက အသည်းထဲမှ တလှိုက်လှိုက်ဖြစ်လာသောအသံဖြင့်

"စက်ကြည်ကို ဘာလုပ်ယူမလဲ မောင်ချစ်ပိုရယ်။ မင်း ဆင်းရဲမှာပေါ့။ သူ့မှာလည်း အမေအို အတွယ်အတာနဲ့ဆိုတော့ မင်းမှာ လုပ်ကျွေးဖို့တာဝန် ပိုလာမယ်။ ကြွေးတွေကလည်း ပြေသေးတာမဟုတ်ဘူး။ အရီးပြောတာ နားထောင်မလား"

"နားထောင်နေတယ်လေ အရီး၊ ပြောပါ"

"အရီးစကား နားထောင်မလား"

ချစ်ပိုမှာ ယနေ့ည ထူးဆန်းသည်ဟု အောက်မေ့မိ၏။ မဒေါင်းမေ၏ ကြည့်ပုံထူးဆန်းသည်။ မဒေါင်းမေ၏အသံ ထူးဆန်းသည်။ ပြောသောစကားများလည်း ထူးဆန်းသည်။

"ပြောပါဦးလေ၊ အရီးစကား နားထောင်မလား"

"ထောင်သာပေါ့ အရီးရ"

"စက်ကြည်ကို မယူဘဲ ပိုက်ဆံရှိတာကို ရှာယူ"

"ဘယ်ရှာရမတုံး အရီးရ။ ခက် ခက်သဗျာ"

"အထူးရှာဖို့ မလိုပါဘူး။ မင်းလို ရိုးရိုးသားသားနဲ့ အလုပ်အကိုင်ကောင်းတဲ့လူကို ပိုက်ဆံရှိတဲ့မိန်းမက ကြိုက်မှာပဲ"

"မဖြစ်နိုင်ပါဘူး အရီးရယ်။ ဟီ ဟိ၊ ပိုက်ဆံရှိတဲ့မိန်းမ ကျုပ်ကို အတ္တာပြုမယ် ဟီ ဟိ"

ချစ်ပိုမှာ အတန်ကြာ မပွင့်တပွင့်ရယ်နေမိ၏။ မဒေါင်းမေသည် မီးကိုပင် ငေးကြည့်နေသည်။ သူ့စလုတ်တွင်းမှာ စကားများ တစ်ဆို့နေသည်။ အသက် ၄၀ ကျော် ၅၀ တွင်းပင်ဖြစ်သော်လည်း မိန်းမတို့၏အရှက်ကား အလိုအလျောက် ကုန်သွားသည် မဟုတ်။ မဒေါင်းမေသည် တစ်ဝက်လောက် ကျန်သေးသော ဆေးလိပ်တိုကို မီးဖိုထဲ ပစ်ချလိုက်၏။ ၎င်းနောက် ကွဲအက်ခြောက်သွေ့သော အသံဖြင့် –

"ကြီးတာ ငယ်တာ၊ အရွယ်တူတာ မတူတာ အရေးမကြီးဘူးဟဲ့။ ပိုက်ဆံ ပိုက်ဆံ၊ အဟမ်း ဟမ်း" ဟုပြောပြီး မီးဖိုမှ အဓိပ္ပာယ်မရှိထကာ နောက်ဖေးလှေကားမှ အိမ်အောက်သို့ ဆင်းသွားလေ၏။

ချစ်ပိုမှာ ကြောင်တက်တက်နှင့် ကျန်ရစ်ခဲ့လေ၏။ ယနေ့ညတော့ အတော့်ကိုထူးသည်။ မဒေါင်းမေ၏ နောက်ဆုံးစကားမှာ အထူးဆုံးဖြစ်သည်။ 'အင်း... ရွယ်တူတာ မတူတာ အရေးမကြီးဘူးတဲ့။ ဟင်... လက်စသတ်တော့ ငါက သူ့ကို ယူစေချင်တာပါကလား။ သိပြီ၊ ဆန်းတာတွေ သိပြီ' ချစ်ပို၏ တစ်ကိုယ်လုံးသည် အုံကြွလာ၏။ သူသည် လက်နှစ်ဖက် နောက်ပစ်ပြီး သမ်းပစ်လိုက်လေ၏။ သူသည် အမျိုးမျိုး တွေး၏။ လှည့်တွေး၏။ ၎င်းနောက် စင်တွေး၏။

မဒေါင်းမေသည် နောက်ဖေးလှေကားမှ ပြန်၍တက်လာ၏။ သို့သော် မီးဖိုနား ချစ်ပိုဆီသို့ကား ပြန်မလာရဲတော့ချေ။ သူမ အိပ်ရာဆီသို့သာသွား၍ ခြေဆင်းကာ ထိုင်နေလေ၏။

ချစ်ပိုကား စဉ်းစား၍ကောင်းနေလေသည်။ 'အရီးဒေါင်းကို ယူလိုက်ရင်တော့ ပေးစရာ ရှိတဲ့ကြွေးတွေလည်း ကျေ။ မွဲလှတဲ့ဘဝကလည်း လွတ်မြောက်။ ဘိုးဘပိုင်ဖြစ်တဲ့ ရေငန်ချောင်း ယာတောလည်း လက်မလွတ်။ သူဌေးလည်းဖြစ်။ ကောင်းတော့ကောင်းတာပဲ။ ဒါလည်း ကုသိုလ်တစ်မျိုးပါပဲ ထင်ပါရဲ့။ ဒါပေမဲ့ မစက်ကြည်ကလေး သနားစရာ'

ချစ်ပိုမှာ ဆတ်ခနဲ လန့်သွားလေ၏။

"ဟင်... အရီး ဘာဖြစ်လို့လဲ"

"ပေါင်တွေကလည်း ကိုက်၊ ညောင်းလည်းညောင်းလွန်းလို့ဟဲ့"

ချစ်ပိုသည် ချီတုံချတုံ ဖြစ်နေလေ၏။ မဒေါင်းမေကို ချိုင်လိုက်ရမည်လော။ မစက်ကြည်ကလေးကို ငဲ့ရမည်လော။ ကြွေးမြီကင်းအောင် လုပ်မည်လော။ ကြွေး ဝိမုတ္တိ အရသာကို ယူမည်လော။ ကြွေးဒလချပ်

ထပ်တင်အောင် လုပ်မည်လော။ ကြွေးသံသရာ ဝဋ်ဆင်းရဲကို ခံမည်လော။ သို့ကလို ချစ်ပိုက စဉ်းစားနေဆဲ မဒေါင်းမေကား တဒိန်းဒိန်းနှင့် သူ့ပေါင်သူ ထုနေလေ၏။ ချစ်ပိုသည် သက်ပြင်းကြီးချလိုက်လေ၏။

"အရီး၊ ကျုပ် နင်းပေးမယ်လေ"

"ကောင်းသားပဲ"

ချစ်ပိုသည် ပြတ်သားသောခြေလှမ်းများနှင့် အရီးဒေါင်း၏ အိပ်ရာဆီသို့ ထသွားလေသည်။ ရွှေတညာအိုးစည်သံဖြင့် မဒေါင်းမေအား အညောင်းပြေ နင်းပေးရန် ဖြစ်လေသည်။ ချစ်ပိုသည် ကြွေးမြီကင်းရှင်းရေးဖြတ်လမ်းကို တွေ့ရှိလေပြီ။

ထိုနေ့ညအဖို့ စာရေးကြီးထံသွားရန် ချိန်းထားသည်လည်း ပျက်ကွက်ခဲ့လေပြီ။ စာရေးကြီးက ငွေ ၃ ကျပ် မရသဖြင့် အခွန်တော်ထမ်းရမှုလည်း ထမ်းရပေလေစေ။ မဒေါင်းမေအား အညောင်းမပြေပြေအောင် နင်းပေးဖို့ကသာ အရေးကြီးသည်။ မစက်ကြည်အားလည်း သနားမနေနိုင်တော့ပေ။ အကြောင်းမူကား မစက်ကြည်ကား ရွာအနောက်ဖျားမှာ ရှိ၏။ မဒေါင်းမေကား သူ့ခြေဖဝါးအောက်မှာ နီးကပ်စွာရှိ၏။ ၎င်းပြင် မဒေါင်းမေကား ကြွေးမြီကင်းရှင်းရန် ဖြတ်လမ်းဖြစ်သည်။

(၆)

နောက်ဆုံးအကြိမ် ကိုချစ်ပိုကို တွေ့သောအခါ ကိုချစ်ပိုကား သျှောင်တစောင်း ခေါင်းပေါင်းရစ်၍ မြင်းကြီးစီးလျက်ဖြစ်သည်။ သူက ကျွန်တော်တို့ ဘုတလင်သို့ ကုန်ဝယ်လာသည်။

"နို့ မစက်ကြည်တစ်ယောက်ကောဗျ" ဟု ကျွန်တော်က မေးလိုက်သောအခါ ကိုချစ်ပိုမှာ မျက်နှာအိုသွားရှာသည်။

"ရှိပါတယ်"

"ယောကျ်ားယူသွားပြီလား"

"မယူသေးဘူး"

"ဩော်... မယူသေးဘဲကိုး။ သနားပါတယ်နော်"

"သနားစရာပေါ့ ကိုရင်ရာ။ ကျုပ်လည်း စိတ်မကောင်းဘူး။ လူတွေက ပြောကြတယ်။ မစက်ကြည်ဟာ ကျုပ်ကို မဒေါင်းမေ သေသည့်တိုင်အောင် စောင့်နေတာတဲ့"

"အို... လူတွေကလည်း ပေါက်ပေါက်ရှာရှာ ပြောတတ်တယ်။ နို့ မဒေါင်းမေကော မာရဲ့လား"

"မာပါရဲ့ဗျာ၊ မာပါရဲ့"

"ဖြစ်မိမှတော့ မထူးဘူးပေါ့ဗျာ။ အိုအောင်မင်းအောင် သားမှတ်မှတ် မယားမှတ်မှတ် ပေါင်းကြပေတော့ပေါ့"

"သလိုပဲ သဘောထားရကြသပေါ့ ကိုရင်ရာ"

ထိုအခါက်တုန်းက တွေ့လိုက်ရသော ကိုချစ်ပိုမှာ သျှောင်ကြီးဖွေ၊ ခေါင်းပေါင်း၊ တိုက်ပုံအင်္ကျီ၊ ပိုးလုံချည်၊ အတွင်းခံပိတ်ဘောင်းဘီ စသည်တို့ကိုဝတ်လျက် မြင်းကြီး စီးထားသဖြင့် တစ်သွေးတစ်မွေး တွေ့ရသော်လည်း အဆင်အပြင် အဆောင်အယောင်အောက်တွင်ရှိသော တောင်သူချစ်ပိုကား ပြောင်းလဲပုံမပေါ်ပါ။ မစက်ကြည်ကို ချစ်သူ ချစ်ပိုလည်း ပြောင်းလဲပုံမပေါ်ပါ။

ကိုချစ်ပိုအား နောက်ထပ်မတွေ့ရသည်မှာ ၁၅ နှစ်မက ကြာလေပြီ။ ယခု ၁၉၄၉ ခု ကုန်ခါနီးတွင် မုံရွာမှာအစိုးရရှိ၏။ ဘုတလင်မှာ ရဲဘော်နှင့် ကွန်မြူနစ်တပ်ပေါင်းစုရှိ၏။ ဘုတလင်မြို့နယ် ရွာအချို့မှာ ကွန်မြူနစ်ရွာဖြစ်၍၊ အချို့မှာ ရဲဘော်ဖြူရွာဖြစ်၍၊ အရာတော်ဘက်မှာကား အလံနီရှိသည်ဆို၏။ ကုက္ကိုစု ဘာဖြစ်သည်ကိုကား ကျွန်တော်မသိရပါ။ ကိုချစ်ပို၏ ကံကြမ္မာ ဘယ်လို ဖြစ်သည်ကိုလည်း မသိပါ။

သို့သော် ဂျပန်ပြေးတုန်းက မဒေါင်းမေ ဆုံးသွားသည်ဟုကား ကြားရပါသည်။

ကျွန်တော့် ဆုတောင်းကတော့

ကိုချစ်ပိုနှင့် မစက်ကြည် ပြန်ပေါင်းမိကြပါစေ။

ရေငန်ချောင်းဘေး ဒဟတ်ပင်အောက်က သဲပြင်ပေါ်မှာ ကိုချစ်ပိုနှင့် မစက်ကြည်တို့သည် ယှဉ်တွဲထိုင်ရင်း ဆီးပင်အောက်က သမင်ကလေးများကြည့်၍ ကြည်နူးနိုင်ပါစေ။

ကိုချစ်ပိုနှင့် မစက်ကြည်တို့သည်လည်းကောင်း၊ သမင်ကလေးတွေသည်လည်းကောင်း ချစ်စနိုး ကျီစယ်နေကြရာမှ လန့်မပြေးရအောင် သေနတ်သံမကြားရသည် ဖြစ်ပါစေ ဟူသတည်း။

သွေးသောက်မဂ္ဂဇင်း၊ အမှတ် ၄၇၊ ဒီဇင်ဘာ၊ ၁၉၄၉

❑

# သားအချစ် မြေးအနှစ်

- ကျော်အောင် -

ဦးလေးတိုင်း ခေါ် ဦးတိုင်းကျော်သည် မန္တလေးသို့ ထွက်သွားသည်မှာ နှစ်ပတ်ကျော်ကျော် ရှိပြီဖြစ်သော်လည်း စာတစ်စောင်မျှ မရခဲ့ပေ။ အလုပ်ကိစ္စနှင့်ပတ်သက်၍လည်း ဘာအကြောင်းမျှ မသိရ၊ ထွက်သွားခဲ့စဉ်က အလုပ်ကိစ္စကို ပထမ အရေးတကြီးကိစ္စ၊ ဆွေမျိုးသားချင်းများနှင့် ကွဲကွဲနေသည်မှာ ကြာပြီဖြစ်၍ ၎င်းတို့နှင့် တွေ့ရန်ကိုကား ဒုတိယကိစ္စအဖြစ် သဘောပိုက်ကာ မန္တလေးသို့ ပြေးသွားခြင်းဖြစ်၏။ မိတ်ဆွေ–ဆွေမျိုးသားချင်းများနှင့် ပျော်ပျော်ရွှင်ရွှင် တွေ့ဆုံရသည်။ ကျန်းကျန်းမာမာ ရှိကြသည် စသည်တို့ကို မအားလပ်၍ စာမရေးဖြစ်လျှင် ရှိပါစေတော့။ အလုပ်ကိစ္စနှင့် ပတ်သက်၍ကား စာရေးဖို့ကောင်းသည် မဟုတ်ပါလား။

"စာရေးနော်...၊ ဦးလေးတိုင်း မောင်ဘမြနဲ့ ရေရေလည်လည် ပြောဆိုပြီးပြီးခြင်း စာလေးတစ်စောင်လောက် တို့လိုက်ပါနော်... ဟုတ်လား ဦးလေးတိုင်း" ဟု မထွက်ခွာမီက ကျွန်တော် အတန်တန်မှာကြားလိုက်သည်။ သို့မှာကြားသည့်အခါ သူက "အမယ်လေးကွာ မောင်အောင်ဖေနှယ်၊ ဦးလေးတိုင်းများ စာရေးဖို့ မှာနေရသေးသလား၊ ရေးမှာပေါ့ကွ... ဦးလေးတိုင်း ဘယ်တော့များ စာရေးပျင်းဖူးလို့လဲ" ဟု

ကွန့်သွားသေးသည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဦးလေးတိုင်းသည် အင်မတန် စေ့စပ်သေချာ ကျနသူတစ်ယောက်ဖြစ်သည်။ ဒါကို ကျွန်တော်သာမက ကျွန်တော်တို့ တိုက်သားအားလုံးပင် သိရှိကြသည်။ သူက စေ့စပ်သေ ချာသလောက် ကျွန်တော်တို့ တစ်တွေကိုလည်း စေ့စပ်သေချာစေချင် သည်။ အလုပ်ကိစ္စမှာရော၊ ကိုယ်ရေးကိုယ်တာကိစ္စမှာရော၊ အစစအရာ ရာမှာပါပဲလေ။ မိန်းမယူသည့် နေရာမှာပင် စေ့စပ်သေချာစေ့ချင်သည်။ တိုက်က စာရေးလေး မောင်ဘမြ မိန်းမယူမည် လောဆော်တုန်းကလည်း ဘယ်လိုမိန်းမ ယူသင့်ကြောင်းကို တစ်နာရီကျော်ကျော် တရားဟော လိုက်သေး၏။ တိုက်မှ အလုပ်ကိစ္စတစ်ခုခုနှင့် ထွက်သွားပြီး တစ်နေရာ ရာမှ တစ်စုံတစ်ခု မှာကြားလိုလျှင် ပစ္စည်းတစ်ခုခု အယူလွှတ်လိုက်သည့် အခါမှာပင် စာလေး လေးငါးကြောင်းတော့ တို့လိုက်သေး၏။

ယခုကား ဦးလေးတိုင်းထံမှ တစ်စုံတစ်ရာ မကြားမသိရ၍ ကျွန်တော့်မှာ နေမထိ ထိုင်မသာ ဖြစ်နေမိလေသည်။ ဆွေမျိုးသားချင်း မာမာချာချာရှိကြောင်းကို မသိရချင် နေပါစေ 'ဗာဂျီးနီးယား' ကြောင်း ကိုတော့ သဲသဲကွဲကွဲ သိချင်လှပါပြီ။

ကျွန်တော်နှင့် ဦးလေးတိုင်း ဖက်စပ်လုပ်ကိုင်နေသော 'တိုင်းကျော် အင်ကိုး' ကုမ္ပဏီသည် ယခုရက်ပိုင်း လပိုင်းအတွင်းတွင် အတော်ဆိုး ဝါးသော အခြေအနေနှင့် ရင်ဆိုင်နေရသည်။ ကျွန်တော်တို့ကား လူမိုက် နောက်မှ အကြံရ၍ ၅၃ ခုလောက်တွင်မှ 'တိုင်းကျော် အင်ကိုး' တည် ထောင်သူများဖြစ်ကြရာ ခေတ်ကောင်းမမီတော့ပေ။ အထူးသဖြင့် အင်ပို့ လိုင်စင် ခေတ်ကောင်းမမီတော့ပေ။ သို့ကြောင့် ၅၃ ခုနှစ်၏နောက်ပိုင်း အခြေအနေအရ တစ်လမ်းတစ်စခန်း တီထွင်ရတော့သည်။ တစ်လမ်း တစ်စခန်းကား 'ဗာဂျီးနီးယား' ပင် ဖြစ်၏။ ဦးလေးတိုင်း၏ အပျိုကြီး

နှမ အရီးတင် အလိုအားဖြင့်ကား 'ဘာဂျာဘအေး' တည်း။

လိပ်ပတ်လည်အောင် ရှင်းပြပါဦးမည်။

အရီးတင်သည် ကျွန်တော်၏ပါးစပ်မှ "ဗာဂျီးနီးယား ဗာဂျီးနီးယား" ဟု တဖွဖွအော်ဟစ်နေသည်ကို ကြားရသောအခါ နားမချမ်းမသာဖြစ်ဟန်တူ၏။ ကျွန်တော်က "ဗာဂျီးနီးယားဆေး စိုက်ပျိုးသင့်ကြောင်း၊ မြန်မာပြည် စီးကရက်လုပ်ငန်းကို အတော်လေး အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ဗာဂျီးနီးယားဆေးပင်များသည် ရွှေပင်များဖြစ်၍ ရွှေသီးများသီးနိုင်ကြောင်း" တဖွဖွပြောသောအခါ ကျွန်တော့်အား နေ့ရှိသ၍ အချိန်ရှိသ၍ ဗာဂျီးနီးယားကိုပဲ တဖွဖွပြောရပါမည်လားဟု မြင်ပြင်းကတ်လာဟန်တူ၏။ သို့ကြောင့် ကျွန်တော့်အား မြင်ပြင်းကတ်ကတ်၊ ကြားရသည်ကို နားမချမ်းသာ၊ မောင်အောင်ဖေဟု တစ်ဖေတည်း ဖေနေရသည်ကိုလည်း အစားထိုးရအောင် ခပ်လွယ်လွယ် ဘာဂျာဘအေးဟု ခေါ်လိုက်၏။ ခက်သည်မှာ အရီးတင်သည် ကျွန်တော်ပြောသော ဗာဂျီးနီးယားကို လျှာလိပ်သည်ဟု လျှာယားသည်ဟူ၍ မခေါ်တတ်။ ထို့ကြောင့် ဗာဂျီးနီးယားအစား ဘာဂျာဘအေးဟု သူခေါ်တတ်သလို ခပ်လွယ်လွယ်နှင့် ကျွန်တော့်အား နာမည်ပေး ကင်ပွန်းတပ်လိုက်၏။ ဘာဂျာဘအေး ဆိုသည်မှာကား ကျွန်တော် မောင်အောင်ဖေပင်ဖြစ်၏။ တစ်နည်းဆို ကျွန်တော်နှင့် ဦးလေးတိုင်းတို့၏ အလုပ်အကိုင်ဖြစ်သော ဗာဂျီးနီးယား စိုက်ပျိုးရေးဖြစ်၏။ တစ်နည်းဆိုလျှင်ကား အရီးတင်တို့ခေတ်က ဘာဂျာတီး အလွန်ကောင်းသော ကိုဘအေး၏ နာမည်တည်း။ ထိုခေတ်က အပျိုမလေးများ ပါးစပ်ဖျားတွင် တသသစွဲလမ်းခဲ့ရသော ဘာဂျာဘအေးသည် အရီးတင်၏ ကောင်းမှုကြောင့် ကျွန်တော်တို့ခေတ်တွင် ပြန်လည်ဆန်းသစ်လာခဲ့ရပေပြီ။

ကျွန်တော်တို့သည် 'ဘာဂျာဘအေး' ခေတ်ကို ဆန်းသစ်ယူရသည်

မှာ အတော်ပင် ပင်ပန်း၍ ဒုက္ခကြီးလှပေသည်။ စတင်တီထွင်သူများ အဖြစ်နှင့်ကား သတင်းမွှေးပါ၏။ သို့သော်လည်း လုပ်ရသည့်အလုပ် က မသက်သာလှပေ။ လိုင်စင်ခေတ်ကို သွားရည်ကျ၍ 'တိုင်းကျော် အင်ကိုး' တည်ထောင်မိခဲ့ရာ စတင်လုပ်ရသည့်အလုပ်သည် သက် သောင့်သက်သာရှိလှပြီး ယခုအလုပ်ကား ပင်ပန်းကြီးလှပါပေသည်။ လိုင်စင်ခေတ်တွင် ရန်ကုန်မြို့ထဲက လမ်းကောင်းကောင်း (ဥပမာ ဒါလ ဟိုဇီလမ်း) ပေါ်တွင် ဆိုင်းဘုတ်ကလေးတစ်ခုချိတ်၊ လက်နှိပ်စက် စာရေး မလေးတစ်ယောက်၊ အကူစာရေးတစ်ယောက်ငှား၊ ကျွန်တော်က မန်နေ ဂျာလုပ်၊ ဦးလေးတိုင်းမြေး ခင်မောင်ဝင်းက ကျွန်တော့်လက်ထောက် လုပ်၊ ဦးလေးတိုင်းက မန်နေဂျင်းဒါရိုက်တာအခန်းတွင် အစွင့်သားထိုင်၊ တစ်နေ့လုံးတွင်မှ သုံးလေးမျက်နှာခန့်ရှိ စာကြောင်းများကို လက်နှိပ် စက်ရိုက်၊ အတွင်းဝန်ရုံးကို တစ်နေ့နှစ်ခေါက် သုံးခေါက်လောက် ကား ကလေးနှင့်သွား၊ သက်ဆိုင်ရာအိမ်များကို လက်ဆောင်ပဏ္ဏာ မှန်မှန်ပို့၊ ညပိုင်းတွင် ယူနီယံကလပ်သို့သွား၍ ပိုကာမှန်မှန်ဆွဲလျှင်ကား လိုင်စင် မှန်မှန်ကျ၍ ငွေဝင်လမ်း ကောင်းနေပေသည်။ ဤအလုပ်များမှ မသက် သာလျှင် လောကတွင် ဘယ်အလုပ်သည် သက်သာသော အလုပ် တည်း။ ကျွန်တော်ကား တစ်သက်နှင့်တစ်ကိုယ် ဘယ်တော့မှ ပင်ပင်ပန်း ပန်း မလုပ်၊ ပင်ပန်းသည့် အလုပ်မှန်သမျှကို ဘုရားလှူထားသူဖြစ်၏။

လိုင်စင်ကျပြီဆိုလျှင် ထိုအချိန်က ငွေပင်မှ ငွေပန်းပွင့်၍ ငွေသီး သီးသည်မည်၏။ လိုင်စင်ကျလျှင် ကိုယ်တိုင်ရောင်းဝယ်ဖောက်ကားရန် မလို၊ လက်လွှဲအမြတ် ၁၀၀ ရာခိုင်နှုန်း၊ ၇၅ ရာခိုင်နှုန်း စသည်ဖြင့် တရုတ်၊ ကုလားကုန်သည်ကြီးများကို တစ်ဆင့် ရောင်းချလိုက်ပြီး ငွေ ထုတ်ယူရန်သာရှိ၏။ ငွေကြေး မချောင်လည်လျှင် ကုလားထံမှ ဆွဲနိုင် သေးသည်။ ကုလားသူဌေးသည် ကျွန်တော်တို့ကို ယုံကြည်ပြီးဖြစ်၏။

အကြောင်းကား ဦးလေးတိုင်း၏ ကြံရည်ဖန်ရည်ဖြင့် ကျွန်တော်တို့သည် တရုတ်သူဌေး၏ 'ပစ်ကက်' ကားကြီးကို လပိုင်းနှင့်ငှား၍ စီးနိုင်သောကြောင့်တည်း။

ယခု ရွှေပင်စိုက်၍ ရွှေသီးသီးရမည့် 'ဘာဂျာဘအေး' ခေတ်ကား ခက်ခဲပင်ပန်းလှပါပေသည်တကား။

ဗာဂျီးနီးယားဆေး စိုက်ပျိုးရေးကို ကျွန်တော်တို့သည် 'တိုင်းကျော်အင်ကိုး' တည်ထောင်သည့်နည်းတူ လူမိုက်နောက်မှ အကြံရခဲ့၏။ အမေရိကတိုက်တွင် ဟိုးနှစ်ပေါင်း ပဝေသဏီက စိုက်ပျိုးခဲ့သည့် ဗာဂျီးနီးယားဆေးကို ယခုမှ ကျွန်တော်တို့က မြေစမ်းခရမ်းပျိုးရသောကြောင့်ဖြစ်၏။

သို့ဖြင့် 'ဘာဂျာဘအေး' ခေတ် ဆန်းသစ်ရန် ကျွန်တော်တို့သည် လူစုခွဲကြရ၏။ မန္တလေးအနီးတစ်ဝိုက်တွင် မြေစမ်း၍ ဗာဂျီးနီးယားပျိုးကြည့်ရာ အောင်မြင်သည်ဟု သိရ၍ မန္တလေးတွင် အလုပ်တိုက်ခွဲတစ်ခု တည်ထောင်ရပြန်၏။ မန္တလေး အလုပ်တိုက်ခွဲအတွက် ဦးလေးတိုင်းမြေး ခင်မောင်ဝင်းကို မန်နေဂျာ ရာထူးသို့ တိုးတက်ပေးကာ စီမံခန့်ခွဲရန် လွှတ်လိုက်ရလေသည်။ စာရေးလေး မောင်ဘမြကိုလည်း လက်ထောက်မန်နေဂျာရာထူးနှင့် ဆေးပေါင်းရုံများကို အုပ်ချုပ်ရန် ခင်မောင်ဝင်းနှင့်အတူ ထည့်လိုက်ရသည်။ ကျွန်တော်ကိုယ်တိုင် သွားရောက်နေထိုင်ရန်ဖြစ်သော်လည်း ဦးလေးတိုင်းက ကျွန်တော် ရန်ကုန်တိုက်တွင် မရှိလျှင် မဖြစ်ပါဆို၍ သွားမနေဖြစ်။ သို့သော်လည်း ပထမဆုံးအခေါက်တွင် ခင်မောင်ဝင်းနှင့် မောင်ဘမြကို ဦးစီးရှေ့ဆောင်ကာ မန္တလေးသို့ ခေါ်ဆောင်သွားပြီး အစစအရာရာ စီမံခန့်ခွဲပေးရ၏။ ခင်မောင်ဝင်းသည် ဦးလေးတိုင်း၏ မြေးပီသစွာ အဖက်ဖက်က အားကိုး စိတ်ချရပါသည်။ အပေါင်းအသင်းဝင်ဆံ့၍ လည်လည်ဝယ်ဝယ်ရှိသူ ခေတ်လူငယ်

လေးတစ်ဦး ဖြစ်ပါသည်။

'ဘာဂျာဘအေး' ကား အရီးတင်၏ ပါးစပ်ဖျားတွင် အခေါ်ရလွယ်သလောက် ကျွန်တော်တို့အဖို့တွင် အင်မတန်မှ ပင်ပန်းကြီးလှပေသည်။

ပထမဆုံး လင်းခေး ဦးထွန်းမြင့် (နောင်အခါ ကျေးလက်နှင့်လယ်ယာစိုက်ပျိုးရေး ဖွံ့ဖြိုးရေးဌာန) ထံမှ ဗာဂျီးနီးယားမျိုး ယူရသည်။ ဦးထွန်းမြင့်၏ ဆေးပေါင်းရုံများရှိရာ ရှမ်းပြည်သို့သွားရောက်၍ ဆေးပေါင်းနည်း သင်တန်းတက်ခိုင်းရသည်။ တစ်ဖန် ဦးထွန်းမြင့်၏ တပည့်တပန်းဖြစ်သော ဆေးပေါင်းရုံဆရာတစ်ယောက်ကို ငှားရမ်းခဲ့ရသည်။ သူ့နည်းအတိုင်း ဆေးပေါင်းရန်ဖြစ်၏။ မန္တလေးမြို့စွန်၌ ဆေးပေါင်းရုံသုံးရုံခန့် ပုံစံအတိုင်း (ဦးထွန်းမြင့်၏ ဆေးပေါင်းရုံဆောက်သည့်ပုံစံ) ဆောက်လုပ်ရ၏။ ဆေးပေါင်းရုံအလုပ်သမား တစ်နေ့ ၁၀၀ ကျော်ခန့်ရအောင် ရှာဖွေရ၏။ ပေါင်းရုံမီးထိုးသမား ငှားရမ်းရသည်။ မီးထိုးရန်ထင်း၊ ဖွဲ၊ စပါးခွံ၊ လွှစာများ ရှာရသည်။ ပြဒါးချိန် မီးအိုး စသည်တို့ဝယ်ရသည်။ ပြီးလျှင် ရလာသော ဗာဂျီးနီးယားဆေးမျိုးကို စိုက်ပျိုးသည့်နည်းနှင့်တကွ ရှင်းလင်းပြောပြပြီး တောင်သူများထံသို့ လက်ရောက်အပ်ရသည်။ သူတို့ကိုလည်း ဗာဂျီးနီးယားဆေး စိုက်ချင်လာအောင် အမျိုးမျိုး တရားဟောရသေး၏။ သူတို့၏ အကျိုးခံစားခွင့်ကို သွားရည်ယိုလာအောင် အာပေါက်သည်အထိ လေကုန်ခံကာ ဗာဂျီးနီးယားအကြောင်း ပြောဟောရ၏။

သူတို့အား ဟောရပြောရသည်ကို အရီးတင်များမြင်လျှင် ကျွန်တော့်ကို 'ဘာဂျာဘအေး' အစား ခပ်တိုတို 'ဘာဂျာ' ဟုပင် ခေါ်မည်လားမပြောတတ်ပေ။

ဆေးပင်များ စိုက်ပျိုးပြီး ဆေးရွက်များ အလောတော် အနေရောက်

သည့်အခါ ဆွတ်ခူး၍ ပေါင်းရုံထဲတွင် ပေါင်းတင်ရ၏။ အပူချိန် ဒီဂရီ မများအောင် အနေတော်ရအောင် ဆေးရွက်ကလေးများ 'ရွှေစင်ရွက်' လို ဝင်းနေအောင် မီးထိုးရန် ပေါင်းဆရာနှင့် မီးထိုးသမားကို မကြာခဏ သတိပေးနေရ၏။ ဆေးပေါင်းကိုလည်း ၂၄ နာရီမပြတ် မီးထိုးပေးနေရ၍ တစ်ခါတစ်ရံ ညလုံးပေါက် တစ်မှေးမှ မအိပ်ရ။

ဒါတင်ပဲလား မကသေးပါ။

ဆေးခင်းမှ ခူးလာသော ဆေးရွက်များကို ပေါင်းတင်ပြီး ပေါင်းရုံက ချသည့်အခါ ဆေးရွက်မကြွေအောင်၊ မလေအောင်၊ မလွင့်အောင်၊ ဂရုတစိုက် သိုထားရသည်။ တစ်ခါတစ်ရံ ဆေးခင်းမှ ခူးလာသော ဆေးရွက်များ ပေါင်းရုံတွင် ပုံနေသော်လည်း အရင်ပေါင်းမကျသေး၍ မပေါင်းရ။ ဆေးရွက်သီသော အလုပ်သမားများက အလုပ်မမှန်၍ မလာချင်ကြ။ ဆေးပင်က ဆေးရွက်ဆွတ်ရာတွင် ဂရုစိုက်ရသေးသည်။ လောဆော်သည့်အခါ လောဆော်၍ အေးအေးဆေးဆေး နေရသည့်အခါ နေရသည်။ ဆေးရွက်ရင့်လာလျှင် အပင်မှာ ကြာကြာမထားရဲ။ ပေါင်းသည့်အခါ စိတ်ကြိုက် အရောင်အသွေးမရနိုင်မည်ကို စိုးရိမ်ပူပန်ရ၏။ ပထမအသုတ် ရင့်၍ ခူးသွားလျှင် နောက်အသုတ်အတွက် လောဆော်ရ၏။ ဆေးခင်းတစ်ခု သာမက နှစ်ခင်းသုံးခင်းလောက် ပြိုင်တူရင့်နေသည့်အခါ အောတိုက်၍ မခူးမိအောင် အေးအေးဆေးဆေး နေရသေးသည်။ ကဲ... ဒီအလုပ်ထက် ပင်ပန်းသည့်အလုပ် လောကတွင် ရှိသေးသလား။ ဒါကို အရီးတင် ကျကျနန မသိပေ။ ကျွန်တော်တို့၏ 'ဘာဂျာဘအေး' ခေတ်ဆိုး ခေတ်ကျပ်ကြီးအကြောင်းကို အရီးတင် တစ်ရိပ်တစ်စွန်းမျှ မသိပေ။

အစပျိုးသည့်နှစ်က ပင်ပန်းသော်လည်း နောက်နှစ်များတွင်ကား အလုပ်ရည်ဝပြီဖြစ်၍ ခင်မောင်ဝင်းနှင့် မောင်ဘမြကို မျက်နှာလွှဲနိုင်ပေ

ပြီ။ ပြီးတော့လည်း မန္တလေးမြို့သည် ကျွန်တော်တို့ ဆွေရိပ်မျိုးရိပ်မကင်းသော မြို့ဖြစ်၍ အစစအရာရာ ကသီလင်တ မနိုင်လှပေ။

ဤသို့ဖြင့် ကျွန်တော်နှင့် ဦးလေးတိုင်းတို့၏ 'ဘာဂျာဘာအေး' ခေတ်သည် ဆန်းသစ်လာခဲ့ပေသည်။ သို့သော်လည်း ကံဆိုးမိုးမှောင်ကျချင်သော ကျွန်တော်တို့သည် 'အိုပယ်' ကားသစ်ကလေးကိုမှ အားရအောင် မစီးရသေးမီ ပြည်တွင်းဖြစ် စီးကရက်ခွန်များကို အစိုးရက တိုး၍ကောက်ခံပါတော့သည်။ ရွှေသီးရွှေပွင့် ဝေဆာနေသော ကျွန်တော်တို့ခေတ်သည် မိုးကြိုးရောင် ကြေးနီရောင် တောက်လာတော့သည်။ စီးကရက်အခွန်တော် သတင်းကြားရသည့်အခါ မန္တလေး ဗာဂျီးနီးယားဆေးခင်း၌ တောင်သူများကို လုပ်အားပိုမိုပေးရန် တောင်းခံရင်း ပေါင်းရုံမှ လတ်လတ်ဆတ်ဆတ်ကျပြီး ဆေးရွက်ကိုလိပ်ကာ ခပ်ခန့်ခန့် သောက်နေသော 'ခင်မောင်ဝင်း' ၏ မျက်နှာကို ကွက်ခနဲ မြင်လိုက်မိသည်။

"မဖြစ်ဘူး ဦးလေးတိုင်း၊ မန္တလေးကို မြန်မြန်သွားမှာပဲ၊ တနင်္လာနေ့ လေယာဉ်ပျံနဲ့လိုက်မှ ဖြစ်မယ်။ ကျွန်တော် လိုက်မယ်"

"ဒါလောက်လည်း အရင်မလိုပါနဲ့ကွယ်။ သတင်းပလင်း စနည်းနာသေးတာပေါ့။ သွားစရာရှိတောင် မောင်အောင်ဖေ ဒီတစ်ခေါက်မသွားနဲ့ဦး။ ဦးလေးတိုင်း အရင်သွားမယ်။ နောက်မှ မောင်အောင်ဖေလိုက်တန်လိုက်ခဲ့ပေါ့။ ဒါပေမဲ့ မသွားဘဲဖြစ်နိုင်ရင်တော့ မသွားစေချင်ဘူး"

"မဖြစ်ဘူး ဦးလေးတိုင်းရဲ့၊ ဒီကောင်တွေ ပေါင်းရုံသစ်တွေဆောက်လိမ့်မယ်။ အစိုးရဆီက အမတော်ကြေးကိစ္စရဖို့ ကိစ္စရော ပြီးပြတ်ရဲ့လား မသိဘူး။ ဘာပဲဖြစ်ဖြစ် ငွေရထားထားရင် ကောင်းတာပေါ့။ ပြီးတော့ အခု ဆေးစိုက်စ ရာသီ မဟုတ်လား။ ချင့်ချိန်ပြီး မျိုးပေးမှဖြစ်မယ်။ နင်းကန်စိုက်နေရင်လည်း မဖြစ်ဘူး။ ဘယ်လိုအခြေအနေ လာဦး

မယ် မသိဘူး။

"ဟုတ်ပ့ါကွာ... တို့ သွားလေရာရာ နဲ့ကျိုးချည်း တက်နင်းမိတာပဲ။ ဒါဖြင့်လည်း ဒီလိုလုပ်လေ။ ဦးလေးတိုင်း အရင်သွားမယ်။ နောက်လဆန်းတော့ မောင်အောင်ဖေ လိုက်ခဲ့ပေ့ါ။ လိုက်ဖို့မလိုရင်လည်း ဦးလေးတိုင်း စာရေးလိုက်မယ်။ အခြေအနေ အတိအကျ စာရေးအကြောင်းကြားလိုက်မယ်။ ဒီမှာလည်း အရောင်းအဝယ် စကားပြောထားတာလေးတွေ ရှိသေးတယ် မဟုတ်လား။ ဒါထက် မင်း ဟသ်ာတဦးမြဆီက စရန်ယူပြီးပြီလား။ လူထုကိုလည်း သွားပြီးတွေ့ဖြစ်အောင် တွေ့လိုက်ဦး... ဟုတ်လား၊ မောင်အောင်ဖေကိုတော့ ဦးလေးတိုင်း စိတ်ချပါတယ်"

"ကျွန်တော် သွားမယ် ဦးလေးတိုင်းရာ၊ ဦးလေးတိုင်း ဒီမှာရှိရင်ပြီးတာပဲဟာ"

"ငါ သွားပ့ါမယ်ကွယ်... ဦးလေးတိုင်း ဆွေတွေမျိုးတွေနဲ့လည်း တွေ့ချင်သေးလို့ပါ၊ ပြီးတော့လည်း ဟိုကောင်ကို စိတ်မချဘူး"

"ဘယ်သူ့ကိုလဲ မောင်ဘမြလား ရိုးပါတယ် ဦးလေးတိုင်းရဲ့၊ ကျွန်တော့်ညီလို သားလိုနေတဲ့ ကောင်လေးပါ"

"မဟုတ်ပါဘူးကွ၊ ဟိုခွေးကောင်လေး ဝဝင်းကိုပြောတာ"

"သြော် သြော်... ခင်မောင်ဝင်းလား၊ ဦးလေးတိုင်း မြေးက လူရည်လည်ပါတယ်ဗျ၊ ဟဲ ဟဲ ဒါဖြင့်လည်းလေ ဦးလေးတိုင်း သွားချင်သွားပေ့၊ စာသာရေးဖြစ်အောင် ရေးနော်... ဦးလေးတိုင်းသွားရင် ကျွန်တော် စိတ်ချပါတယ်၊ လိုက်မလာတော့ပါဘူး။ စရိတ်ပိုကုန်နေမှာပဲ"

ကျွန်တော်သည် ဦးလေးတိုင်းကို ကိုယ်ချင်းစာမိ၍ မန္တလေးသို့ လွှတ်လိုက်ပါသည်။

"စာသာရေးလိုက် ဦးလေးတိုင်း၊ ကိစ္စပြီးရင် ပြီးရောပေ့ါ။ ဟိုမှာ အေးအေးလူလူ တစ်လ ကိုးသီတင်း နေချင်လည်းနေပါဦး။ ဦးလေးတိုင်း

ရှိတုန်း ခင်မောင်ဝင်း ပြန်ချင်ရင် ပြန်လွှတ်လိုက်တာပေါ့”ဟုပင် ထပ်၍ မှာလိုက်မိသေးသည်။

ဦးလေးတိုင်း အိမ်ထောင်အကြောင်းကို မပြောပြရသေးပါ။ ဦးလေးတိုင်းသည် မန္တလေးသားတစ်ဦးဖြစ်ပြီး ထုံးစံအတိုင်း မန္တလေးသူနှင့်ပင် အိမ်ထောင်ကျခဲ့ပါသည်။ ယခုအခါ အသက် ၆၀ ကျော်နေပေပြီ။ ခင်မောင်ဝင်းသည် ဦးတိုင်းကျော်၏ တစ်ဦးတည်းသောသား ဦးအောင်ဝင်းက မွေးသည့် တစ်ဦးတည်းသောမြေး ဖြစ်၏။ ဦးတိုင်းကျော်က သူ့သားကို အောင်ဝင်းဟု အမည်ပေး၍ ဦးအောင်ဝင်းက သူ့သားကို ခင်မောင်ဝင်းဟု ခေါ်စေရာ ဦးတိုင်းကျော်ခေတ်နှင့် ခင်မောင်ဝင်းခေတ်သည် မည်မျှခြားနားကြောင်း သိသာနိုင်ပေသည်။ သို့ကြောင့်လည်း ဦးလေးတိုင်းက ခင်မောင်ဝင်းကို စိတ်မချဟုပြောရာ စိတ်မချမည်ဆိုက စိတ်မချစရာပါပေ။ ဦးလေးတိုင်း၏ ဇနီးသည် ရွှေမန်းသူဖွားလေးခင်သည် မကြာသေးမီက သေဆုံးသွားခဲ့၏။ ဇနီးသည် သေဆုံးပြီးကတည်းက ဦးလေးတိုင်း စိတ်အနည်းငယ် ကျလာသည်ဟု ကျွန်တော်ထင်မိသည်။ အရင်ကလို သွက်သွက်လက်လက် မရှိတော့။ ဇရာပိုင်းသို့ ချဉ်းနင်းဝင်ရောက်စ ပြုလာပြီ။ အသက်ကြီးပြီမို့ စိတ်ဆောင်လျက်ပင် ရှိငြားလည်း ကိုယ်မပါတော့ဟုထင်သည်။ ဖွားလေးခင် ဆုံးပြီးနောက် မန္တလေးက ဆွေမျိုးများက အညာသို့ပြန်လာပြီး စစ်ကိုင်းချောင်တွင် တရားအားထုတ်နေရန် ခေါ်ခဲ့၏။ သို့သော်လည်း ဦးလေးတိုင်းက ကျွန်တော်တို့နှင့် ‘ဘာဂျာဘအေး’ ကို မခွဲခွာနိုင်သေး၍ ဗွတ်အတင်းငြင်းဆန်ကာ နောက်ထပ် နှစ်နှစ်တာမျှ ခေတ်ကောင်းတုန်း အလုပ်လုပ်ပါရစေဟု သူ့ဆွေမျိုးများ မယားဆွေမျိုးများကို ခွင့်ပန်ခဲ့၏။ “အင်း မန္တလေးသို့ တစ်ခေါက်လောက် သွားဦးမှဖြစ်မှာပါ” ဟုလည်း ပြောဖူး၏။ ထို့ကြောင့်ပင် ကျွန်တော်က သူ့အား ကိုယ်ချင်းစာကာ မန္တလေး

သို့သွားရန် အခွင့်ပေးလိုက်ခြင်းဖြစ်၏။

"သူတို့ ဆွဲထားတောင် မနေခဲ့နဲ့။ တစ်လလောက်သာ ကြာပေစေ ဗျနော်။ ဦးလေးတိုင်း မပြန်လာရင်တော့ ကျွန်တော် လိုက်လာမှာပဲ" ဟု မှာလိုက်သေးသည်။

ကဲ... ဘယ့်နှယ်ရှိစ။ ယခုတော့ စာလည်းမလာ၊ လူလည်း မရောက်၊ စူဠလိပ် ရေထဲလွှတ်မိပေပြီ။ အိုလေ... သူ့ဆွေမျိုးတွေက ဆွဲထားလို့ ဖြစ်မှာပါ။ ဒါပေမဲ့ဗျာ စာလေးတစ်စောင်လောက်တော့ ရေးဖို့ ကောင်းပါတယ်။ ဦးလေးတိုင်းကြီး မရေးတာ ထားပါတော့၊ ဆွေမျိုးတွေနဲ့ တွေ့နေလို့ လူငယ်တွေဖြစ်တဲ့ မောင်ဘမြတို့ ခင်မောင်ဝင်းတို့က အကျိုး အကြောင်း ရေးဖို့ကောင်းတယ်။

ကျွန်တော့်မှာ စာမျှော်ရ၍ လည်ပင်းရှည်လှပြီ၊ ရင်ထဲမှာလည်း ယားကျိကျိ ဖြစ်နေသည်။ ဒီတစ်ပတ် လေယာဉ်ပျံပါနိုးနိုးနှင့် စောင့်ခဲ့ ရာ တနင်္ဂနွေနေ့တိုင် ရောက်လာ၍ တစ်ဖန် နောက်အပတ် လေယာဉ်ပျံ မျှော်ရသည်။ အပတ်တိုင်း လေယာဉ်ပျံကွင်းသို့ သွားလေ့ရှိသော ကိုဘ အေးနှင့် ကိုခင်လေးတို့ထံ သွား၍ လူကြုံတွင် စာပါ မပါကို မေးရ သည်။ သို့နှင့် စိတ်မရှည်တော့ဘဲ မောင်ဘမြထံ စာရေးလိုက်ရသည်။ သည်ကြားထဲတွင် လူထုစီးကရက်ကုမ္ပဏီက ဆေးမယူနိုင်သေးကြောင်း ပြောလာ၍ စိတ်ညစ် ပင်ပန်းရသေး၏။

"ဟဲ့ ကိုလေးတိုင်းဆီက စာမလာဘူးလား ဘာဂျာဘအေးရဲ့၊ ဟုတ်မှ ဟုတ်ရဲ့လားကွယ်။ ပြန်လို့မှ လာဦးမှာလား၊ မမခင်ဆွေမျိုးတွေ က ဆွဲထားပြီထင်တယ်၊ ဟိုမှာ အခြေစိုက်တော့မယ်ဆိုရင်လည်း ငါ့ပြော သွားဖို့ ကောင်းတယ်" ဟု အရီးတင်ကလည်း လည်တဆန့်ဆန့် ဖြစ်နေပြီ။

မောင်ဘမြထံ စာတစ်စောင်ရေးအပြီးတွင် မန္တလေးကစာကို မမျှော် တော့ဘူး၊ စိတ်မောလှတယ်ဟု ယတိပြတ်ဆုံးဖြတ်ကာ ဦးလေးတိုင်း

သံယောဇဉ်ကို ဖြတ်ထားလိုက်သည်။ ကျွန်တော့်မှာ ဒါပဲတတ်နိုင်သည်။ လိုက်သွား၍ကလည်း မဖြစ်၊ တကယ်ဆိုတော့ ရန်ကုန်မှာ အလုပ်တန်းလန်းနှင့် မထားခဲ့နိုင်၊ စိတ်မချနိုင်။

သည်အကြောင်း တွေးလည်း မတွေးတော့ဘူး။ စဉ်းလည်း မစဉ်းစားတော့ပါဘူးဟု စိတ်တွင် ဆုံးဖြတ်ထားပြီး နောက်တစ်နေ့မှာပင် မောင်ဘမြထံ စာတစ်စောင် ရောက်လာလေသည်။ အခန့်သင့်ပင် အရီးတင်လည်း မြို့ထဲ အလုပ်တိုက်သို့ ရောက်နေခိုက်ဖြစ်၍ သူ့ရှေ့မှာ စာကို ကပျာကယာဖောက်၍ ဖတ်လိုက်မိလေသည်။

"မောင်ဘမြဆီကစာ အရီးတင်ရဲ့၊ ဒီကောင်ကမှ စာရေးဖော်ရသေးတယ်"

"ဖတ်စမ်းပါဦးကွယ်၊ ဘယ်တော့ပြန်လာကြမှာတဲ့လဲ။ ဟင်း... ကိုလေးတိုင်းနယ် သူ တော်တော်နဲ့ ပြန်မလာနိုင်ရင်လည်း ကောင်လေးဝဝင်းကို ပြန်လွှတ်လိုက်တာ မဟုတ်ဘူး"

"နားထောင် အရီးတင်...

အစ်ကိုလေးခင်ဗျား။

အစ်ကိုလေး၏စာကို ကောင်းမွန်စွာ ရရှိပါသည်။ စာမရေးဖြစ်သည်မှာ အလုပ်ရှုပ်နေ၍ ဖြစ်ပါသည်။ အစ်ကိုလေး မှာကြားသည့်အတိုင်း ဆေးပေါင်းရုံသစ်များကို အလျင်စလို မဆောက်မိသေးပါ။ မျိုးများကိုတော့ ပေးပြီး ဖြစ်နေပါပြီ။ သို့သော်လည်း မန္တလေးရှိ ဟွီးစ်ကုမ္ပဏီတိုက်ခွဲနှင့် စကားပြောလက်စ ရှိနေ၍ ဆေးပေါင်းကို မဖြတ်နိုင်သေးပါ။ သူတို့ ဗိုစီးကရက်က အရောင်းရ တွင်ကျယ်နေတော့ အခွန်တိုးကောက်သော်လည်း ပိုမိုထိခိုက်ဟန်မရှိ။ ဆေးများ ဆက်လက်ယူမည်ဟု သူတို့ စကားရှိနေပါသည်။ သို့ကြောင့် အခြေမပျက် ခပ်မျှင်းမျှင်းပင် ဆက်လက်ပေါင်းတင်နေရပါသေးသည်။ အစိုးရကရော စီးကရက်ခွန်

လျှော့ကောက်မည့် အရိပ်အယောင် ရှိပါသလား။ စီးကရက်စက်ရုံက အလုပ်သမားတွေ သပိတ်မှောက်ကြတယ်လို့ ကြားပါတယ်။ အစ်ကို လေးဆီက နောက်ထပ် သတင်းထူးများ စာရေးပါ"

"ဟဲ့... မင်းတို့ဟာကလည်း ဘာဂျာဘာအေး ကြောင်းချည်းပါပဲ။ ကိုလေးတိုင်း မပြန်လာတော့ဘူးတဲ့လား..." အရီးတင်က စိတ်မရှည် နိုင် ဖြစ်နေ၏။

"ဆက်ဖတ်ကြည့်ရဦးမယ် အရီးတင်ရဲ့၊ ဦးလေးတိုင်းအကြောင်း ပါပါလိမ့်မယ်... ဟော...

ဒါထက် အစ်ကိုလေးရေ ဒီမှာ စိတ်ရှုပ်စရာတစ်ခု တွေ့နေတယ်။ ဦးလေးတိုင်းကြီးကလည်း တော်တော် ခေါင်းမာနေတယ်။ ကိစ္စက ဒီလို ဗျ။ ခင်မောင်ဝင်းလေ၊ ကောင်ကလေးက မိန်းမလိုချင်ပြီတဲ့ဗျ။ ကျွန် တော်တို့ အလုပ်တိုက်ဖွင့်ထားတဲ့ လက်ဆည်ကန် အလုပ်တိုက် အပေါ် ထပ်က မြာကလေးတစ်ယောက်ကို ကိုယ်တော်ချောလေး တော်တော် သဘောကျနေတယ်။ ကောင်မလေးက ရုပ်ကလေးကလည်းရှိတယ်။ ပစ္စည်းပစ္စယလည်း တောင့်တင်းရဲ့၊ နာမည်က အေမီလှတဲ့။ ကိုယ်တော် ချောလေး အပြောတော့ သူတို့ ချစ်ကြိုက်နေပါပြီ ဆိုတာပဲ။ ဒါပေမဲ့ ကျွန်တော့် သဘောအရတော့ သူတို့ မကြိုက်ရသေးပါဘူး။ ခင်မောင်ဝင်း ဘက်ကသာ ၅၀ ရာခိုင်နှုန်း သေချာနေတယ်ထင်ရဲ့၊ အေမီလှဆိုတာလေး က ခပ်လည်လည်လေးခင်ဗျ။ ခပ်လည်လည်ဆိုလို့ အကောင်းလည် လည် ပြောတာပါခင်ဗျာ၊ အဆိုးလည်လည် မဟုတ်ပါဘူး"

"ကိုလေးတိုင်းက မြန်မြန်ပေးစားလိုက်တာ မဟုတ်ဘူး၊ မဟုတ်ဘူး လား မောင်အောင်ဖေရယ်။ မောင်ဝင်းခမျာ ချစ်တယ်ဆိုတော့ လိုချင် ရှာမှာပဲ။ ပြီးတော့ ဒီမြေးလေးကိုပဲ အရီးတင်တို့ ချစ်နေရတာ၊ မိတဆိုး ဖတဆိုးလေး သနားစရာပါကွယ်၊ အဖေ အမေ သေကတည်းက အရီး

တင်တို့လက်ထဲ ကြီးရတာ"

"နေစမ်းပါဦး အရီးတင်ရဲ့၊ ဆက်ဖတ်ပါဦးမယ်"

"အင်း... အင်း ဖတ်စမ်းပါဦး၊ ဘာတဲ့ ကိုလေးတိုင်းက သိပ်ခေါင်းမာဆို"

"ကောင်မလေးကတော့ ကိုယ်တော်ချောလေးသဘောကို အကဲစမ်း ချင်သေးတယ်နဲ့ တူရဲ့၊ လက်တည့်စမ်းတာလား၊ တကယ်အတည်ပေါင်းမှာလား ဆိုတာ ဝေခွဲမရနိုင်ဘူးနဲ့တူရဲ့"

"ဒါတော့လည်း ဟုတ်ပေရှာသားပဲကွယ်၊ မိန်းမသားဆိုတာ ဆူးကျလည်း ဖက်၊ ဖက်ကျလည်း ဖက် ဆိုသလို မဟုတ်လား ဘာဂျာဘအေးရဲ့"

"ဟာဗျာ အရီးတင်ကြီးကလည်း ဒီဘာဂျာဘအေးပဲ ပါးစပ်ထဲက မချဘူး"

"ဟီး ဟီး ယောင်လို့ဟေ့... မောင်အောင်ဖေရဲ့ ယောင်လို့၊ ဒါနဲ့ ဆက်ဖတ်စမ်းပါဦး"

"ဒါပေမဲ့ ကျွန်တော်တို့ ဘသားချောလေးကတော့ တငမ်းငမ်းဖြစ်နေပြီး ဦးလေးတိုင်းလာတော့ တောင်းရမ်းပေးပါ၊ သူတို့ ချစ်ကြိုက်နေကြပါပြီလို့ သူ့အဘိုးကို အတင်းပူဆာတော့တာပဲ"

"ဟုတ်ပါ့ကွယ်၊ ကိုလေးတိုင်းက တောင်းရမ်းပေးလိုက်ရောပေါ့၊ သူ့တုန်းကလည်း အသက် ၂၀ မပြည့်သေးဘူး မမခင်နဲ့ ထွက်ပြေးကြတာ သင်းကလေးအဖေ ကိုအောင်ဝင်းတုန်းကလည်း ဒီလိုပါပဲ။ ဘိအေအောင်အောင်တောင် မစောင့်နိုင်ဘူး၊ ၂၀ ကျော်ကာရှိသေး အတင်းနားပူနားဆာလုပ်တာ... ကျွတ် ကျွတ် ငါ့မြေးလေးက ကံဆိုးရှာတယ်"

ခက်ပါပြီ။ အရီးတင်သည် ကျွန်တော့်စားပွဲမှာထိုင်ရင်း မျက်ရည်တစမ်းစမ်း ဖြစ်နေပြန်ပြီ။

“အရီးတင်ကလည်းဗျာ... မျက်ရည်လွယ်လိုက်တာ”

“ဘာမျက်ရည်လွယ်သလဲ... နင်တို့မသိဘူး၊ တို့က ငယ်ရာက ကြီးလာတယ်။ အချစ်ဆိုတာ မျက်စိရှိတာ မဟုတ်ဘူး။ ချစ်မိရင် ငမ်းငမ်း တက်တတ်တာပဲ၊ ကိုယ်ချင်းစာကြည့်ပါလား ဟဲ့ အင်း... ဒါနဲ့ ဆက် ဖတ်ပါဦး၊ ငါ သိပါတယ်ဟယ်... ကိုလေးတိုင်းက မပေးစားနိုင်သေးဘူး ပြောမှာပါ”

အဲဒါ အဘိုးကြီးက ကီလေးကာလေး လုပ်နေတယ်၊ ခု မပေးစား နိုင်သေးဘူး။ မတင် တိုင်ပင်ရဦးမယ်နဲ့ လုပ်နေတယ်။ ဒါနဲ့ ကောင် လေးလည်း စိတ်ပျက်နေတယ် အစ်ကိုလေးရဲ့၊ တော်သေးပြီဗျာ... စာ ရှည်သွားပြီ၊ ဩော် ဒါထက် ကိုလေးရေ ဈေးချိုရောက်တော့ အစ်ကို လေးကို သိပ်အမှတ်ရတာပဲ။ မြီးရှည် ကောင်းလွန်းလို့ပါ အစ်ကိုလေး ရဲ့၊ ရွှေဆိုင်တန်း မဟုတ်ပါဘူး။

“ဟီဟိ”

“ဘာရယ်တာလဲ မောင်အောင်ဖေ”

“ဘာမှ မဟုတ်ပါဘူး အရီးတင်ရဲ့”

ကျွန်တော်သည် မောင်ဘမြ၏ စာအဆုံးသတ်ကို စိတ်ထဲတွင်သာ ဖတ်ရပြီး မနေနိုင်တော့ဘဲ အသံထွက်ကာ ရယ်ခြင်းဖြစ်၏။

“အေး ငါလည်း ဒီလိုထင်သားပဲ မဟုတ်လား၊ ကိုလေးတိုင်းက ဒါမျိုးမှာ အင်မတန် ဇီဇာကြောင်တယ်။ ဟိုမိန်းမ မယူရဘူး၊ ဒီမိန်းမ မယူရဘူး။ အင်မတန် လုပ်တတ်တယ်။ သူ့သား၊ ခင်မောင်ဝင်းရဲ့ဖအေ တုန်းကလည်း ဒီလိုပဲ၊ ဒါနဲ့ ဟိုကောင် ဘီအေ မအောင်ရှာတာ။ သူ့တုန်း ကတော့ ဆွေတွေမျိုးတွေ ဘယ်လိုဖျက်ပေမဲ့ မမခင်ဆို မမခင်မှ အသည်း စွဲ၊ ခက်ပါတယ်ကွယ်... ကိုလေးတိုင်းဟာ အင်မတန်ခက်တယ်... ကိုယ့် မြေးကလေးကို ကိုယ်ချင်းမစာဘူးတဲ့လား။ သားကို ဘီအေ မအောင်ရ

တယ်လို့ စိတ်နာပြီး၊ အထက်တန်းမရောက်တယ်လို့ စိတ်နာပြီး ဒီမြေးလေးကိုမှ ဖူးဖူးမှုတ်ချစ်၊ ငယ်ငယ်ကတည်းက အလိုလိုက်၊ စောစောစီးစီး ကျောင်းထား၊ အိမ်မှာ ဆရာငှားပြီး စာပြ၊ ချစ်လိုက်ရတာကောင်လေးက ဘယ်လောက်လိမ္မာသလဲ။ အသက် ၂၀ ကျော်ခါ ရှိသေးဘီအက်စ်စီ အောင်ပြီးပြီ။ အစိုးရအလုပ်တောင် မလုပ်ဘူး။ သူ့စိတ်ကြိုက်ကြီးပွားမယ့် ကိုယ့်ထူးကိုယ်ချွန် အလုပ်လုပ်တယ်။ မင်းတို့ လုပ်ကြတဲ့ 'ဘာဂျာဘာအေး' ဆိုတာ သူတို့ ကောလိပ်ကျောင်းတုန်းကတည်းကသင်ခဲ့ရဆို၊ ကဲ... ဘယ်လောက် မင်းတို့ 'ဘာဂျာဘာအေး' ကို အထောက်အကူရသလဲ။ ကိုလေးတိုင်းဟာ ထင်မိထင်ရာ တဇွတ်ထိုးပဲ။ မြေးကလည်း သူ့ကို ချစ်လိုက်တာလည်း အမော။ ဒါတောင် စိတ်ကြိုက်မလိုက်ချင်ဘူး။ ငါ့မြေးလေး ကံဆိုးရှာတယ်။ မိတဆိုး ဖတဆိုးကလေးကံဆိုးပါ့ဟယ်"

အရီးတင်သည် မျက်ရည်လေးစမ်းစမ်းနှင့် စာကိုယူကာ ထွက်သွား၏။ ကျွန်တော်ကား ကြောင်တက်တက် ဖြစ်နေကာ စာကိုပင်တောင်းထားလိုက်ရန် သတိမရလိုက်ပေ။

သည်လိုနှင့် ကျွန်တော့်မှာလည်း အဘိုးကြီးလုပ်ပုံကို စိတ်မကျေမချမ်းဖြစ်ရင်း ကျန်ခဲ့၏။ အရီးတင် ပြောသွားသည်တို့မှာ အမှန်ချည်းဖြစ်၏။ ခင်မောင်ဝင်းကြောင့် ကျွန်တော်တို့ ဗာဂျီးနီးဒယား အောင်မြင်ခဲ့သည်။ ခင်မောင်ဝင်းသည် ဘီအက်စ်စီတွင် ဘိုင်အိုလိုဂျီ ဘာသာဖြင့်အောင်မြင်ခဲ့ရာ သစ်ပင်ပိုးမွှား တိရစ္ဆာန်တို့အကြောင်းကို သင်ကြားခဲ့ရ၏။ ကျွန်တော်တို့ ဗာဂျီးနီးယားအကြောင်း ဖောင်လောက်အောင် ပြောနေကြသည့်အခါ သူက ကျွန်တော်တို့ထက် တစ်ဆပို၍ နားလည်ပြီးနှင့်နေပြီ။ သူ့ကြောင့်ပင် ဤဆေးပေါင်းလုပ်ငန်းကို လုပ်ဖြစ်အောင်လုပ်ခဲ့ကြခြင်းဖြစ်၏။ ကောလိပ်ကျောင်းထွက်မို့လည်း ဆောင့်ကြွားကြွား

မဟုတ်။ မန်းသားပီပီ ယဉ်ကျေးသိမ်မွေ့၏။ သို့သော်လည်း အချစ်ကိစ္စတွင်ကား ခပ်ရမ်းရမ်းကျသည်ဟု ဆိုချင် ဆိုနိုင်ပေသည်။ ဒါကတော့ ကောလိပ်ကျောင်းထွက်မို့ မဟုတ်နိုင်ပါ။ လူမှန်သမျှ ပုပုရွရွ ဆင်းရဲချမ်းသာ မရွေး အချစ်ပင်လယ်ပြင်ကြီးမှာ ခပ်ရမ်းရမ်း လက်ပစ်ကူးတတ်ကြသည် မဟုတ်ပါလား။

ဘယ့်နှယ် ဦးလေးတိုင်းကြီးကလည်း အရီးတင်ပြောသည့်အတိုင်း သည်မြေးကို ချစ်လိုက်ရတာ ဖတ်ဖတ်မော၊ အလိုလိုက်ရတာတော့ သူ့အပြင်မရှိ၊ မိန်းမယူမယ်ကြံတော့မှ ကဖျက်ယဖျက် လိုက်လုပ်နေပုံများ။ ကျွန်တော်သည် တွေးလေ တွေးလေ ဦးလေးတိုင်းကို အခဲမကျေ ဖြစ်နေ၏။ ဤသို့ဖြင့် တစ်ယောက်တည်း အလုပ်တိုက်တွင် ဦးလေးတိုင်းကြီးကို ကျိန်ဆဲနေရာ သုံးနာရီလောက်တွင် မန္တလေးမှ သံကြိုးစာတစ်စောင် ရပါသည်။ သံကြိုးသည် အရေးတကြီး ရိုက်လိုက်သော သံကြိုးဖြစ်၏။ ကျွန်တော်လည်း ရင်တထိတ်ထိတ်ဖြင့် ဖောက်ကာ ဖတ်ရ၏။

ကျွန်တော်တို့ တနင်္လာနေ့ ရောက်မည်။
လေယာဉ်ပျံကွင်း လာကြိုပါ။

ဘမြ

ဘာများ ဖြစ်ကြပြန်တာလဲ။ ကျွန်တော်သည် ယောင်ချာချာဖြစ်သွား ၍ သံကြိုးကိုကိုင်ကာ အရီးတင်အိမ်သို့ အပြေးလိုက်ခဲ့ရသည်။ သူတို့ ဘယ်လိုများ ဆိုင်းမဆင့် ဗုံမဆင့် ရောက်လာကြမည်လဲ။

"ဘယ့်နှယ်ဟာလဲ... မောင်အောင်ဖေရဲ့၊ ခင်မောင်ဝင်းကိစ္စ ဘယ်လိုလဲ၊ သံကြိုးထဲ မပါဘူးလား၊ ခင်မောင်ဝင်း ပြန်ပါလာမှာတဲ့လား"

"မသိဘူး အရီးတင်၊ ဒါပဲ ပါတာပဲ တခြားအကြောင်းထူး မပါဘူး"

"ကိုလေးတိုင်းကလည်းကွယ်... စာလေး ဘာလေး ရေးပါတော့တဲ့လား၊ လုပ်လိုက်ရင် ဒီလိုချည်းပဲ"

"တနင်္လာနေ့အထိ စောင့်ဦးပေါ့ အရီးတင်ရာ၊ ဒီနေ့ စနေနေ့ဆို တော့ နက်ဖြန် တနင်္ဂနွေ၊ သန်ဘက်ခါ တနင်္လာ... တနင်္လာနေ့ကျတော့ သိရလိမ့်မပေါ့"

"မအောင့်နိုင်ဘူးဟဲ့... ဘာဂျာဘအေးရဲ့ သိချင်လှပြီ၊ ကဲ ဟိုနေ့ကျ တော့ ငါပါ မင်္ဂလာဒုံကို လိုက်ကြိုမယ်၊ ငါ့ကိုခေါ်နော်"

သို့နှင့် ကျွန်တော့်မှာ တနင်္ဂနွေနေ့တွင် ရုပ်ရှင်ရုံ၌ အချိန်ဖြုန်းကာ တနင်္လာနေ့ ညနေအထိ အောင့်အည်းမျိုသိပ်ရင်း စောင့်ဆိုင်းနေရသည်။

တနင်္လာနေ့ ညနေ လေးနာရီခွဲတွင် ကျွန်တော်နှင့် အရီးတင် မင်္ဂလာဒုံလေယာဉ်ပျံကွင်းသို့ တိုက်က ကားကလေးနှင့် ထွက်ခဲ့ကြသည်။ တစ်လမ်းလုံး အရီးတင်က ခင်မောင်ဝင်းအကြောင်း တဖွဖွပြောလာ သည်။ သူ့မှာ အပျိုကြီးမို့ သည်မြေးလေးသာ ချစ်စရာရှိကြောင်း၊ ဦး တိုင်းကျော်ကလည်း သူ့တူ မြေးကြီး ခင်မောင်ဝင်းကို ချစ်ကြောင်း ပြောဆိုလာ၏။

မင်္ဂလာဒုံသို့ရောက်လျှင် အခန့်သင့်ပင် မန္တလေး လေယာဉ်ပျံ သည် ကွင်းသို့ဆင်းရန် ဝဲနေ၏။ မော်လမြိုင် စစ်တွေလေယာဉ်ပျံမှ ခရီးသည်များ၏ ပစ္စည်းများ စစ်ဆေးနေ၍ ဧည့်ခန်းသည် ရှုပ်ယှက်ခတ် မျှ ရှုပ်ထွေးနေ၏။ ကျွန်တော်နှင့် အရီးတင်ကား ကွင်းထဲသို့ မျှော် ကြည့်နေကြ၏။ ခရီးသည်တင်သော ယူဘီအေကားသည် လေယာဉ်ပျံ ဆိုက်ရာမှ ဧည့်ခန်းဆောင်ဆီသို့ မောင်းနှင်လာနေ၏။ ဧည့်ခန်းမရှေ့မှာ ရပ်လိုက်လျှင် အရီးတင်သည် လည်တဆန့်ဆန့်ဖြင့် ကားအပေါက်ဝကို ကြည့်နေ၏။ ရှေ့ဆုံးဆင်းလာသူမှာ မောင်ဘမြ ဖြစ်လေသည်။ မောင်ဘမြ သည် စပ်ဖြဲဖြဲမျက်နှာနှင့် ကျွန်တော့်ကို ကြည့်၏။ အရီးတင်ကိုမြင်လျှင် မျက်နှာပိုးသတ်လိုက်လေသည်။

"မင်း ဦးလေးတိုင်း ပါရဲ့လား... မနေရစ်ခဲ့ဘူးနော်၊ ခင်မောင်ဝင်း

ရော” ဟု အရီးတင်က ပျာပျာသလဲ မေး၏။

“ခင်မောင်ဝင်း မိုးကုတ်သွားတယ် အရီးတင်၊ ဦးလေးတိုင်းတို့ပါ ပါတယ်၊ နောက်မှာ”

ကျွန်တော်နှင့် အရီးတင် ကားဆီသို့ ကြည့်လိုက်လျှင် ဦးလေးတိုင်းသည် ပြုံးဖြီးဖြီးမျက်နှာနှင့် ကားပေါ်မှဆင်းပြီး နောက်သို့လှည့်ကာ တစ်စုံတစ်ရာကို စောင့်ဆိုင်းနေဟန်တူ၏။

မောင်ဘမြက ကျွန်တော့်နားနားသို့ တိုးတိုးကပ်၍ ပြောနေ၏။

“အဘိုးကြီး မြာကလေး ခေါ်လာတယ်ဗျ၊ ကောင်လေးတော့ ဒေါ်သူပုန်ထပြီး မိုးကုတ်ကို ဆောင့်ပြေးလေရဲ့”

“ဘာကွ... ဘယ်သူလဲကွ”

“ဟိုမှာလေဗျာ”

ဟုတ်ပါသည်။ ဦးလေးတိုင်းသည် မန်းသူ နွဲ့နွဲ့နှောင်းနှောင်း ရွှေခြေချင်းနှင့် ကလေးမလေးတစ်ယောက်ကို လက်မှာဆွဲ၍ ခေါ်လာ၏။ အရီးတင်ကမူ နားမလည်သလိုမျက်နှာနှင့် သူ့မောင်ကြီးတိုင်းကို မျက်လုံး ကလယ်ကလယ်ဖြင့် ကြည့်နေ၏။

ကျွန်တော့်မှာ ပါးစပ်အဟောင်းသားနှင့် မောင်ဘမြကိုကြည့်ကာ ဘယ်သူလဲကွ ဟူသော မေးခွန်းကို ပါးစပ်မှ မမေးနိုင်ဘဲ မျက်လုံးအစုံဖြင့်သာ မေးရ၏။

“အေမီလှလေဗျာ... ကျွန်တော်တို့ လက်ဆည်ကန်အလုပ်တိုက်အပေါ်ထပ်ကပေါ့” ဟု မောင်ဘမြကအဖြေပေးကာ လှူအုပ်ထဲသို့ စုပ်ခနဲ လစ်သွားပါလေတော့သတည်း။

ရှုမဝမဂ္ဂဇင်း၊ အမှတ် ၁၀၈၊ မေ၊ ၁၉၆၅

❑

# ပေါင်းမိုးအောက်က လူနှစ်ယောက်

- ဆောင်းဝင်းလတ် -

ရုံးဒေါင့်ရွာမှ အပြန်တွင် ပွဲထောင်လေ့စကော်ချို့ယွင်းသည်။ တူးမြောင်းမှာ ရေစီး သိပ်မသန်သေး၍သာ တော်ပေသေး၏။ နီးစပ်ရာ ကမ်းသို့ လှေဦးထိုးကာ ပွဲထောင်သမားက ကြိုးစားပြီး သူ့စက်သူနိုးအောင် နှိုးနေသည်။ အစ်ကိုကြီး ကိုစောလွင်နှင့် ကျွန်တော်က ကမ်းနံဘေးကုက္ကိုပင်ရိပ်မှာ ထိုင်ကာ ဟိုငေးသည်ငေး။ ပွဲထောင်သမားက ရွာထဲမှ စက်ပြင်ဆရာ သွားခေါ်ဦးမည်ဟုဆိုကာ ထွက်သွားပြန်သည်။ ကျွန်တော်ကတော့ တူးမြောင်းလေးကို ငေးကြည့်နေဆဲ။ ဟိုရှေးယခင်က ဤတူမြောင်း ကလေး မရှိသေးပါ။ ရုံးဒေါင့်အပါအဝင် တခြားကျေးရွာများမှ ခရီးသွားများအနေဖြင့် မြို့သို့ ကုန်ရောင်းကုန်ဝယ်သွားလိုပါက အဝေးကြီးမှ ကွေ့ကာဝိုက်ကာဖြင့် သွားလာခဲ့ကြရဖူးသည်။ ၁၉၈၂ ခုနှစ်ကျတော့ အားလုံးစုပေါင်းတိုင်ပင်ကြသည်။ သဘောတူညီမှုတစ်ခုကို အကောင်အထည်ဖော်လိုက်ကြသည်။ ကိုယ်ထူကိုယ်ထ ကိုယ့်အားကိုယ်ကိုးကာ တူးမြောင်းဖောက်ကြသည်။ သူတို့၏ ဖွဲ့ လုံ့လ ဝီရိယကြောင့် ခုတော့ဖြင့် သူတို့တူးဖောက်ခဲ့သည့် တူးမြောင်းလေးသည် မြစ်မကြီးနှင့် ဆက်သွယ်မိခဲ့လေပြီ။ သည်တူးမြောင်းကလေးအတွင်း၊ လှေသမ္ဗန်တွေ ဥဒဟို

လှော်ခတ်ခုတ်မောင်းသွားလာနေသည်မှာ နေ့ရောညပါ။ ပွဲထောင်သမား နှင့် စက်ဆရာရောက်မလာသေးမီ ဟိုနားသည်နား ဟိုမျှော်သည်ကြည့် ဖြင့် ကျွန်တော် လျှောက်သွားနေမိသည်။ သစ်ပင်ရိပ်ကောင်းကောင်း ကမ်းစပ်တစ်နေရာတွင် လှေတစ်စင်းကို တွေ့မြင်ရသည်။ လှေမှာ ပေါင်း မိုး မိုးထားသည်။ လှေထဲတွင် အိပ်ရာလိပ်၊ သေတ္တာငယ်တစ်လုံး၊ စားအိုး၊ စားခွက်နှင့် မီးဖိုတွေ့ရသည်။ လှေဦးမှာ အသက် ၆၀ ဝန်းကျင် လူတစ် ယောက်ထိုင်ကာ တူးမြောင်းလေးထဲမှ ရေကို ခွက်နှင့်ခပ်၍ သူ့အဝတ် သူလျှော်နေတာတွေ့ရသည်။ အဝတ်လျှော်နေရာမှ ကျွန်တော့်ကို လှမ်း မော့ကြည့်သည်။ ကျွန်တော် ပြုံးပြတော့ သူကလည်း ပြန်လည်၍ ပြုံးပြ သည်။ ကျွန်တော်က လှေအနားအထိ ဆင်းခဲ့ကာ သူ့ကို စီးကရက် တစ်လိပ်လှမ်းပေးသည်။ ကျွန်တော်ကိုယ်တိုင်လည်း တစ်လိပ်ဖွာကာ သူ့ကိုပါ မီးညှိပေးတော့ ရေညှစ်ပြီးစ အင်္ကျီနှင့်လုံချည်ကို လှေပေါင်းမိုး ပေါ် လှန်းနေရင်း စီးကရက်ကို သူ့ပါးစောင်မှာ ခဲထားသည်။ မီးခိုးငွေ့ လေးတလူလူနှင့်။

"လှေထဲမှာပဲ နေတာလား"

ဟု သူ့ကိုမေးတော့ ခေါင်းညိတ်ပြရင်း...

"မိဘတွေဆုံးပြီးကတည်းက ဘယ်ဆွေမျိုးသားချင်း ညီအစ်ကို မောင်နှမတွေနဲ့မှ မနေတော့ဘဲ ဒီလှေထဲမှာပဲ အိပ်တယ်၊ နေတယ်၊ စားတယ်ဗျာ။ နားအေးတယ်၊ စိတ်ချမ်းသာတယ်" ဟု သူကပြောပြ သည်။ သူ့အလုပ်အကိုင်ကလည်း မဆိုးလှ။

"စပါးရိတ်ဖို့ လူလိုတဲ့ထဲက လှမ်းခေါ်ရင် သွားရိတ်ပေးလိုက် တယ်။ တဲဆောက်ဖို့ လူလိုရင်လည်း လက်ခစားလက်သမားပေါ့ဗျာ...။ ကျွန်တော့် တစ်ကိုယ်စာတော့ ပူစရာမလိုပါဘူး"ဟုလည်း ပြောပြသည်။

"ရပြီဗျို့... စက်ပြန်ကောင်းသွားပြီဗျို့"ဟူသည့် အော်ပြောလိုက်သံ

ကြောင့် ကျွန်တော်လှမ်းကြည့်တော့ ကျွန်တော်တို့ခရီးဆက်ရမည့် ပဲ့ထောင်က စက်သံ ပြန်မြည်ဟိန်းနေပေပြီ။

"သွားဦးမယ်ဗျို့"

ဟု တစ်ကိုယ်တော် ပေါင်းမိုးလှေသမားအား နှုတ်ဆက်ကာ ကျွန်တော် ထွက်လာခဲ့ရသည်။ သူနှင့် ကျွန်တော် ဆုံတွေ့ခဲ့ရသည်က မိနစ်ပိုင်းမျှသာ။ ရင်းရင်းနှီးနှီးမရှိခဲ့။ တူးမြောင်းလေးအတိုင်း ပဲ့ထောင်လှေကို ဆက်စီးလာရင်း၊ အပေါင်းအသင်းရောင်းရင်း တစ်ယောက်အကြောင်းကို တွေးနေမိပြန်သည်။ သူကလည်း သူ့ဇာတိနယ်ပယ်မှာတော့ ပေါင်းမိုးလှေတစ်စင်းထဲမှာ နေထိုင်သူပေါ့။ ကျွန်တော့်ရောင်းရင်းကတော့ ဘဝက အတော်လေးစုံလှပါ၏။ ကျွန်တော်နှင့်စပြီး ခင်မင်ခါစတုန်းက သူ ရန်ကုန်ဆိပ်ကမ်းမှာ စာရေးတစ်ယောက်ပါ။ သူ့ဇနီးကလည်း သူ့လိုပင် ရပ်ဝေးနယ်ဒေသတစ်ခုမှ ရန်ကုန်သို့ ရောက်လာပြီး သူနှင့် အကြောင်းဆက်ပေါင်းဖက်မိသော အမျိုးသမီးတစ်ယောက်ပါ။ သူတို့ နှစ်ယောက်လုံး စိတ်ရင်းသဘောရင်း ကောင်းကြသည်။ သားသမီးတွေလည်း အများကြီး ပွားစီးမိကြသည်။ ကျွန်တော့်ရောင်းရင်းက ဆိပ်ကမ်းတွင် ဝန်ထမ်းလုပ်နေရာမှ ဌာနတစ်ခုသို့ ဝန်ထမ်းဘဝနှင့်ပင် ပြောင်းရွှေ့ပြန်သည်။ ရန်ကုန်နယ်နိမိတ်တစ်နေရာရှိ ဝန်ထမ်းအိမ်ရာတွင် သူတို့မိသားစု လိုင်းခန်းလေးတစ်ခန်းရခဲ့သည်။ ရံဖန်ရံခါဆိုသလိုပင် သူတို့ဆီ ကျွန်တော် ရောက်တတ်သည်။ အမြဲတစေတော့မဟုတ်။ ကျွန်တော့်ရောင်းရင်းမှာ ကောင်းခြင်းလက္ခဏာတချို့ရှိသလို ဆိုးခြင်းအမူအကျင့်တချို့လည်းရှိသည်။ သူက ရပ်ရေးရွာရေး သာရေးနာရေးကိစ္စမှန်သမျှ နေ့ညမရွေး မညည်းမညူ ကူညီမှု ပေးတတ်သည်။ သူက မြန်မာ့ အာယုဗေဒဆေးနည်းနာနိသယများကိုလည်း လေ့လာသူဖြစ်ရာ အထူးသဖြင့် ရပ်နီးဝန်းကျင်မှ ကလေးသူငယ်များကို ဦးစားပေး ပြုစုကုသနိုင်ခဲ့သည်။

သူက ရှေးဟောင်းပစ္စည်းလေးတွေကိုလည်း ရှာရှာဖွေဖွေစုဆောင်း သိမ်းဆည်းတတ်သူဖြစ်ရာ သူ့ဆီမှာ ရှားရှားပါးပါး၊ ထူးထူးဆန်းဆန်း ငွေထည်၊ ကြေးထည်ပစ္စည်းတချို့လည်း တွေ့ရဖူးပါသည်။ သူ၏ ဆိုးခြင်း အမူအကျင့်တစ်ခုကတော့ လင်ရယ် မယားရယ် မပြေမလည် ဆယ်ကွေ့ တစ်ကွေ့ရှိတတ်ကြ၊ ကတောက်ကဆတ် ဖြစ်တတ်ကြရိုး ထုံးစံမှာ ဒေါသအလျောက် ကိုယ်ထိလက်ရောက် ထိပ်ပေါက်ခေါင်းကွဲ သည်အထိ ဆွဲမနိုင် ထိန်းမရ ဗီဇစရိုက်ကြမ်းတတ်ခြင်းပင် ဖြစ်သည်။ ထိုပြဿနာ ကလေးများကို ဇနီးမယားဘက်က တစ်စထက်တစ်စ ကာလရှည်ကြာ 'တေး''မှတ်' လာခဲ့ရာ တစ်ကြိမ်မှာတော့ အပြင်းထန်ဆုံး ပေါက်ကွဲခဲ့ကြပါသည်။ နောက်ဆုံးအဆင့်ဟု ဆိုရမည်ထင်၏။ လူသိရှင်ကြားပင် လမ်းခွဲလိုက်ကြရသည်။ ရပ်ဝေးကို ထွက်ခွာသွားသူကတော့ ကျွန်တော့် ရောင်းရင်းပါ။ သူ့ဇာတိရပ်ရွာဒေသသို့ သူပြန်သွားခဲ့သည်။ ရဟန်းခံသည်။ ရဟန်းဘဝနှင့် ထာဝရနေမည်ဟု သူဆုံးဖြတ်၍ မရ။ ကျန်းမာရေးက ဖောက်ပြန်လာပြန်သည်မို့ လူဝတ်လဲရသည်။ ဆေးကုသမှုခံယူရန် သူ ရန်ကုန်သို့ ခဏပြန်လာပါသေးသည်။ မြို့စွန်မြို့သစ် တစ်နေရာမှ တဲတစ်လုံးတွင် ယာယီနေထိုင်စဉ် ကျွန်တော့်ကို လူကြုံဖြင့် အကြောင်းကြား၍ သွားတွေ့ရသည်။ အနေအထိုင် တော်တော်ဆင်းရဲပါ သည်။ တတ်နိုင်သမျှ သူ့ကို အဝတ်အထည်၊ အသုံးအဆောင်၊ စားအိုးစားခွက်မှအစ ကူညီပံ့ပိုးပေးခဲ့သည်။ ကျန်းမာရေးအခြေအနေ နည်းနည်းလေး ပြန်ကောင်းသွားတော့ ကျွန်တော့်ကို လာနှုတ်ဆက်သည်။ အသုံးအဆောင်၊ အဝတ်အထည်ပစ္စည်းတချို့နှင့် ငွေကြေး ထပ်မံကူညီလိုက်သည်။ တောသို့ သူပြန်သွားသည်။ သတင်းစကားကြားရ၏။ ချောင်းရိုးလေးအတွင်း ပေါင်းမိုးလှေတစ်စင်းနှင့် သူတစ်ကိုယ်တည်း နေထိုင်လျက် ရှိကြောင်း ကြားရသည်။ ကျွန်တော် ယခုရေးနေသော စာ၏အစပိုင်း

တွင် စာဖတ်သူများ တွေ့မြင်ရမည့် ရုံးဒေါင့်ကျေးရွာအနီးမှ ပေါင်းမိုးလှေ သမားပုံစံမျိုး ကျွန်တော့်အပေါင်းအသင်းရောင်းရင်းက နေထိုင်ခဲ့ခြင်းပါ။ သူ့ဇာတိရပ်ရွာမှာ သူကလည်း ဘယ်သားချင်း ဘယ်ဆွေမျိုးနှင့်မှ အရိပ် အာဝါသ မခိုလှုံဘဲ ပေါင်းမိုးလှေထဲမှာ နေထိုင်ကာ ကြုံရာကျပန်းလုပ် ကိုင် စားသောက်ခဲ့သူပါ။ အနေအထိုင်ကျဉ်းကျပ်သည်။ ဥတုရာသီကြမ်း ပြီဆိုလျှင်လည်း ချောင်းရိုးမြောင်းရိုးထဲမှာ လူးလာဆန်ခတ် အတော်ပင် အနေရကျပ်တည်းတတ်မြဲပင်။ သို့သော်လည်း စုန်ချည်ဆန်ချည် သူနေ သာသလို နေချင်သေးပုံရသည်။ နေလည်းနေခဲ့သည်။ ဘယ်လောက် အထိနေခဲ့လဲဆိုလျှင် သူ့သား၊ သူ့သမီးလေးများပင် အိမ်ထောင်ရက် သားကျသွားကုန်ကြပြီး သူ့မှာ မြေးလေးတွေရသည်အထိ။ ကလေးတွေ ကလည်း သူတို့လုပ်ငန်းလေးတွေ ကိုယ်စီနှင့်တချို့နယ်ဒေသသို့ပင် ရောက်သူက ရောက်ကုန်ကြသည်။ တစ်ကြိမ်မှာတော့ ကလေးတွေ ခဏတာ ပြန်ဆုံစည်းမိကြကာ တိုင်ပင်မိကြသည်။

"အဖေ့ကို ပြန်ခေါ်မယ်"

ဆိုသည့်အသံတွေ ထွက်လာသည်။ တကယ်လည်း လက်တွေ့ ကျကျ သွားခေါ်ခဲ့ကြသည်။ သူ ရန်ကုန်ပြန်ရောက်လာသည်။ သမီးတစ် ယောက်အိမ်မှာ နေသည်။ သူ့ဇနီးကလည်း သမီးတစ်ယောက်အိမ်မှာ နေပါသည်။ သူတို့ချင်းတော့ စကားပြောဖြစ်ကြသေးပုံမရ။ သို့သော် သူ ခုလိုပုံမျိုး အိုးအိမ်အတည်တကျဖြင့် သပ်သပ်ခတ်ခတ်ကလေး စားရေး၊ ဝတ်ရေး၊ နေရေးမတောင့်မတ ပြန်နေခွင့်ရတာ ကျွန်တော့် ရင်ထဲမှာ ပီတိဖြစ်မိသည်။ အသက်တွေလည်း ကြီးကုန်ကြပြီလေ။

"ခင်ဗျား ပေါင်းမိုးလှေကို ဘာလုပ်ခဲ့လဲ ရောင်းပစ်ခဲ့လား"ဟု ကျွန်တော်မေးတော့ သူမရောင်းခဲ့ပါဘူးတဲ့။ သူ့တူမလေးမိသားစုကို ပေးပစ်ခဲ့ပါသည်တဲ့။ တောမှာတော့ လှေဆိုတာ လိုအပ်ပါသည်။

မှတ်မှတ်ရရ ရန်ကုန်သို့ သူပြန်ယူလာသည့် သူ့အသုံးအဆောင်ပစ္စည်း တချို့ထဲမှာ "Han Kaw" ခေါ်၊ စစ်သုံးသတ္တုချိုင့်လေးတစ်ခုလည်း ပါလာခဲ့သည်။ ဟိုတုန်းက သူ့ကို ကျွန်တော်ပေးလိုက်သော ပစ္စည်းလေး ပါ။ သူက သည်ချိုင့်လေးနှင့်ပင် သူ့ပေါင်းမိုးလှေထဲတွင် ရေနွေးကျိုခဲ့ပါ သည်တဲ့။ ထမင်းအိုးတည်ခဲ့ပါသည်တဲ့။ တစ်ခါတစ်ရံ ဟင်းလျာများပင် ချက်ပြုတ်ခဲ့ပါသည်တဲ့။ ခုတော့ သည်သတ္တုချိုင့်လေးနှင့် ရေနွေးထည့် သောက်နေတုန်းပါပဲတဲ့။ တစ်ရက်မှာတော့ ရန်ကုန်အင်းစိန်ဘက်မှာနေ သော ကျွန်တော်တို့သူငယ်ချင်းတစ်ယောက်က ကျွန်တော့်အိမ် လာလည် ရင်း အဲသည့်လူဆီကိုလည်း ဝင်နှုတ်ဆက်သည်။ ရေနွေးကြမ်းထည့် သောက်နေသော "Han Kaw" ချိုင့်ကလေးကို မြင်သွားပြီး သဘောကျ လွန်းလို့တဲ့လေ။ အမှတ်တရ ဖွတ်တောင်းသည်။ သူငယ်ချင်းတွေ အချင်း ချင်းဆိုတော့လည်း မပေးချင်ပေးချင်နှင့်ပင် သူပေးလိုက်တာ ကျွန်တော် မြင်ရပါသည်။ သြော်... ငယ်သူငယ်ချင်းတွေ၊ အစစအဆင်ပြေ ပျော်ရွှင် နေကြလျှင် ကျေနပ်ပါပြီလေ။

Life Style မဂ္ဂဇင်း

❑

## ကျွဲဒီကာ

- ကိုလေးမြတ် -

"ကိုအညာသား"

"အေး... လာပြီဟေ့"

တာရိုးပေါ်က ကျော်ခင်ရဲ့ ခေါ်သံကိုကြားတာနဲ့ ကွမ်းယာလေး ကပျာကယာ ယာ၊ ပါးစောင်သွင်းပြီး ဝါးဖတ်ခမောက်လေးကို ဆောင်းကာ ထွက်လာခဲ့တယ်။ ဒီနေ့က သစ်ဆိမ့်၊ ညောင်ဖြူပင်ရွာတွေဘက်ဆီ အထိ သွားကြမှာဆိုတော့ ဝီရိယလေး ထားပြီးသွားမှ တန်ကာကျမယ်။ အဲဒီရွာတွေက နည်းနည်း အလှမ်းဝေးတယ်။ ကွမ်းသုံးယာညက်၊ သုံးတိုင်ခရီးလောက်တော့ ဝေးမှာပေါ့။ (တစ်တိုင် နှစ်မိုင်ရှိတယ်) ကျွဲသွားဝယ်မှာမို့ လိုက်ကြည့်ပေးပါဦးလို့ ဆိုလာတော့လည်း ဘယ်မှာ ငြင်းပယ်လို့ ကောင်းလိမ့်မတုံး။ လိုက်ရတော့တာပ။

ကျွဲဝယ်ချင်သူအဖို့ အခုလို လုပ်ငန်းသိမ်းချိန်မှာ ရှာဖွေကြရတာ အကောင်းဆုံးပါပဲ။ ဘာလို့လဲဆိုတော့ ကျွဲကို နောက်နှစ်မိုးကျချိန်အထိ (တောထုတ်မလိုက်ရဘူးဆိုရင်ပေါ့လေ) ကျွေးရုံသာ ကျွေးရတော့မှာ။ ဘာမှခိုင်းစရာ မရှိတော့ဘူး။ ဒီတော့ ခိုင်းရုံသာခိုင်းကြပြီး မကျွေးချင်ကြ တော့တဲ့သူတွေအဖို့ နောက်နှစ်မိုးကျမှ ရှာတော့မယ်၊ ဖွေတော့မယ်လို့

စိတ်ကူးထားကြတဲ့သူတွေအဖို့တော့ ကျွဲကို ရောင်းထုတ်ပစ်တတ်ကြတယ်။ အဲဒီမှာ သူတို့ရွာ ရင်းတိုင်ကွင်းမှာတော့ ကျွဲနဲ့ပတ်သက်လာရင် ဆရာကြီးလိုဖြစ်နေတဲ့ ကိုအညာသားကို ဟိုကလာခေါ်၊ ဒီကလာခေါ်နဲ့ လာခေါ်နေတတ်ကြတယ်။

ပွဲခ၊ ဘာခ ရရှိလို့ရယ်တော့ မဟုတ်ပါဘူး။ တချို့ကတော့ ပွဲခသဘောမျိုး ပေးတတ်ကြပါရဲ့။ ဒါပေမဲ့ ကိုယ့်ရွာသားအချင်းချင်း ဘယ်မှာ ယူလို့ ကောင်းလိမ့်မတုံး။ ကူညီရမယ့် တာဝန်ဝတ္တရားရှိတယ် မဟုတ်လား။ တချို့ကတော့ လုံချည်၊ အင်္ကျီ ဝယ်ပေးတတ်ကြတယ်။ ဒါပေမဲ့ များသောအားဖြင့်ကတော့ သောက်ဝိုင်း၊ စားဝိုင်းနဲ့ ပြီးတတ်ကြရတာပါပဲ။ တော်ပြီလေ၊ စိတ်ရင်းအတိုင်းပြောရရင် ကိုအညာသားအနေနဲ့ သူနဲ့ထိုက်တန်တဲ့ ကြေးနဲ့ ဝယ်ပေးလိုက်တဲ့ ကျွဲလေးလုပ်ငန်းခွင်မှာ အဆင်ပြေနေတယ်ဆိုရင် ကျေနပ်ပြီ။ ဝမ်းသာပြီ။ ဒါပဲ။

ပြောရရင် ရင်းတိုင်ကွင်းရွာရောက်မှ ကျွဲကိုင်ဖူးတဲ့ ကိုအညာသားက အခုတော့ ကျွဲနဲ့ပတ်သက်လာရင် ဆရာကြီးလို ဖြစ်နေတာလည်း ရယ်စရာတော့ အကောင်းသား။ ကိုအညာသားလို့ ခေါ်ဝေါ်နေကြတာက သူက ဟိုအညာမုံရွာနယ်က ရောက်လာတဲ့သူဖြစ်လို့ပါ။ သူ့နာမည်အရင်းက အေးကျော်တဲ့။ ခုနေများ အညာက အသိနဲ့တွေ့လို့ ဟော့ကောင်... အေးကျော်လို့ ခေါ်လိုက်ရင် ဒီနာမည် ငါကြားဖူးပါတယ်လို့ စဉ်းစားနေမိလိမ့်ဦးမယ် ထင်ပါရဲ့။ ဟုတ်တယ်လေ၊ ရင်းတိုင်ကွင်းတစ်ရွာလုံးက သူ့ကို အညာသား၊ ကိုအညာသားလို့ပဲ ခေါ်ဝေါ်နေကြတာ မဟုတ်လား။ နာရေးဖိတ်စာ၊ မင်္ဂလာဆောင်ဖိတ်စာလာရင်လည်း ကိုအညာသားနဲ့ မခင်ဝေတဲ့။ ကုန်ကုန်ပြောရရင် မယားဖြစ်တဲ့ခင်ဝေက ညားခါစအချိန်တုန်းက အစ်ကိုအေးကျော်လို့ ခေါ်ပါသေးရဲ့၊ အခုတော့ ဦးအညာသားတဲ့လေ။

နဖူးစာရှာလည်ဆိုတဲ့စကားက အင်မတန်မှန်တယ်။ ခင်ဝေနဲ့ သူ့အဖြစ်ကို ကြည့်လေ။ ခင်ဝေကလည်း သူ့အမေ နေထိုင်မကောင်းလို့ ရန်ကုန်တက်လာပြီး သရက်တောကျောင်းတိုက် တည်းခိုကာ ဆေးခန်းပြပေါ့လေ။ နောက် ဆေးရုံကြီး တက်ရောက်ကုသ။ သက်သာလာတော့ ဆေးရုံကဆင်း။ လုံး၀ ရောဂါကင်းရှင်းသွားအောင် ရက်ခြားပြန်ပြီး ပြသနေရလေတော့ နှစ်ပေါက်ထိ အချိန်ကြာသွားရော။ သူကလည်း ရွာဘုန်းကြီး နေထိုင်မကောင်းဖြစ်လို့ ရန်ကုန်ကို ပြုစုစောင့်ရှောက်ဖို့ လိုက်ခဲ့ရတယ်။ သရက်တောကျောင်းတိုက်မှာပဲ တည်းခိုကြတော့ ခင်ဝေနဲ့ ဆုံစည်းမိကြတာပေါ့။

ခင်ဝေကတော့ မပြောတတ်ဘူး။ သူကတော့ ခင်ဝေကို မြင်မြင်ချင်း ချစ်မိတော့တာပါပဲတဲ့။ အညာသူတွေက ထဘီလက်ယာဝတ်တွေ၊ အောက်သူတွေက ထဘီဘယ်ဝတ်တွေ။ အဲဒီအသွင်မတူ အမြင်ဆန်းမှုလေးက သူ့ကို ဆွဲဆောင်သွားတယ်ထင်ပါရဲ့တဲ့။ နောက်တော့ အညာသားဆိုပေမဲ့ အသားလတ်တဲ့ အေးကျော်ရဲ့ ရုပ်သွင်၊ ကူညီလိုတတ်တဲ့ ပင်ကိုစိတ်၊ ရိုးသားမှုတွေကြောင့် ခင်ဝေလည်း တိမ်းညွှတ်လာဟန်တူပါရဲ့။ ဒါ့ပြင် အိုးချင်းထားတော့ ထိ၊ ကြိုးချင်းထားတော့ ငြိလို့ ဆိုတယ်မဟုတ်လား။ ကိုင်း... တိုတိုပဲ ပြောကြစို့ရဲ့။ အေးကျော်နဲ့ ခင်ဝေ ညားကြလေသတည်းပေါ့။

အေးကျော်ရဲ့ မိဘတွေ၊ မောင်နှမ၊ ဆွေမျိုးသားချင်းတွေ လိုက်လာကြပြီး ရင်းတိုင်ကွင်းရွာမှာ ဝက်သားနဲ့ ထမင်းကျွေးပြီး ကျကျနန တောင်းရမ်းယူရတာပါဗျာ။ သူတို့ ရွာဓလေ့ကိုက ရင်းတိုင်ကွင်းရွာသူကို တောင်းရမ်းယူရင် ၁၀ ယောက် တတ်နိုင်တတ်နိုင်၊ ၁၅ ယောက် တတ်နိုင်တတ်နိုင်၊ တတ်နိုင်သလောက် ဝက်သားနဲ့ ထမင်းကျွေးပြီး တောင်းရမ်းယူရသတဲ့လေ။ ရင်းတိုင်ကွင်းရွာသူတွေရဲ့ ဂုဏ်အင်ကလည်း မသေး

ပေဘူး။

ခင်ဝေတို့က လယ်ပိုင်ရှင်ကြီးလို့ ပြောရမယ်ထင်တယ်။ လယ်ဧက ၅၀ ကျော်နဲ့ ကျွဲငါးရှဉ်း (၁၀ ကောင်) တောင်ရှိတာ။ သူရင်းငှားက လေးယောက်။ သူရင်းငှားဆိုတာ မိုးကျလို့ လယ်ညှိ၊ စပါးပျိုးပင်ကြဲတာကစပြီး စပါးတွေ ကျီထဲရောက်အောင် သွင်းသည်အထိ ထမင်းကျွေး၊ စပါးတင်း ဘယ်လောက်ပေးမယ်ဆိုပြီး ခေါ်ယူထားတဲ့သူတွေကို ပြောတာ။ ပျိုးနုတ်၊ စပါးရိတ်၊ မနိုင်နင်းလို့ ခေါ်ယူသူကိုတော့ လယ်ကူလီလို့ ခေါ်တယ်။

အေးကျော်တို့ အညာရွာက ကုန်းခေါင်ခေါင်လေ။ မိုးရွာလို့ ယာမြေနပ်တယ်ဆိုတာတောင် အစိုဓာတ်က တစ်ထွာ၊ တစ်မိုက်လောက်သာ ရှိတတ်တာ။ ဒီတော့ ယာမြေလုပ်ငန်းအတွက် နွားကိုပဲ အသုံးပြုကြတယ်။ ကျွဲကို မသုံးဘူး။ အခု ယောက္ခထီးကြီးကိုင်တဲ့ ကျွဲရှဉ်းကို သူကိုင်ရတော့မယ်။ ကျွဲချိုကြီးတွေကလည်း ကားကားကြီးတွေနဲ့ ကြီးကျယ်လိုက်တာ။ ဖေ့လိုက်ရင်တော့လား၊ ဓားမြှောင်နဲ့ ထိုးလိုက်တာမှ သက်သာဦးမယ်။ ကြောက်ရွံ့ပေမဲ့ အညာသား သိက္ခာကျမှာမို့ ရဲရဲတင်းတင်းပဲ ကိုင်လိုက်တယ်။ လယ်ထဲဆင်းလိုက်တော့ ရွှံ့ခနဲ ဒူးခေါင်းနားရောက်သည်အထိ နစ်ဝင်သွားတယ်။ ဒီတော့မှ ကျွဲကို ဘာကြောင့် ကိုင်ကြသလဲဆိုတာ နားလည်မိလိုက်သလိုပဲ။ နွားသာဆို ဒီနွံကို ဘယ်လိုရုန်းနိုင်ပါ့မလဲ။

ခါတိုင်း ထမ်းပိုးတင်လိုက်ရင် ထမ်းပိုးကျည်း နှစ်ချောင်းအတွင်း လည်ပင်းကာ ဝင်သွားတာပါ။ မနေ့ကလည်း နည်းနည်းကျပ်နေတယ်။ ဖိချလိုက်မှ ဝင်သွားတယ်။ ဒီနေ့တော့ လုံးဝထည့်သွင်းလို့ကို မရနိုင်အောင် ဖြစ်နေတော့တယ်။ ထမ်းပိုးကျည်းများချောင်းမှာ မှားယွင်းနေသလားလို့ စစ်ဆေးကြည့်မိတယ်။ မမှားပါဘူး။

“ကိုတင်၊ လာကြည့်ပါဦးဗျ၊ ထမ်းပိုးတင်လို့မရ ဖြစ်နေလို့”

"ဟာ... လည်ထနေပြီ။ အဲဒီကောင် ကျွန်တော်ကိုင်မယ်၊ အာစရိက ကျွန်တော့်ကောင်ကို ကိုင်"

အဲဒီနေ့က ကိုတင်က သူ့ကျွဲရှဉ်းနဲ့ အေးကျော်ရဲ့ ကျွဲရှဉ်းကို လဲလှယ်ကိုင်တယ်။ လည်ထနေပြီတဲ့။ လည်ထတယ်ဆိုတာ ဘာကိုပြော တာလဲ။ ပြီးတော့ အဲဒီနေ့မှာ ကိုတင်က သူကိုင်တဲ့ ကျွဲရှဉ်းကို သူများ ထွန်တုံးဖြုတ်နေချိန်မှာ မဖြုတ်ဘဲ တစ်နာရီလောက် ပိုခိုင်းတာကို တွေ့ ရတယ်။ ဒါ့ပြင် ညနေခင်းမှာလည်း သူတစ်ရှဉ်းတည်း လယ်ပြန်ဆင်းပြန် တယ်။ အညာမှာဆိုရင်တော့ မနက်ချီ၊ ညချီ ကောက်တယ်လို့ ခေါ်ကြ တယ်။

ညပိုင်းမှာတော့ သူတို့ ထိုင်လေ့ရှိတဲ့ ကိုမြင့်ရဲ့ ဆိုင်ဘက်ကို လိုက်သွားမိတယ်။ မောင်ထွန်းက သူ့ကိုတွေ့တော့ အညောင်းပြေ အညာ ပြေ နည်းနည်းပါးပါးပါတဲ့။ ကိုင်း... သူလည်း အညောင်းပြေပေါ့လို့ ဆိုပြီး ဝင်ရောလိုက်တယ်။ ကိုတင်ကို လည်ထတယ်ဆိုတာကို ဘာကို ပြောတာလဲလို့ တပည့်ခံ မေးမြန်းရတော့တယ်။

လည်ထတယ်ဆိုတာ ကန်တော့ပါရဲ့၊ မိတ်လိုက်ချင်တဲ့ ဆန္ဒ နိုးကြားလာတယ် ဆိုကြပါစို့တဲ့။ ကျွဲကို နွားတွေလို သင်းကွပ်မထားတတ် ဘူးတဲ့။ ကျွဲတွေမှာ လည်ထချိန် သုံးကြိမ်ရှိတယ်။ သွားလေးချောင်းကျိုး တဲ့အချိန်မှာ ပဌမ်းလည်ထတယ်။ သွားလေးချောင်းကျိုးတယ်ဆိုတာ ငယ်သွားလေးချောင်းကျိုးပြီး သွားလေးချောင်းပေါက်တဲ့ အချိန်ကိုပြော တာ။ ပြောရရင် အရွယ်ရောက်တဲ့သဘောပဲ။ နောက် သွားခြောက်ချောင်း ပေါက်တဲ့အချိန်မှာ လည်ထပြန်တယ်။ အဲဒီလည်ထတာကိုတော့ ဒုတိယ လည်လို့ခေါ်တယ်။ နောက်သွားစုံချိန်၊ သွားရှစ်ချောင်းပေါက်တဲ့ အချိန် မှာလည်း လည်ထပြန်တယ်။ အဲဒီလည်က နောက်ဆုံးအကြိမ်ပဲ တတိယ လည်လို့ခေါ်တယ်။

လည်ထရင် ကျွဲက လူကို ရန်ရှာချင်တယ်။ အဆိုးဆုံးက ပဋ္ဌင်း လည်လို့ခေါ်တဲ့ ပထမဆုံး လည်ထချိန်ပဲ။ အဲဒီလို လည်ထရင် နည်းနည်းပင်ပန်းသွားအောင် ခိုင်းပစ်ရတယ်။ ဒါကြောင့် မနက်ပိုင်းတုန်းက အချိန်ပိုပြီး လယ်ထွန်ပေးလိုက်တယ်။ ညနေပိုင်းလည်း တစ်ကျော့ပြန် ခိုင်းလိုက်ရတယ်။ သနားတော့ သနားတာပေါ့။ ညှာနေပြန်ရင်လည်း ကိုယ့်ကို ရန်မူမှာလေ။ ရန်မူရင် အသက်အန္တရာယ်တောင် စိုးရိမ်ရဆိုပဲ။ နွားတွေလို သင်းကွပ်ထားလိုက်ရင်ပြီးတာပဲ။ သင်းကွပ်လို့ မစင်ဘဲ ကျန်နေရင်တော့ အဲဒီနွားဟာလည်း လူကို အမြဲရန်မူတတ်တယ်။ သကြိန်နွားလို့ ခေါ်ကြတယ်။

ရန်မူလာတဲ့ နွားကို ချိုဖျား နာနာရိုက်ပြီး နှိပ်ကွပ်ရတယ်။ ကျွဲကတော့ ခေါင်းပြင်ကို တူနဲ့ ထုပေးရသတဲ့။

"ကိုအညာသား၊ ကျွန်တော်တို့ ဘယ်သူ့အိမ် အရင်သွားကြမလဲ"

"ဟော… ဘိုးတွဒ်တို့အိမ် ဝင်ကြတာပေါ့ကွာ"

ကျော်ခင်ရဲ့ အသံကြားမှ အမှတ်ထားမိလိုက်သလို ဖြစ်သွားတယ်။ သစ်စိမ့်ရွာရေ့ (ရေ့ဆိုတာ ဝန်းကျင်အနီးကို ဆိုလိုတာပါ) တောင်ရောက်ပြီပဲ။ ဘိုးတွဒ်အိမ်မှာ ရေနွေးသောက်ပြီး စနည်းနာရမှာပေါ့။ ဘယ်ကျွဲရောင်းမယ်၊ ကြေးပေါက် (တန်ဖိုး) ဘယ်လောက်ရှိတယ် ဆိုတာတွေပေါ့။ ရင်းတိုင်ကွင်းဝန်းကျင် ကျွဲရှာလာရင်လည်း ဘိုးတွဒ်က ကိုအညာသားကို လူရင်းထားပြီး ဦးတိုက်လာတတ်တယ်။ ဒီလိုပဲ သစ်စိမ့်ဝန်းကျင် ကျွဲလာရှာရင် ဘိုးတွဒ်ကို လူရင်းထားရမှာပေါ့။

ဘိုးတွဒ်က ဟင်းစားလေးရှိနေတုန်းမို့ ထမင်းစားပြီးမှ ကျွဲရှာမယ်တဲ့။ ကိုအညာသားတို့လိုချင်တဲ့ ကျွဲပုံစံနဲ့ ကြေးပေါက်အတိုင်းဆိုရင်တော့ ဒီအနားတင် ပေါပါသတဲ့။ ဟင်းစားလေးရှိတယ်ဆိုတာ ဝက်သား၊ အမဲသား ရှိနေတာကို ဆိုလိုတာပါ။ ကျေးလက်ဆိုတော့ ဈေးမှမရှိတာ၊

ဘယ်မှာ ဝက်သား၊ အမဲသား အချိန်မရွေး ရနိုင်ပါ့မလဲ။ အရပ်ထဲ၊ ရွာထဲ သေမှ (ဒါမှမဟုတ်) အကြောင်းကိစ္စရှိမှ လုပ်ကိုင်ကြလို့ ရနိုင်တာလေ။ ကြုံခဲလှတယ်ဆိုပါတော့။

အခုတော့ အေးကျော်လည်း နာမည်သာ အညာသားလို့ တွင်နေတာပါ။ စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ အားလုံး အားလုံးဟာ ပီဘိ အောက်သားဖြစ်လို့နေပါပြီ။ ဆိုပါစို့၊ အညာဆိုတာ ပဲကို အဓိက ထားစားတာလေ။ ပဲလှော်၊ ပဲပြုတ်၊ ပဲကြော်၊ ပဲတင်း၊ ပဲကို အမျိုးမျိုး ပြုပြင်စားသောက်နေကြတာလေ။ ပဲမပါရင် ထမင်းပွဲ မမည်သလောက်။ ငါးဆိုရင် ဆားသိပ်၊ ငါးပိကောင်လုပ်ပြီးမှ စားကြရတာ။ တစ်ခါက အညာသားတစ်ယောက် အောက်ပြည်ရောက်လာပြီး လှေနဲ့သွားရတဲ့ ခရီးမှာ ငါးတစ်ကောင် ရေပေါ်ခုန်လာတာ မြင်ရတော့ “ငါးပိကောင်ကြီး... အကြီးကြီးပဲ၊ ငါးပိကောင်ကြီး... အကြီးကြီးပဲ” လို့ အော်ပြောရှာသတဲ့လေ။ ငါးမှ မမြင်ဖူးတာကိုး။

ကိုအညာသားလည်း ရောက်စက ပဲမပါတဲ့ ထမင်းဝိုင်းမှာ ငါးချက်၊ ငါးပိရည်တို့၊ ချည်ရည်ဟင်းမှာ ပုစွန်လှော်နိုင်းချင်း (အများအပြား၊ ဆတူ) ခတ်ပြီး ကျွေးလေတော့ ဘယ်မှာ စားနိုင်ပါ့မလဲ။ ငါးချက်ကညှီ၊ ပုစွန်လှော်ကညှီ၊ ငါးပိရည်က အနံ့ဆိုး နံပါဘိသနဲ့။ ထမင်းကို ဆီဆမ်း၊ ဆားဖြူး၊ ပုစွန်ခြောက်လေးနဲ့ နယ်ပြီး ကြက်သွန်နီဥ ကိုက်ဝါးပြီး ရေနွေးနဲ့ မျှောခဲ့ရတာ တစ်လကိုးသီတင်းမက။ “ငါးပိရည်ကြိုက်ရင် အညာမပြန်ချင်တော့ပါဘူးဗျာ” ဆိုကြလို့ ငါးပိရည်ကို အကြိုက်သင်ရတယ်။ ဟုတ်ပါရဲ့၊ အခုတော့ ငါးပိရည်နံ့က မွှေးနေပါပြီ။ ငါးပိရည်မပါရင် ထမင်းမစားတတ်တော့။ လယ်တတုံ (တစ်ခါ) နား၊ ငါးပိရည်ရွှဲရွှဲ ဆမ်းထားတဲ့ ထမင်းကို နယ်ပြီး အတို့အမြုပ်နဲ့ လွေးလိုက်ရင် မြိန်မှမြိန်။

မနှစ်က အညာရောက်တော့ ငါးပိရည်မပါတော့ ထမင်းမစားနိုင်။

ထမင်းကလည်း အစေးအညှော်မရှိတော့ ဆန်လုံးစေ့တစ်စေ့စီကွဲနေပြီး ဖွယ်နေသယောင်။ ဘေးက ထိုင်ကြည့်နေတဲ့ ကြီးတော်က "ငါ့တူကြီးက လုံးလုံး အောက်သားဖြစ်သွားပြီ" လို့ ပြောရှာတယ်။ ရောမကိုရောက်ရင် ရောမလိုကျင့်ဆိုတဲ့ စကားလို အောက်ပြည်ကိုရောက်တော့ အောက်သား လိုကျင့်ရင်း အောက်သား ဖြစ်သွားဟန်တူပါရဲ့။

ထမင်းစားပြီးတော့ ရောင်းမယ်ဆိုတဲ့ကျွဲကို သွားကြည့်ကြတယ်။ ချိုတို့၊ ပျားစွဲတို့တော့ မြင်ရုံနဲ့ သိနိုင်တယ်။ ကျွဲရဲ့လည်ပင်းမှာ နွားတွေလို တွဲကျနေတဲ့ လည်ပတ်ပါရင် မကြိုက်ကြဘူး။ အဲဒီလည်ပတ်ကို "ပျားစွဲ" လို့ ခေါ်တယ်။ ကျွဲမှာ ချိုကတော့ နှစ်မျိုးလောက်ပဲ ရှိတယ်။ ချိုလိမ်ပြီး ကွေးနေရင် "ဘင်္ဂလား" တဲ့။ ချိုကားနေရင် "ဂါး" တဲ့။ နွားမှာဆိုရင်တော့ "ချိုတယ်လူး" ဆိုရင် ရှောင်တတ်ကြတယ်။ ချိုတယ်လူးဆိုတာ တစ်ချောင်းကထောင်၊ တစ်ချောင်းက ဖြောင့်နေတာကို ပြောတာ။ ကျွဲမှာ တော့ ဘင်္ဂလားဖြစ်ဖြစ်၊ ဂါးဖြစ်ဖြစ် ကျွဲပေါက်လှရင် ဝယ်တတ်ကြတယ်။

အခု ကျွဲက ပျားစွဲလည်း ကင်းတယ်၊ ချိုကလည်း ဂါး။ ကိုအညာ သားက ကျွဲအနီးကို သွားပြီး ပွတ်သပ်ကြည့်လိုက်တယ်။ ပြီးတော့ ဟို ဘက်နဖား၊ ဒီဘက်နဖား တစ်ချက်စီ ဆွဲပြီးလည်း ကြည့်လိုက်သေး တယ်။ ဒါ့ပြင် ခွာအနေအထားကိုလည်း စေ့စေ့စပ်စပ် ကြည့်တယ်။ ပြီးမှ ကျော်ခင်နဲ့ ဘိုးတွဒ်တို့ ရပ်နေတဲ့အနီး လာရပ်ပြီး တီးတိုးစကား ဆိုတယ်။

"ကျွဲက ကျွဲပေါက်ရှိသေးတာ။ အမြီးကလည်း ကြာဆူးမဟုတ် ဘူး။ ခွာထိုင်လည်း ကောင်းတယ်။ ဒါပေမဲ့ ညာဘက်မျက်လုံးကတော့ အားနည်းနေသလားပဲ။ ကြေးဖွင့်ခိုင်းကွာ။ နီးစပ်မယ်ဆိုရင်တော့ မောင်းကြည့်ကြတာပေါ့"

ဘိုးတွဒ်က ကျွဲပိုင်ရှင်ကိုခေါ်ပြီး မေးလိုက်တယ်။ ရောင်းမလား

ပေါ့။ ကျွဲပိုင်ရှင်ကလည်း ဈေးသင့်မြတ်ရင် ရောင်းမယ်တဲ့။ ဘယ်လောက်လဲဆိုတော့ ရှစ်သိန်းခွဲရရင် ရောင်းမယ်တဲ့။ ဈေးအတိုးအလျှော့ ရှိသေးလားဆိုတော့ ရှိပါသတဲ့။ ဒါနဲ့ ကိုအညာသားက ကျွဲကို ချည်တိုင်က ဖြုတ်ပြီး မောင်းကြည့်တယ်။ နောက်ခြေထောက်လှမ်းပုံ၊ သွားပုံလည်း အသေအချာကြည့်ရတယ်။ ခြေလိမ်လား၊ ဂေါက်ချိတ်လား ဆိုတာကို ပေါ့။ ခြေလိမ်ဆိုတာက ညာဘက်ခွာခြေရာပေါ် ဘယ်ဘက် ခွာခြေရာ ထပ်နေတာကို ပြောတာ။ ခြေလိမ်ကျွဲဆိုရင် ဝယ်သူက ရှောင်တယ်။ ဂေါက်ချိတ်ဆိုတာက ဟိုဘက်ခြေထောက်နဲ့ ဒီဘက်ခြေထောက် ပွတ်တိုက်သွားနေတာကို ပြောတာ။ အဲဒီကျွဲမျိုးကိုလည်း ရှောင်ကြတယ်။

ကျွဲလေးက အသွားအလာလည်း ကောင်းတယ်။ ဒီမှာ ပိုပြီး သေချာအောင်ဆိုပြီး ကိုအညာသားက ကျော်ခင်ကို ညာဘက်နဖား ထပ်မံ ဆွဲကြည့်ခိုင်းတယ်။ အဲဒီလို နဖားဆွဲကြည့်လိုက်တာနဲ့ ကျွဲရဲ့ မျက်စိအနေအထား၊ အသက်အရွယ်ကို သိရှိနိုင်တယ်။ နဖားကိုင်လိုက်တာနဲ့ မျက်စိမှိတ်သွားရင် မျက်စိအနေအထား၊ အမြင်အားကောင်းတယ် ပေါ့။ နားရွက်ထဲမှာ နားမွေးတွေ ထူပြောနေရင် ကျွဲက ငယ်သေးတယ်၊ နားရွက်ထဲမှာ နားမွေးတွေ ပါးလျနေရင်တော့ ကျွဲက အရွယ်ရနေပြီ။ ပြီးတော့ သွားချိုးပြီးလား၊ လေးချောင်းစိုက်လား၊ ခြောက်ချောင်းစိုက်လား၊ ရှစ်ချောင်းစိုက်လားဆိုတာ သိရှိနိုင်တယ်။ သွားမချိုးသေးဘူး။ လေးချောင်းစိုက်ပဲ ရှိသေးတယ်ဆိုရင်တော့ အဲဒီကျွဲဟာ ကျွဲပေါက်ပေါ့။ သန်တုန်း၊ မြန်တုန်း။

ပြီးတော့ အမြီးလည်း စမ်းကြည့်ခဲ့ဦး။ အမြီးဖျားမှာ ချွန်နေပြီး ခပ်စူးစူးလေးဖြစ်နေရင် ကြာဆူးလို့ခေါ်တယ်။ အဲဒီကျွဲမျိုးကိုလည်း ရှောင်တတ်ကြတယ်။ အမြီးလေးက လုံးနေမှ၊ ဒါ့ပြင် ခွာရဲ့ နောက်ပိုင်းက

နိမ့်နေရင် ခွာထိုင်တယ်လို့ ခေါ်တယ်။ ခွာက ညီညီညာညာလေး တစ်ပြင်တည်းရှိနေမှ ခွာထိုင်ကောင်းတယ်လို့ ဆိုတယ်။ ခွာထိုင်တဲ့ကျွဲကို မကြိုက်တတ်ကြဘူး။ ကျွဲက နွားလောက်တော့ ကြည့်ရတာ မရှုပ်ပါဘူး။ နွားက ဖွေပါတော့ ဖွေအနေအထားတွေလည်း ကြည့်ရသေးတယ်။ ကျွဲက ဖွေမပါတော့ ရှင်းရော။

ကျော်ခင်က သူလည်း အသေအချာကြည့်ပြီး ကြိုက်တယ်လို့ ဆိုပါတယ်။ ဒါနဲ့ ကိုအညာသားက ဈေးပေးမယ်လို့ပြောတော့ ကျွဲပိုင်ရှင်က သူပြောတဲ့ဈေးနဲ့ မဟ (မကွာ) ရင် ပေးကြည့်ပါတဲ့။ ရှစ်သိန်းတဲ့။ ကိုအညာသားတို့က နည်းနည်းတိုးပေးလိုက်၊ ဟိုဘက်က နည်းနည်း လျှော့ပေးလိုက်နဲ့ နောက်ဆုံး ရှစ်သိန်းနှစ်သောင်းနဲ့ ဈေးပြတ်သွားတယ်။ ဈေးပြတ် တာနဲ့ ရွာလူကြီးကို ခေါ်ကြရတယ်။ ရွာလူကြီးမရှိရင် ရွာလူကြီး အဖွဲ့ဝင် တစ်ယောက်ပေါ့။ ကတိခံဝန်ချုပ် လုပ်ကြရမယ်လေ။

ကျွဲဝယ်လာတာ ဘယ်မှာ ငွေအပြည့်အစုံ ပါလာပါ့မလဲ။ စရန်ငွေ ပေးချေရအောင် နှစ်သိန်း၊ သုံးသိန်းလောက်သာ ပါလာတတ်တာပေါ့။ ငွေအကျေအလည်ကို တစ်ပတ်တန်သည်၊ နှစ်ပတ်တန်သည် ချိန်းကြ ရတယ်။ တစ်ခါတလေ အားလုံးပြောပြီးဆိုပြီးမှ ငွေအကျေပေးမယ့် ရက်ချိန်းကြောင့် ပွဲပျက်သွားတတ်ကြသေးတယ်။ ကျွဲတစ်ကောင် ရောင်းပြီးလို့ ကျွဲတစ်ကောင် အစားပြန်ဝယ်ကြသူတွေအဖို့ ငွေအရန်သင့် ရှိနေတတ်ကြပေမဲ့ အခုမှ လိုအပ်လို့ ကျွဲဝယ်သူအဖို့တော့ ငွေက အရန်သင့် ရှိမနေတတ်ဘူး။ ရှိတဲ့ရွှေလေး၊ ရှိတဲ့မြေလေး ထုခွဲရောင်းချပြီးမှ ပေးနိုင်မှာလေ။

အပြန်လမ်းမှာတော့ ရွာရောက်လာသည်အထိ ကျွဲကို ချောချော မောမော မောင်းလာနိုင်ကြတယ်။ ချောချောမောမောလို့ ပြောရတာက တချို့ကျွဲသမားတွေ နယ်ကျူးကျော်မခံတဲ့ ကျွဲရဲ့ တိုက်ခိုက်ခြင်းကို

**ခံရလို့ပါပဲ။** ကိုအညာသားအနေနဲ့ ကျွဲနှစ်ကောင်ခတ်ကြတာကို မြင်ဖူးပေမဲ့ ကိုယ့်ကျွဲက သူများကျွဲ သွားခတ်တာ၊ သူများကျွဲက ကိုယ့်ကျွဲကို လာခတ်တာတော့ တစ်ခါမှ မကြုံတွေ့ဖူးပါဘူး။ ကျွဲနှစ်ကောင်ခတ်တာက အင်မတန် ကြောက်စရာကောင်းတယ်။ အင်မတန် စိတ်ကြီးကြတဲ့ အကောင်တွေပဲ။ ကျွဲခတ်ပြီဆိုရင် ဆွဲဖို့ စိတ်မကူးနဲ့။ ရှုံးတဲ့ကျွဲက ရှုံးရင် လူနားလာကပ်တတ်လေ့ ရှိတယ်။ အားကိုးပြုရှာတဲ့သဘောပေါ့။ အဲဒီမှာ နိုင်တဲ့ကျွဲက လူသော၊ ဘာသော မရှောင်တော့ဘူး။ တွေ့ကရာ အကုန်ခတ်တော့တာပဲ။

အမှန်က နယ်ကျူးကျော်မခံတာ မဟုတ်ပါဘူး။ မ,စိတ်မွှန်တာပါပဲ။ လည်ထ၊ မ,စိတ်မွှန်တဲ့အချိန် တခြားကျွဲထီးမြင်တော့ ရန်မူတဲ့သဘောပါပဲ။ တစ်ကောင်နဲ့တစ်ကောင် ဆယ်လံလောက် ဆုတ်သွားပြီး ပြေးတိုက်ကြတာ "ဒိန်းခနဲ" အသံမြည်သွားတယ်။ တစ်ကောင်ကောင်တော့ ခေါင်းထက်ခြမ်းကွဲသွားလောက်ပြီလို့ ထင်မှတ်ရတယ်။ နောက်ဆုံးတော့ မခံနိုင်တဲ့ကောင် ထွက်ပြေးသွားတော့မှ ပွဲက ပြီးတော့တာ။ ရှိတာပေါ့။ ကျွဲနှစ်ကောင်ခတ်လို့ သေဆုံးရတာတွေ၊ ဝမ်းဗိုက်တို့၊ ပေါင်ခြံတို့ ချိုထောက်မိပြီး ခတ်လိုက်ရင် သေတာပေါ့။

ညပိုင်းမှာတော့ ကျော်ခင်တို့အိမ်မှာ ကျွဲလာကြည့်ကြတဲ့သူတွေနဲ့ စည်ကားနေတယ်။ ကျွဲကို မမြင်ဖူးကြတာလည်း မဟုတ်ဘူး၊ အသစ်ရောက်ရှိလာတဲ့ကျွဲကို လာကြည့်တတ်ကြတာဟာ ရွာရဲ့ ဓလေ့တစ်ရပ်လိုတောင် ဖြစ်နေပြီ။ ကိုအညာသားအတွက်ကတော့ အိုပီတစ်လုံးနဲ့ ကြွက်ကြော်ကြွပ်ကြွပ်တစ်ပွဲပေါ့။ တခြားသူတွေအတွက်တော့ ရေနွေးကြမ်းနဲ့ လက်ဖက်သုပ်။ မတွေ့၊ မမြင်ကြတာလည်း မဟုတ်ဘူး။ တွေ့ဖူး၊ မြင်ဖူးသူအချင်းချင်း လယ်အကြောင်း ပြောကြ၊ ကျွဲအကြောင်း ပြောကြ။ ဒါဟာ ကျေးလက်ရဲ့ မရိုးနိုင်၊ မအီနိုင်တဲ့ စကားဝိုင်းတစ်ရပ်ပါပဲ။

တစ်ပိုင်းလောက်ကျိုးသွားတော့ ကိုအညာသားလည်း နှုတ်စ၊ အာစတွေ ရွှင်စပြုလာတယ်။ သူက ကျွဲကို ကြိုက်တဲ့အချက်လည်း ရှိတယ်တဲ့။ ဘာလဲဆိုရင် ရုတ်ခြည်းသေသွားလို့ရှိရင် နွားများလို ပိုးစိုးပက်စက် မရှုံးတဲ့ အချက်ပဲတဲ့။ သိန်း ၂၀၊ ၂၅ ပေးရတဲ့နွား ရုတ်ခြည်း သေကြည့်ပါလား၊ ငါးသိန်းလောက်ပဲ အမဲဈေးပေးချင်တော့တာတဲ့။ ဟော... ကျွန်တော်တို့ ကျွဲကျတော့ ရှင်ဈေးနဲ့ သေဈေး ကွာလွန်းလှရင် တစ်သိန်း၊ တစ်သိန်းခွဲပဲတဲ့။ (ကျွဲသားက နွားသားထက် အလေးချိန် ပိုစီးတယ်လို့ ဆိုပါတယ်။) အဲဒီအချက်နဲ့တင် ကျွန်တော်က ကျွဲကို ကြိုက်တာလို့ ဆိုပါတယ်။

ပြီးတော့ သူ ကျွဲကို ချစ်မိတဲ့အကြောင်းလည်း နှစ်ချက် ရှိပါသတဲ့။ ဘာလဲဆိုတော့ မြက်မရွေးတာက တစ်ချက်ပါတဲ့။ နွားက ရေနဲ့မထိတဲ့ မြက်မှစားတယ်။ ရေနဲ့ထိတဲ့ မြက်ဆိုရင် မစားဘူး။ ကျွဲကတော့ ရေနဲ့ ထိတဲ့မြက်ဖြစ်ဖြစ်၊ မထိတဲ့မြက်ဖြစ်ဖြစ်၊ မြက်ဆိုရင် ပြီးရော စားတယ်။ အဲဒီလို မြက်မရွေးစားတာကလည်း ကျွဲရဲ့ ချစ်စရာစရိုက်ပါတဲ့။ နွားက နေရာမရွေး အပေါ့၊ အလေး သွားတတ်တယ်တဲ့။ ကျွဲက သူဝပ်တဲ့နေရာ မှာ ဘယ်တော့မှ အပေါ့၊ အလေး မသွားဘူး။ အပြင်ကို ဖင်ပေးပြီးမှ အလေးစွန့်တယ်၊ အပေါ့စွန့်တယ်တဲ့။ မနက်လင်းရင် နွားချည်တဲ့ နေရာသွားကြည့်၊ သေးတွေ၊ ချေးတွေနဲ့ ပေပွညစ်ပတ်နေတာပဲ။ ကျွဲချည် တဲ့နေရာသွားကြည့်၊ သူဝပ်တဲ့နေရာက ပြောင်ရှင်းနေတာပဲ။ အဲဒါလည်း ချစ်စရာပဲပေါ့တဲ့။

နောက် ကျွဲကို မုန်းစရာကောင်းတဲ့အချက်လည်း ရှိနေပြန်ပါသတဲ့။ အားလုံး သိချင်နေတော့ ဘာလဲလို့ ဝိုင်းဝန်းမေးကြတာပေါ့လေ။ အဲဒီမှာ ကိုအညာသားက မူးသံကြီးနဲ့ ခပ်သောသော ဖြေလိုက်တော့ ရယ်သံတွေ ဝေါခနဲ ဖြစ်သွားကြတယ်။ အိပ်တန်းတက်စ ငှက်ကလေးတွေတောင်

လန့်ဖျပ်ပျံသန်းသွားကြဆိုပဲ။ ကိုအညာသားပြောလိုက်တဲ့ စကားက "ဝမ်းခေါင်းကြီး ကျယ်လွန်းတာကို မုန်းတာပါ" တဲ့။

စရဏမဂ္ဂဇင်း၊ အောက်တိုဘာ၊ ၂၀၁၄

❑

# ရေယဉ်ငယ်စီးပါတဲ့ မြစ်ကြီးငယ်သောင်ခြေ

- နုနုရည်(အင်းဝ) -

ကျုပ် ဘာဖြစ်လို့ ဒီနေရာကို ရောက်လာမိပါလိမ့်နော်။

တကယ်တော့ ကျုပ် ဘုရားကုန်းတော်ပေါ် အမှိုက်သရိုက်လေး ဘာလေး ရှင်းဖို့ဆိုပြီး ကျောင်းက ထွက်လာခဲ့တာ။ အမှိုက်ရှင်းပြီး အချိန်လေးရရင် ဟိုဘက်ကမ်းသွားပြီး ဒကာမကြီးရဲ့ မြေပုံဘေးမှာ ပုတီးသွားစိပ်လိုက်ဦးမယ် ဘုရားလို့လည်း ဆရာတော်ကို လျှောက်ခဲ့တာ။ ဆွမ်းတောင် ဖြောင့်ဖြောင့် ဘုဉ်းမပေးနိုင်ခဲ့ဘူး။ လောလော...လောလော နဲ့ ထွက်လာမိတဲ့ ကျုပ်။ ကုန်းတော်ပေါ်လည်း မြန်မြန်ဖြတ်ခဲ့တယ်။ အမှိုက်သရိုက်ဆိုတာတွေကိုလည်း မေ့ပစ်ခဲ့တယ်။ ကျောင်းကထွက်ကတည်းက သွက်သွက်ကြီး လျှောက်ချလိုက်လာတာ ဒီကူးတို့ဆိပ်လည်း ရောက်ရော ကျုပ် အတော်မောနေပြီ။

မြင်းလှည်းတွေ၊ ကားတွေ ရှုပ်ထွေးနေတဲ့နားနဲ့ ခပ်ဝေးဝေး သစ်ပင်ရိပ်က သစ်မြစ်ပေါ်မှာ ကျုပ် သေသေချာချာ ထိုင်ချလိုက်တယ်။ ဒီနေရာလေးက ရေစပ်နဲ့လည်း နီးနီးဆိုတော့ အမောပြေမယ်။ ပြီးတော့ မြို့ဘက်ကထွက်လာတဲ့ မြင်းလှည်းတွေ ဆိုက်လာရင်လည်း ကောင်းကောင်းမြင်ရမယ်။ အလို... ကျုပ် ဘာတွေ ဖြစ်နေမိပါလိမ့်...။ ကုန်း

တော် အမှိုက်မရှင်းချင်ရင် ဆရာတော့်ကို ခွင့်ပန်ခဲ့တဲ့အတိုင်း ဟိုဘက်ကမ်းကူးတော့လေ။ ဟိုဘက်ကမ်းမှာ ကျုပ်ရဲ့သွားလေသူ ဒကာမကြီးရဲ့ မြေပုံရှိတယ်။ အရင်လို အဲဒီမှာ အေးအေးဆေးဆေး သွား...ပုတီးစိပ်၊ တရားထိုင်ပေါ့။ သံဃာဆို သံဃာအလုပ် ကျုပ်လုပ်ရမှာပေါ့။ အိမ်း... စိတ်များ...အစိုးမရဘူးဆိုတာ တယ်မှန်ပါလားကွယ်ရို့။ ကျုပ် ဟိုဘက်ကမ်းလည်း မကူးချင်ဘူး။ ပုတီးလည်း စိပ်ချင်စိတ် မရှိဘူး။ ကျုပ်မျက်လုံးတွေကို အားယူပြီး မြင်းလှည်းတွေဘက် ဆီကိုပဲ မမိုတ်မသုန်ကြည့်နေမိတယ်။ ကြည့်နေရင်းနဲ့ ကျုပ်စိတ်တွေ ထိတ်ခနဲ ဖြစ်ရသေးတယ်။ ဒီနေ့ဟာ အင်္ဂလိပ်လဆန်း နှစ်ရက်နေ့ဆိုတာ သေချာရဲ့လား။ အို... ဒုက္ခပါပဲ။ ကျုပ် ဘယ်သူ့ကို မေးရပါ့မလဲနော်။ ဦးပဉ္စင်းလေးကတော့ ပြက္ခဒိန်ကြည့်ပြီး ဒီနေ့လို့ ပြောတာပဲ။ ဟုတ်ကောင်းပါရဲ့လေ။ ဟိုသူနာပြု ဆရာမ ဒကာမကြီးက ဆရာတော့်ကို 'နှစ်ရက်၊ သုံးရက်လောက်နေရင် ပြန်မယ်ဘုရား၊ နှစ်ရက်နေ့ ပြန်ဖို့ လုပ်ထားတယ်' ဆိုတဲ့စကားကို ကျုပ်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရတာပဲ။ ဒီနေ့ဟာ အဲဒီဒကာမကြီးပြောတဲ့ သုံးရက်မြောက်။ မိခိုကလေးကို သူခေါ်သွားတဲ့ သုံးရက်မြောက်။ တစ်ခါမှ မခွဲခဲ့ဖူးတဲ့ ကျုပ်မြေးကလေးနဲ့ ခွဲရတာ သုံးရက်မြောက်တဲ့နေ့ပေါ့။

ရေစပ်ကို ကျုပ် ငုံ့ကြည့်မိတယ်။ ဆံပင်ဖြူ ငုတ်တိုလေးတွေ ထိုးထောင်နေတဲ့ ဦးပြည်းနဲ့ သင်္ကန်းတစ်ပတ်နွမ်းကို ရုံထားတဲ့ ကိုရင်ကြီးတစ်ပါးက ကျုပ်ကို ပြန်ကြည့်နေတယ်။ ကိုရင်ကြီး မျက်နှာက မအေးချမ်းလိုက်တာ။ ဝမ်းနည်းညှိုးမှိန်နေတဲ့ မျက်နှာ။ ပါးတွေ၊ နားတွေချောင်ကျနေတဲ့ မျက်နှာ။ မျက်တွင်းတွေကလည်း ဟောက်လို့...။ ဩော်... ကျုပ် ကျိန်းလို့မရတာ သုံးညရှိပြီလေ။

ဒုက္ခတွေ...။ ဒုက္ခတွေ။ ဒါတွေအားလုံးဟာ သံယောဇဉ်ကြောင့်

ဖြစ်ရတဲ့ ဒုက္ခတွေဆိုတာကို ကျုပ် သိသားပေါ့။ သိလျက်နဲ့ မဆင်ခြင်နိုင်တာဟာ၊ မဖြတ်တောက်နိုင်တာဟာ မဟုတ်သေးပါဘူး။ ကျုပ်မဟုတ်သေးပါဘူး။ သူများတွေ ပြောသလိုပဲ သွေးမဟုတ်တဲ့၊ သားမဟုတ်တဲ့ သံယောဇဉ်ကို ဘာပြုလို့များ တွယ်နေရမလဲ။

မြေးကလေး မိခို...။ သင်းလေး ငယ်ငယ်တုန်းက ငိုလိုက်ပြီဆိုခိုကလေးလို ညည်းတတ်လွန်းလို့ သူ့ဘွားအေက ချစ်စနိုးမှည့်ခဲ့တဲ့ မိခို။ ကျုပ်တို့နဲ့ ဘယ်လိုမှ သွေးမတော် သားမစပ်တဲ့ ဒီမိခိုကလေးဟာ သားသမီး၊ မြေးမြစ် ခေါင်းပါးငတ်မွတ်နေခဲ့တဲ့ ကျုပ်တို့လို အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်ဆီကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်ပလေတယ်။ ဘာပဲပြောပြော မိခိုကလေးဟာ တကယ်တော့ကျုပ်တို့ရဲ့ မြေးကလေးပါပဲ။ သွေးမစပ်တဲ့ မြေးအစစ်ကလေးပါပဲ။ ကျုပ်တို့သားက မွေးတာ။ ကျုပ်တို့ မြေးပဲပေါ့။ အေးလေ... ကျုပ်တို့သား ဆိုတာကလည်း သားအစစ် မဟုတ်လေတော့ မိခိုလေးဟာ အလိုလိုနေရင်း ကျုပ်တို့ရဲ့ သွေးမတော် သားမစပ်တဲ့ မြေးမလေး ဖြစ်ရတော့တာပဲပေါ့။ ဘာတွေပဲ ဘယ်လိုမစပ်စပ် ကျုပ်တို့ အဘိုးကြီး၊ အဘွားကြီး နှစ်ယောက်ကတော့ မိခိုကလေးကို ချစ်လိုက်ရတာ တုန်လို့...။

မိခိုကလေးရယ်၊ သူ့ဘွားအေရယ်၊ ကျုပ်ရယ်လေ...။ ဟောဟိုမြစ် ပြင်ပေါ်က ငှက်သမွန်လေးတစ်စင်းပေါ်မှာ အင်မတန် ပျော်ခဲ့ကြဖူးတာလား။ အရင်တုန်းက ဟောဒီ ငှက်ဆိပ်မှာ ငှက်ခတ်သမား အဘိုးကြီးဦးဆောင်းဆို ဘယ်သူမှ မသိသူ မရှိ။ အားလုံး သိကြတာပေါ့။ ဟောဟိုနားက ငှက်ခတ်သမားတွေ စုဝေးနားကြတဲ့ ထန်းလက်တဲလေးမှာကျုပ်ကို အချိန်မရွေး တွေ့နိုင်တာပေါ့။ ကျုပ်တစ်သက်လုံး ငှက်ခတ်စားခဲ့တာပဲဟာ။ ဆယ့်လေးငါးနှစ်ကနေ အိမ်ထောင်ကျလည်း ငှက်သမား။ ကျုပ် အသက် ၆၀ ကျော်ထိ ငှက်သမား လုပ်စားခဲ့တာပဲဟာ။

ခတ်တက်ကို မချီနိုင်တော့မှ၊ လေဆန်ကို မခတ်နိုင်တော့မှ ကျုပ်လက်လျှော့ခဲ့တာပဲဟာ။ ဩော်... ကျုပ်သာ ခုချိန်ထိ ငှက်ခတ်နိုင်မယ်ဆိုရင် ကျုပ်မြေးကလေး ဒီလို မဖြစ်စေရပါဘူး။ အစားသိပ်မစားနိုင်တဲ့ အသက် ၆၀ ကျော် အဘိုးကြီးတစ်ယောက်နဲ့ ငါးနှစ်အရွယ် ကလေးတစ်ယောက် အတွက် ထမင်းနပ်မှန်ရုံ အလုပ်ကလေးတစ်ခုရဖို့ ဘာကြောင့်များ ဒါလောက် ခက်ခဲခဲ့ပါလိမ့်...။

ကျုပ်တို့ လင်မယား ခပ်ငယ်ငယ် အချိန်တုန်းကများတော့လည်း ရှာလို့ဖွေလို့ ကောင်းလိုက်တဲ့အမျိုး...။ စားလို့ ဝတဲ့ပြင် ပိုလျှံတောင် နေသေး။ ရှာတယ် ဖွေတယ် ဆိုတာလည်း ကျုပ် ငှက်ခတ်တာပါပဲ။ ကျုပ်တို့ရွာ ကူးတို့ကနေ စစ်ကိုင်းဘက်ကို ဟိုတုန်းက တစ်ယောက် တစ်မတ်၊ တစ်နေ့ကို ငါးကျပ်၊ ခြောက်ကျပ် ပုံမှန်ရတယ်။ ကျုပ်တို့ လင်မယား စားစရိတ်က ဘာရှိတာမှတ်လို့။ တစ်နေ့ သုံးကျပ်လောက် ပဲဟာ။ စားပါလေ့။ အဲဒီတုန်းက ကျုပ်မိန်းမ ဖွားထယ်တို့များ ကလေး မရှိ၊ မြေးငယ်မရှိနဲ့ နေ့တိုင်း ကျုပ်နဲ့ ဈေးလိုက်တာပဲ။ ငှက်ခလည်း မကုန်...အိမ်မှာနေလည်း ပျင်းတော့ မနက် ကျုပ် ငှက်ထွက်ပြီဆို ခြင်းတောင်းလေးတစ်လုံးနဲ့ လိုက်လာ... စစ်ကိုင်းဈေးမှာ စားချင်တာ ဝယ်။ ကျုပ် နောက်တစ်ခေါက် စစ်ကိုင်းဆိပ်က အထွက် ပြန်လိုက်၊ ချက်ပြုတ်ပြီး နေ့လယ်ကျ ကျုပ်ဆီ ထမင်းလာပို့။ ကျုပ်တို့နှစ်ယောက် ငှက်တဲ ထဲမှာ ထမင်းစားပြီး ကျုပ် ငှက်ထွက်တဲ့အခေါက်တိုင်း ငှက်ထောင့်ကွေးမှာ ဆေးလိပ်တစ်တိုနဲ့ ပုပုလေးထိုင်ပြီး ဖွားထယ် လိုက်တော့တာ ပဲ။ လင်မယားနှစ်ယောက် စစ်ကိုင်းတောင်တက်၊ ဝါးချက်ဆိပ် လိုက် မလားဆို လိုက်သွားတာပဲ။ အောက်ဘက် ရွာဆိပ်တွေဆိုလည်း လိုက် သွားတာပဲ။ လေအလှည့်သင့်တဲ့အခါ ဖွားထယ်က ရွက်တိုက် ကူတတ် တယ်။ လေလေး တဖြူးဖြူး... တအေးအေးနဲ့။ ပိုက်ဆံကလည်း ရ။

မောရမှန်း မသိပေါင်ဗျာ...။ အဲလို ရှာတာနဲ့ပဲ ကျုပ်တို့ ထန်းရွက်တဲ ထဲကနေ ထရံကာ၊ ကပ်မိုးအိမ်လေး ဆောက်နိုင်တာပဲ။ မဖွားထယ်... ပုလဲနားကပ်လေးတစ်ရန် လုပ်နိုင်တာပဲ။ မဖွားထယ်...မဖွားထယ်။ သားသမီးရူး ရူးပြီး စုဘူးတစ်လုံးနဲ့ ပိုက်ဆံ စုရှာတဲ့ မဖွားထယ်...။ မိခိုရဲ့ အဖေ။ ကျုပ်သား ငမိုက်ကောင် သိန်းဟန်ကို ရလာတုန်းက မျက်နှာကို ခုတွေးရင် ခု မြင်မိသေးတယ်။

စစ်ကိုင်းဆိပ်ကမ်း သဲသောင်ပြင်ပေါ်မှာ ရတနာထုပ်ကြီးကို ရလာ တဲ့ မျက်နှာနဲ့ သူ့ဈေးခြင်းတောင်းကို တယုတယ ပွေ့ယူလာတဲ့ မဖွားထယ်။ ကျုပ် ငှက်ပေါ်ကို ဂရုတစိုက် တက်လာပြီး အသံတုန်တုန် ယင်ယင်နဲ့ "ကိုဆောင်း ဒီမှာကြည့်စမ်း ကျုပ်တို့သားကလေး" တဲ့။ ဈေးခြင်းတောင်းထဲမှာ သူ့ခေါင်းပေါင်းတဘက်နဲ့ ထုပ်ထားတဲ့ နီတာရဲ ကလေးလေး တစ်ယောက်။ ဈေးထောင့်မှာ ပစ်ထားတာ ယူမယ့်သူ မရှိလို့တဲ့။ အို... ကျုပ်တို့လင်မယား ပျော်လိုက်တဲ့ အမျိုး။ သောကြာ နေ့မှာ ရတဲ့ကလေးမို့ သိန်းဟန်လို့ ဗေဒင် တွက်ချက်မှည့်ပြီး 'အသိန်း... အသိန်း' နဲ့ ကျုပ်တို့ ပါးစပ်ဖျားက မချခဲ့ကြဘူး။ ချစ်တဲ့ နေရာမှာတော့ ရှာမှ ရှားတဲ့ မဖွားထယ်...။ ကလေး စားနိုင်စအရွယ်မှာ အစား အသောက်တွေကို တန်းစီထားပြီး ဖွတ်ကျွေးတာ ကလေး မရှုနိုင် မကယ် နိုင် ဖြစ်တဲ့ထိ။

ကျုပ် မြေးကလေးကတော့ သင်းအဖေလောက် ကံမကောင်းခဲ့ရှာ ပါဘူး။ သင်းလေး အဖေ အရွယ်ရောက်ပြီး... ကျုပ်တို့ လင်မယားကို အမျိုးမျိုးနှိပ်စက်ပြီး အိမ်က ထွက်သွားတော့ ကျုပ်တို့လင်မယား အသက် ကြီးကြပြီ။ အရင်ကလိုလည်း ရှာလို့ဖွေလို့ မကောင်းတော့ဘူး။ ရှိတဲ့ ပစ္စည်းလေးတွေလည်း ကုန်ပြီ။ ဒါပေမဲ့ မဖွားထယ်ကတော့ သူ့သား 'အသိန်း' ကို တလို့ ငိုတုန်း။ အဲဒီအချိန်မှာပဲ ဟိုကောင် ငမိုက်က လသမီး

အရွယ် မိခိုကလေးနဲ့ ကျုပ်ဆီ ပြန်ရောက်လာခဲ့တယ်။ မဖွားထယ်ရယ် လေ...ဟိုတုန်းက...သိန်းဟန်ကို ယူလာတုန်းက မျက်နှာမျိုးနဲ့ ကလေးကို အလုအယက် ပွေ့ချီတဲ့ပြီး "ကိုဆောင်း ဒီမှာ ကြည့်စမ်း...ကျုပ်တို့ မြေး ကလေး" တဲ့။ ကျုပ်တို့ သိန်းဟန်ကို ဘာမှ မေးမနေပါဘူး။ မိခိုကလေး ကို ထားပြီး သိန်းဟန် ပြန်ပျောက်သွားတာကိုလည်း ဂရုမစိုက်ကြပါဘူး။ မိခိုကလေးအတွက် အားအင်အသစ်နဲ့ ကျုပ် ငှက်ခတ်တယ်။ မဖွားထယ် ကလည်း မိခိုလေးအတွက် ပဲပြား၊ ပဲရွေးတဲ့ အလုပ်လုပ်တယ်။ မိခို ကလေးဟာ အင်မတန် ချစ်စရာကောင်းတာပဲ။ ဒါပေမဲ့ သင်းကလေး ကံမကောင်းလိုက်ပုံများတော့... သင်းလေး သုံးနှစ်သမီးလောက်မှာ သင်း ဘွားအေက ကျုပ်တို့ မြေးအဘိုးကို ထားပစ်ခဲ့တယ်လေ။

အို... ကျုပ်တို့ မြေးအဘိုး ဒုက္ခရောက်လိုက်ပုံများတော့။ အသက် ကြီးပြီ။ ခတ်တက်ကို မနည်းချီနေရတဲ့ အဘိုးကြီးတစ်ယောက်နဲ့ လူ မမည်ကလေးတစ်ယောက်ပါတဲ့ ငှက်ကလေးဟာ ဧရာဝတီမြစ်ထဲမှာ တလူးလူး တလိမ့်လိမ့်နဲ့ လေတိုက်ရာ လွင့်ပါပြီး တွေ့ရာကမ်းမှာ ထိုး ထိုးဆိုက်ရတတ်တယ်။ ရွာကမ်းကို ရောက်အောင် ကမ်းပေါ်ကနေ ကြိုးနဲ့ ဖြည်းဖြည်းချင်းဆွဲပြီး ကျုပ်သွားရတော့၊ မိခိုကလေးဟာ ငှက်ဝမ်းထဲမှာ ဆာလောင်တဲ့ မျက်နှာလေးနဲ့။ တစ်ခါတလေ ပိုက်ဆံမရလို့ ထမင်း မစားရရင်လည်း ထန်းလျက်လုံးလေး ပါးစောင်မှာငုံပြီး မဲ့တဲ့တဲ့ မျက်နှာ လေးနဲ့။ ကျုပ် ဘယ်လိုလုပ် ဒီလူမမည်လေးကို ရက်စက်ရမှာလဲ။ တစ်ရွာလုံးက ကျုပ်ကို ဝိုင်းပြောကြတယ်။ အလကား သွေးမတော် သားမစပ်နဲ့၊ ကြီးတောင်ကြီးမ ဒုက္ခရောက်နေတာ...ဒီဟာမလေးကြောင့် တဲ့။ ကျုပ်ကို ကျွေးချင် မွေးချင်တဲ့ သူတွေက မိခိုလေးကြောင့် တွန့်ဆုတ် သတဲ့။ သူများပေးပစ်တဲ့၊ ယူမယ့်သူမရှိရင် စစ်ကိုင်းဆိပ်မှာ အသာလေး ထားခဲ့ပေါ့တဲ့။ ကျုပ် မြေးကလေးကို ကျုပ် လုပ်ရက်မတဲ့လား။

ကျုပ်လေ...ဘယ်လောက်တောင်များ ကြံ့ကြံ့ခံလိုက်လဲဆို ကျုပ်မှာ ရှိတာတွေ အကုန်ကုန်လို့ စားရမဲ့၊ သောက်ရမဲ့ ဖြစ်နေလို့ ဆရာတော်ကြီးက ကိုရင်ကြီးဝတ်ဖို့ ကျောင်းကို ဖွတ်ခေါ်တဲ့ထိ မိခိုကလေးကို ကျုပ် ခေါ်လာခဲ့တယ်။ ဆရာတော်ကို အမျိုးမျိုးပြောပြပြီး... ကျုပ်မြေးလေးကို ထားနိုင်ခဲ့ပေမဲ့ ရွာက... ကျုပ်ကို မကျေနပ်ကြဘူးလေ။ ကျုပ်... ဆွမ်းခံရင် ကျုပ်သပိတ်ထဲ ဆွမ်းလောင်းဖို့ လက်တွန့်တတ်ကြတယ်။ ပြောလည်း ပြောကြတယ်။ ဆွမ်းခံကျွေးတဲ့ထိတော့ ကျုပ်လွန်တယ်တဲ့လေ။

ဒီဆွမ်းကိုပဲ အားကိုး အသက်ရှင်နေရတဲ့ ကျုပ်ကို... သေခါနီး ဦးရင်ကြီးတစ်ပါးအနေနဲ့ ကျုပ် ဘယ်လောက်ထိ တောင့်ခံနိုင်မှာလဲ။ ပြီးတော့... ကျုပ် သံသရာအကျိုးအတွက် ကျုပ်... လုပ်ရဦးမယ်။ သံယောဇဉ်ကို ကျုပ် ဖြတ်ရလိမ့်မယ်။

ခုတော့လည်း... အားလုံးဟာ ပြီးသွားပါပြီလေ။ မိခိုကလေးကို ဆရာတော် စီစဉ်ပေးတဲ့ သူနာပြုဆရာမကြီးနဲ့ ထည့်လိုက်ရပြီ။ ဆရာမကြီးက မိခိုကလေးကို ကျောင်းလည်း ထားပေးမတဲ့...။ ကောင်းကောင်းလည်း ဆင်ပြင်မတဲ့၊ ကျုပ် မြေးကလေး ကံကောင်းမှာပါ။ ဆရာမကြီးနဲ့ မိခိုကလေးနဲ့ ရန်ကုန်ကို ဒီနေ့ပြန်မယ်တဲ့။ ဆရာမကြီး မန္တလေးဘက်ကို ဒီကူးတို့ဆိပ်ကနေ ကူးရမှာ...။

ကျုပ် ထိုင်ရာက ထပြီး သစ်ပင်ရိပ်အောက်မှာ ဟိုလျှောက် သည်လျှောက် လုပ်မိပြန်တယ်။ ကျုပ် ဒီအောက်မှာ ထိုင်တာ အတော်ကြာသွားပြီပဲ။ မြို့ဘက်က လာတဲ့ လမ်းဆီကို ကျုပ် မျှော်ကြည့်မိပြန်တယ်။ ဟော မြင်းလှည်းတစ်စီး လာနေပြန်ပါပေါ့လား။ ကျုပ်...တုန်တုန်လှုပ်လှုပ်နှင့် သစ်မြစ်ပေါ်မှာ ပြန်ထိုင်ချလိုက်တယ်။ ဘုရား...ဘုရား... ဟော တစ်ယောက်။ ဟော...တစ်ယောက်။ အားလုံး ခြောက်ယောက်။ ကုန်သွား

ပြီ။ မိခိုကလေးတို့ ပါမလာသေးဘူး။ ဒုက္ခ၊ ဒုက္ခ။ ဒီနေ့ဟာ အင်္ဂလိပ် နှစ်ရက်မှ ဟုတ်ရဲ့လား။ ဟုတ်ရင်တောင်မှ ရန်ကုန်ရထားက ဘယ်အချိန် ထွက်တာလဲ။ သူတို့ ကျုပ်မလာခင် ခပ်စောစောကများ ကူးသွားကြပြီ လား။

ကျုပ် ရင်ထဲမှာ မောဟိုက်ဟိုက်ကြီး ဖြစ်လာတယ်။ သင်းပိုင်ကြား ထဲက မိခိုကလေး အင်မတန် မက်မောတဲ့ မြေဆေးတံအိုး အကျိုးလေးကို ကျုပ် စမ်းသပ်လိုက်မိတယ်။ ကျုပ် ငှက်ခတ်ရင်း ရေထဲက ဆယ်ယူလာ တတ်တဲ့ ကစားစရာတွေနဲ့ ကြီးပြင်းခဲ့ရှာတဲ့ ကလေးလေး။ ဒီမြေ ဆေးတံ အိုး အကျိုးလေးကို သူ ငယ်ငယ်တုန်းက ကျုပ်က ပါးစပ်မှာတပ်ပြီး "အဘိုးကြီးအို ခါးကုန်းကုန်း" လုပ်ပြရင် သင်းလေး သဘောကျလို့ မဆုံး။ သင်းလေး ကြီးလာတော့ ဒီဆေးတံကို ပါးစပ်မှာ တပ်ပြီး ကျုပ် ကို ပြန်လုပ်ပြရတာလည်း သူ့မှာ မမောနိုင်၊ မပန်းနိုင်။ ဒီဆေးတံလေး ကိုတော့ သူ ယူသွားချင်ရှာမှာပဲ။ ဒါပေမဲ့ မိခိုကလေး ကျုပ်ကိုမြင်လို့ နေခဲ့တော့မယ်ဆိုပြီး ငိုရင်၊ ကျုပ် ဘယ်လိုလုပ်မလဲ။ ကျုပ် တကယ်တော့ ဒီကိုလာဖို့ မကောင်းဘူး။ ဘာပြုလို့များ ကျုပ် လာမိပါလိမ့်။ ဖြတ်မှ ...ဖြတ်မှ၊ သံယောဇဉ်တွေကို ကျုပ်ဖြတ်မှ...။ ကျုပ် ထိုင်ရာက ထလိုက် မိပြန်တယ်။

"ကိုရင်ကြီး မဟုတ်လား။ ဘာလုပ်နေတာလဲ ဘုရား"

ဟင်... ကျုပ် ပစ္စည်းလေးပါး ဒကာမကြီး ဒေါ်အေးစိန်ပါလား။

သူ့လက်ထဲမှာ ကြိုးတစ်ချောင်းနဲ့ ခွေးသေတစ်ကောင်ကိုဆွဲလို့...။

"ဩော်... အင်း... ဟိုဘက်ကမ်းကူးမလို့ ဒကာမကြီးရေ။ ခဏ ထိုင်နေတာ။ ခွေးသေ လာပစ်တာလား"

"တင်ပါ့ ဘုရား၊ တပည့်တော်တို့ အိမ်က ရန်လုံကြီးလေ ဘုရာ့။ သေရှာပြီ"

ဒေါ်အေးစိန်က ခွေးသေကို ရေထဲ လွှဲပစ်ချလိုက်ရင်း... "ဦးရင်ကြီး လည်း ခုမှပဲ လူမြင်လို့ တင့်တယ်ပေတော့တယ်။ နို့မို့ဆို နေရာတကာ သင်္ကန်းကြီး တဖားဖား၊ ကလေးက တွဲလောင်းနဲ့။ ကောင်မလေး ပါသွား ပလား"

"သွားပြီ" လို့ ကျုပ်ဖြေရင်း ဒီတစ်ခါ ဒေါ်အေးစိန်နဲ့ တွေ့ရတာ ကျုပ် စိတ်ပေါ့ပါးနေမိတယ်။ မိခိုကလေးနဲ့ပတ်သက်ရင် ဒေါ်အေးစိန်ဟာ ကျုပ်ကို အပြောဆုံး။ ပြောသမှ... ဒီဆရာမကြီးကို မပေးသေးဘူးဆိုရင် သူ့အိမ်ကို ဆွမ်းခံမကြွနဲ့တော့လို့ အပြတ်ပြောတဲ့ ဒကာမ။ မိခိုလေးက ဒေါ်အေးစိန်များ ဘုန်းကြီးကျောင်းလာပြီဆို အမြဲပြေးပုန်းတတ်တာ။ အင်း... ခုနေများတော့ မိခိုတို့ မြင်းလှည်း ဆိုက်မလာပါစေနဲ့ဗျာ...။

"ဒီနေ့ တစ်မနက်လုံး ရန်လုံကြီးအတွက် စိတ်ကိုမကောင်းဘူး ဘုရား။ တပည့်တော်မ မျက်ရည်တောင် ကျမိတယ်"

"ဩော်...ဒီလိုပေါ့ ဒကာမကြီးရယ်။ လူဖြစ်ဖြစ်၊ တိရစ္ဆာန်ဖြစ်ဖြစ် သေမျိုးတွေချည့်ဟာ။ ဘာတတ်နိုင်မလဲ"

ဒေါ်အေးစိန်က သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင် ချတယ်။

"ဟုတ်တော့ ဟုတ်တာပေါ့ ဘုရား။ ဒါပေမဲ့ တစ်သက်လုံး ကိုယ်နဲ့ လက်ပွန်းတတီး နေလာတော့ တိရစ္ဆာန်ဖြစ်ပေသည့်... စိတ်မကောင်း ဖြစ်တာတော့ ဖြစ်တာပဲဘုရာ့"

"သွားမယ်... ဘုရာ့" ဆိုပြီး ထိုင်ကန်တော့ ထွက်သွားတဲ့ ဒေါ်အေး စိန်ကို ကျုပ် ငေးကြည့်နေမိတယ်။ ကျုပ်ရင်ထဲမှာ ပိုပြီး တင်းကျပ်လာ တယ်။ မိခိုကလေးကကော ကျုပ်နဲ့ လက်ပွန်းတတီး နေခဲ့တဲ့ ကလေး တစ်ယောက် မဟုတ်ဘူးလား ဒကာမကြီးရဲ့...။ ပြီးတော့ မိခိုကလေးဟာ လူမလေးလေ။ အို... ကျုပ် ဒီလိုတွေ မတွေးကောင်းပါဘူးလေ။ ကျုပ် ဟာ... ဒေါ်အေးစိန်တို့လို ပုထုဇဉ် မဟုတ်ဘူး။ ဘုရားသားတော်

တစ်ပါးအနေနဲ့ သံယောဇဉ်ကြိုးတွေကို... ကျုပ် ဖြတ်တောက်နိုင်ရမယ်။

"ဦးရင်ကြီး... ဟိုဘက်ကမ်းကူးမလို့ မဟုတ်လား။ ဒီမှာ...ငှက်ကြဲတယ် ဘုရာ့"

ဟော... ငှက်တဲထဲက ကျုပ်ကိုသိတဲ့ ငှက်သမားတွေက လှမ်းအော်နေပြီ။ ကျုပ် လိုက်သွားမှ ဖြစ်မယ်ထင်တယ်။ ကျုပ် ဒီအောက်မှာ တစ်ချိန်လုံး ထိုင်နေတာ ကြာလှပြီ။ ဟုတ်တယ်...ကျုပ် လိုက်သွားတာပဲ ကောင်းတယ်။ ကျုပ် ဒီမှာ ဘာအဓိပ္ပာယ်ရှိသလဲ။ မိခိုကလေးတို့ လာတော့မှာ မဟုတ်ပါဘူး။ သွားနှင့်တာလည်း ဖြစ်ချင်ဖြစ်မှာ။ အို... ဖြတ်... ဖြတ်... ဒါတွေကို အားလုံးဖြတ်...။

မြစ်ပြင်ပေါ်က လူးလိမ့်နေတဲ့ ငှက်ဝမ်းထဲမှာထိုင်ရင်း... ကျုပ် မျက်စိထဲမှာ နေပူဒဏ်ကို ခံရပြီ။ ငှက်ဦးထောင့်မှာ ကျုံ့ကျုံ့ကလေး ထိုင်တတ်တဲ့ ဂါဝန်အစုတ်လေးနဲ့ ကလေးလေးတစ်ယောက်ကို ဘာကြောင့်များ မြင်နေမိပါသလဲ။ ဆရာမကြီးနောက်က မျက်ရည်တရွှဲရွှဲနဲ့ လိုက်သွားတဲ့ မိခိုကလေးကို ကျုပ် မျက်စိထဲမှာ ဘာကြောင့်များ မြင်နေမိပါသလဲ။

ကျုပ်... ဆိပ်ကမ်းဘက်ဆီကို ပြန်လှည့်ကြည့်မိပြန်တယ်။ ဘုရား... ဘုရား၊ ဟောဟိုမှာ၊ ဟောဟိုမှာ...။ မြင်းလှည်းဘေးက ကမ်းပါးထိပ်မှာ။ ရပ်နေကြတာလေ...။ ဆရာမကြီးနဲ့ မိခိုကလေး မဟုတ်လား။ ကျုပ် မျက်စိမှုန်ပေမဲ့ သိပါတယ်... ကျုပ် သိတယ်။ ဆရာမကြီးဘေးက ရပ်နေတဲ့ သင်းကလေးဟာ... ကျုပ် မြေးကလေးပါ။ ကျုပ်မြေး... မိခိုကလေးပါ။ သင်းကလေး ကျုပ်ကို မြင်လေသလား။ ကျုပ်ကို မြင်ရင် သင်းကလေး ဘာလုပ်မလဲ။ ဆရာတော်ကြီး ဘယ်လိုသင်သင် မရဘဲ 'ဦးရင်ကြီး' ခေါ်ဖို့ ပေကတ်တတ်တဲ့ ကျုပ်မြေးလေးဟာ 'အဘိုးဆောင်းရေ' လို့တော့ အားရပါးရ ခေါ်လိုက်မှာ အသေအချာပဲ။

ဒါပေမဲ့ ဒီဘက်ကမ်း ကပ်ခါနီးနေတဲ့ ကျူပ်ကို သင်းလေး မမြင်ပါဘူး။ ဟော... သူတို့ စက်လှေထဲ ဆင်းပြီ၊ ကြည့်စမ်း... ကျူပ် ပုဆိုးကို၊ ကျူပ် သက်န်းစကို အမြဲ ဆွဲလိုက်တတ်တဲ့ ကျူပ်မြေးကလေး အကျင့်ကို ဆရာမကြီးက မကြိုက်ဘူးနဲ့ တူရဲ့။ သူ့ထဘီစကို ဆွဲလိုက်တဲ့ မိခိုကလေးရဲ့လက်တွေကို ဆွဲဖြေပြီး စက်လှေထဲ မချပေးလိုက်တယ်။ သေးကွေးပိန်လှီတဲ့ ကျူပ်မြေးမလေးရဲ့ ခန္ဓာကိုယ်လေးကို စက်လှေဝမ်းထဲက လူတွေကြားမှာ သဲသဲကွဲကွဲ မမြင်ရတော့ဘူး။

"ဦးရင်ကြီး ရှေ့နားမှာ ဆိုက်လိုက်မယ် ဘုရာ့၊ အဲဒီနားက တက်ရင် နီးတယ်"

ငှက်က သိမ့်ခနဲ ထိုးဆိုက်ပြီး ကျူပ် ကမ်းပေါ်ရောက်တာနဲ့ ဟိုဘက်ကမ်းက စက်လှေနှီးသံကိုကြားလိုက်ရတယ်။ သွားပြီ...။ ကျူပ် မြေးကလေး သွားပြီ။ ကျူပ် မိခိုကလေးနဲ့ ဘယ်တော့မှ မတွေ့ရတော့ဘူး။

ကျူပ် စက်လှေကို လှမ်းမကြည့်တော့ပါဘူး။ အို... ဒါတွေဟာ ဒုက္ခတွေ... ဒုက္ခတွေ။ မငြိမ်းချမ်းနိုင်တဲ့ သောက ဒုက္ခတွေ။ အပူမီးတွေ။ ဒါတွေကို ကျူပ် ငြိမ်းသတ်နိုင်ရမယ်။ လက်ထဲက စိပ်ပုတီးကို တင်းတင်းကျပ်ကျပ်ဆုပ်ရင်း ကမ်းအတက် သစ်ပင်အုပ်တွေကြားက သုသာန်ထဲကို မြန်မြန်ဝင်ခဲ့တယ်။ ကုက္ကိုပင်ခြေရင်းမှာ ကျူပ်... တရားထိုင် ပုတီးစိပ်တဲ့ မဖွားထယ်ရဲ့ မြေပုံ၊ ကျူပ် တရားထိုင် ပုတီးစိပ်ရမယ်။ ဘုရား... ဘုရား... စိပ်ပုတီးကိုင်ထားတဲ့ ကျူပ်လက်တွေ တဆတ်ဆတ် တုန်နေပါလား။ မျက်လုံးတွေကို စုံမှိတ်ပြီး မြေပုံဘေးမှာ ကျူပ် ထိုင်ချလိုက်တယ်။

"မဖွားထယ်... ဒကာမကြီး ဒီတစ်ခါလာတာ ကျူပ် တစ်ယောက်တည်းရယ်"

ကလျာမဂ္ဂဇင်း၊ အမှတ် ၃၅၊ နိုဝင်ဘာ၊ ၁၉၈၇

❑

# ဘဝကူး

- ကိုရိုးကွန့် -

ကိုဘိုကေ ငြိမ်သက်နေခြင်းသည် မယ်ဖော့ကို အထူးအဆန်းဖြစ်စေသည်။ မီးပြောင်းမှုတ်လိုက်၊ ထင်းထိုးလိုက်၊ ထမင်းအိုးမွှေလိုက်၊ ငရုတ်သီးထောင်းလိုက်နှင့် လက်မအား လူမနားသေးသမို့ မျက်လုံးအကြည့်ဖြင့်သာ လှမ်း၍ အကဲခတ်နေရှာသည်။

ပုံမှန်အတိုင်းသာဆိုလျှင် ကိုဘိုကေ အိမ်ထဲဝင်လာသည်နှင့် ထမင်း ကျက်ပြီလားဟေ့။ ဘာဟင်းလဲဟု အသံပေး၍ အိမ်ထဲဝင်မည်။ ရေထမ်းပုံး ချထားခဲ့ပြီး မီးဖိုချောင်အထိလာမည်။ ထိုင်မည်။ ခါးပုံစထဲက ရေထမ်းငွေတွေ ထုတ်ရေမည်။ သူ့လက်ထဲ အပ်မည်။ ထမင်းကျက်လျှင် စား၍ မကျက်သေးလျှင် အိမ်ရှေ့ထန်းပလပ် ကုလားထိုင်ပေါ် ထိုင်စောင့်မည်။ ဆေးလိပ်သောက်ချင် သောက်နေမည်။ ဒူးနှန့်၊ လေချွန်ချင် ချွန်နေမည်။

ကိုဘိုကေက တကယ့်လူအေး၊ ရေထမ်းခငွေ အပ်ပြီးလျှင် နေ့စဉ်နေ့တိုင်း ဒီလိုပဲနေသည်။ သူနှင့် ၁၀ နှစ်ကျော် ပေါင်းလာသည့်ကာလအတွင်း အပြောင်းအလဲမရှိပေ။

ယနေ့မူ အိမ်ရောက်သည်နှင့် ရေထမ်းပုံးချသည်ကအစ ခါတိုင်း

ထက် နည်းနည်းကျယ်သည်။ ဘာစကားမှမပြောဘဲ ကုလားထိုင်ပေါ် 'ဝုန်း' ခနဲ ခြေပစ်လက်ပစ် ထိုင်ချသဖြင့် မခိုင့်တခိုင် အိမ်လေးပင် ခါယမ်းသည်။ ပြီးတော့ လေပူမှုတ်သံက 'ဟူး' တဲ့။ ရင်ထဲမှာ အပူလုံးကြီး အတော့်ကို ကြီးထွားနေဟန်။

ငြိမ်ငြိမ်ဆိတ်ဆိတ် ထိုင်နေသည်မှာ အသက်မှရှိသေးရဲ့လားလို့ သံသယဝင်စရာ။ စိုးရိမ်တကြီး လှမ်းကြည့်လိုက်တော့ မျက်ဖြူကြီးလှန်ပြီး ကြယ်မြင် လမြင် ထန်းလက်အမိုးကို ငေးနေဟန် တွေ့ရသည်။

ထူးတော့ အတော့်ကို ထူးသည်။ ဘာတွေများ နက်နက်နဲနဲ တွေးနေပါလိမ့်။ ဘဝရှေ့ရေးအတွက် အကြံတွေ ထုတ်နေပြီလား။ ဒါမှမဟုတ် ရန်များဖြစ်လာသလား။ ဟင့်အင်း ကိုဘိုကေ စိတ်ဆိုးခြင်း၊ ဒေါသထွက်ခြင်းကို တစ်ခါမှ မတွေ့ဖူးဘူး။ အလွန်သည်းခံနိုင်သောလူ။ သူမလုပ်ဘဲ သူများက လုပ်လျှင်ကော၊ နေထိုင်မကောင်းတာကော မဖြစ်နိုင်ဘူးလား။ မနက်ကတော့ ပြုံးပြုံးရွှင်ရွှင် လန်းလန်းဆန်းဆန်းပါလေ။

စိတ်က ကိုဘိုကေထံ ရောက်နေသဖြင့် ထမင်းအိုးဝေကျသံ တရှဲရှဲကြားမှ အဖုံးကို ကမန်းကတန်း ဆွဲလှူပ်သည်။ တဗွမ်းဗွမ်းပွက်နေသော ထမင်းအိုးကို တစ်ချက်နှစ်ချက်မွှေပြီး ဆန်စေ့လေးငါးစေ့ ခပ်ယူသည်။ သို့သော် ယောက်မပေါ်တွင် ဆန်စေ့ထက် ပဲလွန်းစေ့က များနေသည်။ လက်ဖြင့် ဖျစ်ကြည့်သည်။ တော်သေးရဲ့။ ပျော့ပြဲမကုန်သေးလို့။ ပဲထမင်းချက်ရာတွင် ပဲနှင့် ဆန်အနပ်ညီဖို့ အတော်ဂရုစိုက်ရသည်။

ဆန်ဖြူထမင်းကို သူတို့မစားနိုင်တာကြာပြီ။ ဟိုတစ်လောက ဆိုလျှင် ဂျုံတစ်လှည့် ၊ ဆန်ပြုတ်တစ်လှည့်၊ ပိန်းဥတစ်လှည့် စားခဲ့ရသေးသည်။ ထမင်းစားရသလို ဘယ်မှာတင်းတိမ်ပါ့မလဲ။ အခုတော့ ဆန်ဈေးကျလာပါပြီ။ သို့သော် ပြောင်းနှင့်ပဲကိုတော့ အလှည့်ကျ ရောက်ရသေးသည်။

ဖြူညစ်ညစ်ထမင်းရည်များကို ဇလုံထဲ ငှဲ့ချသည်။ ထိုညစ်တစ်တစ် ထမင်းရည်ကို ဆားခတ်ပေးလိုက်လျှင် ကလေးတွေ ရောက်လာပါက တရှူးရှူးနှင့် သောက်ကြလိမ့်မည်။ ထမင်းရည်ဇလုံကို ဆန်ကောအောက် ထိုးထည့်ပြီး သိမ်းထားလိုက်သည်။

ထမင်းအိုးကို မီးဖိုပေါ် ပြန်တင်သည်။ မီးတောက်လျှော့ပြီး နပ်ထားသည်။ လက်တွင် ပေကျံနေသော အိုးမည်းများကို ထဘီအောက်စဖြင့် သုတ်သည်။ ထို့နောက် အိမ်ရှေ့သို့ မယ်မော့ ထွက်လာသည်။

"ကိုဘိုကေ..."

"ဟဲ့... သောက်ခွေး၊ နင့်အမေကလွှား ကိုဘိုကေ... ဟာ... လန့်လိုက်တာ မယ်ဖော့ရယ်"

"တော် ဘာဖြစ်လာလဲ"

မယ်ဖော့က စိုးရိမ်စိတ်ဖြင့် ညင်းပျော့စွာမေးသည်ကို "ငါ ဘာဖြစ်လို့လဲ"

ကိုဘိုကေ့အသံက မာကျယ်ကျယ်။

မယ်ဖော့ရင်ထဲ တစ်မျိုးကြီး ဖြစ်သွားသည်။ ဝမ်းနည်းစိတ်တွေ လှိုက်တက်လာသည်။ ဝေ့ဝဲလာသော မျက်ရည်ကို မျက်တောင်ဖြင့် ပုတ်ခတ် ဖယ်ရှားရင်း...

"တော်ငြိမ်နေလို့"

သည်တော့မှ ကိုဘိုကေ မျက်နှာချိုပြန်သွေးသည်။ လေသံပျော့...

"ထိုင်စမ်းပါဦး မိန်းမရယ်"

မယ်ဖော့သည် မထိုင်ဘဲ မတ်တတ်ရပ်လျက် ငုံလင့်နေသည်။ သို့သော် ကိုဘိုကေ နှုတ်ဆွံ့နေသဖြင့်

"ကဲ ပြောမယ့်စကား စဉ်းစားထား၊ ထမင်းအိုးတူးတော့မယ်"

မီးဖိုချောင်ထဲ ပြန်ဝင်သည်။ အငွေ့တလူလူထွက်နေသော ထမင်း

အိုးကိုချ၍ ရေနွေးအိုးတင်ထားခဲ့သည်။ ကန်စွန်းရွက်ဆန်ကောကို
မ,ထွက်လာသည်။

ကိုဘိုကေ ရှေ့က ကြမ်းပြင်ပေါ် ထိုင်ချသည်။ ကန်စွန်းရွက်သင်ရင်း နားစွင့်သည်။ လှုပ်စိလှုပ်စိဖြစ်နေသော နှုတ်ဖျားမှစကားများ ရှုံ့ဘွန့်တွန့် ပွင့်ကျသည်။

"ငါ… ငါ… ဟိုလေ… ဟိုဟာ… အဲ… အမတ်၊ အမတ်လုပ်ချင်လို့"

မယ်ဖော့ နားကြားလွဲရော့သလား။

"အမတ်လုပ်ချင်လို့"

နွေခေါင်ခေါင်မှာ မိုးကြိုးပစ်သံ ကြားရသလို အံ့ဩကြောက်ရွံ့ခြင်း ဖြစ်သည်။ ပြီးတော့ ရယ်ချင်လာသည်။ မရယ်ဝံ့သဖြင့်…

"ကံကြီးစည်ရာရှင်၊ ရူးသလား"

"အမတ်လုပ်ချင်တိုင်း ရူးရမှာလားကွ၊ မင့်ဟာက အဓိပ္ပာယ်မရှိ"

"တော့်အဆင့်အတန်းနဲ့ ဖြစ်မလား ကိုဘိုကေရဲ့"

ဖိညှပ်ခံရသလို ကိုဘိုကေ မျက်နှာ ရှုံ့တွသွားသည်။ ခေါင်းကို ခါယမ်း၍…

"မိန်းမနှယ်ကွာ၊ မင်းထင်တဲ့အမတ်မဟုတ်ဘူးကွ။ ဟိုလေကွာ… တို့အရပ်က ဆုတောင်းပြည့်ဘုရားပွဲမှာ နှစ်တိုင်း ဝင်းခင်းတယ်မဟုတ်လား။ အဲဒီမှာ အမတ်လုပ်ချင်တာ။ ဦးထုပ်အမြင့်ကြီးဆောင်း၊ တောင်ရှည်ပုဆိုးနဲ့ ကတ္တီပါအင်္ကျီနဲ့"

ရယ်ချင်စိတ်ကို မမျိုသိပ်နိုင်တော့သဖြင့် မယ်ဖော့ တခွိခွိရယ်သည်။ ကန်စွန်းရွက် ဆန်ကောကို မ,၍ မီးဖိုချောင်ထဲပြန်ဝင်ရန် ထလိုက်စဉ် ကိုဘိုကေက ဖမ်းဆွဲထားသည်။

"ခဏနေပါဦး မိန်းမရဲ့။ စကားကို ဆုံးအောင်နားထောင်စမ်းပါ

ဦး။ နေ့လယ်က ဆုတောင်းပြည့်ဘုရားပေါ် ရေဖြည့်သွားရင်း ဓမ္မာရုံနား ရောက်ခဲ့တယ်ဟ။ အဲဒီမှာ ဘုရားလူကြီးတွေ၊ အရပ်လူကြီးတွေ ဘုရားပွဲကိစ္စ စည်းဝေးနေတာ။ ငါလည်း မောလွန်းလို့ ချွေးတိတ်အောင် ထိုင်နားနေတာပေါ့ဟာ။ ကြားတာက ဘုရားပွဲကို အစဉ်အလာမပျက် လုပ်သွားမယ်တဲ့။ ဘုရားပွဲအတွက် ကောက်ခံရရှိငွေက နည်းတယ်တဲ့။ ဖွတ်အတင်းထပ်တိုးပြီး အလှူမခံချင်တော့ဘူးတဲ့ဟ။ ရှိတဲ့ငွေ၊ ရတဲ့ငွေ၊ ရတဲ့အချိန်နဲ့ ဖြစ်အောင် လုပ်ကြမယ်။ အခြေအနေအရ ဇာတ်ကြီးမထည့်တော့ဘူး။ နေ့မှာ ဆိုင်းနဲ့ဧည့်ခံမယ်၊ အရပ်ထဲက ကောင်မလေးတွေ ကကြမယ်။ ဆွမ်းကြီးလောင်းမယ်။ နှစ်တိုင်းလိုပဲ ဝင်းခင်းမယ်။ ဒါပေမဲ့ ပါချင်တဲ့လူက ကိုယ့်ဝတ်ကိုယ် ငှားရမယ်တဲ့”

“အဲဒီတော့ ရှင်က အမတ်လုပ်ချင်တယ်ပေါ့”

ကိုဘိုကေသည် မယ်ဖော့ကိုမကြည့်ဘဲ ခေါင်းညိတ်သည်။ လမ်းမဘက်သို့ ငေးလျက်...

“တို့ဘဝမှာ တစ်ခါတစ်ရံမှ ကြုံရတဲ့ အခွင့်အရေးပဲ မယ်ဖော့၊ အဝတ်ငှားနိုင်ရင် ငါ အမတ်လုပ်လို့ရပြီ”

မယ်ဖော့သည် သူ့ယောကျ်ားကို သနားစိတ်ဝင်ကာ မရယ်ချင်တော့ပေ။ စိုးရိမ်သောကတွေ ပျက်ပြယ်ပေမဲ့ အပူလှိုင်းက မယ်ဖော့ရင်ကို ရိုက်ခတ်သည်။

“ငှားခ ဘယ်လောက်တဲ့လဲ”

“သုံးလေးဆယ် ပေးရမယ်ပြောတာပဲ။ ဈေးတွေက အမြဲတက်နေတော့ အသေအချာပြောလို့မရဘူး။ နင့်မှာ ပိုက်ဆံဘယ်လောက်ရှိလဲ”

“ပိုက်ဆံ...”

“အေး... ပိုက်ဆံ”

မယ်ဖော့ ဘာပြောရမလဲ၊ ကိုဘိုကေ ရေထမ်းခတစ်ခုတည်းဖြင့်

သားသမီးလေးယောက် ဝမ်းဝအောင် အကြွေးခံပြီး ဖြည့်နေရတာ၊ ဘယ်မှာ ပိုလျှံပါ့မလဲ။ ဘယ်မှာ စုဆောင်းနိုင်ပါ့မလဲ။

မယ်ဖော့မှာ အင်္ကျီစုတ်၊ ထဘီစုတ်၊ ချွေးခံအင်္ကျီတောင် မဝယ်နိုင်ပါဘူး။ ဩော်... ကိုဘိုကေ ကြည့်ပြန်တော့လည်း အင်္ကျီဗလာ၊ ပုဆိုးအဖာ။

မျက်လုံးအရောင် ဖျော့တော့စွာဖြင့် ခေါင်းယမ်းပြသည်။ သုံးပင်နှစ်ခန်း တဲငယ်လေးတွင် ဆန္ဒနှင့်ဘဝ ကွာဟလွန်းသော လင်မယားနှစ်ယောက်သည် ကျောက်ရုပ်အသွင်သို့ ပြောင်းလဲလေ၏။

*

ကိုဘိုကေကို ဘယ်တုန်းက ကြိုက်ပါလိမ့်၊ ဘာလို့ကြိုက်ပါလိမ့်။ ကိုဘိုကေက ရေထမ်းသမားရယ်။ ရေတွင်းမှာ တစ်နေကုန်ရှိသည်။ နေညိုချိန်တွင် အိမ်အတွက် မယ်ဖော့ ရေခပ်သွားလျှင် ကိုဘိုကေနှင့် ဆုံတတ်သည်။

ကြုံကြိုက်တိုင်း ရေငင်ပေးသည်။ ရေအိုးပင့်ပေးသည်။ ဒါကတော့ မယ်ဖော့ရယ်လို့ မဟုတ်ပါဘူး။ လူတိုင်းကို သူ ကူညီနေကျပါလေ။

ကိုဘိုကေကြီးက အလွန်ယောင်တတ်သည်။ ဒါကြောင့် စလို့နောက်လို့ကောင်းသည်။ သူ့ကို တို့လိုက်လျှင် အဆဲမျိုးစုံ ယောင်ယမ်းထွက်လာသည်။ သူ့ရှေ့မှာ ကပြလျှင် ယောင်၍လိုက်ကသည်။ ရိုက်ဟုအော်လျှင် ယောင်၍ရိုက်သည်။ ပင့်ဟုအော်လျှင် ယောင်၍ပင့်သည်။ အလွန်ရယ်ရသဖြင့် လူတိုင်းက စသည်။

တစ်ခါတွင် မယ်ဖော့ကို ရေအိုးပင့်ပေးနေစဉ် ဦးကျော်ဝင်းကြီးက 'လွှတ်ချ လွှတ်ချ' ဟု နောက်ပြောင်အော်ဟစ်သဖြင့် ကိုဘိုကေက လွှတ်ချသည်။ ကိုဘိုကေ၏ ခေါင်းပေါ် ရေအိုးကျ၊ အိုးကွဲ၏။ ခေါင်းမ ပြဲ၏။

သွေးသံရဲရဲထွက်နေသော ခြေမကို ဂရုမထားဘဲ မယ်ဖော့၏ အိုးကွဲကို ကိုင်ကာ တောင်းပန်တိုးလျှိုးနေပုံမှာ အို… မယ်ဖော့မျက်လုံးထဲ ဖျောက်လို့မရတော့ဘူး။ ချစ်သနားစိတ်တွေ ထိုစဉ်က နှလုံးသည်းပွတ်မှာ ခိုကပ်ကျန်နေခဲ့ဟန် တူပါရဲ့လေ။

ယခင်က မယ်ဖော့လည်း သူမျှားနည်းတူ ကိုဘိုကေကို စနောက်ခဲ့သော်လည်း သည့်နောက် မစတော့ပေ။ သူ့သူငယ်ချင်းတွေ နောက်လျှင်ပင် မယ်ဖော့က လိုက်လံဟန့်တားသည်။

ထိုသို့ ကိုဘိုကေ၏ ရှေ့မှ ရပ်တည်လွန်းသဖြင့် မယ်ဖော့ကို ကိုဘိုကေနှင့် ဝိုင်းစကြသည်။ အပြောင်အပြက်စကားဖြစ်သော်လည်း ပြောဖန်များလာသော် နှစ်ဦးလုံး၏စိတ်များ လှုပ်ရှားလာသည်။ တစ်ဦးက တစ်ဦးကို မတော်တဆကြည့်မိလျှင် ရင်ခုန်ချင်သည်။ မေတ္တာပန်းသည် ရေတွင်းအနီးမှာပင် ဖူးပွင့်ခဲ့သည်။

တစ်ကောင်ကြွက်နှင့် မုဆိုးသမီးတို့ စုလျားရစ်ပတ်လက်ထပ်ပြီးသော် ဘဝကို အိုးတစ်လုံး၊ ဖျာတစ်ချပ်နှင့် စခဲ့ကြသည်။ စီးပွားဥစ္စာထက် သားသမီးရတနာများသာ နှစ်စဉ်တိုးနေသည်။ မွေးသမျှအားလုံး လူဖြစ်လာလျှင် အိမ်ထောင်သက် ၁၀ နှစ်အတွင်း ကလေးရှစ်ယောက် ရှိချိမ့်မည်။ သို့သော် တစ်ကြိမ် သားလျှော၍ ခုနစ်ကြိမ် မွေးခဲ့သည်။ ထိုခုနစ်ယောက်အနက် သုံးယောက်ပျက်စီး၍ လေးယောက်အဖတ်တင်သည်။

ခေါက်ချိုးကျန်သဖြင့် တော်ပါသေးရဲ့။ သည်လေးယောက်၏ ဝမ်းကို ဖြည့်နိုင်ရန် မယ်ဖော့တစ်ယောက် မျက်ဖြူဆိုက်အောင် စီမံရသည်။ သားကြီးနှစ်ယောက်ကို ကျောင်းထားချိန်နောက်ကျပြီးမှ စာသင်ကျောင်းသို့ ပို့နိုင်ခဲ့သည်။

ကိုဘိုကေကတော့ အေးအေးဆေးဆေးပင်။ လူပျိုဘဝကတည်း

က ရေထမ်းခဲ့သော ကိုဘိုကေသည် ယခုလည်း ရေထမ်းလျက်ပင်။ နောင်လည်း ရေထမ်းဦးမည့်လူ။

သူများတွေ အထက်တက်၍ ရွေကျင်သွားကြသည်။ ကျောက်တူးသွားကြသည်။ လားရှိုးဘက် ကုန်ကူးထွက်ကြသည်။ ဘယ်သူက ဘယ်ခေါ်ခေါ် ကိုဘိုကေ မလိုက်ဘူး။ လောဘနည်းတာလား၊ လူစွမ်းလူစမရှိတာလား။

ကိုဘိုကေလုပ်တတ်တာက ကျွဲပခုံးထအောင် ရေထမ်းမည်။ ရသမျှငွေအားလုံး မယ်ဖော့လက်အပ်မည်။ ကလေးငိုလျှင် အပြင်ထွက်သွားမည်။ ဘယ်သူ့ကိုမှ မငေါက်ဘူး၊ မရိုက်ဘူး။ ကျွေးသမျှနှင့် စားလိမ့်မည်။ ဘာမှမတောင်းဆိုဖူးဘူး။ ဘဝရည်မှန်းချက် လုံးဝမရှိဘူး။

အမတ်လုပ်ချင်လိုက်တာ ဆိုသည်မှာ ကိုဘိုကေ၏ ပထမဆုံးတောင်းဆိုချက်၊ ကိုဘိုကေ၏ အမြင့်ဆုံးရည်မှန်းချက်။

သူက 'မရှိ' ဆိုတော့လည်း ကိုဘိုကေသည် ထပ်မံမတောင်းဆိုပေ။ သို့သော် သိသိသာသာ ငေးမှိုင်နေသော ချစ်လင်ကို မကြည့်ရက်ပါဘူး။ စိတ်ထောင်းလို့ ကိုယ်ကြေ၊ ဗုန်းဗုန်းလဲလျှင် ခက်ရချည်ရဲ့။ နာခဲဖျားခဲသော ကိုဘိုကေသည် (ဖွဟဲ့၊ လွဲပါစေ၊ ဖယ်ပါစေ) တစ်ခါဖျား၊ တစ်ခါသေလျှင် ရင်ကျိုးရချည်ရဲ့။

ကိုဘိုကေနှင့် ရှင်ကွဲလည်း မကွဲချင်ဘူး၊ သေကွဲလည်း မကွဲချင်ဘူး။

ငွေကို ဘယ်လိုရှာရမလဲ။ အကြွေးဟောင်းတွေ မဆပ်နိုင်တော့ ဘယ်သူမှ ကြွေးသစ်မပေးချင်ဘူး။ ချေးလို့ ငှားလို့လည်း မရခဲ့ဘူး။

ကျောက်ခဲမျိုပြီး ရေသောက်နေလို့ရလျှင် အကောင်းသား။ သစ်ရွက်တွေ သီဝတ်လို့ရလျှင် အကောင်းသား။ အလှူတို့၊ မင်္ဂလာဆောင်တို့မှာ အကူငွေ မထည့်ရလျှင်လည်း အကောင်းသား။ ဒါမှသာ ရေထမ်း

လို့ရသည့်ငွေကို လက်ထဲနွေးအောင် ဆုပ်ထားနိုင်မည်။

မယ်ဖော့အပူဟာ ကိုဘိုကေအပူမဟုတ်ပေမဲ့ ကိုဘိုကေအပူက မယ်ဖော့အပူပါ။

တမာရိုး ထိုးထားသော နားပေါက်ကို မယ်ဖော့ စမ်းကြည့်သည်။ ဩော်... ရောင်းချ၊ ပေါင်နှံစရာ ရွှေတိုရွှေစတောင် မရှိပါလား၊ အိမ်မှာ ရောင်းလို့ရသည့်ပစ္စည်း ဘာရှိပါလိမ့်။

မယ်ဖော့၏အကြည့်သည် အခန်းထောင့်က ထင်းရှူးသေတ္တာဆီ တန်းတန်းမတ်မတ်ရောက်သွားသည်။ ထို့နောက် သေတ္တာဆီ လျှောက်သည်။ ရှေ့တွင်ရပ်သည်။ မဖွင့်သည်မှာ ကြာပြီမို့ ဖုန်အလိမ်းလိမ်းကပ်နေသော သေတ္တာအဖုံးကို စိုက်ကြည့်သည်။

"ဒါတွေကိုပဲ ထုတ်ရောင်းရတော့မယ်"

ဆုံးဖြတ်ချက်ချပြီးသည်နှင့် သေတ္တာဖွင့်သည်။ အထဲမှ ဗလာစာအုပ်နှင့် ဖတ်စာအုပ်များကို ထုတ်သည်။ ပုဆိုးဟောင်းတစ်ထည်ဖြင့် စုထုပ်၍ ဈေးသို့ အသော့နှင်သည်။

ကျောင်းဖွင့်ချိန်တွင် စာအုပ်ရှာနေမည့် သားတို့အတွက် စိတ်မကောင်းပါဘူးကွယ်။

*

ကိုဘိုကေလက်ထဲ ပိုက်ဆံထည့်လိုက်သောအခါ မမြင်ဖူးသလို ငုံ့ကြည့်နေသည်။ "ဘယ်ကရသလဲ" တဲ့။ "ခြေစောင့်လက်စောင့် သိမ်းထားတာ" လို့ ကြည့်ကောင်းအောင် ပြောလိုက်သည်။ နောက်ထပ် ဘာမှမမေးတော့ဘူး။ ပိုက်ဆံရေရင်း ပြုံးနေသည်။ လင့်မျက်နှာကြည့်ပြီး မယ်ဖော့ရင်မှာ အပူများ မြူမှုံမကျန်အောင် ကင်းစင်လေ၏။

"သွားတော့လေ၊ ဘုရားပွဲရက်က နီးနေပြီ။ ဘုရားလူကြီးတွေဆီ

သွားပြီး စာရင်းပေး၊ တော်ကြာ အမတ်နေရာမရရင် ခက်မယ်"

မယ်ဖော့ တပ်လှန့်လိုက်မှ ကိုဘိုကေလည်း ဒရောသောပါး ပြေးထွက်သွားသည်။ ဘာမျှမကြာလိုက်။ ကသောကမျော ပြန်ရောက်လာသည်။ မြန်လွန်းသဖြင့် မယ်ဖော့သည် ထိတ်ခနဲဖြစ်ကာ...

"လူပြည့်သွားပြီလား၊ အမတ်ရော မရခဲ့ဘူးလား"

"မင်းယောကျ်ားပဲကွာ၊ ဘယ်အ,လိမ့်မလဲ။ ရတာပေါ့ဟ၊ တော်ပါသေးရဲ့ကွာ။ ငါရောက်တော့ အမတ် လေးနေရာမှာ တစ်နေရာပဲ ကျန်တော့တယ်။ လူပျိုတော်သားက သုံးနေရာလောက် ကျန်သေးတယ်။ ငါက လုပ်မယ့်လုပ် အမတ်ကြီး လုပ်မယ်ဗျာ၊ ကျန်တဲ့တစ်နေရာ ကျုပ်အတွက်လို့ ပြောခဲ့တယ်။ ဟား... ဟား"

ကိုဘိုကေက ရယ်ရင်းမောရင်း မယ်ဖော့အနား ကပ်ထိုင်သည်။ မယ်ဖော့က မျက်စောင်းထိုးကာ တွန်းလွှတ်သော်လည်း မျက်နှာက ပြုံးစစရယ်..."

"ဘုရားလူကြီး ဦးမင်းဇော်က အဝတ်တွေကို မန္တလေးသွားငှားပါလို့ ပြောလိုက်တယ်။ မျက်ပါးရပ်ဆိုတဲ့အရပ်မှာ ငှားလို့ရတယ်တဲ့။ သူများတွေ ငှားပြီးပြီတဲ့။ တို့နှစ်ယောက် သွားကြရအောင်"

မယ်ဖော့သည် ပျာပျာသလဲပင် ခေါင်းခါ၍...

"ဘာ... တို့နှစ်ယောက်၊ ဟုတ်လား၊ ကျုပ် မလိုက်ချင်ပါဘူး။ တော့်ဘာသာသွားပါ"

"ဟယ်... ငါမှ မန္တလေးမရောက်ဖူးတဲ့ဟာ၊ နင်က ရောက်ဖူးလျက်သားနဲ့"

"အရပ်ထဲက တစ်ယောက်ယောက် ခေါ်သွားပါတော်"

"နင့်နှယ်... သူများခေါ်ရင် သူ့အတွက်လည်း စရိတ်ခံရမှာဟ။ စရိတ်ကုန်တာချင်းအတူတူ ကိုယ့်မိန်းမကို ခေါ်မှာပေါ့။ မဟာမုနိဘုရား

ကြီး ဖူးရအောင်လေဟာ”

ဟုတ်သားပဲ။ ကိုဘိုကေနှင့်ညားပြီးမှ နှစ်ယောက်အတူ ခရီးမသွားဖူးဘူး။ မဟာမုနိဘုရားကို မဖူးရတာ ၁၀ နှစ်ကျော်ပြီ။ ကလေးတွေကို အမေနဲ့ ထားခဲ့ပြီး နေ့ချင်းပြန် သွားလို့ရသားပဲ။ ထို့ကြောင့် မယ်ဖော့ ပြန်ပြင်၍ ခေါင်းကို ဆတ်ခနဲညိတ်ပြလိုက်သည်။

နောက်တစ်နေ့တွင် နံနက်စောစောထ၍ လင်မယားနှစ်ယောက်သား ရန်ကုန်–မန္တလေး ကားလမ်းမကြီးအရောက် လျှောက်သွားကြသည်။ ညကတည်းက မေးမြန်းထားသဖြင့် ကားမှန်တွင် ကြက်သွန်ဥပုံ ပါသောကားကို စောင့်သည်။

“ကြက်သွန်ဥပုံ မပါတဲ့ကားက ခတ်ဆီနဲ့ မောင်းတာတဲ့။ မန္တလေးကို တစ်ယောက်ကိုးကျပ်တဲ့။ ကြက်သွန်ဥပုံပါတဲ့ကားက မယ်သနောဆိုလား၊ ဘာဆိုလား။ အဲဒါက ဈေးချိုရောက်တယ်တဲ့။ တစ်ယောက်ကို သုံးကျပ်တဲ့။ အပုံကြီးကွာတယ်”

မယ်ဖော့က ပြန်လည်ဖောက်သည်ချကာ ဆရာလုပ်နေသည်။ ကိုဘိုကေခမျာ အိမ်မှာကြက်ဖ၊ အခုတော့ ကြက်မ။ အပြင်မထွက်ဖူးသူမို့ မန္တလေးရောက်ဖူးသော သူ့မိန်းမပေါ် တစ်ကိုယ်လုံး ပုံအပ်ထားသည်။ လာသမျှကားတိုင်းကို ဂရုစိုက်ကြည့်ကြသည်။ ကားအဆက်မပြတ် ပြေးနေသောလမ်းမို့ ကြာကြာမစောင့်လိုက်ရပါ။ မျှော်နေသောကား ရောက်လာသော် လက်တား၍ တက်လိုက်သွားကြသည်။

သြော်… မလာဖြစ်တော့လည်း အသက် ၃၅ နှစ်ကျော်သည့်တိုင် မန္တလေးကို မရောက်ခဲ့ဘူး။ လာလိုက်တော့လည်း နှစ်နာရီ၊ သုံးနာရီ မကြာ။

မယ်ဖော့က ဆင်းရအောင်ဆိုမှ လိုက်ဆင်းသည်။ မယ်ဖော့ ဦးဆောင်မှုအောက်တွင် နေသည်။ ဘယ်နေရာတွေသွားမှန်းမသိ၊ လမ်း

သွေကဖြောင့်၊ တိုက်တွေကမြင့်၊ ကောင်မလေးတွေကလှ၊ ကြည့်စရာတွေ အများကြီး။ ဘယ်လောက်လျှောက်ရ လျှောက်ရ မမောပေါင်။

"ဝေးမနေနဲ့နော်။ ဟိုမီးကိုကြည့်ထား။ အခုစိမ်းနေတယ်။ အနီရောင်လေး လင်းတာနဲ့ ဖြတ်ကူးရအောင်"

"အေးပါဟာ ငါသိပါတယ်"

ဟုပြောရင်း မယ်ဖော့ပြောသည့် မီးနီကိုလိုက်ရှာသည်။ ကားတစ်စီး၏ နောက်မှလင်းနေသည့် မီးကိုမြင်သော်ဖြတ်ပြေးသည်။ လမ်းလယ်မှာ စက်ဘီးနှင့်တိုက်မိသည်။ စက်ဘီးက ဘရိတ်အဆွဲမြန်သဖြင့် ဘာမျှတော့မဖြစ်။ သို့သော် မယ်ဖော့၏ မြည်တွန်တောက်တီးမှုကို ခံရသည်။

"ကျုပ်ပြောလျက်သားနဲ့ တော်က ဖြတ်ပြေးတယ်။ ကားဆိုရင်သေပြီ။ ကျုပ်သွားဆိုမှသွား၊ လာ ကျုပ်နောက်က"

ကိုဘိုကေသည် တဒိန်းဒိန်းခုန်နေသော ရင်ကိုဖိရင်း "နင်ပြောသလိုတော့ လုပ်တာပဲဟာ" ဟု မပွင့်တပွင့်ပြောသည်။

လမ်းကိုဖြတ်ကူးသည်နှင့် 'ရွှေချည်ထိုးပစ္စည်းများ ငှားရန်ရှိသည်' ဟု စာရေးထားသော တိုက်ကြီးကို ရောက်သည်။ မဝင်ဝံ့သဖြင့် နှစ်ယောက်သား ရပ်နေကြသေးသည်။

တိုက်ထဲတွင် ရွှေချည်ထိုးနေသော ကောင်မလေးတစ်ယောက်က "ဘာကိစ္စလဲရှင်" ဟုမေးမှ မယ်ဖော့က "အင်္ကျီငှားချင်လို့" ဟုဖြေသည်။ "ဝင်ခဲ့ပါအစ်မ" ဆိုမှ ဝင်သည့်တိုင် ကိုဘိုကေသည် တိုက်ပုံအင်္ကျီအိတ်ထဲ လက်နှိုက်၍နေခဲ့သဖြင့် မယ်ဖော့က "လာလေ" ဟု နောက်ပြန်လှည့်ခေါ်သည်။

"ဘာငှားချင်တာလဲ၊ ထိုင်ကြပါ" ဟု လူကြီးတစ်ယောက်က ပြောသည်။ ပြောင်လက်နေသော စားပွဲကြီးရှေ့က ကုလားထိုင်ပေါ် မဝံ့မရဲထိုင်ကြသည်။ လူကြီးက "ဘာငှားမှာလဲ" ဟု ထပ်မေးပြန်သည်။

ကိုဘိုကေ ပြောစေချင်သော သဘောဖြင့် မယ်ဖော့က ကိုဘိုကေကို လှမ်းကြည့်သည်။ ကိုဘိုကေသည် ကုလားထိုင်ပေါ်တွင် ကိုယ်တစောင်း ထိုင်၍ တုံဏှိဘာဝေလုပ်နေသဖြင့် မယ်ဖော့ကပင်...

"ရွှေချည်ထိုးအဝတ် ငှားချင်လို့ပါရှင်"

"ဘာအတွက်လဲ၊ ရှင်ပြုနားသအတွက်လား"

"ဝင်းခင်းဖို့ပါရှင်"

"ဝင်းခင်းဖို့ဆိုရင် ဘုရင်နဲ့ မိဖုရားက နှစ်ပါး၊ အိမ်ရှေ့မင်းသားနဲ့ ကြင်ရာတော်က နှစ်ပါး၊ ပုဏ္ဏားတော်က လေးပါး၊ စစ်သူကြီးလေးပါး၊ အမတ်ကြီးလေးပါး၊ လူပျိုတော် ၁၂ ယောက်၊ အပျိုတော် ၁၂ ယောက် ပုံမှန်အားဖြင့် စုစုပေါင်း အယောက် ၄၀ ပေါ့။ ရတယ်။ လျှော့ချင်ရင်လည်း ရပါသေးတယ်"

"ကျွန်မတို့က အမတ်ကြီးဝတ်စုံတစ်စုံပဲ ငှားမှာပါ"

"ရပါတယ်၊ တစ်ခုချင်းလည်း ငှားပါတယ်"

"ဘယ်လောက်လဲရှင်"

"ဘုရင်ရယ်၊ အိမ်ရှေ့မင်းသားရယ်၊ မိဖုရားရယ်က ၅၅ ကျပ်စီ၊ အမတ်ကြီးနဲ့ စစ်သူကြီးက ၅၀ စီ"

ဗုဒ္ဓေါ၊ မနေ့က ကိုဘိုကေ ရေထမ်းလို့ရသည့် ငွေရှစ်ကျပ်ကိုပါ ယူလာသဖြင့် စုစုပေါင်း ၅၂ ကျပ်ပဲပါသည်။ ကားခ ခြောက်ကျပ်ပေးရသဖြင့် ၄၀ ကျော် ကျန်သည်။ အပြန်ခရီးစရိတ်လည်း ချန်ရဦးမည်။

"မလျှော့တော့ဘူးလားရှင်"

"စိတ်ချပါ တူမကြီးရယ်၊ ဘကြီးတို့ယူတာ အနည်းဆုံးဈေးပါ။ တချို့ဆိုရင် ဘကြီးတို့ အရည်အသွေးမျိုးကို ၅၅၊ ၆၀ ထိ ယူတယ်။ ဒီလို တစ်ထည်နှစ်ထည်ငှားရင် တချို့က ဈေးပိုယူတတ်တယ်။ အများအားဖြင့် ဝင်းခင်းတစ်ခင်းစာအပြတ် ၁၆၀၀၊ ၂၀၀၀ ရမှ ငှားချင်ကြတာ"

လူကြီးက စကားဖြတ်ပြီး သူတို့နှစ်ယောက်ကို အကဲခတ်ကြည့်သည်။ သူတို့က မှန်ဗီရိုထဲရှိ ပြောင်လက်တောက်ပသော မင်းဝတ်တန်ဆာ ရွှေချည်ထိုးပစ္စည်းများကို ငေးကြည့်သည်။

"လိုက်မေးကြည့်ကြပါဦး။ ဈေးချင်းတူရင် ဘကြီးတို့ဆီ ပြန်လာပါ"

ပြန်ခွင့်ပြုသည့်စကား။ ပြန်သင့်ပြီမို့ လေးလံစွာ ထကြသည်။ နှေးကွေးစွာ လျှောက်ကြသည်။ ထိုအနီးမှာပင် ရွှေချည်ထိုးပစ္စည်းငှားသော အိမ်များရှိသဖြင့် ထပ်ဝင်ကြပြန်သည်။ ငှားရမ်းခ ပိုမိုများပြားခြင်း၊ စပေါ်စကားပြောခြင်း၊ သူတို့လင်မယားကို မယုံသင်္ကာဟန်ဖြင့် ကြည့်ခြင်းတို့ကြောင့် ပိုမိုစိတ်ပျက်ရသည်။

အရပ်ပြန်ပြီး ငွေထပ်ရှာရမလား၊ အမတ်လုပ်ချင်သည့်ဆန္ဒကို လက်လျှော့ရမလား။ ကဲ… မန္တလေးရောက်မှတော့ မဟာမုနိဘုရားကြီးကို ဖူးရအောင်၊ လိုချင်သောဆုများ တောင်းရအောင်။

မယ်ဖော့ သွားရာနောက်သို့ ခြေကျင်တစ်လှည့်၊ ကုန်းကြောင်းတစ်လှည့် လိုက်ရပြန်သည်။ လမ်းဖြောင့်ဖြောင့်ကြီးအတိုင်း လျှောက်သွားကြစဉ် ဇာတ်နှင့် အငြိမ့်ကြော်ငြာများ၊ ဆိုင်းနှင့် ဘိသိက်ကြော်ငြာများကို မော့ကြည့်ကြသည်။ သူငယ်ငယ်က ကြားဖူးခဲ့သော 'လှကလေးစိန်' ကို ထိုးမုန့်ဆိုင်အဖြစ် တွေ့ရသဖြင့် တအံ့တဩဖြစ်ကာ မယ်ဖော့ကို လက်တို့ပြသည်။

ဆိုင်းဘုတ်ကို မော့ဖတ်နေစဉ် အသားညိုညို ပိန်ကပ်ကပ် လူတစ်ယောက်က ကိုဘိုကေ၏နောက်ကျောကို လှမ်းပုတ်သည်။ ကိုဘိုကေသာမက မယ်ဖော့ပါ လန့်သွားသည်။ ကိုဘိုကေ အဆဲမျိုးစုံဖြင့် ယောင်ယမ်းနေစဉ် ထိုလူက တဟားဟားရယ်သည်။ လှည့်ကြည့်လိုက်သော်…

"ဟာ သံလုံး"

"မင်းကို မတွေ့တာလည်း ကြာပြီ။ မစရတာလည်း ကြာပြီ။ မင်းတို့လင်မယားကို လက်ဖက်ရည်ဆိုင်ထဲကနေ လှမ်းမြင်လိုက်လို့ ပြေးလာတာ။ မန္တလေးကို မလာစဖူး ဘာလာလုပ်တာလဲ"

ကိုဘိုကေ ခေါင်းကို တဗျင်းဗျင်းကုတ်ရင်း

"မပြောချင်ပါဘူး၊ ဘုရားပွဲဝင်းခင်းမှာမို့၊ အမတ်အဝတ်လာငှား တာ၊ ငွေမလောက်လို့ မရခဲ့ဘူး"

"အေး... ဟုတ်သားပဲ။ ဆုတောင်းပြည့်ဘုရားပွဲတော်နီးပြီ။ လပြည့် နေ့နော်။ မင်းတို့က အမတ်တစ်ခုတည်းလား။ အတော်များများ လိုချင် တာလား"

"တခြားလူတွေက ငှားပြီးကြပါပြီ။ ရှင့်သူငယ်ချင်းက အမတ်လုပ် ချင်လို့တဲ့။ အဲဒါ ငွေကလည်း..."

"တစ်ခုတည်းဆိုရင် မပူပါနဲ့ဟာ၊ ငါ့မှာရှိတယ်။ ငါတို့ဇာတ်ဆရာ အိမ်က ဒီနားလေးမှာ၊ ငါပြောရင် ရတယ်။ ငါနဲ့ လိုက်ယူ"

သိကြားမင်းနှင့် တွေ့သလိုကို ကိုဘိုကေတို့ လင်မယားသည် ထခုန်လုမတတ် ဝမ်းသာကြသည်။

သံလုံးခေါ်ရာနောက်သို့ မြေကြီးခြေမထိ လိုက်သွားကြသည်။ ဇာတ်ဆရာ ဦးမျိုးသန့်က အလွန်သဘောကောင်းပါသည်။ ယူသွားကြ ပါဟု ခွင့်ပြုသည်။ မယ်ဖော့က ပိုက်ဆံပေးသော်လည်း ဖွတ်ခေါင်းခါ သည်။ သံလုံး ဇာတ်သေတ္တာထဲမှ အမတ်ဝတ်စုံထုတ်လာသည်။

"အို... အသစ်စက်စက်ကြီးပါလား။ ကတ္တီပါအင်္ကျီကြီးက ရဲနေ တာပဲ။ တောင်ရှည်ပုဆိုးက အဆင်လှလိုက်တာ၊ အမတ်ဦးထုပ်ကြီးက ဖိတ်ဖိတ်တောက်လို့။ စလွယ်တို့၊ ခြေနင်းတို့က ဘော်ကြယ်ရောင်စုံနဲ့ ထိရက်စရာမရှိဘူး။ ငှားသွားရမှာတောင် အားနာပါရဲ့"

သံလုံးက ထင်းရှူးသေတ္တာအသေးလေးထဲကို အသေအချာ ထည့်

ဆေးသည်။ သံလုံးနှင့် ဦးမျိုးသန့်ကို ကျေးဇူးတင်စကား အထပ်ထပ် ပြော၍ ပျော်ရွှင်ကြည်နူးစွာ ထွက်လာကြသည်။ မဟာမုနိဘုရားကြီးကို ခပ်မြန်မြန်ဖူးပြီး ကားဂိတ်သို့ ခပ်သုတ်သုတ်သွားသည်။

အိမ်ပြန်ရောက်သော် ညနေစောင်းပြီ။ ယခုတိုင် နံနက်စာ မစား ရသေး။ သို့သော် ဝမ်းထဲတွင် ပီတိများဖြင့် ပြည့်နေသဖြင့် ဆာလည်း မဆာ၊ စားဖို့လည်း သတိမရ။

*

ဆုတောင်းပြည့်ဘုရားပွဲသည် နေကျဲကျဲအောက်တွင် စည်ကား လှ၏။ ဘုရားပတ်ပတ်လည်ရှိ သစ်ပင်ရိပ်အောက်တွင် လူများ ပြုံခဲနေ သည်။ ကလေးရုပ်ရှင်မှ လူခေါ်သံနှင့် ဗွီဒီယိုရုံမှ လူခေါ်သံသည် သောသောညံလျက် ရှိ၏။ ရုပ်သေးအဖွဲ့နှင့် မျက်လှည့်အဖွဲ့ကလည်း အားကျမခံ အော်ခေါ်သည်။ ဓာတ်ပုံဆိုင်သည် ဆူညံမှုအနည်းဆုံးနှင့် လူအများဆုံးဖြစ်သည်။

အပျိုမလေးများက ရဟတ်စီးချင်၍ ကလေးများက ချားစီးချင် သည်။ ကာလသားများက ဘောလုံးပစ်သောနေရာတွင် ကြိတ်ကြိတ်တိုး လျက်ရှိ၏။ တင်းပုတ်အားလုံးကျအောင် တစ်ချက်တည်းနှင့် ဘောလုံး ပစ်နိုင်လျှင် ဒူးယားတစ်ဘူးဟု ရေးထားသော်လည်း ဘယ်သူမှ ဒူးယား ဘူး မရသေးပေ။

မုန့်ဟင်းခါးဆိုင်၊ ခေါက်ဆွဲဆိုင်၊ အကြော်ဆိုင်နှင့် လက်ဖက်ရည် ဆိုင်ရှေ့တွင် ဖြတ်လျှောက်သူက များနေသည်။ ကရေကရာဆိုင်၊ မုန့် လင်မယားဆိုင်နှင့် ဘိန်းမုန့်ဆိုင်ရှေ့တွင် ထိုင်စောင့်နေသူ အသင့်အတင့် ရှိသည်။

နို့အေးချောင်းသည်သည် ကလိုင်ကို အဆက်မပြတ်ခေါက်ရင်း

ဈေးဝယ်မျှော်နေသည်။ ကောက်ညှင်းကျည်တောက်သည်က "ဒီနား ချရောင်းပါရစေ" ဟု မုန့်လေပွေသည်ကို ပြောနေစဉ် ပြောင်းဖူးဖုတ်သည်က "သူဦးပြီးသား" ဟု ဝင်ပြောကာ စကားများကြသည်။ အိုးပုတ်သည်လေးမှာ ကြောက်နေရှာသော်လည်း ပူဖောင်းသည်က သူနှင့်မဆိုင်သဖြင့် တစ်ဖက်လှည့်ကာ ပီပီမှုတ်နေသည်။ စိပ်ပုတီးရောင်းသူက လာရောက်ဖျန်ဖြေပေးသည်။

ဓားနှင့် ကတ်ကြေးရောင်းသော ဆိုင်အနီးတွင်လည်း ကာလသား တစ်စု ရန်ဖြစ်နေသဖြင့် ဘုရားလူကြီးများ အပြေးအလွှားရောက်လာသည်။ ပလတ်စတစ်သေနတ်ရောင်းသော ဆိုင်ရှေ့တွင်မူ ကလေးအဖေ တစ်ဦးက ငိုယိုနေသော ကလေးငယ်ကို ချော့မော့ခေါ်နေသည်။

ဓာတ်မပါသည်မှလွဲ၍ ဘုရားပွဲသည် ယခင်နှစ်များနှယ် စည်ကားသည်။ ဘုရားပွဲခင်းမှ ဖုန်လုံးကြီးသည် အထက်သို့ လုံးတက်သည်။ ပွဲခင်းတွင် လူများပြည့်နေသော်လည်း ပွဲခင်းသို့ လူများစွာလာဆဲပင်။

ပွဲခင်းထဲတွင် လူစည်သလို ကိုဘိုကေတို့အိမ်လေးထဲမှာလည်း လူစည်သည်။ မယ်ဖော့နှင့်အတူ မခင်စန်း၊ ညိုညို၊ မြင့်မြင့်တို့သည် ကိုဘိုကေကို ဝိုင်းဝန်းပြင်ဆင်ပေးသည်။ မယ်ဖော့၏ သားသမီးများက သူ့အဖေကို အထူးအဆန်းသဖွယ် ပါးစပ်အဟောင်းသားနှင့် ကြည့်နေသည်။

ဘကြီးဦးစောက "မပြီးသေးဘူးလား၊ မြန်မြန်လုပ်ဟ" ဟုပြော၍ အိမ်ပေါ်တက်လာသည်။ မယ်ဖော့က "တောင်ရှည်ပုဆိုး မဝတ်တတ်လို့ လုပ်ပါဦး" ဟု အကူအညီတောင်းသည်။

ဘကြီး ဦးစောသည် "အမတ်လည်း လုပ်ချင်သေး၊ တောင်ရှည်ပုဆိုးလည်း မဝတ်တတ်ဘူး" ဟု မြည်တွန်တောက်တီးရင်း ဝတ်ပေးသည်။ မယ်ဖော့က အပြီးသတ်အဖြစ် စလွယ်ယူ၍ စွပ်ပေးလိုက်သော်

ကလေးများက "ဝေး" ဟု ငြာသံပေး၍ လက်ခုပ်လက်ဝါး တီးကြသည်။ ကိုဘိုကေသည် ရှက်ရှက်ဖြင့် တဟီးဟီးရယ်သော် ပုခက်ထဲမှ နို့စို့ကလေးငယ်လည်း လန့်ငိုသည်။ မယ်ဖော့သည် ကလေးကို ကောက်ချီ၍ နို့လှန်တိုက်သည်။

"မျက်နှာပြောင်ကြီးနဲ့ မကောင်းသေးပါဘူး။ ပေါင်ဒါရှိရင် ပေးစမ်း" ဟု ဒေါ်လှကြည်က တောင်းသည်။ နွဲ့နွဲ့ကြည်သည် သူ့အိမ်သို့ ခြေမြန်လက်မြန်ပြေး၍ ဘူးတစ်ဘူး ယူလာသည်။ ကြည်ကြည်မြင့်က စွပ်ကျယ်အကျီစုတ်ဖြင့် တို့ကာ ကိုဘိုကေ၏ မျက်နှာပေါ် တဖုန်းဖုန်း ရိုက်သည်။

ဒေါ်လှကြည်က နှာခေါင်းကို ရှုံ့ပွရှုံ့ပွလုပ်ပြီး ဟန့်တားသည်။

"ဟဲ့… ဟဲ့၊ ဒါက ဝိုင်အိုလက်ပေါင်ဒါနံ့ပဲ။ ကလေးငယ်တွေ သုံးတာဟဲ့။ လူကြီးမသုံးဘူး"

"အိမ်မှာလည်း ဒါပဲရှိတယ်"

"အေးလေ၊ တို့ငယ်ငယ်က ဆန်မှုန့်တောင် သုံးရသေးတယ်။ ဖြူရင် ပြီးရောပေါ့"

မည်းပြောင်သော အသားပေါ်တွင် ပေါင်ဒါဖွေးနေသော ကိုဘိုကေကိုကြည့်၍ သူ့သားအငယ်ကောင် တာတေက "အမတ်က အခြောက်ကြီး" ဟုအော်သဖြင့် ဝါးခနဲ ရယ်ကြသေးသည်။ မယ်ဖော့က တာတေ၏ ပေါင်တွင်းကြောကို ဆွဲလိမ်ရင်း "ကိုယ့်အဖေကို မပြောရဘူး၊ ငရဲကြီးတတ်တယ်တဲ့" ဟု ဟန့်လိုက်သည်။

ဘကြီး ဦးစောက မတ်တတ်ထ၍…

"ကဲ… ကဲ ပြီးပြီမဟုတ်လား၊ သွားကြရအောင်၊ ဝင်းခင်းဖို့ အချိန်နီးပြီ။ ဘိုကေကို ငါခေါ်သွားမယ်၊ နင်တို့မိန်းမတွေ ပြင်ဆင်ပြီး နောက်က လိုက်ခဲ့ကြ"

ဘကြီးဦးစောနှင့် ကိုဘိုကေနောက်သို့ ကလေးများ ခုန်ပေါက်ပြေးဆင်းလိုက်သွားကြသည်။ မယ်ဖော့ ကြောင်ချေးရုပ်မှာ ရေမချိုး၊ သနပ်ခါးမလိမ်းရသေး။ ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာ ထွက်ခွာသွားတော်မူသော လင်တော်မောင်ကို ကလေးနို့တိုက်ရင်း မျက်စိတစ်ဆုံး လှမ်းကြည့်နေရှာသည်။

*

ရှာသား စိန်ဒိုးပုံအဖွဲ့မှ စည်တော်ကြီးတီးသော် မင်းခမ်းမင်းနားဟန် ပြိုးပြိုးပြက်ပြက် ဝတ်ဆင်ထားသူများသည် ဘုရားဝိုင်းထဲတွင် စတင်ထွက်သည်။ လမ်းဘေးဝဲယာတွင် စုပြုံကြည့်နေသူများဖြင့် ကျပ်ခဲလျက်ရှိသည်။ ရှေ့ဆုံးမှ မင်းနှင့် မိဖုရားသည်လည်းကောင်း၊ နောက်မှ အိမ်ရှေ့မင်းသားနှင့် ကြင်ရာတော်သည်လည်းကောင်း ပျိုမျစ်သော ကျောင်းသူလေးများဖြစ်၍ လှပချောမောကြသည်။

"ဘုရင်က ခင်ဝင်းစိန်မဟုတ်လား၊ မိဖုရားက စုစုခင်ဟဲ့"

"နောက်နှစ်ယောက်က ခင်နှင်းစိန်နဲ့ အေးမြင့်စိန်တော့"

"အပြောင်စအဝါလေးနဲ့ သိပ်လိုက်တာပဲနော်။ ငါလည်း အပြောင်စ ဝယ်ဦးမယ်"

"ဗန္ဓုလလုပ်တဲ့ ကိုမောင်စန်းက နှုတ်ခမ်းမွေးအတုကြီးနဲ့၊ ဟောဟော ညည်းကို ရယ်ပြနေတယ်"

"ညည်းလင်၊ ညည်းကို ကြည့်တာပါ။ ငါ့အဆက်က မောင်ဌေးဟဲ့။ နောက်မှာကြည့်စမ်း၊ ပုဏ္ဏားတော်အဝတ်နဲ့ ဘယ်လောက်လှလဲ"

"အေးဟယ် မောင်မျိုးနဲ့ မောင်ဌေး ညီအစ်ကိုက ပုဏ္ဏားနဲ့ သိပ်တူတာပဲနော်"

ပရိသတ်သည် တစ်ယောက်တစ်ပေါက် ဆူညံစွာ ပြောဆိုကြ

သည်။ အမတ်ကြီးလေးပါးတွင် အရပ်ထောင်ထောင်မောင်းမောင်းနှင့် အတောက်ပြောင်ဆုံး၊ အကောင်းဆုံး ဝတ်ဆင်ထားသူကို စိုက်ကြည့်ပြီး နှုတ်ခမ်းများစွာမှ အံ့ဩသံများ တညီတညွတ်တည်း ထွက်လာသည်။

"ကိုဘိုကေကြီးဟ၊ ကိုဘိုကေကြီး"

"အေးဟေ့ ရေထမ်းတဲ့ ကိုဘိုကေကြီးက အမတ်ဖြစ်တော့ မှတ်တောင် မမှတ်မိဘူး"

"ဗျို့… သက်တော်ရှည် အမတ်ကြီး ဦးဘိုကေ၊ ဒီဘက်လှည့်ပါဦး"

ကလေးများ လှုပ်လှုပ်ရွရွဖြစ်လာသည်။ ရဲတင်းသော ကလေးတစ်ဦးက ရှေ့ကိုတိုး၍ ကိုဘိုကေ၏ခါးကို တို့သည်။

"ဟဲ့… သောက်ခွေး နင့်အမေ…"

အဆဲမျိုးစုံဖြင့် ယောင်နေသော အမတ်ကြီးကြောင့် ဝါးခနဲ ပွဲကျကြသည်။ ရှေ့မှ ဟန်ပါပါလျှောက်နေသော ဘုရင်နှင့် မိဖုရားသည်ပင် နောက်လှည့်ကြည့်၍ ပြုံးသည်။

ပျော်ရွှင်တတ်သော ကာလသားတစ်ဦး "ကိုဘိုကေ ထိုင်ထ၊ ထိုင်ထ" ဟုအော်၍ ထိုင်ထလုပ်ပြသည်။ ထိုလူလုပ်သလိုပင် ကိုဘိုကေလည်း ထိုင်ထလိုက်လုပ်သည်။ အတန်းကြီး တန့်နေသည်။ ကြည့်နေသူများမှာ ပတ်တုတ်မရအောင် တဝါးဝါး တဟားဟား ရယ်ကြသည်။ ဘုရင်၊ မိဖုရားနှင့် အိမ်ရှေ့မင်းသားသည်ပင် ရာဇဏ္ဍေအပွန်းခံ၍ လိုက်ရယ်ကြသည်။

"ဟေ့… ရှေ့က သွားကြလေ သွားကြ၊ ဘာလို့ ရယ်နေတာလဲ"

ဟု မျက်စိမှုန်သော ဘုရားလူကြီး ဦးအောင်ကျော်သည် အလံတော့ယမ်းရင်း ရှေ့သို့ပြေးလာမှ ထိုကာလသားသည် ထိုင်ထအလုပ်ရပ်၏။ ထိုအခါမှ ကိုဘိုကေလည်း ရပ်လို့ရသည်။ ကိုဘိုကေ၏နားထင်နှင့်

နဖူးမှ ချွေးစီးကြောင်းများသည် မျက်နှာပေါ်မှ ပေါင်ဒါများကို တိုက်စားစီးဆင်းနေသည်။

ဆက်လက်လျှောက်လှမ်းလာသော်လည်း ကလေးတစ်သိုက်သည် အလွန်ရယ်ရသော ကိုဘိုကေ၏နံဘေးမှ မခွာတော့ပေ။ ဘုရားလူကြီးများအလစ်ကို စောင့်နေသော ကလေးတစ်ဦးသည် လစ်သည်နှင့် ရှေ့ကိုတိုးလာကာ "ကိုဘိုကေ... က... က..."ဟု ပြော၍ ခုန်ပေါက်ကရင်း လျှောက်သည်။

ထိုင်ထလုပ်ပြီးလို့ အမောမှမပြေးသေးမီ ကိုဘိုကေသည် လမ်းလျှောက်ရင်း ယောင်ယမ်းကပြရပြန်သည်။

လူတွေ တဝါးဝါး တဟားဟားဖြစ်နေရာသို့ မယ်ဖော့သည် ကလေးချီလျက် အပြေးရောက်လာသည်။ အမီလိုက်ရသဖြင့် အပေါ်အင်္ကျီကြယ်သီး တွယ်လို့မပြီးသေး။ မျက်နှာက သနပ်ခါးမခြောက်သေး။ လူအုပ်ထဲ တိုးဝင်ကြည့်သော် အမတ်ဝတ်ဖြင့် ကနေသော ကိုဘိုကေကို မြင်ပြီး သူလည်း မရယ်ဘဲ မနေနိုင်။ အင်္ကျီမနိုင်၊ ပုဆိုးမနိုင် ဗရချာရမ်းနေသော ကိုဘိုကေအနားသို့ တိုးဝင်သည်။

"တော်ပါတော့ဟဲ့၊ ငါ့လင် မောနေပြီ" ဟုပြောကာ ခုန်ပေါက်ကနေသော ကလေးကို အရပ်ခိုင်းမှ ကိုဘိုကေလည်း အကရပ်သည်။ ဘယ်သူမှ မနောက်မပြောင်ရအောင် မယ်ဖော့သည် ကိုဘိုကေနံဘေးမှ ကပ်လိုက်သည်။ ချွေးသံရွှဲနစ်နေသော လင်တော်မောင် အမတ်မင်းကို ယပ်ခတ်ပေးသည်။ ကလေးများကပ်လာလျှင် မောင်းထုတ်သည်။ ယခုမှ ကိုဘိုကေသည် အရွဲ့အစောင်းများ ပြန်တည့်မတ်ကာ အမတ်မင်းသိက္ခာအပြည့်သွင်း၍ စိတ်ချလက်ချ လျှောက်လှမ်းနိုင်တော့သည်။

ကလေးများသည် မယ်ဖော့ကြောင့် ကိုဘိုကေကို မစရသော် ထိုအနားမှခွာ၍ နောက်ဆုံးရှိ အိုးစည်ဒိုးပတ်ဝိုင်းသို့ သွားကာ ဦးရွှေရိုး

ာနေသူကို စကြ၏။

သူတို့ရပ်ကွက်မှလွန်၍ တခြားရပ်ကွက်သို့ ရောက်သော ကိုဘိုကေကို ရေထမ်းသမားအဖြစ် သိသူရှားလေ၏။ ယောင်တတ်သော အကျင့်ကိုလည်း မသိကြပေ။ ထို့ကြောင့် မင်မောင်းကောင်းသော၊ အသစ်လွင် အတောက်ပဆုံး ဝတ်ဆင်ထားသော ကိုဘိုကေကို အမတ်ကြီးအဖြစ် အာရုံစိုက်ကြည့်ကြသည်။ ခံ့ညားတည်တံ့မှုကိုလည်း နှုတ်မှ ထုတ်ဖော်ပြောကြသည်။ အဘွားအိုတစ်ဦးမှာ လက်အုပ်ပင် ချီတော့မယောင်ယောင်။

တခြားလူမဆိုထားဘိ၊ မယ်ဖော့သည်ပင် ကိုဘိုကေကို ကိုဘိုကေဟုမမြင်၊ အမတ်မင်းအဖြစ်သာ မြင်၏။ ထို့အတူ သူ့ကိုယ်သူလည်း မယ်ဖော့ဟုမထင်။

အမတ်ကတော် စျာန်ဝင်နေသဖြင့် ခါးထစ်ခွချီထားသော ကလေးငယ် ရှုရှုံးပန်းနေသည်ကိုပင် မယ်ဖော့ မသိရှာ။

*

ရပ်ကွက်သုံးရပ်ကွက်ကို ပတ်ပြီး ဘုရားဝိုင်းထဲ ပြန်ရောက်မှ သောင်းညာမှန်း၊ မောပန်းမှန်း သိကြသည်။ ဓမ္မာရုံထဲတွင် အချိုရည်၊ အအေးရည်များ တိုက်သည်။ ဝမ်းခင်းသဘင် အောင်မြင်စွာပြီးဆုံးပြီမို့ ကိုဘိုကေနှင့် မယ်ဖော့သည် ဓမ္မာရုံထဲမှ ဆင်းလာကြသည်။

ကိုဘိုကေသည် အိမ်မြန်မြန်ပြန်၍ အဝတ်များ ချွတ်ချင်နေပြီ။ အပြင်ပန်းမှာ ဟန်လုပ်နေရသော်လည်း အတွင်း၌ပူလောင်လျက်ရှိသည်။ အကျီဝတ်လေ့မရှိသော ကိုဘိုကေအတွက် ကတ္တီပါအကျီရှည်က လေးလံလွန်းသည်။ အမတ်အကျီပွပွသည် သူ့ကို အနေရကျပ်စေသည်။

သို့သော် မယ်ဖော့က “မပြန်နဲ့ဦး၊ ကလေးတွေ လိုက်ရှာဦးမယ်။

ဒီနားက စောင့်နေ၊ ဘယ်မှမသွားနဲ့" ဟု အမိန့်တော်ထုတ်သဖြင့် ဓမ္မာရုံအောက်တွင် ငုတ်တုတ်ကလေး ထိုင်နေရှာသည်။

"မယ်ဖော့နှယ် ကြာလိုက်တာနော်... လာခဲလိုက်တာ" ဟု ညည်းညူရင်း စိတ်အိုက် လူအိုက်မို့ အင်္ကျီချွတ်ရန် ပြင်နေစဉ် မယ်ဖော့နှင့်ကလေးတစ်သိုက်သည် ဘုရားကျောင်းဝင်းထဲ ဝင်လာသည်။ မယ်ဖော့နောက်မှ သားနှစ်ယောက်သည် ဗန္ဓုလဦးထုပ်ကိုယ်စီနှင့်၊ ဝါးဓားရှည်တယမ်းယမ်းနှင့် ဆော့ရင်း လိုက်ပါလာသည်။ သမီးလေးက ခေါင်းပေါ်မှ စည်းပုံကိုထိန်းရင်း နောက်ဆုံးမှ အမီလိုက်သည်။

"ကြာလိုက်တာကွာ၊ ကဲ... အိမ်ပြန်ကြစို့၊ အဝတ်လဲ စားသောက်ပြီးမှ တစ်ခေါက်ပြန်လာရအောင်"

"တော့်သားသမီးတွေ ရှာဖွေပြီး ဝယ်ခြမ်းနေရတာ၊ ကြာမှာပေါ့"

"ဦးထုပ်တွေ၊ ဓားတွေ ဘာလုပ်ဖို့လဲကွာ၊ ငွေကုန်အောင်လို့"

"ဓာတ်ပုံရိုက်ဖို့တော့၊ ဓာတ်ပုံဆရာ ခေါ်လာခဲ့ပြီ။ အေးအေးခိုင်နဲ့ အေးအေးသန့်ကို ရိုက်ပြီးရင် လာခဲ့မယ်တဲ့"

"အပိုတွေကုန်အောင်လို့ မယ်ဖော့ရယ်"

"ကုန်ကုန် ဘာဖြစ်လဲ၊ တစ်ပုံမှ ၁၃ ကျပ်၊ ဆေးရောင်စုံနဲ့တဲ့၊ ဘောင်သွင်းပြီး အိမ်မှာချိတ်ထားလိုက်မယ်"

မယ်ဖော့သည် သူ့လက်ထဲမှ ကလေးကို သမီးအငယ်မထံ ကမ်းပေးလိုက်သည်။ အငယ်မက ကလေးကိုချီပြီး ပူဖောင်းသည်အနီးသို့ သွားသည်။ သားနှစ်ယောက်က 'အီး၊ အား' အော်၍ ဓားခုတ်တမ်းကစားနေသည်။

မယ်ဖော့သည် ကိုဘိုကေရှေ့မှာ ဆောင့်ကြောင့်ထိုင်၍...

"ဘယ်လိုလဲ ကိုဘိုကေ၊ အမတ်လုပ်ရတဲ့အရသာလေး ပြောစမ်းပါဦး၊ ပျော်ရဲ့လားဟင်"

"ပျော်တော့ ပျော်ပါတယ်ဟာ၊ ဒါပေမဲ့ ပူစပ်ပူလောင်ကြီး"

"အိုတော်… ပျော်တယ်ဆို ပြီးတာပဲပေါ့။ အမြဲမဖြစ်ချင်ဘူးလား ဟင်"

သမီးရည်းစားဘဝကနှယ် သူတို့နှစ်ယောက်သည် ခေါင်းချင်းဆိုင်၍ တွတ်ထိုးသည်။

"မယ်ဖော့ရယ် ငါရှူးသလို နင်လည်းရှူးပြီ"

"ကျုပ်မရူးပါဘူး၊ ကျုပ်ပြောချင်တဲ့အမတ်က ထောင်မတ်နေတဲ့အမတ်၊ ကျုပ်တို့က လဲနေတဲ့လူ၊ အလဲ၊ လဲလို့နိမ့်တယ်၊ နိမ့်လို့ ငတ်တယ်၊ မတ်ရင် ထောင်မယ်။ ထောင်မှ မြင့်မယ်၊ မြင့်မှ မငတ်မှာပေါ့။ ကျုပ်ပြောတာ ရှင်းရှင်းလေးပဲ ရှင်နားလည်မဟုတ်လား"

ကိုဘိုကေက မယ်ဖော့ကို တအံ့တဩကြည့်သည်။ စကားအထူးအဆန်းများအပေါ် မှင်တက်မိနေသည်။

"ကျုပ်ဟာ ဂုဏ်ပကာသနမက်မောလို့၊ ရွှေဝတ်ချင်လို့၊ စိန်ဆွဲချင်လို့ ဒီစကားကို ပြောတာမဟုတ်ပါဘူး။ ထောင်မတ်တဲ့ဘဝကို လူတိုင်းနှစ်သက်တယ်။ အောက်ကျို့နေရတာ အလွန်စိတ်ဆင်းရဲပါတယ် ကိုဘိုကေရယ်။ လဲနေတဲ့လူကို ဖိထောင်းချင်ကြတယ်။ ဒါကြောင့် အမတ် မဖြစ်ချင်ဘူးလားလို့မေးတာ။ ဒီလိုအဝတ်အစားကြီးနဲ့ ပွဲထဲက အမတ် မဟုတ်ဘူးနော်။ ထောင်မတ်နေတဲ့ဘဝကို ပြောတာ"

"အေးပါဟာ၊ ငါနားလည်ပါတယ်။ အမတ်ကြီး၊ အဲ… အဲ… ထောင်မတ်နေတဲ့ဘဝကို ရောက်ချင်ပါတယ်ဟာ၊ ခဏလေးမတ်ရတာတောင် အတော်ကြည်နူးစရာကောင်းတယ်"

"အတုမှာ ဒီလောက်ကြည်နူးရရင် အစစ်ဆို ပိုပြီးကြည်နူးမှာပေါ့။ အခု ကျုပ်တို့မှာ ကလေး လေးယောက် ရနေပြီ။ ဒီလောက်ဆိုတော်ပြီ။ ကျုပ်ဖြင့် ဗိုက်နဲ့လူနဲ့ ပြတ်တယ်မရှိဘူး။ ကျုပ်လည်း အလုပ်လုပ်မယ်။

တစ်ယောက်တည်းလုပ်လို့ မမတ်ရင် နှစ်ယောက်လုပ်ရမှာပေါ့။ အလုပ်တစ်ခုတည်းနဲ့ မမတ်သေးရင် နှစ်ခုလုပ်မယ်"

ကိုဘိုကေ၏ ခပ်ယို့ယို့ ကိုယ်ခန္ဓာသည် ဆတ်ခနဲ မတ်လာသည်။ မျက်နှာထားတည်တံ့စွာဖြင့်...

"ဟုတ်တယ်၊ ငါက အငတ်၊ မင်းက အငတ်ကတော်၊ အဲ... ဒီဘဝကနေ ငါက အမတ်၊ မင်းက အမတ်ကတော်ဖြစ်ရမယ်။ ထောင်မတ်တဲ့ဘဝရောက်အောင် ငါတို့ အလုပ်အများကြီး လုပ်ကြမယ်၊ ငါတို့ကြိုးစားကြမယ်"

"ဟော... ဓာတ်ပုံဆရာလာပြီ၊ သားတို့သမီးတို့ လာကြဟေ့"

ကိုဘိုကေနှင့် မယ်ဖော့ ပြိုင်တူထရပ်ကြသည်။ ကလေးများ ခုန်ပေါက်ရောက်လာသည်။ ကိုဘိုကေက ကတ္တီပါအင်္ကျီဆွဲဆန့်၊ တောင်ရှည်ပုဆိုးကို လက်ဖြင့်သပ်နေစဉ် မယ်ဖော့က ကလေးများကို ပြင်ဆင်ပေးနေသည်။

ပြီးသော် ဓာတ်ပုံရိုက်ရန် တန်းစီကြသည်။

အမတ်မင်း၏ ညာဘက်တွင် အမတ်ကတော်၊ အမတ်ကတော် လက်ထဲတွင် သမီးတော်ကလေး။ ရှေ့မှာ ဗန္ဒုလသေးသေးလေးနှစ်ယောက်၊ ဓားရှည်ကိုယ်စီကိုင်၍ ခြေကားထားသည်။ စည်းပုံဆောင်းထားသော သမီးတော်ကြီးက ရှေ့ဆုံးမှာ ပုဆစ်တုပ်ထိုင်လျက်...

ဓာတ်ပုံဆရာက "ရိုက်မယ်၊ အားလုံးပြုံးပါ" ဟုသတိပေး၍ ခလုတ်အနှိပ်၊

သူတို့က အပြုံး။

အလင်းရောင်က အလက်...။

မဟေသီမဂ္ဂဇင်း၊ မတ်၊ ၁၉၈၉

❑

# ပန်းနွယ်ကာစိမ်း

- ဂျူဇော် -

ကံကြမ္မာအလှည့်အပြောင်းဆိုတာ စိတ်ကူးစိတ်သန်းထက် ပိုပြီးဆန်းကြယ်လေရော့သလား။ 'ကိုကျည်းမောင်' ဘဝမှာ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက် အလှည့်အပြောင်းတွေက သူ ဘယ်တုန်းကမှ ထင်မှတ်မထားခဲ့တာတွေချည်း၊ တွေးတောမျှော်လင့်မထားခဲ့တာတွေချည်း။ အတိတ်ကအဖြစ်အပျက်တွေ ပြန်စဉ်းစားကြည့်တော့လည်း မျှော်လင့်ထင်မှတ်မထားခဲ့တာတွေ။ အနာဂတ်မှာ မည်သို့မည်ပုံ ဖြစ်လာဦးမည် မသိ။

ယခုပစ္စုပ္ပန်ဆတ်ဆတ်မှာတော့ အဖြစ်အပျက်က အိပ်မက်ဆန်လှသည်။

ကိုကျည်းမောင် ကျောက်ပတ်တီး စည်းထားသည့် သူ့ခြေထောက်ကြီးကိုကြည့်ပြီး စိတ်အပျက်ကြီး ပျက်နေတော့၏။

သည်အဖြစ်အပျက် ကြမ္မာဆိုးက မနေ့ညကစ၍ မြစ်ဖျားခံလာခဲ့သည်ဟု ပြောလို့လည်းရသည်။

မနေ့ညက ကိုကျည်းမောင်တို့ရွာမှာ မင်္ဂလာဆောင်တစ်ခုရှိသည်။ ရွာထုံးစံ နက်ဖြန်မင်္ဂလာဆောင်ဆိုလျှင် သည်ကနေ့ နေ့လယ်ကတည်းက

အသံချဲ့စက်ဖွင့်သည်။ လော်စပီကာကြီးကို နီးရာ သစ်ပင်ထိပ်ဖျားမှာ တင်ပြီး တစ်ရွာလုံးသာမက ပတ်ဝန်းကျင်ရွာတွေပါ ကြားအောင် ဖွင့်သည်။ တွံတေးသိန်းတန်၊ ဟသံာတထွန်းရင်၊ သန်းထွန်းလေး စသည့် အသံပြည် အသံစူးသော အဆိုတော်များ၏ ဓာတ်ပြားသီချင်းများကို သူတို့ အလွန်ကြိုက်ကြလေသည်။

ညနေပိုင်းကျ ထွေးညိုတို့၊ တောကရွှေစည့်သည်တို့၊ စိုးမိုးမေတ္တာတို့ စသည့် ငါးပြားတွဲ ပြဇာတ်များကို ဖွင့်သည်။ ရက်ပေါင်းများစွာ၊ လပေါင်းများစွာ ခဏခဏကြားနေရတော့ သီချင်းတွေလည်း အလွတ်ရ၊ ပြဇာတ်စာသားတွေလည်း အလွတ်ရကုန်ကြပြီ။ "သာဒင်ကို ဘာထင်သလဲ" တို့၊ "ကိုသိန်းတန် ကိုသိန်းတန် စိုး သင်္ဘောပေါ် တက်ခဲ့မယ်နော်" တို့၊ "ကြာကူလီသစ္စာဖောက် ဘခက်" ဟု အောင်ဘော်ကြိမ်းကြိမ်းတာတို့ကို ကလေးများပင် ပါးစပ်ပြဇာတ် ခင်းနိုင်ကြပြီ။

ညပိုင်းကျတော့ လူကြီးများအတွက် ရွှေကျီးညို ပဲခူးမြ၊ ရွှေမန်းတင်မောင်၊ ပန်တျာကြည်လင်တို့၏ ဇာတ်ထုပ်များ ဖွင့်ပေးရသည်။ တစ်ရွာလုံးသာမက ပတ်ဝန်းကျင်ရွာတွေကပါ ည လသာသာ အရသာခံပြီး နားထောင်ကြလေသည်။

ပြဿနာက အဲသည့်အချိန်မှာ စလေသည်။

ရွှေမန်းတောင်မောင်၏ "ချောတယ် လှတယ်ဆိုတာ ဘယ်လိုဟာများ ခေါ်ပါသလဲလို့ မောင်ဘုရားကို ပြောစမ်းပါ နှမတော်လေးရာ" ဟူသော နှစ်ပါးသွားသီချင်းကို နားထောင်လို့ ကောင်းနေတုန်းမှာ မင်္ဂလာဆောင်အိမ် စက်ဖွင့်သည့်နေရာသို့ ကိုကျည်းမောင် ရောက်လာ၏။ အရက်ကလေးထွေထွေဖြင့် ခြေလှမ်းတွေ သိုင်းကွက်နင်းပြီး ရောက်လာခြင်းဖြစ်၏။

"ဟေ့ စက်ဖွင့်နေတဲ့ ညီလေး၊ အဲဒီရွှေမန်းတင်မောင်ကြီးရပ်၊ တွံ

ဘားသိန်းတန်ရဲ့ ပန်းနွယ်ကစိမ်း ဖွင့်စမ်းကွာ"

"ဟာ... ကိုကျည်းမောင်၊ ခင်ဗျားမူးနေရင် အိမ်ပြန်အိပ်ဗျာ၊ ဒါ လူကြီးတွေအတွက် ဖွင့်ပေးနေတာဗျ"

"ညီလေးကလည်း လက်ပေါက်ကတ်လိုက်တာကွာ၊ ပန်းနွယ်က စိမ်းတစ်ပုဒ်ဆို တစ်ပုဒ်တည်း။ ပြီးရင် မင်း ရွှေမန်းတင်မောင်ကြီး ပြန် ဖွင့်ပေါ့ကွ၊ ခဏလေးပါနော်"

"ဟေ့ ဘယ်သူလဲကွ၊ သူများမင်္ဂလာဆောင်အိမ်လာပြီး ရမ်းနေ တာ"

ချက်ချင်းဆိုသလို သတို့သမီး၏အစ်ကို မောင်ဘွား ကာလသား များ ရောက်လာကြ၏။ ကိုကျည်းမောင်ကလည်း မူး၊ ကာလသားတွေ ကလည်း မူးဆိုတော့ လူကြီးတွေ ဖျန်ဖြေမရ။ ခွန်းကြီးခွန်းငယ်မှသည် ဆိုးကြကြိတ်ကြ ရန်ဖြစ်ကြလေတော့၏။ စာရင်းချုပ်လိုက်တော့ ကိုကျည်းမောင် တစ်ကိုယ်လုံး ဖူးရောင်ပေါက်ပြဲ၊ အညိုအမည်းစွဲလျက် တစ်ညလုံးလည်း ထိတ်တုံးနှင့် နေရလေ၏။

"အလကား... ကိုယ့်ဟာကိုယ် အသည်းကွဲတာ အရက်ဆိုင်မှာပဲ ကွဲနေပေါ့။ သူများမင်္ဂလာဆောင် အမင်္ဂလာဖြစ်အောင် လုပ်တဲ့ကောင်"

"ကိုယ့်ချက်မြှုပ်၊ ကိုယ့်ရွာအရင်းမဟုတ်တော့ ဒီလိုပဲကွ၊ ထွီ... အုတ်ကြားမြက်ပေါက်တွေ၊ ကောင်းကျိုးကို မပေးဘူး"

ကိုကျည်းမောင်ဘက်က တစ်ယောက်မျှမရှိ။ တစ်ရွာလုံးနှင့် တစ် ယောက် ဖြစ်နေသည်။ ဆဲဆို၊ ကြိမ်းမောင်းသမျှ ခံနေရသည်။

ထိတ်တုံးကြီးနှင့်ဆိုတော့ တစ်ညလုံးလည်း အိပ်မရ။ တဖြည်း ဖြည်း အမူးကပြေလာသည်။ တစ်ကိုယ်လုံးလည်း နာကျင်ကိုက်ခဲနေ သည်။ ဒေါသတွေလည်း မရှိတော့။ အမူးပြေ၊ ဒေါသပြေတော့ ဝမ်းနည်း အားငယ်စိတ်က ဝင်လာ၏။ ပဝတ္တိသား အုတ်ကြားမြက်ပေါက်တဲ့လား။

အသည်းကွဲ မူးပေနေတာတဲ့လား။

သူတို့ပြောတာလည်း မှားသည်ဟု မဆိုသာ။

*

ကိုကျည်းမောင်က သည်ရွာချက်မြုပ်၊ သည်ရွာသားစစ်စစ်မဟုတ်ပါ။ ကန်ရေသောက်၊ မြက်ခြောက်စားဟုခေါ်သော ဟိုးအနောက်ကျည်းတောရွာကလေးတစ်ရွာက ဖြစ်၏။

သည်ရွာက ဘကြီးညိုတို့အိမ်ကို သူရင်းငှားအဖြစ် ရောက်လာခါစက လူပျိုပေါက်အရွယ်ပင် မရှိတတ်သေး။ တစ်ရာသီသိမ်းလို့မှ ဇာတိရပ်ရွာ ပြန်စရာ ဆွေမျိုးညာတိ မရှိ။ ရိုးရိုးသားသားနှင့် အလုပ်ကြိုးစားသူဆိုတော့ တစ်နှစ်ပြီးတစ်နှစ် ဘကြီးညိုတို့အိမ်မှာပဲ မြဲခဲ့သည်။ သည်လိုနှင့် သည်ရွာ သောင်တင်၊ သည်ရွာမှာ ပျော်ပိုက်ပြီး သည်ရွာသားတစ်ပိုင်း ဖြစ်ခဲ့ရခြင်းတည်း။

သည်ရွာကြီးက ကိုကျည်းမောင်တို့ ဇာတိရပ်ရွာနှင့်စာလျှင် နှိုင်းယှဉ်၍မရအောင် ဖွံ့ဖြိုးဝေစည်လှသည်။ သစ်ကြီးဝါးကြီး အိမ်ကြီးအိမ်ကောင်းတွေနှင့်။ အိမ်ခြေ ၅၀၀ ကျော်သောရွာကြီး။ ရွာကို ပတ်ခွေနေသော ချောင်းနှင့် ရေတွင်း၊ ရေကန်တွေကလည်း ပြည့်လျှံချိုအေးနေသည်။ ရွာဝန်းကျင် အရပ်လေးမျက်နှာ လယ်ကွင်း၊ ကိုင်းခင်းတစ်မျှော်တစ်ခေါ်ကို သည်ရွာသားတွေပဲ ပိုင်ကြသည်။ စီးပွားရေး သောင်သာကြတော့ အလှူအတန်းပွဲလမ်းသဘင်တွေလည်း ပေါသည်။ ကိုကျည်းမောင်တို့လို ဟိုးအဝေးက ပစ္စန္တရစ်အရပ်သားတွေ သည်ရွာမှာပဲ ကူလီလုပ်ကြ၊ သူရင်းငှားလုပ်ကြ၊ ပျော်ပိုက်နေကြ။ တချို့လည်း သည်ရွာမှာပဲ အခြေကျကုန်ကြသည်။

ကိုကျည်းမောင် သူရင်းငှားလုပ်နေသည့် ဘကြီးညိုတို့အိမ်က

သိပ်ချောင်လည်လှသည် မဟုတ်ပါ။ ခိုင်းနွားတစ်ရှဉ်း၊ နွားမသားအမိ တစ်တွဲနှင့် ကိုင်းမြေ ၁၀ ဧကလောက်ပဲရှိသည်။ ဘကြီးညိုက ကျန်းမာရေးမကောင်း။ အတူနေ ဘကြီးညို၏နှမက မွေးရာပါ ကျပ်မပြည့်ရှာသူ။ အားကိုးအားထား သားယောက်ျားလေးက မပါ။ 'မြနွယ်' ဟုခေါ်သော သမီးကလေးတစ်ယောက်သာ ရှိသည်မို့ ကိုကျည်းမောင်ကို သူရင်းငှား ခေါ်ထားရသော်လည်း သူများနည်းတူ ရာသီကြေးမပေးနိုင်။

သို့သော် ကိုကျည်းမောင်က ဘကြီးညိုတို့အိမ်မှာပဲ တစ်နှစ်ပြီး တစ်နှစ် မြဲခဲ့ပါသည်။ လုပ်ခပိုပေးသည့်အိမ်တွေရှိသော်လည်း ခြံမခုန်ခဲ့။ ဘကြီးညိုတို့မိသားစုကိုပဲ သံယောဇဉ်ဖြစ်နေပြီ။ အထူးသဖြင့် မြနွယ်ပေါ့။

မြနွယ်က ကိုကျည်းမောင်နှင့် အသက်မတိမ်းမယိမ်း။ ရောက်စက ဖြူဖြူပိန်ပိန်၊ ဆံတောက်ကွေးကလေးသည် ခုတော့လည်း ရွာကာလသားတွေကြား ရေပန်းစားသည့် အပျိုချောစာရင်း ဝင်နေပြီ။ ကိုကျည်းမောင် ကိုယ်တိုင်ပင် ရောက်စကလို ပုတက်တက်၊ နံကျဲကျဲ မဟုတ်တော့ဘဲ ညိုညိုထွားထွား တကယ့်ယောက်ျားကြီး ဖြစ်နေပြီ။

"ကိုကျည်းမောင်… ထမင်းစားမယ်၊ တကတဲ ခေါ်မကြား အော်မကြား ဘာတွေများ စဉ်းစားနေတာတုံး"

ပြောင်းရိုးတွေ နွားစာစဉ်းနေရင်း အတွေးလွန်နေတော့ မြနွယ် ထမင်းစားခေါ်တာတောင် မကြားမိ။

"ဩော်… အေး… အေး၊ ဒီပြောင်းရိုးလေးကုန်အောင် စဉ်းလိုက်ဦးမယ်။ နွားမကြီးကို ပြောင်းရိုး ဖိကျွေးထားရမယ်ဟ၊ ဒီနေ့မနက် နွားနို့သာ နည်းနေတယ်။ မြနွယ် နင်များ နွားကလေး လွှတ်ပေးလိုက်သေးသလား"

မြနွယ်က မဖြေ။ ပြုံးစိစိလုပ်နေသည်။ သေချာပါပြီ။ မြနွယ်က

သည်လိုပဲ။ သနားတတ်သည်။ နွားမကြီးက နွားနို့ညှစ်နေရတာဆိုတော့ နွားကလေးနှင့် တစ်ညလုံး ခွဲချည်ထားရသည်။ မနက် နွားနို့ညှစ်ပြီးမှ နွားကလေးကို လွှတ်ပေးရသည်။ မြနွယ်က တဘောဘောအော်နေသည့် နွားကလေးအား သနားလှသည်ဆိုကာ ညည နို့စို့ရအောင် ခိုးပြီး ကြိုး ဖြေပေးတတ်၏။ မနက် နွားနို့ညှစ်တော့ ပိသာချိန်က လျော့နေပြီ။ ကိုကျည်းမောင် နွားစာကောင်းကောင်း မကျွေးလို့ဆိုပြီး အကြိမ်းအမောင်း ခံရဦးမယ်။ မိမြနွယ်က လူကြီးတွေမျက်ကွယ်မှာ ပြုံးစိစိလုပ်နေဦးမည်။

ကိုကျည်းမောင် မြနွယ်အတွက်နှင့် အကြိမ်းအမောင်းခံရတာ လည်း များလှပါပြီ။ အငြိုအငြင်ခံရတာလည်း များလှပါပြီ။ အထူးသဖြင့် မြနွယ်အမေ ဒေါ်လုံးက ကိုကျည်းမောင်ကို မျက်နှာသာ မပေးချင်။ သူ့သမီးနှင့် ကြိုက်သွားမှာ စိုးရိမ်နေသည်။ အလုပ်လုပ်ရင်းဖြစ်ဖြစ်၊ နားနေရင်းဖြစ်ဖြစ် ကိုကျည်းမောင် သီချင်းဆိုလျှင် သူ့သမီး စောင်းဆို သည်ဟုပဲ ထင်နေတော့၏။ "ထွေးညိုလေးရယ်" ဆိုလည်း မမြနွယ်။ "ပန်းနွယ်" ရေဆိုလည်း မြနွယ်။ "မောင်ကြီးချစ်တဲ့ လေးနွယ်" ဆိုလည်း မြနွယ်... သူ့သမီး မြနွယ်ကိုပဲ စောင်းဆိုသည် ထင်နေတော့၏။

တစ်ခါကလည်း ကိုကျည်းမောင် နွားစာစဉ်းရင်း သီချင်းအော်ဆို နေမိ၏။ "ချစ်တဲ့စိတ် မျိုသိပ်မရတယ်၊ ပန်းလှလှမြင် ပန်ချင်တယ်၊ ကြိုဆိုလျက်ပါ အချစ်ရယ်၊ အမေဆူရင် မောင့်ဆီပြေးခဲ့ကွယ်"

အဘွားကြီး နောက်ဖေးက ဒေါနှင့်မောနှင့် ထွက်လာ၏။

"ဟဲ့အကောင် ကျည်းမောင်၊ နင် ပါးစပ်ပိတ်ပြီး အလုပ်လုပ်စမ်း"

"ဗျာ"

အဘွားကြီး သူ့သမီးကို ဆူနေတာကို ကျည်းမောင်က မသိ။ အမေဆူရင် မောင့်ဆီပြေးခဲ့ဆိုတော့ အဘွားကြီး ဖိနပ်ချွတ်ပြီး မရိုက်တာ ပင် ကံကောင်း။

ဘကြီးညိုနှမ အရီးလေးကျတစ်မျိုး။ ကျည်းမောင်ရေ မြစိမ်းရှင်ဟော့ဆိုလျှင် ပန်တျာကြည်လင်၏ မြစိမ်းရှင် သိုက်သမိုင်းဇာတ်ထုပ်ကို အဆို၊ အငို၊ အပြောတွေဖြင့် ဟဲပေးရသည်။ "ကျွန်တော့်အပေါ်မှာ ဖခင်ကြီးရဲ့မေတ္တာ ကြီးမားရှာလှသည်" ဟု ဆွဲဆွဲငင်ငင်လေး ဟဲပေးလိုက်လျှင် အရီးလေး သဘောကျနေတော့၏။ ဒေါ်လုံးကြားလျှင် "တော်စမ်းဘုန်းကြီးရူးနဲ့ လေ့လူး" ဟု ငေါက်လေသည်။

တချို့သီချင်းတွေကတော့ အမှန်တကယ်စောင်းဆိုတာပါပဲ။ ကိုကျည်းမောင်က မွေးရာပါ ကံလေးတစ်ခုကတော့ ကောင်းသည်ဟု ဆိုရမလား။ ထူးထူးခြားခြားကို အသံကောင်းသူဖြစ်ပြီး လယ်ကွင်းထဲမှာ လော်စပီကာနှင့် အပြိုင်အော်နိုင်၊ ဆိုနိုင်သူဖြစ်၏။ ကောက်စိုက်မတွေ အများဆုံး ပွဲတောင်းခံရသူဖြစ်၏။

အစကတော့ သီချင်းတွေ ရိုးရိုးဆိုခဲ့တာပါပဲ။ ခုနောက်ပိုင်းတော့ ဘယ်သီချင်းပဲဆိုဆို မြနွယ်မျက်နှာလေးပဲ မြင်ယောင်နေသည်။ ဆိုရတာလည်း ပိုပြီးအဓိပ္ပာယ်ရှိလာသည်။ အလုပ်လုပ်ရတာလည်း ပိုပြီးအမောပြေလာသည်။ တစ်နေကုန် ဘယ်လောက်ပင်ပန်းပါစေ... မြနွယ်မျက်နှာလေး မြင်လိုက်ရလျှင် အမောပြေသည်။ မြနွယ် အသံလေးကြားလိုက်ရလျှင် လန်းဆန်းသွားသည်။ မြနွယ်တိုက်သည့်ရေ၊ မြနွယ်ပြင်ကျွေးသည့် ထမင်း စားလိုက်ရလျှင် နောက်တစ်နေ့အတွက် အားအင်အပြည့် ဖြစ်နေလေတော့၏။

ဩော်... မြနွယ် ပြင်ကျွေးသည့်ထမင်း မစားရတာ၊ မြနွယ်တိုက်သည့် ရေအေး မသောက်ရတာ နှစ်တွေကြာခဲ့ပြီကော။

*

"ဒီက နောင်ကြီး ထမင်းစားတော့မလား"

အတွေးတွေ အတိတ်နယ်ထဲ ပျံ့လွင့်နေရာမှ ပစ္စုပ္ပန်လောကထဲ ပြန်ရောက်လာ၏။ ခြံစောင့်လင်မယားကို သူ ခေါင်းယမ်းပြလိုက်သည်။ ဘာမျှ မစားချင်။ သူ ရင်တွေခံနေသည်။ သူ ရင်တွေပြည့်နေသည်။

"ခြေထောက်က နာလို့လား။ ဆေးသောက်ချိန်ရောက်ရင် တစ်ခုခု တော့ စားလိုက်ပါဗျာ"

မဆာဘူးသာ ပြောရသည်။ ကိုကျည်းမောင် ဗိုက်ထဲမှာ အစာ ဟုတ်တိပတ်တိ မရှိ။ မနေ့ညကတည်းက ဆိုပါတော့။

မနေ့ညက ထိတ်တုံးကြီးနှင့်ဆိုတော့ သူ တစ်ရေးမျှ မအိပ်ခဲ့ရ။ အရဏ်တက်၊ လင်းကြက်အတွန်မှာ သူ့ကို လွှတ်ပေးလိုက်ကြသည်။ ကိုကျည်းမောင် ဘယ်သူ့မှမတိုင်ပင်ဘဲ ဒုတိယမ္ပိ ရွာက အပြီးအပိုင် ထွက်လာခဲ့သည်။ တိုင်ပင်စရာလည်း ဆွေမျိုးရင်းချာမရှိပါ။ သူ ကပ် ရပ်နေထိုင်ခဲ့သည့် မိတ်ဆွေကလည်း ဟန်ဆောင်ပန်ဆောင်ပင် မတား။ လမ်းမှာသောက်ဖို့ဆိုပြီး ဆေးပေါ့လိပ်တစ်စည်းနှင့် ချွေးသိပ်လွှတ်လိုက် သည်။

သောက်ထားသည့်အရှိန်၊ အိပ်ရေးပျက်သည့် ဒဏ်တွေကြောင့် ခေါင်းက တဆစ်ဆစ်ထိုးကိုက်နေသည်။ တစ်ညလုံး တောင့်တောင့် ကြီး နေခဲ့ရသည့် ခြေထောက်တွေက ထုံကျင်ကိုက်ခဲ လေးလံနေသည်။ နားထဲက လေတွေထွက်၊ မျက်စိကလည်း ပြာခနဲ၊ မိုက်ခနဲဖြင့် ကတ္တရာ လမ်းပေါ် လှမ်းအတက် ကားတစ်စီး၏ ဘရိတ်အုပ်သံ၊ ကားဘီးနှင့် ကတ္တရာလမ်း ပွတ်ကြိတ်သံတို့ ထိတ်လန့်ဖွယ် ကြားလိုက်ရသည်။ သူ့ ခြေထောက်တစ်ဖက်က ကားဘီးအောက် ရောက်နေခဲ့ပြီ။

"ခင်ဗျားဗျာ... ဒီလောက်ဟွန်းတီးနေတာကို ရပ်နေလိမ့်မယ် ထင် တာ"

သည်လိုနှင့် သူ့ကို နီးရာဆေးခန်း ပို့ပေးကြသည်။ ဓာတ်မှန်ရိုက်၊ ကျောက်ပတ်တီး စီး၏။ သူတို့ ဆရာခေါ်သည့် ကားပိုင်ရှင်ပုဂ္ဂိုလ်က တော်တော်အစွမ်းထက်ပုံရသည်။ အားလုံးချောချောမောမောပင်။ ခြေသလုံးရိုး နှစ်ချောင်းစလုံး ကျိုးသတဲ့။ ၄၅ ရက်ပြည့်မှ ကျောက်ပတ်တီး ဖြည်ရမတဲ့။ တစ်ပတ်တစ်ခါ လာပြပါတဲ့။ ဆရာဝန်က ဆေးတွေ ပေးလိုက်လေသည်။

"ကဲ နောင်ကြီး၊ ဘယ်လိုက်ပို့ပေးရမလဲ ပြော၊ ကျွန်တော်တို့ အစအဆုံး တာဝန်ယူမှာပါ"

အဲသည်မှာ ခွကျတော့တာပဲ။ ထွက်လို့သာ ထွက်လာရ၊ ကိုကျည်းမောင် ဘယ်သွားရမှန်းမသိ။ ဆွေမရှိ၊ မျိုးမရှိ တစ်ကောင်ကြွက်ဆိုတာ သိသွားတော့ ဆရာက အစီအစဉ်ချသည်။

ဆရာက သရက်ခြံ၊ သံပရာခြံတွေ ပိုင်သည့် သူဌေးတဲ့။ ခုလည်း သရက်သီးတွေတင်ဖို့ ကားဖြင့်အသွား ကိုကျည်းမောင်နှင့် ဖူးစာဆုံသွားတာတဲ့။ သူ့သရက်ခြံမှာ ခြံစောင့်တွေနဲ့ နေမလားတဲ့။ နေစရာ၊ စားစရာ၊ ဆေးကုတာအားလုံး တာဝန်ယူမတဲ့။

ကိုကျည်းမောင် ခေါင်းညိတ်ရုံမှတစ်ပါး ဘာတတ်နိုင်မည်နည်း။ မောင်း မပြေးတာကိုပဲ ကျေးဇူးတင်ရသည်။ ကျေးဇူးရှင်ကြီးက အစစ အဆင်ပြေအောင် စီစဉ်ပေးသွားသည်။ နေ့တိုင်းလည်း လာကြည့်မည် တဲ့။

ကံဆိုးထဲက ကံကောင်းလို့ပဲ ကိုကျည်းမောင် မှတ်ယူလိုက်ပါ၏။

*

ကံဆိုးထဲက ကံကောင်းဟု မှတ်ယူရပေတော့မည်။ ကံဆိုးလို့ ဘကြီးညိုတို့အိမ်မှာ သူရင်းငှားဖြစ်ပေမဲ့ ကံကောင်းတော့ မြနွယ်လေးနှင့်

ချစ်ကြိုးသွယ်မိကြပြီ။

အချစ်ဟူသော မှော်ဆရာအစွမ်းကြောင့် ဘယ်လောက်ပဲ ပင်ပန်း ပင်ပန်း ကိုကျည်းမောင်တစ်ယောက် အမြဲလန်းဆန်းတက်ကြွနေတော့၏။ နွေနွေ၊ မိုးမိုး၊ ဆောင်းဆောင်း သီချင်းတွေကလည်း ဆိုလို့ကောင်းလိုက်တာ။

နွေရာသီ နေပူပူ ဖုန်ထူထူထဲမှာ ပြောင်းရိုးခြောက်တွေစဉ်းရင်း၊ နွားတွေ ရေတိုက်ရင်း သီချင်းလေး တအေးအေးနဲ့ပေါ့။ "နွေ ရွှေရွက်ဝါ ဩော် လေဆန်ထဲမှာဖြင့် ကြွေပျံ့ဝဲရှာပေါ့။ ရိုးတံကျဲ ဒီအခြေ"

မိုးအခါ ရွှံ့ထဲ၊ ဗွက်ထဲ၊ မိုးထဲ၊ ရေထဲ နွားနှစ်ကောင်ဆွဲပြီး လယ်ထဲဆင်းရတော့လည်း သီချင်းကလေး တကြော်ကြော်ပေါ့။ "တိမ်မိုလ္လာ၊ ဇာပန်းရယ်နဲ့ ထက်နန်းအာကာတစ်ခွင်ဝယ်၊ လျှပ်ပန်းရယ်ဆင်၊ ရပ်ရှစ်ခွင်တိုင်း၊ မှိုင်းမှုန်မှုန်သိုင်းသိုင်းခြုံ၊ ဝိုင်းအုံဖွဲ့၊ တိုင်းတုန်မယ့် သဏ္ဍာန်နယ်"

ဆောင်းတွင်းရောက်တော့ မြောက်လေတွေ၊ နှင်းတွေကြားမှာ ပဲခင်း၊ ပြောင်းခင်းတွေကလည်း စိမ်းစိမ်းစိုစို။ ကိုကျည်းမောင်ကလည်း သီချင်းအဆိုမပျက်။ "ငွေနှင်းရယ်မှုန် လေညင်းသုန်သောတစ်ညဆီ၊ ချစ်ခွန်းဝေရွှန်း၊ လမင်းရှက်အောင်၊ ချစ်သက်နှောင်ခဲ့ မောင်မမေ့ပါချေပြီ၊ မြောက်လေသုတ်ဖျန် နှင်းမြူတွေဝေ့ကာ လွှမ်းရင်"

သူကသာ သီချင်းတွေဆိုနေ မြနွယ်လေး ငိုနေရတာ ကိုကျည်းမောင် မသိခဲ့။ မြနွယ်တို့ဘက်က ကိုကျည်းမောင်နှင့် သဘောမတူ။ အထူးသဖြင့် မြနွယ်အမေက တင်းမာလှသည်။ ရွှေးစရာတွေ အများကြီးထဲက ခိုင်းနေတဲ့ သူရင်းငှားကိုမှ ကြိုက်ရသလားတဲ့။ တားမရတဲ့အဆုံး ကိုကျည်းမောင်ကို အလုပ်ထုတ်၊ မြနွယ်ကို ချုပ်ချယ်လုပ်ကြပြီ။

ကိုကျည်းမောင် ဆွေးရပြီ။ နီးလျက်နှင့်ဝေး။ မြနွယ်တို့ ခြံစည်း

ရှိုးနံဘေး လျှောက်ပြန်သံပေးလုပ်ပေမဲ့ မြနွယ်မျက်နှာ ဖူးခွင့်မသာတော့။

"ရင်ဝယ်တယုတယ၊ အေးအတူ ပူအမျှ ထွေးထားချင်ပါတယ်၊ သို့ပါသော်ကွယ် ချူရန်ခက်တဲ့ အို ပန်းရယ် သူ့ခြံတွင်းပေမို့ကွယ် လက်ဝယ်ပိုင်ပိုင် မထားနိုင်ပါပြီ"

"ဟော့ကောင် ကျည်းမောင်၊ သူ့ခြံတွင်းပေမို့တွေ၊ ဘာတွေ လုပ်မနေနဲ့။ မင်း မြနွယ်ကို ခိုးပြေးတော့။ တော်ကြာ သူတို့အိမ် လာလာနေတဲ့ မြို့က ပွဲစားလက်ထဲ ပါသွားလိမ့်မယ်"

ဘဝတူ သူရင်းငှားတစ်ယောက်က အကြံပေး၏။ ကိုကျည်းမောင်ကလည်း တစ်စွန်းတစ်စတော့ ကြားထားပါ၏။ မြနွယ်အမေဒေါ်လုံးက သူ့သမီးကို မြို့ကပွဲစားတစ်ယောက်နှင့် လှော်နေသည်တဲ့။ ထိုပွဲစား၏ ကြွေးမြီနှင့်လည်း မကင်းဆိုပဲ။ သူ အားကိုးသည့် ဘကြီးညိုခများလည်း ကျန်းမာရေးက တစ်နေ့ရွှေ၊ တစ်နေ့ငွေဆိုတော့ ဒေါ်လုံးစီမံသမျှ ခံနေရပြီပေါ့။

သည်လိုနှင့် ကျေးလက်ထုံးစံအတိုင်း လူဆိုးတွေနဲ့ မောင်တိုင်ပင်၊ လထွက်ကလေးကိုတဲ့ မြင်းပေါ်တင်ပေါ့။ ကိုကျည်းမောင် မြနွယ်ကို ခိုးပြေးလေ၏။

မိတ်ဆွေ သူရင်းငှားတစ်ယောက်၏ လယ်တဲကလေးမှာ တစ်ညတာ ခိုဝင်နား၊ မနက်ခရီးဆက်ဖို့ ပြင်ဆင်နေတုန်း ရပ်ရွာက ဝိုင်းဖမ်းလိုက်ကြသည်။ မြနွယ်ကို ပြန်သိမ်း၊ ကိုကျည်းမောင်ကို ဓားကြိမ်းကြိမ်းပြီး ရွာက မောင်းထုတ်လိုက်ကြသည်။

"ခုတော့ဖြင့် မနေသာ တစ်ပြည်တစ်ရွာကို သွေ့ခွာလို့ ပြေးခဲ့ပြီကွယ်၊ မကြင်နာလို့တော့ ဟုတ်ပါဘူး၊ မယှဉ်သာလို့ ဆုတ်လာသူတစ်ဦးဘဝဝယ် မယှဉ်ဝံ့သူ ကိုယ့်အဖြစ်များရယ်ကြောင့် ဒီဘဝအတွက်တော့..."

နှမလက်လျှော့နေလေတော့ မြနွယ်ရေဆိုပြီး ကိုကျည်းမောင်

လေလွင့်သွားလိုက်တာ တောင်ပေါ်တက်ပြီးလည်း လက်ဖက်ခူးပါရဲ့။ ရွှေတောသွားပြီးလည်း ရွှေတူးဖူးပါရဲ့။ ဆယ့်လေးငါးနှစ်ကြာမှ ရွာပြန်ရောက်လာတော့၏။

"ဟာ ကိုကျည်းမောင်ကြီး၊ မှတ်တောင် မမှတ်မိဘူးဗျာ။ ရွာမှာ အလှူရှိတယ်ဗျ။ ပန်းနွယ်ကစိမ်းလေး ဘာလေး ဟဲစမ်းပါဦး"

သူ့ကို မမှတ်မိဘူးတဲ့။ ဟုတ်မှာပါ။ နေဒဏ်၊ လေဒဏ်၊ အရက်ဒဏ်၊ ငှက်ဖျားဒဏ်တွေကြောင့် ကိုကျည်းမောင် နဂိုရုပ် ပျက်ယွင်းခဲ့ပြီ။ ဖောသွပ်သွပ် ပြာမွဲမွဲနှင့် အသံတွေလည်း အက်ကွဲခဲ့ပြီ။ ပန်းနွယ်ကစိမ်းလည်း အရင်လို မဟဲနိုင်တော့ပြီ။

သူ့ကို မမှတ်မိကြပေမဲ့ သူကတော့ အားလုံးကို ကောင်းကောင်းမှတ်မိနေပါသည်။ ရွာအဝင် လယ်ကွင်းပြင်ကို ဖြတ်တော့ ဟောဒါ ဘကြီးညိုရဲ့ ပြောင်းခင်း၊ ဟောသည်ကန်သင်းက မြနွယ်လေး ထမင်းလာပို့တဲ့လမ်း၊ ဟောဟို သဖန်းပင်မှာ ရွှေကျီးလေးသာဖူးရဲ့၊ ရွာလယ်လမ်းကတော့ ကျဉ်းသွားသလိုလို၊ လယ်ထွန်စက်တွေကတော့ အရင်လို အပြင်းမောင်းနေကြဆဲ။ အိမ်ခြေတွေလည်း ပိုများလာသည်။ တချို့အိမ်တွေလည်း မရှိကြတော့။ မြနွယ်... မြနွယ်တို့အိမ်ကော..။

"မမြနွယ်တို့ သားအမိက မြို့ပါသွားတာဗျ။ ဘကြီးညိုတို့ မောင်နှမက ရွာမှာ ခေါင်းချတယ်။ မမြနွယ်အမေ ဒေါ်လုံးက ဟိုမှာပဲ ဆုံးသတဲ့။ သူတို့ အိမ်ခြံကော မြေတွေကော အကုန်ရောင်းပစ်ခဲ့တာ။ မမြနွယ်တောင် မရှိတော့ဘူးလိုလို ဘာလိုလိုဗျ။ အဆက်အသွယ်လည်း ပြတ်သွားတယ်"

"ဩော်... ခြေရာလည်းပျောက်၊ ရေလည်း နောက်ပါလား မြနွယ်။ ကောင်းပါတယ်လေ။ ရွာမှာ ညည်းရှိနေရင် ငါ ဘယ်မျက်နှာနဲ့ နေရမလဲ"

ကိုကျည်းမောင် ရွာမှာနေသော်လည်း ဟိုတုန်းကလိုတော့ဖြင့် သူရင်းငှား မလုပ်နိုင်တော့ပါ။ မိတ်ဆွေတစ်ယောက်အိမ်မှာ ကပ်ရပ်နေပြီး ကြုံရာကျပန်း ကူလီအလုပ်ဖြင့် ထမင်းတစ်လုတ်၊ အရက်တစ်ပိုင်း ပေါ့လေ။ ညနေညနေ အရက်ကလေးထွေထွေဖြင့် ပန်းနွယ်ရေ ဟူသော ကိုကျည်းမောင်၏ အသံအက်အက်ကို နှာခေါင်းရှုံ့ကုန်ကြပြီ။ မနေ့ည ကတော့ အသည်းကွဲမူးပေနေတဲ့ ကောင်၊ အုတ်ကြားမြက်ပေါက်တဲ့။

ငါ ညည်းတို့ရွာကို စိတ်နာတယ် မြနွယ်...

ကိုကျည်းမောင်၏ မသဲမကွဲ ညည်းတွားသံကြားတော့ ခြံစောင့် လင်မယား သူ့အနားရောက်လာ၏။ ဘာဖြစ်တာလဲတဲ့။ ဆေးသောက်ချိန်ရောက်ပြီ။ ထမင်းစားတော့လေတဲ့။ ခဏနေရင် ဆရာလည်း ရောက်လာတော့မယ်တဲ့။

*

ဟောသည် ၄၅ ရက်ကတော့ ဒဏ်ရာကြီးနဲ့ပေမဲ့ ကိုကျည်းမောင် အတွက် စိတ်ချမ်းသာတဲ့ရက်တွေပါ။ စားလိုက်၊ အိပ်လိုက်၊ ဆေးသောက်လိုက်၊ ပျင်းလာလျှင် သရက်ခြံထဲဆင်း။ ချိုင်းထောက်နှင့် လမ်းလျှောက်။ အရက်မသောက်ရတော့ အသားအရေလည်း ကောင်းလာသည်။ ဆရာကလည်း သူ့အပေါ် လိုလေသေးမရှိအောင် ကောင်း၏။

"ကိုကျည်းမောင်... ဘယ်မှသွားစရာမရှိရင် ဒီမှာပဲ နေပါလား။ ဒီမှာပဲ ဝိုင်းကူလုပ်ပေါ့။ ခြံထဲမှာ ခင်ဗျားအတွက် တဲကောင်းကောင်း ထိုးပေးမယ်"

ကျောက်ပတ်တီးဖြေတဲ့နေ့မှာ ဆရာကပြောတော့ ကိုကျည်းမောင် ငြင်းသာ။ ဆရာ့ကျေးဇူးတွေ ရှိသည်။ ခြံစောင့်မိသားစုနှင့်လည်း ခင်နေပြီ။ တကယ်တမ်း ကိုကျည်းမောင်မှာလည်း သွားစရာ၊ နေစရာမရှိ

တော့ ဆရာ့တပည့် ခြံလုပ်သားအဖြစ်နဲ့ပဲ နေပါမည်ပေါ့။

"ကျုပ်တို့ဆရာက အိမ်ထောင်ရေး ကံမကောင်းဘူးဗျ။ ပထမအိမ်ထောင်နဲ့က သုံးနှစ်လောက်ပဲ ပေါင်းလိုက်ရတယ်။ ဆုံးသွားရော။ သားလေးတစ်ယောက် ကျန်ရစ်တယ်။ ဒုတိယအိမ်ထောင်က ကပြားဆိုတော့ စီးပွားအရာတော့ ကောင်းပါရဲ့။ ဆရာ့ကို နိုင်စားလွန်းတယ်။ မှောင်ခိုလုပ်နေတော့ အိမ်လည်း သိပ်မကပ်ဘူးနဲ့ တူပါတယ်ဗျာ"

ခြံစောင့်အဖော်နှင့် ကိုကျည်းမောင်က လေပေါက်တည့်သည်။ ဆေးပေါ့လိပ်ကို တရှိုက်မက်မက် ကြိုက်ကြတာချင်းလည်း တူသည်။ ခုကို ဆရာသမားအကြောင်း နားထောင်ကောင်းနေတုန်း ဆေးလိပ်မီးညှိတာ၊ ဆေးလိပ်ဖွာတာတွေ စောင့်နေရသေးသည်။

"ဒီကို ဆိုင်ကယ်နဲ့ လာလာနေတဲ့ အောင်အောင်က အကြီးဆုံးသားလေ။ ပထမအိမ်ထောင်နဲ့ ရတဲ့သားပေါ့။ သူ့အမေက ရွာအဆက်ဗျ။ မမြနွယ်တဲ့"

"ဗျာ... မမြနွယ်"

"မမြနွယ်က ဖြူဖြူသွယ်သွယ်၊ အေးလည်းအေးတယ်။ အဲ သူ့အမေ ဒေါ်လုံးကတော့ နည်းနည်းစွာတယ်။ အင်း... အခုတော့ နှစ်ယောက်စလုံး မရှိတော့ဘူးပေါ့ဗျာ"

ဩော်... မြနွယ်... မြနွယ်။ ကိုကျည်းမောင်ရဲ့ မြနွယ် ဖြစ်နေပါလား။ လောကကြီးက ကျဉ်းမြောင်းလှချည်ရဲ့။ ဆုံးသွားသလိုလို ရွာမှာတုန်းက မရေမရာတော့ ကြားခဲ့ရသား။ ခုမှပဲ တိတိကျကျ သိရတော့သည်။

"မိထွေးနဲ့ နေရလို့လား မသိဘူး။ အောင်အောင်က ဆိုးတယ်ဗျ။ ဆိုင်ကယ်တဖုန်းဖုန်းနဲ့ ဆံပင်အရှည်ထားပြီး လမ်းသရဲလုပ်နေတာ။ ခုထိ ၁၀ တန်းမအောင်သေးတာသာကြည့်။ အဆိုတော် ဖြစ်ချင်တာတဲ့။

သီချင်းအဆိုကလည်း ဘယ်လိုဝါသနာကြီးမှန်းမသိ။

"ဗျာ"

ကိုကျည်းမောင်၏ ခေါင်းထဲ အတွေးတွေ ယောက်ယက်ခတ်သွားသည်။ မြနွယ်သား အောင်အောင်က သီချင်းဆို ဝါသနာပါသတဲ့လား။

"လုပ်စမ်းပါဦး ဘိုးတော်ရ၊ ပန်းနွယ်ကစိမ်းလေး ဘာလေး၊ ခင်ဗျား သီချင်းကလည်း ကျွန်တော့်ဂစ်တာနဲ့ကျ မဖြစ်"

"ဘိုးတော် ချောင်းတဟွပ်ဟွပ်နဲ့ ဆေးပေါ့လိပ်တွေ မသောက်စမ်းပါနဲ့ဗျာ"

အောင်အောင့်မျက်နှာ၊ အောင်အောင့်အသံ၊ အောင်အောင့်စကားတွေ ပြန်စဉ်းစားရင်း ကိုကျည်းမောင် ရင်တွေ တဒိန်းဒိန်းခုန်လာပြီ။

"ဘုရား... ဘုရား"

ထိုနေ့က နှစ်အတန်ကြာ ဖြတ်ထားခဲ့သည့် အရက်ကို ကိုကျည်းမောင် ပြန်သောက်မိခဲ့လေ၏။

*

"အောင်အောင်... လူလေးက အဆိုတော်ဖြစ်ချင်တာဆို"

"ဟုတ်ပါ့ ဘိုးတော်ရာ။ အဖေက အဆက်အသွယ်လည်း ရှိလျက်သားနဲ့ ငွေထုတ်ရမှာ နှမြောနေတာ။ ဘာမဆို သူ့မိန်းမကြီး မီးစိမ်းပြမှ သုံးရဲတာဗျ"

နှုတ်ခမ်းလေးထော်ပြီး မကျေမနပ်ပြောနေသံက မြနွယ် ငယ်ငယ်ဘုန်းက အတိုင်းပါပဲလား။

"စာကြိုးစားပါ လူလေးရယ်။ အဆိုတော်လည်း ဖြစ်အောင် ကြိုးစားပေါ့။ ပညာတတ်ကြီးဖြစ်ထားတော့ ပိုကောင်းတာပေါ့။ ပြီးတော့

အပေါင်းအသင်းလည်း ကြည့်ပေါင်း။ လူလေးသူငယ်ချင်းတွေက လမ်းသရဲတွေ”

“ဟားဟား ဘိုးတော်လည်း အာလူးတွေ ကောင်းနေပါလား။ တော်ပြီ တော်ပြီ လစ်တော့မယ်”

ကာဝါဆာကီဆိုင်ကယ်ကို တဒေါင်းဒေါင်း မောင်းထွက်သွားသော အောင်အောင်၏ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်ရင်း ကိုကျည်းမောင် သက်ပြင်းသာချနေရတော့၏။ စိတ်ပျက်လက်ပျက်ဖြင့် ဆေးလိပ်ထိုင်ဖွာနေစဉ် ခြံစောင့်အဖော်က ရေးကြီးသုတ်ပျာ ပြေးလာ၏။

“နောင်ကြီးရေ… အောင်အောင် ဆိုင်ကယ်နဲ့ ပြဿနာဖြစ်တယ်ထင်တယ်။ လမ်းထောင့်မှာ စကားများနေကြလေရဲ့”

“ဟင် ဟုတ်လား”

ကိုကျည်းမောင် ဘယ်လိုပြေးထွက်လာခဲ့မိမှန်းမသိ။ ဖိနပ်ပင် မစီးနိုင်။ ရုတ်ရုတ်သဲသဲ လူအုပ်ထဲ အတင်းတိုးဝင်လာခဲ့သော်လည်း မျက်စိက ပြာချင်ချင်။ သတိသမ္ပဇဉ်က မကပ်။

“အောင်အောင်… အောင်အောင် လူလေး နောက်ဆုတ်နေစမ်း”

ရန်ပွဲက သိပ်ပြင်းပြင်းထန်ထန်ကြီး မဖြစ်လိုက်ပါ။ ဝိုင်းဝန်းဖျန်ဖြေကြတာနှင့် အောင်အောင့်အဖေမျက်နှာကြောင့်လည်း ပါသည်။ ကျေနပ်ပြေလည်သွား၍ တော်တော့သည်။ တကယ်တမ်း အောင်အောင်က ဘာမျှမဖြစ်။ ကိုကျည်းမောင်သာ ရင်ထဲကျောထဲက အောင့်တောင့်တောင့်နှင့် နံရိုးတွေ နာနေသည်။

“ဘိုးတော်ရာ ခင်ဗျားအနေသာကြီး ဘာလို့လိုက်လာရတာတုံး”

ကိုကျည်းမောင်က ဘာမှမဖြစ်ပါဘူး။ ဒဏ်သဘောလောက်ပါဟု ပြောသော်လည်း မရ။ အောင်အောင်တို့သားအဖက အထူးကုနှင့် ပြသသည်။ နံရိုး ကျိုး မရိုး သိရအောင် ဓာတ်မှန်ရိုက်ရသည်။

သည်မှာပဲ ရောဂါက ရှာတာတခြား တွေ့တာတခြား ဖြစ်ရတော့ ၏။ နံရိုးမကျိုးပါတဲ့။ ဒါပေမဲ့ ကိုကျည်းမောင်၏ ညာဘက်အဆုတ်မှာ ကင်ဆာဖြစ်နေပြီး ဘယ်ဘက်ခြမ်းကို ကူးနေပြီတဲ့။ ခွဲစိတ်လို့မရတော့ဘူးတဲ့။ ကင်ဆာဆေး သွင်းရမတဲ့၊ ဓာတ်ရောင်ခြည် ကင်ရမတဲ့။

ကံကြမ္မာအလှည့်အပြောင်းဆိုတာ စိတ်ကူးစိတ်သန်းထက် ပိုပြီး ဆန်းကြယ်သည် မဟုတ်လား။

သည်အခြေအနေရောက်လျှင် ခြောက်လထက် ပိုမခံဘူးဟု အားလုံးက ခန့်မှန်းကြသည်။ ခန့်မှန်းထားသည့်အတိုင်း ခြောက်လမပြည့်ခင် ကိုကျည်းမောင် အိပ်ရာထဲ ဗုန်းဗုန်းလဲလေ၏။

ဆံပင်တွေကလည်း တစ်ခေါင်းလုံးကျွတ်၊ ရေဖျဉ်းဝင်ပြီး ဗိုက်ကြီးက ဖောင်းနေသည်။ ညာဘက်လက်မောင်းကြီးက ရောင်ကိုင်းနေပြီး ကိုက်လွန်း နာလွန်းလို့ တကျွတ်ကျွတ် ညည်းညူနေ၏။ ချောင်းတွေက တဟွပ်ဟွပ်ဆိုး။ တစ်ခါတစ်ခါ သွေးတွေပါလာသည်။ အောင်အောင်တို့သားအဖက ဂရုစိုက်ရှာပါသည်။ ဆရာဝန်ပင့်ပြီး မကြာမကြာ ဆေးထိုးပေးသည်။ ဆရာဝန်ကလည်း ခေါင်းခါပြထားသည်မှာ ကြာပြီ။ မကြာခင် အိပ်ဆေး၊ မိန်းဆေးတွေ ထိုးပေးရတော့မတဲ့။

မနေ့ညကတော့ အခြေအနေအဆိုးဆုံးပါပဲ။ အိပ်မရ၊ ထိုင်မရ ချနိုင် မကယ်နိုင်နှင့် အမောဖောက်နေသည်။ လက်မောင်းကလည်း ခံနိုင်လောက်အောင် ကိုက်ခဲနေ၏။ ဆရာဝန်ပေးထားသည့် ဆေးတွေသည်း အစွမ်းမပြနိုင်တော့။

ဗလုံးဗထွေးနှင့် တစ်ညလုံး ညည်းညူနေသည့်အထဲမှာ ရွာက နာမည်တွေ စုံနေတာပါပဲ။ အောင်အောင်တို့သားအမိနာမည်လည်း ပါသည်။

နေ့မကူးတော့ဟု ခန့်မှန်းနေကြဆဲမှာ မနက်ပိုင်း အောင်အောင်တို့သားအဖလာတော့ ကိုကျည်းမောင် အနည်းငယ် ထူထူထောင်ထောင်ပြန်ဖြစ်လာ၏။ သတိလေးပြန်ကောင်းလာ၏။ အောင်အောင်တိုက်သည့်ဆန်ပြုတ်ပင် တစ်ဇွန်းနှစ်ဇွန်း စားနိုင်သေးသည်။ မပီမသနှင့် စကားတွေလည်း ပြောချင်လိုက်တာအလွန်။ ကိုကျည်းမောင် မောမယ်၊ မပြောနဲ့ဟု တားနေရသည်။

အောင်အောင့်သူငယ်ချင်းတွေ ရောက်လာမှ ကိုကျည်းမောင် ခဏမှိန်းသွားသည်။

အောင်အောင်တို့အုပ်စုက ကိုကျည်းမောင်တဲနှင့် မလှမ်းမကမ်းသရက်ပင်အောက်က ကွပ်ပျစ်မှာ ဝိုင်းဖွဲ့ထိုင်နေကြ၏။ တစ်ယောက်က ဂစ်တာကို မယ်ဒလင်သံမျိုးထွက်အောင် ကြိုးညှိနေ၏။ ခဏကြာတော့ တီးလုံးသံ ထွက်လာ၏။ အတောကလေးအဆုံးမှာ ဘယ်လိုစိတ်ကူးနဲ့မသိ အောင်အောင်က သီချင်းဆိုသည်။

"ပန်းနွယ်က စိမ်း၊ ပန်းနွယ်က စိမ်း စိမ်းတယ်၊ စုံနံ့သာမြိုင်"

သဲ့သဲ့ကလေးပါပဲ။ ကိုကျည်းမောင်တဲထဲမှာ အောင်အောင့်အသံသဲ့သဲ့ကလေးပဲ ကြားရသည်။ ကိုကျည်းမောင် မှိန်းနေရာမှ မျက်စိပွင့်လာ၏။ ခေါင်းကိုငဲ့ပြီး နားစွင့်နေသည်။

"သီတာမြလား မြစ်နားတစ်လျှောက် ရောက်ခဲ့ရာဝယ် လှိုင်းရေသောင်စပ်မှာ တောင်ပံယှက်ပျံ"

ကိုကျည်းမောင်က ကုန်းထဖို့ ကြိုးစားနေ၏။ ဘာလုပ်ချင်လို့တုံးမေးတော့ ဗလုံးဗထွေးနှင့် ပြောနေသည်။ သူ့အသံက တိုးလွန်းတော့ဘာပြောမှန်းမသိ။ သူ့ပါးစပ်နားနားကပ်ပြီး ပန်းနွယ်ကစိမ်း ဆိုနေတယ်တဲ့။ သူ ကျေနပ်အောင် ကဲလား ဖွင့်ပေးလိုက်ရ၏။

"ရင်မောဖွယ် ဩဘ် ရှာပုံခရီးမှာဖြင့် ကမ္ဘာကုန်ကျယ်သရွေ့ ပြေး

နိုင်စွမ်းပေဦးမယ် ဘယ်သောအခါမှ…

အောင်အောင့်သီချင်းသံ ကဲလားပေါက်ကိုဖြတ်ပြီး တဲကလေးအတွင်း ပျံ့လွင့်နေဆဲ။

ကိုကျည်းမောင်ကတော့ နှုတ်ခမ်းလေး တွန့်ကွေးလျက် ပြုံးပြုံးလေး ငြိမ်သက်သွားခဲ့ပြီ။

ပေဖူးလွှာမဂ္ဂဇင်း၊ အမှတ် ၁၊ စက်တင်ဘာ၊ ၂၀၀၉

❑

# အိပ်မက်ထဲက မြို့တော်

- ဂျူး -

အခန်း (၁)

အိပ်မက်ထဲမှာတော့ လွင်ပြင်သည် သည်လောက်ပူပြင်း ခြောက်သွေ့မှု မရှိဘူးဟု ထင်မိသည်။ အခုတော့ဖြင့် အပူငွေ့သည် ကျွန်မတို့ တစ်ကိုယ်လုံးကို ခြောက်သွေ့ညှိုးနွမ်းသွားစေလောက်သည်။

ပတ်ဝန်းကျင်သည် ကုန်းမို့ကမူ အနည်းငယ်မျှသာရှိပြီး ကျိုးကျဲသော ထနောင်းပင်များဖြင့် ကျယ်ဝန်းစွာ လွင်တီးခေါင် ဖြစ်နေ၏။ လေထုထဲတွင် ဖုန်မှုန့်များ ပါလာသဖြင့် ကျွန်မတို့သည် အသက်ရှူတိုင်း ဖုန်ငွေ့များကို ရှူမိနေသည်။ အနောက်ဘက်ဆီမှာတော့ တောင်တန်းရေးရေး မှုန်ပျပျကို မြူတွေနှင့် အပူငွေ့များကြားတွင် မြင်ရ၏။ ခပ်ဝေးဝေးမှာ သစ်ပင်အုပ်စုတစ်ခုကို ပါးလျားစွာ မြင်တွေ့ရသည်။

ကျွန်မသည် နောက်ထပ်လှမ်းရမည့်ခြေလှမ်းများအတွက် ကြိုတင်၍ အင်အားဆုတ်ယုတ် မောပန်းနေတော့သည်။

"မြို့ရိုးကို မရောက်သေးဘူးလား ဟင်... မောင်"

ကျွန်မအသံက နွမ်းနယ်သွားသလား မသိ။ မောင်က ကျွန်မကို အားပေးသလို ပြုံးပြသည်။

"ကိုယ်တို့ ကားလမ်းက ဆင်းလာကတည်းက မြို့ရိုးထဲ ဝင်လာခဲ့ပြီလေ၊ ကားလမ်းက မြို့ရိုးထဲကို ဖြတ်ထားတာ လေးရဲ့"

မောင့်စကားကို ကျွန်မတို့၏ ကားမောင်းသူက ထောက်ခံ၏။ ခပ်လှမ်းလှမ်းတွင် ရပ်ထားခဲ့သော ကားစိမ်းကလေးကို ကျွန်မတို့ မမြင်ရတော့ပါ။ ဖုန်ထူသောကြောင့်လည်းဖြစ်ပြီး အကွာအဝေးကြောင့်လည်း ဖြစ်သည်။

နေသည် ကျွန်မတို့ခေါင်းပေါ် ရောက်ခါနီးနေပြီဟု ထင်ရသည်။ တကယ်တော့ နံနက် ကိုးနာရီကျော်ခါစပဲ ရှိပါသေးသည်။

"လေးရဲ့ အိပ်မက်ထဲမှာတော့ ဒီလောက် မလျှောက်ရဘူး မောင်ရဲ့၊ ရေကန်ကြီးမှ စိမ်းလဲ့နေတာပဲ"

မောင့်နားနားကပ်ကာ (ကားမောင်းသူ မကြားအောင်) တိုးတိုးပြောခါမှ ကားမောင်းသူက ကြားဖြစ်အောင် ကြားသွား၏။

"ဒီနားမှာ စိမ်းနေတဲ့ ရေကန်တော့ ကျွန်တော် တစ်ခါမှ မတွေ့မိသေးဘူး ဆရာမရဲ့၊ ဒီက ကန်တွေက ကောနေပြီ၊ ဟိုတစ်ချိန်ကတော့ ဆရာမ ပြောသလို စိမ်းပြာနေခဲ့မှာပေါ့ဗျာ"

ကျွန်မ အနည်းငယ်ရှက်ကာ မျက်နှာထားရခက်စွာ ပြုံးရယ်မိပါသည်။

"အိပ်မက်ထဲမှာတော့ အချိန်ကာလဆိုတာ ဆန့်လို့ ချုံ့လို့ ရအောင် ပျော့ပျောင်းသေးမျှင်တယ် လေးရဲ့၊ ကိုယ့်မြေပုံအတိုင်းဆိုရင်လည်း မဝေးတော့ပါဘူး။ နန်းတော်ရာကို ရောက်တော့မယ်"

ကျွန်မသည် မောင့်စကားအဆုံးမှာ အနည်းငယ် ရင်ခုန်သွား၏။ နန်းတော်ရာသို့ ရောက်လျှင်တော့ ကျွန်မဘဝ၏ မသိနိုင်သော လျှို့ဝှက်ချက်တစ်ခုခုကို ရေးရေးမျှ မြင်နိုင်လိမ့်မည်ဟု ကျွန်မ ထင်နေသည်။

နီကြင်သော မြေမာပေါ်တွင် ဖုန်ထုက ကျွန်မ ခြေဖျားကလေးတွေ

ကို ဖုံးလွှမ်းနိုင်လောက်အောင် များပြား၏။ ခြေလှမ်းတစ်လှမ်းနှင့် တစ်လှမ်းအကြားမှာ ခွန်အားက သိသိသာသာ ဆုတ်ယုတ်လာသည်။ တကယ်ဆို ကျွန်မ အားတက်သရော ရှိရမှာ မဟုတ်လား။ ကျွန်မ၏ နဖူးဆံစပ်ဆီတွင် ချွေးစက်များ တွဲလွဲခိုလျက် စိုစွတ်နေသည်။ ဆံပင်တွေကတော့ မီးထတောက်တော့မလို ပူပြင်းကြွပ်ဆတ်နေလေသည်။

"ဟော… ဟိုမှာ အုတ်ပုံအပျက်တစ်ခု တွေ့ပြီ။ ဒါကြောင့် မပြောဘူးလား။ နန်းတော်ရာက မြေလမ်းနဲ့ သိပ်မဝေးပါဘူးလို့"

မောင့်စကားသံကြောင့် ကျွန်မရင်ထဲမှာ ရှိနေသော လေးပင်သည့် ထုထည်ကြီးတစ်ခု ပြုတ်ကျသွားသလို ခံစားလိုက်ရသည်။

ဟုတ်ပါရဲ့။ ခပ်လှမ်းလှမ်းမှာ အုတ်ခဲများဖြင့် ဆောက်ထားသည့် အဆောက်အအုံပျက်တစ်ခုကို ကျွန်မ မြင်ရသည်။ ကျွန်မတို့ သုံးယောက်လုံး ခြေလှမ်းခပ်သွက်သွက်ဖြင့် လျှောက်သွားကြလေသည်။

အဆောက်အအုံပျက်တစ်ခု၏ အုတ်ပုံဖြစ်သည်။ မြေကြီးရောင်ရောနေသော အုတ်ခဲချပ်များသည် ပုဂံဘုရားတွေမှာ တွေ့ရသည့် အုတ်ချပ်တွေလို ကျယ်ပြန့်ကြီးမား၏။ ကျွန်မသည် အပေါ်ဆုံးအုတ်ချပ်ကို လက်ဖြင့် ထိကြည့်လိုက်သည်။ ကျွန်မရှေ့မှာ အုတ်ခုံအဝိုင်းပုံစံတစ်ခု တွေ့ရသည်။ အချို့ ရှေးတိုက်အိမ်များ၏ လှေကားခုံ ပုံစံမျိုးဖြစ်သည်။ ဒါဟာ လှေကားခြေရင်းတစ်ခု ဖြစ်နိုင်သည်ဟု ကျွန်မ တွေးမိသည်။ ဤအုတ်ချပ်များသည် လေဒဏ်၊ မိုးဒဏ်၊ နေဒဏ်တို့ နှစ်ပေါင်းများစွာ ရာထောင်ချီ၍ ခံခဲ့ရသည်။ သို့သော် အုတ်ချပ်များသည် ဆွေးမြည့်မနေဘဲ မာကျောနေ၏။ ပုဂံခေတ် အုတ်ခဲချပ်တွေလောက်တော့ ကျစ်လျစ် ပုံမရပါ။

"လေး… ဟောဟိုမှာ နန်းတော်မြို့ရိုးပဲ"

ကိုက်အနည်းငယ်အကွာတွင် ကျွန်မတို့ရှေ့၌ အုတ်နံရံဟောင်းတစ်ခု မြင်ရသည်။ ထိုအုတ်နံရံသည် တော်တော်လေး ထုထည် ထူ၏။

အပေါ်ယံလွှာအုတ်များ မညီမညာဖြစ်နေသော်လည်း ရှည်လျားစွာ မျက်စိတဆုံး မြင်ရသော အလျားကိုကြည့်၍ ကျွန်မပင်လျှင် မြို့ရိုး တစ်ခုမှန်း သိသွားနိုင်အောင် ထင်ရှားပါသည်။

ကျွန်မသည် အပူရှိန်ပြင်းသော နေဒဏ်ကို မေ့လျော့သွားကာ ထိုမြို့ရိုးကို ငေးမောကြည့်နေမိသည်။ ဟိုခေတ်ကတော့ ဒါဟာ နန်းတော် တစ်ခုပေါ့လေ။ ဤနန်းတော်ထဲမှာ အဆောင်အခန်းများစွာ ရှိခဲ့မည်။ သစ်သားနှင့် အုတ်တို့ကို ရောစပ်ကာ ဆောက်လုပ်ခဲ့မည့် မှန်စီရွှေချ အဆောင်များသည် လှပခမ်းနားပေလိမ့်မည်။ သူတို့၏ ပိုင်ရှင် ဘုရင်မ ကလည်း လှပသည်ဆိုပဲ။ ဘုရင်မ ဆိုတော့ စိတ်နှလုံးဖြူစင်သည့်တိုင် အောင် နူးညံ့သိမ်မွေ့၍ မဖြစ်။ ခက်ထန် ကြမ်းတမ်းမှုနှင့် ပြတ်သား တိကျမှုကို လိုအပ်ပေလိမ့်မည်။ ထို့ကြောင့် သူမ၏ မျက်လုံးများသည် မည်းနက်တောက်ပရုံမျှမက စူးရှလေးနက်ပေလိမ့်မည်။

"အဲဒီအချိန်တုန်းကလို အင်္ဂတေ ကောင်းကောင်းသုံးတတ်နေ ပြီဗျ... နော်"

ကားဆရာက မောင့်ကို လှမ်းပြောလိုက်ပါသည်။ ကားဆရာက သည်း တောင်တွင်းကြီးမြို့သား ဖြစ်ပေမဲ့ ဤမြို့ဟောင်းသို့ မကြာခဏ သာရောက်ဟန်မတူပါ။ သူသည် သူမြင်သမျှကို ကျွန်မတို့လိုပင် အထူး အဆန်း ဖြစ်နေသေး၏။

ကျွန်မသည် မြို့ရိုးကိုကျော်၍ အတွင်းကွက်လပ် ကွင်းပြင်ဆီ ငေးမောရင်း တစ်ချိန်က နန်းတော်၏ သီဟာသနပလ္လင် ဘယ်နေရာမှာ ရှိပါလိမ့်မလဲဟု မှန်းဆနေမိ၏။ တရားစီရင်ရာ ညီလာခံသည် ဘယ် နေရာမှာများ ရှိနိုင်မည်လဲ။ လူထုပရိသတ်အလယ်တွင် ထိုအမျိုးသမီး၏ မျက်နှာ မည်ကဲ့သို့ရှိမည်လဲ၊ သူမကို ရိုသေခစားကြသော မင်းချင်းများ၊ မှန်ကြီး များထဲမှာ သူမကို မလိုလားသူတို့ မည်မျှ ပါဝင်နိုင်မည်လဲ။

ကျွန်မသည် နှစ်ပေါင်း ၁၀၀၀ လောက်က မိန်းမတစ်ယောက်ကို စိတ်ကူးဖြင့် မှန်းဆပုံဖော်ကြည့်နေသော်လည်း မရေမရာ ဖြစ်နေ၏။ တကယ်တမ်း ကျွန်မ၏ အာရုံထဲမှာ ပေါ်လာသူကတော့ အခြားမိန်းမတစ်ယောက်ဖြစ်သည်။ ထိုမိန်းမသည် ဆံပင်ကို ကျွန်မမိခင် ထုံးသလိုပင် နှစ်ပတ်လျှိုလား၊ တစ်ပတ်လျှိုလား မသိ၊ ဆံမြိတ်မချဘဲ သေသပ်စွာ ထုံးထား၏။ အသက်ကတော့ လေးဆယ်လောက် ဖြစ်မည်။ ဗလာထဘီနှင့် လက်ရှည် လက်ကျပ်အင်္ကျီကို ဝတ်ထားသည်။ လည်ပင်းတွင် ပုလဲမဟုတ်သော ခပ်ဝါဝါ အလုံးကလေးများကို လည်ကပ်ပုတီးအဖြစ်ဆွဲထား၏။ သူမကို မြင်လိုက်ကတည်းက ကျွန်မ အိပ်မက်မက်နေတာပဲဟု သိလိုက်ရသည်။ ကျွန်မသည် ထိုဝတ်စားဆင်ယင်မှုမျိုးကို တစ်ခါမှ မမြင်ဖူးသောကြောင့် ဖြစ်ပါသည်။

အိပ်မက်ထဲမှာတော့ လွင်ပြင်သည် မျက်စိတဆုံး ကျယ်ပြန့်သော်လည်း လေတလွင့်လွင့် တိုက်ခတ်ကာ အေးမြလေသည်။

ကျွန်မ၏ ခြေဖဝါးမှာ ဖိနပ်မျှပင် မပါသော်လည်း အောက်ကသဲပြင် သို့မဟုတ် နူးညံ့သည့် မြေပြင်အတွေ့က အေးစက်စက်ကလေး။ နှစ်သက်ဖွယ် ကောင်းလှသည်။ ကျွန်မကို ရှေ့ဆောင်ခေါ်သွားသူမှာ အသက် ၄၀ ခန့်ရှိ အမျိုးသမီးတစ်ယောက်ဖြစ်သည်။ ထိုအမျိုးသမီးသည် ကျွန်မရှေ့ ခပ်လှမ်းလှမ်းမှာ ခပ်သွက်သွက် လျှောက်သွားနေသည်။ သူမကို ကြည့်ရသည်မှာ တစ်ခုခု အလျင်စလို ဖြစ်နေဟန်ရှိသည်။ ကျွန်မ၏ ပတ်ဝန်းကျင်တွင် သစ်ပင် ကျိုးတိုးကျဲတဲနှင့် လယ်ကန်သင်းလို မြေပြင်မောက်မောက် အတန်းကလေးတွေ ရှိနေသည်။ အိမ်နှင့်တူသော အရာဟူ၍မရှိ။ လေသည် အရပ်ရှစ်မျက်နှာမှ ကျွန်မဆီသို့ အေးမြစွာ တိုက်ခတ်လာသောအခါ လေတွေ ကျွန်မနှာခေါင်းထဲအထိန်းအသိမ်းမရှိ ဝင်သွားသောကြောင့် အသက်ရှူပင် ကျပ်ခဲ့ရသေး၏။

သိပ်မကြာမီပင် ကျွန်မ၏ လက်ယာဘက်မှာ ကြီးမားသော ရေပြင်ကြီးတစ်ခုကို တွေ့ရသည်။ ရေကန်ကြီးတစ်ခုဖြစ်သည်။ အနားတွေက မညီညာသော်လည်း ခပ်ဝိုင်းဝိုင်းပုံစံဖြစ်သည်။ ကျွန်မသည် ရေကန်ကို မြင်တော့ ရေသောက်ချင်စိတ် ထိန်းမရဘဲ အမျိုးသမီးကြီးနောက်မှ လိုက်နေခြင်းကို မေ့လျော့ကာ ရေကန်ဆီသို့ ဦးတည်သွားတော့သည်။

ရေကန်ဆီသွားရာ လမ်းကျဉ်းကလေး၏ တစ်ဖက်တစ်ချက်တွင် တောရိုင်းပန်းကလေးများ ရောင်စုံပွင့်နေကြ၏။ တချို့က လိမ္မော်ရောင်၊ တချို့က အဖြူရောင်၊ တချို့က အနီရောင်၊ ခရမ်းရောင် အပွင့်သေးကလေးတွေလည်း တွေ့ခဲ့ရသေးသည်။ ပန်းရနံ့သည် မွှေးပျံ့သော်လည်း စူးရှရိုင်းစိုင်းသည်။ ထိုပန်းရနံ့ကြောင့်ပင် ကျွန်မသည် လွမ်းဆွတ်ချင်သလိုလို ငိုကြွေးချင်သလိုလို ဖြစ်လာသည်။ အဲဒီ ရေကန်ပေါင် မြေပြင်သို့ ရောက်အောင် မော့တက်သွားရသော အုတ်ခဲလှေကားထစ်ကလေးတွေကို ကျွန်မ ငုံ့ကြည့် ရေတွက်ခဲ့သေးသည် ထင်ပါရဲ့။ အကြိမ်ကြိမ် အဖန်ဖန် နင်းပါများ၍ မြေနှင့် ရောထွေးကာ အရောင်လက်အောင်ပင် မာနေသော အုတ်ခဲချပ်များသည် အစီအရီကြည့်၍ ကောင်းနေသေးသည်။

ရေကန်ပေါင်ပေါ်ရောက်တော့ ရေပြင်ကို ငုံ့ကြည့်လိုက်သည်။ ရေ ပြင်သည် စိမ်းလဲ့နက်ရှိုင်း၏။ လှိုင်းကြက်ခွပ်ကလေးများပင် မရှိဘဲ ပကတိ ငြိမ်သက်လျက်ရှိသည်။ ကြာပွင့်တွေ၊ ဗေဒါတွေလည်း မပေါက်၊ ရေမှော်ပင် အစအန သေးသေးကွေးကွေးမှ မရှိ။ ရေပြင်သက်သက် ဖြစ်သည်။ ဘယ်လောက်များ ကြည်လင်လိုက်သလဲ ဆိုလျှင် ရေပြင်ကို ငုံ့ကြည့်နေသော ကျွန်မ ကိုယ်ခန္ဓာတစ်ပိုင်းသည် မှန်ထဲမှာ ကြည့်ရသလို ပီပြင်ပြတ်သားနေ၏။ ကျွန်မ၏ ဝတ်စုံက အဖြူရောင်ဖြစ်သည်။ ကျွန်မ ၏ အင်္ကျီလည်ပင်းမှ ဇာနားကလေးကိုပင် ရေကန်ထဲမှာ မြင်ရသည်။

ကျွန်မ ရေကိုငုံ့သောက်ဖို့ ကိုယ်ကို ကိုင်းညွတ်လိုက်စဉ်မှာပင် ရေကန်ထဲမှာ နောက်ထပ်အရိပ် ပေါ်လာ၏။

ကျွန်မ လန့်ဖျပ်ကာ လွှတ်ခနဲ အော်လိုက်မိသည် ထင်သည်။

ထိုအရိပ်သည် အမျိုးသမီးတစ်ယောက်၏ မျက်နှာနှင့် ကိုယ်တစ်ပိုင်းဖြစ်သည်။ ကျွန်မ ကြောက်ရွံ့လျက်ကပင် ရေထဲကသူစိမ်း၏ အရိပ်ကို ငုံ့ကြည့်လျက်ရှိသည်။ အင်္ကျီလက်ရှည် လက်ကျပ်အဝါဖျော့ဖျော့နှင့် ဆံထုံးခပ်သေးသေးကိုမြင်မှ ဤမိန်းမသည် စောစောက ကျွန်မကို ခေါ်သွားသော မိန်းမ ဖြစ်သည်ဟု သိလိုက်ရ၏။ ထိုအမျိုးသမီး၏ မျက်နှာကို ယခုမှ မြင်ရခြင်းဖြစ်ပါသည်။ သူမက ကျွန်မကို စကားတတွတ်တွတ် ပြောနေ၏။ ခက်နေသည်မှာ သူမ၏ စကားများကို ကျွန်မ တစ်ခွန်းမျှ နားမလည်ခြင်းပင်ဖြစ်သည်။

သို့သော် သူမ ကျွန်မကို ခေါ်နေခြင်းဖြစ်မှန်း အိပ်မက်ထဲမှာ သိလိုက်သည်တဲ့။ ကျွန်မလည်း ကျွန်မ၏ ခရီးဆုံးမှာ ဤရေကန်မဟုတ်ကြောင်း သတိရကာ ထိုမိန်းမနောက် ထက်ကြပ်မကွာ လိုက်ပြန်တော့သည်။

တကယ်တော့ ကျွန်မ သွားနေသည်မှာ မြို့ရိုးအကာအရံ၏ တစ်ဖက်မှ နန်းမြို့တစ်မြို့ဖြစ်သည်။ ကျွန်မတို့နှစ်ယောက်သည် မြို့ရိုးပေါက်တစ်ခုမှ ဖြတ်သန်းဝင်ရောက်လာခဲ့သည်။ အစောင့်အကြပ် တစ်ယောက်မျှ မရှိ။ မြို့ရိုးအုတ်နံရံထုထည် အထူကြီးဖြစ်သည်။ ပုဂံမြို့အဝင် အုတ်နံရံတံခါးပေါက်လိုလို၊ မန္တလေး နန်းတွင်းအဝင် အုတ်နံရံထုကြီးလိုလို။ ကျွန်မ အတွင်းရောက်သွားတော့ အထဲက အဆောင်များ၊ အဆောက်အအုံများက လှပခမ်းနားနေ၏။ စုလစ်မွမ်းချွန်တွေ ထိုးထိုးထောင်ထောင်နှင့် ပြာသာဒ်များကိုလည်း ကျွန်မ မြင်ရသည်။ အံ့ဩစရာ ကောင်းသည်ကတော့ သက်ရှိလူသား မပြောနှင့်၊ တိရစ္ဆာန်ပင်

တစ်ကောင်တစ်မြီးမှ မရှိခြင်းဘဲ ဖြစ်သည်။

လှပခမ်းနားသော်လည်း လူထုပရိသတ်မရှိသော မြို့သည် ခြောက်ကပ် တိတ်ဆိတ်လျက်ရှိသည်။ တွေ့မြင်သမျှ အဆောက်အအုံများမှာ ဝရန်တာကအစ ခြူးပန်းခြူးနွယ်၊ ကနုတ်၊ အင်္ဂတေလက်ရာများဖြင့် ဆန်းကြယ်လှသည်။ အဆောက်အအုံများ၏ အုတ်လှေကားထစ်များမှာ ဖုန်ရောင်ထလျက် ခြောက်သွေ့နေသည်။

သည်မျှဖြင့်လည်း ကျွန်မ၏ ခရီးဆုံး မရောက်သေး။ ရှေ့ဆက် လိုက်ရပြန်သေး၏။ အဆောင်တွေ၊ အခန်းတွေကို တရိပ်ရိပ် ဖြတ်ကျော် ခဲ့သမျှ မှန်ရောင်၊ ရွှေရောင် လက်နေ၏။ ထို့နောက် မြို့ရိုးကို ဖြတ်ကျော်၍ စိမ်းညို့သော တောတန်းတစ်ခုသို့ ရောက်သွားသည်။ ကုက္ကိုပင်လို၊ မန်ကျည်းပင်လို ပင်စည်တုတ်ခိုင်ပြီး အရိပ်ကောင်းသော အပင်ကြီးများဖြစ်သည်။ ရေစီးသံသဲ့သဲ့ ကြားရသည်။ သို့သော် ရေအရိပ်အယောင်ပင် မမြင်ရ။ ရှေ့ဆက် လိုက်သွားပြန်သောအခါ သစ်ပင်တန်းကို လွန်၍ ရေတသွင်သွင် စီးဆင်းနေသော ချောင်းတစ်ချောင်းကို မြင်ရသည်။

"ဒါ ဘာချောင်းလဲ"

ကျွန်မ မေးသည်ကို ရှေ့က အမျိုးသမီးက လှည့်ကြည့်၍ ဖြေသော်လည်း စကားကို ကျွန်မ နားမလည်ပါ။ ထိုချောင်းကို ဖြတ်ရသည်။ ရေသည် ဒူးဆစ်လောက်သာ နက်သော်လည်း ရေစီးသန်လှသည်။

ဟိုဘက်မှာ ဘာရှိလို့များ ကျွန်မကို ထိုနေရာသို့ အပါခေါ်နေပါသလဲ။ လှပခမ်းနားသော နန်းမြို့သည် ကျွန်မ၏ ခရီးဆုံး မဟုတ်လျှင် ဘယ်နေရာကများ ကျွန်မ၏ ခရီးဆုံး ဖြစ်နိုင်သလဲ။ ဟိုအဝေးချောင်း၏ တစ်ဖက်ကမ်းမှာဖြင့် မြေမို့မို့ ကုန်းလျှောတည်ရှိသော သင်္ချိုင်းကုန်းသာ ကျန်တော့သည်။

ကျွန်မသည် အဝေးမှာ မှုန်ပျပျမြင်နေရသော သင်္ချိုင်းကုန်းမို့မို့ကို မြင်ရသည့်အခါ ဖြုန်းခနဲ ကြောက်ရွံ့သွားပါသည်။ ကမ်းပါးပေါ်သို့ တက်လိုက်ချိန်တွင် ကျွန်မ တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွားသည်။

ကျွန်မ ခြေလှမ်းတွေကို ရပ်ပစ်လိုက်၏။

ရှေ့ဆက်သွားလျှင် ကျွန်မ သင်္ချိုင်းကုန်းကို ရောက်ရတော့မည်။ ကျွန်မ ခြေလှမ်း လှမ်း၍မဖြစ်ပါ။ ကျွန်မသည် ဇွတ်အားတင်း၍ ရပ်နေသော်လည်း လေကဲ့သို့ မမြင်နိုင်သော အရာတစ်ခုက ကျွန်မကို နောက်မှ တွန်းပေးနေ၏။ ကျွန်မ အကျောက်အကန်ငြင်း၍ ရုန်းကန်သော်လည်း မရပါ။ ကျွန်မ ခြေလှမ်းများသည် လေးကန်လျက် ကျွန်မသည် တရွေ့ရွေ့ ရှေ့တိုးသွားသည်။ ဟိုးခပ်လှမ်းလှမ်းမှာတော့ ကျွန်မကို ခေါ်လာသော မိန်းမ၏ နောက်ပိုင်းကို အုတ်ဂူတစ်ခုအနီးမှာ ခပ်ဝါးဝါး မြင်ရသည်။ ရှေ့မတိုးဘူးဟု ရုန်းကန်တွန့်ဆုတ်လျက်ကပင် ကျွန်မ ထိုမိန်းမ၏ နောက်ကျောနှင့် တဖြည်းဖြည်း နီးနီး နီးနီးလာသည်။ ထို့နောက် ထိုမိန်းမ၏ နောက်ကျောနှင့် ကျွန်မ မျက်နှာကပ်မိသည်အထိ နောက်မှ အရာက တွန်းလွှတ်လိုက်ပါသည်။ ထိုမိန်းမက ဖြုန်းဆို လှည့်ကြည့်၏။

ကျွန်မ မြင်ရသော မိန်းမသည် ချက်ချင်းပင် အိုမင်းသော အဘွား အိုကြီးမျက်နှာ ဖြစ်သွား၏။ ကျွန်မ ကြောက်လန့်တကြား အော်ဟစ်ပစ် လိုက်သည်။ သို့သော် ကျွန်မ အသံမထွက်ပါ။ အသံကို တစ်ယောက် ယောက်က ခိုးယူသွားသလိုပဲ ဖြစ်သည်။ နောက်ထပ် ကြိုးစား၍ အော် ဟစ်သည်။ အသံကတော့ မထွက်ပါ။ အော်ဟစ်ရင်း အော်ဟစ်ရင်းက ကိုယ်ခန္ဓာထဲရှိ အားအင်များ ဆုတ်ယုတ်ခွေလျော့ကာ ယိမ်းယိုင်သွား၏။ ထို့နောက် ကျွန်မသည် အုတ်ဂူတစ်ခုပေါ်သို့ မှောက်လျက် လဲကျ

သွားပါသည်။

ကျွန်မ မျက်နှာအပ်ထားသော အုတ်ဂူသည် ဟောင်းလောင်းပေါက်ကြီး ဖြစ်နေ၏။ ထိုအုတ်ဂူ၏ အောက်ခံမြေကြီးပေါ်တွင် လူတစ်ယောက် ပက်လက်လှန် လဲလျောင်းနေသည်။ ထိုလူသည် ကျွန်မ၏ ယောကျ်ား ဖြစ်လေသည်။

ကျွန်မသည် မြင်ရသောမြင်ကွင်းကြောင့် တုန်လှုပ်ချောက်ချားကာ မျက်စိတွေ ပြာဝေလျက် တစ်လောကလုံး မှောင်ကျသွား၏။

*

အခန်း (၂)

မောင်သည် ကျွန်မနှင့် လက်မထပ်မီက မဟာဝိဇ္ဇာကျောင်းသား တစ်ယောက်ဖြစ်ပြီး ကျွန်မနှင့် လက်ထပ်ပြီးမှ မဟာဝိဇ္ဇာသမိုင်းဘွဲ့ကို ရရှိခဲ့ပါသည်။ မောင်က ကျောင်းမှာ နည်းပြဆရာအဖြစ် သူ့ကိုယ်သူ အသက်မွေးဝမ်းကျောင်းသည့်အချိန်တွင် ကျွန်မက ဖက်စပ်ကုမ္ပဏီ တစ်ခုမှာ ကွန်ပျူတာကျွမ်းကျင်သူတစ်ယောက်အဖြစ် အသက်မွေး ဝမ်းပွားရာခဲ့သည်။

ကျွန်မက သမိုင်းဆိုလျှင် မင်းတုန်းမင်းလောက်သာသိသူ ဖြစ်ပြီး မောင်ကလည်း ကွန်ပျူတာနှင့် ပတ်သက်လျှင် diskette တစ်ခုကိုပင် format လုပ်ဖူးသူ မဟုတ်ပါ။ သို့သော် ကျွန်မတို့နှစ်ယောက်သည် တစ်ယောက်အလုပ်ကို တစ်ယောက် စိတ်မဝင်စားစွာပင် လျစ်လျူရှု ထားကြကာ တစ်ယောက်မရှိလျှင် တစ်ယောက် မနေနိုင်အောင် ချစ်မြတ်နိုး ခဲ့ကြပါသည်။

မောင်က ရှမ်းပြည်နယ်မှာ ကြီးပြင်းသည့် မြန်မာ၊ ကျွန်မက ရန်ကုန်မှာ ကြီးပြင်းသည့် အညာသူစစ်စစ် ဖြစ်သည်။ သို့သော် မောင်က

လည်း ရှမ်းစော်ဘွားမျိုးနွယ်မဟုတ်သလို ကျွန်မကလည်း မြန်မာ မင်းမျိုး မင်းနွယ်မဟုတ်။ ကျွန်မက ပခုက္ကူသူဖြစ်သောကြောင့် ရွှေဘိုမင်းဆက်နှင့်လည်း ဝေးသည်။ သရေခေတ္တရာ မင်းဆက်နှင့်လည်း ဝေးသည်။

ကျွန်မ၏ အိပ်မက်အကြောင်း မောင့်ကို ပြောပြတော့ မောင်က ဟက်ဟက်ပက်ပက် ရယ်ခဲ့၏။

"ဆစ်ဂမန်ဖရွိုက်ရဲ့ နိယာမတစ်ခုအရ ပြောရရင်တော့ ကိုယ်သေတယ်လို့ အိပ်မက်မက်ရင် လေးကိုယ့်ကို သေစေချင်လို့ပဲ"

"အို... မဦးမချွတ် မောင်ကလဲ"

ကျွန်မ မျက်နှာအပျက်ပျက်ဖြင့် ငြင်းဖို့ ကြိုးစားမိသည်။ ကျွန်မနှင့် မောင် အိမ်ထောင်ကျသည်မှာ လပိုင်းပဲ ရှိသေးတာ။ ဘယ်လိုလုပ်ပြီး ကျွန်မက မောင့်ကို သေစေချင်ရမလဲ။ မောင်က ကျွန်မကို စ နောက်ချင်ဟန်ဖြင့် ရယ်နေခဲ့သည်။

"အဲဒီဂူထဲမှာ မောင်က ဘာလုပ်နေတာတဲ့လဲ လေးရဲ့"

"အို... လေး ဘယ်သိမလဲ"

မောင် ဘာလုပ်နေခဲ့သလဲ၊ ကျွန်မ ရေရေရာရာ မသိပါ။ ကျွန်မသည် အိပ်မက်ထဲမှာ သတိလစ်သွားခဲ့ပုံရသည်။

"ကိုယ် အိပ်ပျော်နေတာ ဖြစ်မှာပေါ့နော်" မောင်က ပြုံးစစဖြင့် မေး၏။

"ဟင့်အင်း... မသိဘူး"

မောင် မျက်လုံးပွင့်နေခဲ့သလား၊ ပိတ်နေခဲ့သလား မသိပါ။ ကျွန်မသည် မောင့်မျက်နှာဟု သိလျှင်သိချင်း ကြောက်လန့်တကြား သတိလစ်သွားသည် ထင်ပါရဲ့။ အို... မဟုတ်သေးဘူး၊ ကျွန်မ မျက်စိတွေက အရင်ပြာဝေလာခြင်း ဖြစ်သည်။ မျက်စိတွေ ပြာဝေရာမှ မှောင်ကျမသွားမီမှာ ကျွန်မ တစ်ခုခုကို မြင်ရသေးသည်။ အရာဝတ္ထုတစ်ခုခု ဖြစ်သည်။

ဘာပါလိမ့်။

"နေဦး မောင်ရဲ့၊ အိပ်မက်ထဲမှာ လေး တစ်ခုခုကို မြင်သေးတယ်"

ကျွန်မ အလေးအနက် ပုံဖော်ဖို့ ကြိုးစားနေချိန်မှာ မောင်က ရယ်စရာလို သဘောထားလျက် ကျွန်မ စကားဖြတ်လိုက်သေးသည်။

"ဒါနဲ့ လေး... ကိုယ် လေး အိပ်မက်ထဲမှာ အဝတ်အစားတော့ ပါပါတယ်နော်"

ကျွန်မသည် လုံးဝမရယ်နိုင်ဘဲ စိတ်ညစ်ညူးစွာ တွေဝေနေမိသည်။ ဘာပါလိမ့်... မောင့်ကိုယ်ခန္ဓာအနီး ထူးထူးဆန်းဆန်းအရာတစ်ခု ရှိပါသည်။ ထိုအရာမှာ ဘာပါလိမ့်။ ထို့နောက် ကျွန်မ ဖျတ်ခနဲ အလင်းတန်းတစ်ခု မြင်လိုက်သလိုပင် သတိရသွား၏။

"သိပြီ... လေး မှတ်မိပြီ၊ အိုးတစ်လုံးပဲ မောင်ရဲ့"

"ဘာကွ..."

မောင်က ရယ်ချင်ဟန် မျက်နှာထားဖြင့် မေးသည်။

"သောက်ရေအိုးလို အိုးတစ်လုံးပေါ့ မောင်ရဲ့၊ အမယ်... အဲဒီအိုးက ပေါ့သေးသေး မထင်နဲ့၊ ပန်းခက်တွေဖော်ထားတာ သိပ်လှတာပဲ။ တော်တော်လည်း ကြီးတယ်"

"အိုးထဲမှာ ဘာမြင်ရလဲ ဟင်... လေး"

မောင်က မျက်နှာကို မရယ်မိအောင် ဖွတ်ထိန်းချုပ်ဟန်ဖြင့် မေးပြန်သည်။

"အိုးက အဖုံးဖုံးထားတာကို"

"သွားပြီ"

မောင်က နဖူးကို လက်ဝါးဖြင့် ဖျတ်ခနဲ ရိုက်လျက် ညည်းညူလေသည်။

"ဘာဖြစ်လို့လဲ မောင်"

"ဩော်... အိုးထဲ ရွှေမန်ကျည်းတောင့်တွေ ရှိချင်ရှိနေမှာ မဟုတ်လား၊ အခု အဖုံးပိတ်ထားတော့ ကိုယ်တို့နှစ်ယောက် ရွှေမန်ကျည်းတောင့်တောင် မမြင်ရတော့ဘူးပေါ့"

"မနောက်စမ်းပါနဲ့ မောင်ရယ်၊ လေး အရမ်းကြောက်တာပဲ"

မောင်က သည်တော့မှ မျက်နှာထားကို တည်ပစ်ကာ ဂျွန်မလက်ဖျားများကို ဖွဖွဆုပ်ကိုင်လေသည်။

"ဘာကြောက်စရာ ရှိသလဲ လေးရဲ့၊ အိပ်မက်ဆိုတာ အသိစိတ်က စွဲရင်စွဲ မဟုတ်ရင် မသိစိတ်ကစွဲလို့ မက်ကြတာချည်းပဲ၊ လေးက ကိုယ်သေမှာကြောက်လို့ ဖြစ်မှာပေါ့၊ မနေ့က ကိုယ် ဗိုက်အရမ်းအောင့်တော့ လေး ပျာယာခတ်နေရတာ မှတ်မိလား၊ အဲဒီအချိန်မှာ လေးစိတ်ထဲ မောင်သေသွားရင် ဒုက္ခပဲဆိုတဲ့အတွေးကြီး တွေးမိခဲ့ပါလိမ့်မယ်"

"ဟင့်အင်း... မတွေးမိပါဘူး"

ဂျွန်မ လွှတ်ခနဲ ငြင်းတော့ မောင် ပြုံး၏။

"မဟုတ်ဘူးလေ၊ မသိစိတ်ကပေါ့"

ဂျွန်မ ဘာမှမပြောမိပါ။

"ဒီတော့ ကိုယ်သေမှာ ကြောက်တဲ့စိတ်ကြောင့်လည်း ကိုယ်သေတယ်လို့ အိပ်မက် မက်နိုင်တာပဲ"

"ဒါဖြင့် နန်းမြို့ရိုးကြီးတွေ၊ ရေကန်တွေ၊ နန်းပြာသာဒ်တွေ... အဲဒါတွေကရော မောင်"

မောင်က ပညာရှိတစ်ယောက်လို ပြုံးလေသည်။

"ဒါကတော့ မိန်းကလေးသဘာဝ စိတ်ကူးယဉ်တာ ပါမှာပေါ့ လေးရဲ့၊ လေး ငယ်ငယ်က အမေတွေ၊ အဒေါ်တွေ ပုံပြောပြရင် ဘုရင်တွေ မင်းသား မင်းသမီးတွေ နန်းတော်တွေ မပါဘူးလား။ အဲဒီအချိန်မှာ ပုံပြင်ထဲက မင်းသမီးလေးနေရာမှာ လေး မရှိချင်ဘူးလား"

ကျွန်မ မောင့်စကားကိုလည်း မငြင်းနိုင်။ သို့ပေမဲ့ အဲသည်လို လည်း မဟုတ်သေးဘူးဟု ထင်သည်။

"မြို့ရိုးကလေ အသေအချာမှ အုတ်နီရောင် ထပြီး အခိုင်အမာပဲ။ ထုကြီးမှ ကောင်းမှကောင်း မောင်ရယ်။ အဆောက်အအုံတွေက အများ ကြီး။ ဒါပေမဲ့ သက်ရှိတစ်ယောက်မှမရှိတာ အံ့သြစရာ၊ ဟိုမိန်းမက ဘယ်ရောက်သွားတာလဲ မသိ၊ အိပ်မက်ပြီးခါနီးတော့ အဲဒီ မိန်းမက အဘွားကြီးဖြစ်သွားရော၊ အဲဒါရော ဘာသဘောလဲ"

မောင်က ခေါင်းခါယမ်းရင်း ပြုံးလေသည်။

"အိပ်မက်ဆိုတာ ရုပ်ရှင်ထက်တောင် မြန်သေးတာ၊ သူ့အိပ်မက် တွေက ဖျတ်ခနဲ ဖျတ်ခနဲ ပြောင်းတတ်တာ၊ လေးက ဆက်မမက်လို့၊ ဆက်များ မက်ရင် ကိုယ် အဘိုးကြီးဖြစ်ချင်ဖြစ်နေမှာ၊ တော်ပါသေးရဲ့ဗျာ"

ကျွန်မ မောင့်ကို မကျေမနပ် မျက်စောင်းထိုးမိပြန်၏။ သူများ ပူပင်သောက ရောက်ရတာကို နည်းနည်းမှ ငဲ့ညှာရကောင်းမှန်း မသိဟု အပြစ်တင်ချင်လာသည်။

"ဒါနဲ့ အိုးကြီးက ဘာဖြစ်လို့ ပါသတဲ့လဲ မောင်ရဲ့"

"မသိဘူးလေ လေးရဲ့၊ ရွှေအိုးတွေ ဘာတွေများလားမှ မသိတာ"

"အင်း... ဖြစ်တော့ ဖြစ်နိုင်တယ် မောင်ရဲ့၊ အိုးနှုတ်ခမ်းက နည်း နည်းတောင် ပွဲ့နေသေးတယ်၊ ဖုန်တွေကလည်း ကပ်လို့၊ ကြည့်ရတာ တော့ မြေကြီးထဲကနေ ဖော်ထားခဲ့ရတဲ့အိုးပဲ ဖြစ်မယ်"

မောင်က ခေါင်းတညိတ်ညိတ် ပြုံးရယ်နေသည်။

"ဂူရယ်၊ အလောင်းရယ်၊ အိုးရယ် ဆိုရင်တော့ ဒီအိုးက ရွှေအိုး တော့ မဖြစ်နိုင်တော့ဘူး၊ ဖြစ်ခြင်းဖြစ်ရင် အရိုးအိုးပဲ ဖြစ်ရမယ်"

"ဘာလဲ... အရိုးအိုးဆိုတာ"

"အရိုးအိုးဆိုတာ လူသေကို မီးရှို့ပြီး ကျန်တဲ့ပြာကို ထည့်ထားတဲ့ အိုးလေ၊ ဟိုးရှေးခေတ်တုန်းကတော့ အဲဒီလို ထုံးစံရှိတယ် လေးရဲ့"

ကျွန်မမှာ မောင့်စကားကြောင့် တွေးစရာတစ်ခု ရသွားသည်။

တကယ်ပဲ ဤအိပ်မက်သည် သွေးလေချောက်ချားပြီး မက်သည့် အိပ်မက်မှ ဟုတ်ပါရဲ့လား။ အတိတ်ကိုဆောင်သော အိပ်မက်လား။ သို့မဟုတ် အနာဂတ်အတွက် နိမိတ်ဆောင်သည့် အိပ်မက်လား။ နန်းတော်တွေ မြို့ရိုးတွေနဲ့ဆိုတော့ အနာဂတ်ကို နိမိတ်ဖတ်တာတော့ မဟုတ်နိုင်၊ အတိတ်ကို ပြချင်လို့များလား။

"လေးတို့ကို တစ်ခုခုပြောပြတဲ့ အိပ်မက်များ ဖြစ်မလားနော် မောင်"

ကျွန်မ အားကိုးတကြီး မောင့်ကို တိုင်တည်တော့ မောင်က အော်ဟစ် ရယ်မောတော့မလို ဟန်ပြင်ပြီးမှ ပြန်ထိန်းချုပ်လိုက်လေသည်။

"ဘယ်သူကပြောမှာလဲ လေးရဲ့၊ ဘာကိုပြောမှာလဲ"

"လေးလည်း မသိပါဘူးလေ"

ကျွန်မ စိတ်ထဲမှာ တစ်ခုခုလိုအပ်နေသလို ခံစားရမှန်းတော့ သိသည်။ ဘာခံစားရမှန်းတော့ မသဲကွဲပေ။

သိပ္ပံခေတ်လူသား ဖြစ်နေတော့ ရှေ့အိုးတွေ သိုက်နန်းတွေကို လည်း နည်းနည်းမျှ ထည့်မစဉ်းစားမိတာ အမှန်ပဲ ဖြစ်သည်။

ထို့နောက် လင်မယားနှစ်ယောက် အလုပ်ကိစ္စတွေထဲ နစ်မြုပ်သွားပြန်ကာ အိပ်မက်အကြောင်းကို ပြောဖို့ မေ့သွားခဲ့သည်။

ကျွန်မမှာ ညစဉ်ရက်ဆက်များ အိပ်မက်မက်မလားဟု စောင့်ခဲ့သော်လည်း နောက်ထပ် မမက်တော့ပေ။ အခြားအိပ်မက်တွေတော့ ကြိုကြားကြိုကြား မက်သေး၏။

ဘာမှန်း မသဲကွဲသော ဝိုးတဝါးမြင်ကွင်းများသာ ဖြစ်၍ နိုးသည့်အခါ မက်ခဲ့သော အိပ်မက်ကိုပင် ပြန်ပုံဖော်၍ မရအောင် ရှိခဲ့သည်။

ကျွန်မ အာရုံထဲမှာ စွဲနေသော အိပ်မက်ကတော့ နန်းမြို့အိပ်မက်သာဖြစ်သည်။

ကျွန်မသည် တစ်ခါတစ်ရံ အလုပ်အားလပ်ချိန်တွင် အိပ်မက်ထဲက မြင်ကွင်းကို တစ်ကြောင်းချင်း ဖောင်တိန်ဖြင့် ရေးဆွဲခြစ်ကြည့်မိ၏။

မြို့ရိုးဝင်ပေါက်၊ မြို့ရိုးထဲမှ စုလစ်မွမ်းချွန်တပ် ပြာသာဒ်ဆောင် အဆောက်အအုံများ၊ ရေကန်ကြီးကြီးတစ်ခု၊ သစ်တောကြီးများ၊ မြို့ကို ဖြတ်လျက် စီးသွားသော ရေစီးသန်သည့်ချောင်း၊ တစ်ဖက် ကုန်းမို့မို့ဆီက သင်္ချိုင်းကုန်း၊ သင်္ချိုင်းကုန်းထဲက ဂူ၊ ဂူထဲက အလောင်း၊ ထို့နောက် မောင်က အရိုးအိုး ဖြစ်နိုင်သည်ဟု ပြောခဲ့သော လှပဟောင်းနွမ်းသည့် အိုး။

ထိုအိုးသည် စလောင်းဖုံး တပ်ထား၏။ စလောင်းဖုံးမှာလည်း ပန်းကွက်များ၊ ပန်းခက်များဖြင့် ခြယ်သရေးဆွဲထား၏။ အိုးပုံစံက အဝခပ်ကျယ်ကျယ် ကိုယ်ထည်ကလည်း လိုက်လျောညီထွေစွာ ပို၍ကျယ်သွားသည်။ သိပ်တော့ မရှည်လှပေ၊ ခပ်ပြားပြားပုံစံ ဖြစ်သည်။

ကျွန်မသည် အိပ်မက်ထဲက အိုးကို မြင်ယောင်မိသမျှ စာရွက်လွတ်ပေါ်မှာ ချရေးမိသည်။ ပုံပေါ်လာသောအခါမှာတော့ ထူးဆန်းသည့် အိုးတစ်လုံး ဖြစ်လာလေသည်။

မောင်က ကျွန်မ၏ စားပွဲပေါ်မှ နန်းတော်မြေပုံနှင့် အိုးပုံကို တွေ့သောအခါ စိတ်ပါဝင်စားစွာ ကောက်ကိုင်ကြည့်၏။

"ကေန္တတော့ လေး အိပ်မက်ထဲက မြို့တော်ဟာ ပျူမြို့တော် တစ်ခုခုပဲ ဖြစ်မယ်"

မောင့်မျက်နှာမှာ လှောင်ပြောင်သရော်ရိပ်၊ စနောက်လိုရိပ် မရှိပါ။

"ဘာပြောတာလဲဟင်"

"ဩော်... ဒီအိုးပုံစံကို ပြောတာပါ လေးရဲ့၊ ဒီအိုးပုံစံက ပုဂံခေတ်

တွေ၊ ပင်းယခေတ်တွေ၊ ကုန်းဘောင်ခေတ်တွေမှာ မရှိဘူး။ ပျူခေတ်မှာပဲ ရှိတယ်။ လေးကို ကိုယ်ပြမယ်"

ထို့နောက် မောင်က သူ့စာအုပ်ဗီရိုကို ဖွင့်ကာ စာအုပ်သုံးလေးအုပ် ဆွဲထုတ်လာ၏။

"ဒါနဲ့ လေး၊ ကိုယ့်သမိုင်းစာအုပ်တွေ ရှေးဟောင်းသုတေသန စာတမ်းတွေများ ဖတ်ဖူးသေးလား"

"ဟင့်အင်း"

ကျွန်မ စိတ်မဝင်စားမှန်း မောင် သိပါသည်။

"ဒါဖြင့် ဟောဒီမှာ ကြည့်"

မောင်ပြသော စာမျက်နှာမှာ ကျွန်မ အိပ်မက်ထဲကလို အိုးပုံစံမျိုး အများကြီး တွေ့ရသည်။ ကျွန်မ အံ့လည်း အံ့ဩ ဝမ်းသာလျက် ဓာတ်ပုံများ၊ ပန်းချီပုံများကို အထပ်ထပ် အခါခါ တိုက်ကြည့်နေမိတော့သည်။

"ဒါ လေးရဲ့ အိပ်မက်ထဲက တွေ့ရတဲ့ဟာမျိုးနဲ့ ဆင်တယ်နော်"

"အင်းလေ၊ အဲဒါတွေက ပျူခေတ်က ပစ္စည်းတွေပေါ့ လေးရဲ့"

ထို့နောက် မောင်က ကျွန်မ ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့သော မြို့ဟောင်းများအကြောင်းကို ပြောပြပါသည်။

ပျူယဉ်ကျေးမှု ထွန်းကားခဲ့သော သရေခေတ္တရာမြို့ဟောင်း၊ ဟန်လင်းမြို့ဟောင်း၊ ဗိဿနိုးမြို့ဟောင်း... ကျွန်မသည် မောင့်ထံမှ ဤစကားများကို အရင်တုန်းကသာ ကြားရလျှင် ပျင်းရိငြီးငွေ့စွာ အိပ်ပျော်သွားနိုင်ပါလျက် ယခုတော့ စိတ်ဝင်တစား နားထောင်မိသည်။

"ဒါဖြင့် လေးကို တစ်ယောက်ယောက်က အိပ်မက်ပေးတယ်လို့ မောင် ထင်လားဟင်"

မောင်က ရယ်မော၍ ခေါင်းယမ်းသည်။

"ဒါပေမဲ့..."

"ဒါပေမဲ့ လေးက ပျူခေတ်နဲ့ တစ်ခုခု ဆက်စပ်တာ ဖြစ်ချင်ဖြစ်မှာပေါ့၊ ဘာပဲဖြစ်ဖြစ် ဒါဟာ သိပ်စိတ်ဝင်စားစရာလို့ မထင်ဘူးလား"

ကျွန်မ တွေဝေစွာ ငေးမောနေမိသည်။

"ဒီလို လုပ်ရအောင်လေ မောင်၊ အခု နွေရာသီမှာ လေးနဲ့ မောင် ခရီးထွက်ကြရအောင်"

မောင်က မျက်ခုံးပင့်ကြည့်သည်။

"မောင်ပြောတဲ့ အဲဒီမြို့ဟောင်းတွေကို အခု တွေ့နိုင်သလား"

မောင်က ကျွန်မစကားကို နားလည်သွားကာ ခေါင်းညိတ်၏။

"ရှိတာပေါ့။ တူးပြီးသား အုတ်ရိုးတွေ၊ အုတ်ပုံတွေ၊ ပန္နက်ပုံတွေနဲ့"

"ဒါဖြင့် လေးတို့ သွားကြရအောင်လေ"

ထိုအချိန်မှာတော့ ကျွန်မသည် ဂူထဲက အလောင်းသည် မောင်ဖြစ်သည်ဆိုတာကို မေ့ပျောက်ထားလို့ ရနေသည်။

ကျွန်မကို ခေါ်ဆောင်သွားသည့် ခရီးဆုံးသည် သင်္ချိုင်းကုန်းတစ်ခုဖြစ်သည်ဆိုတာကိုလည်း မေ့ပျောက်ထားလို့ ရနေသည်။

ကျွန်မ အာရုံမှာ ပေါ်နေသည်က ခိုင်ခံ့မြင့်မားသော မြို့ရိုးထုကြီးနှင့် တံခါးပေါက်၊ အတွင်းမှ နန်းတော်အဆောင်အခန်းများ။

"ပျူမြို့ဟောင်းက အဓိက သုံးနေရာရှိတယ်၊ ကိုယ်တို့ ဘယ်သွားကြမလဲ"

"အို... လေးမှ မသိတာ၊ မောင်သွားတဲ့နောက်ကို လေး လိုက်မှာပေါ့"

မောင်က ကျွန်မ ဆွဲထားသည့် မြေပုံကိုကြည့်ကာ စဉ်းစားနေသည်။

"လေးက ပခုက္ကူသူဆိုတော့ သရေခေတ္တရာနဲ့ နည်းနည်းဝေးနေ

တယ်။ ဒီတော့ သရေခေတ္တရာကို ဘေးခဏဖယ်ထားလိုက်၊ ဟန်လင်းနဲ့ ဗိဿနိုး နှစ်မြို့ရှိတယ်။ နှစ်မြို့စလုံးကလည်း ခေတ်ပြိုင်လိုပါပဲ၊ အဲ... ခဏနေဦး၊ လေးရဲ့ အိပ်မက်ထဲမှာ ချောင်းလေးတစ်ခု ပါတယ်နော်"

"ချောင်းလေး မဟုတ်ဘူး မောင်ရေ၊ ချောင်းကြီး... ချောင်းကြီး၊ လေး အဲဒီချောင်းကို အကျယ်ကြီးဖြတ်ရတာ"

"ဟုတ်ပြီလေ၊ ဒါဆို မြို့ရိုးနဲ့နီးနီး ချောင်းဖြတ်စီးတဲ့ မြို့ဟောင်းက တော့ ဗိဿနိုးပဲ"

ဗိဿနိုးဟူသော နာမည်သည် ဣန္ဒမအတွက် ဆွဲဆောင်နိုင်သော အရာတစ်ခု ဖြစ်သည်။

ဗိဿနိုးဟူသော နာမည်ဖြင့် ဣန္ဒမ၏ အိပ်မက်သည် ပြီးပြည့်စုံ သွားပြီဟု ခံစားလိုက်ရလေသည်။

*

## အခန်း (၃)

နောက်ထပ် ဣန္ဒမတို့ ရောက်သော အဆောက်အအုံပျက်ကြီးက တော့ ကြီးမားခံ့ထည်လှသည်။

နေရောင်သည် ပြိုပျက်နေသော တစ်ပိုင်းတစ်စ အုတ်နံရံကြီးတွေမှ ကျော်ဖြတ်လျက် ကျနေရာ အရိပ်များသည် အဆောက်အအုံကြီးကို ပို၍ အသက်ဝင်အောင် ဖန်တီးနေသလို ရှိသည်။

ပြိုကျနေသော အုတ်ချပ်တစ်စွန်းတစ်စကို ခလုတ်တိုက်မိမှာ စိုး၍ ဣန္ဒမ ရှောင်ကွင်းသွားရသည်။

အဆောင်အခန်း များပြားပုံရသည့် အုတ်အဆောက်အအုံ အပျက်ကြီးသည် နေပူထဲတွင် ခြောက်သွေ့စွာ အထီးကျန်နေသည်။

"စာထဲမှာ တွေ့ရတာတော့ ဒါ လူမှုရေး အဆောက်အအုံ၊ ဒါမှ

မဟုတ် ဘာသာရေးအဆောက်အအုံ ဖြစ်နိုင်မယ်တဲ့။ ဒါ မိသားစုတစ်စု တည်းနေတဲ့ အဆောက်အအုံမဟုတ်ဘူး၊ လူ တော်တော်များများ ဝင်ထွက် သွားလာနေထိုင်လို့ ရအောင်ကို အခန်းတွေ ဖွဲ့ထားတာ"

မြေနီများ ဖုန်ထုများ ပေကျံလျက် ယိမ်းယိုင်နေသလို ရှိသည့် အုတ်တိုင်နံရံကြီးများသည် ကျွန်မတို့အပေါ်သို့ အချိန်မရွေး ပြိုကျနိုင် သည်။

ကျွန်မသည် အမှတ်တမဲ့ နောက်သို့ ဆုတ်ရပ်လိုက်မိသည်။

သို့သော် နောက်မှာလည်း အုတ်နံရံကြီးများ ရှိနေသည်။ ထိုနံရံ ထုများ ကျွန်မဘက်သို့ ပြိုကျလာနိုင်သေးသည်။

ကျွန်မသည် ပူပြင်းသောနေဒဏ်ကြောင့် မျက်စိများ ကျိန်းစပ်ကာ ရှုးကြောင်ကြောင် အတွေးတွေ ဝင်နေရသည်။

နှာခေါင်းထဲမှာ ဖုန်နံ့၊ မြေနံ့မဟုတ်သည့် အခြား ရနံ့တစ်မျိုးကို ကျွန်မ ရသည်။

ကျွန်မတို့ ရောက်နေသည့် နေရာနှင့် ဘာမျှမဆိုင်သော ရနံ့မျိုး၊ အဟောင်းအမြင်းအနံ့ မဟုတ်ဘဲ လတ်ဆတ်သစ်လွင်သော ရနံ့မျိုးဖြစ် သည်။ လောင်ကျွမ်းလုနီးပါး တောက်ပသည့် နေရောင်နှင့်လည်း ဘာမျှ မဆိုင်သည့် ရနံ့မျိုး ရှုးရှူးရှရှ ပန်းရနံ့ဖြစ်သည်။

ကျွန်မသည် အိပ်မက်ထဲက တောရိုင်းပန်းပွင့်များကို သတိရ သည်။

"ဒီနားမှာ ပန်းပွင့် ပွင့်တဲ့ ချုံပင်လေးတွေများ ရှိသလားဟင်... ဦးကြီး"

ကားမောင်းသမားက အူကြောင်ကြောင် မျက်နှာပေးဖြင့် ခေါင်း ယမ်းခါ၏။

"ရေကန်ရော"

"ရေကန်က နန်းတော်ရာအပြင်ဘက်တုန်းက ချိုင့်ကြီးတစ်ခု တွေ့ခဲ့တယ် မဟုတ်လား လေးရဲ့။ အဲဒါ ရေကန်ဖြစ်မှာပေါ့"

မောင့်စကားကို ကားဆရာက မရေမရာ ထောက်ခံသည်။

ကျွန်မသည် ရေဘူးကလေး ယူလာခဲ့ရ အကောင်းသားဟု သတိတရ တမ်းတင်တတ်မှတ်မိသည်။ ဤမျှ ပူပြင်းသော အပူဒဏ်အောက်မှာ ရှိသမျှ ရေကန်တွေ၊ ချောင်းတွေ ဘယ်လိုများ ရေရှိနိုင်ပါ့မလဲ။

ကျွန်မသည် လွန်ခဲ့သော နှစ်ပေါင်း ၁၀၀၀ လောက်က ဤပတ်ဝန်းကျင်မှာ စိုပြည်လန်းဆန်းနိုင်ပါ့မလားဟု သံသယဖြစ်မိသည်။

ဤပုံစံလို ခြောက်သွေ့ပူပြင်းနေခဲ့လျှင်တော့ ဤမြို့ဟောင်း ပျက်စီးတာ အံ့သြစရာ မဟုတ်ပါ။ မောင် ပြောတာကဖြင့် ဗိသနိုးမှာ ဆန်ရေစပါး ပေါများသတဲ့၊ ရန်ပယ်ချောင်းသည် ဗိသနိုး၏ အသက်သွေးကြောဖြစ်သတဲ့၊ တရုတ်နိုင်ငံနှင့်ပင် ကူးသန်းရောင်းဝယ်ရေး ထွန်းကားပြီး စည်ကားသည့် မြို့တော်ကြီးဖြစ်သတဲ့၊ မယုံနိုင်စရာပဲ။

"မောင်ရေ… ရေငတ်လိုက်တာနော်၊ ဒီနားမှာ လယ်တဲလေးဘာလေး မရှိဘူးလားကွယ်၊ ရေတောင်းသောက်ရအောင်လို့"

"ဟိုးခပ်လှမ်းလှမ်းမှာတော့ တဲကလေးတစ်လုံး မြင်တယ် ဆရာမရဲ့၊ အဲဒီကို သွားကြမလား"

ကျွန်မတို့သုံးယောက်သား အဆောက်အအုံဟောင်းကြီး မြေနေရာမှ ထွက်ခွာ၍ ထနောင်းပင်ရိပ်ကလေးဆီသို့ သွားကြသည်။

တဲကလေးသည် နီးမလိုလိုနှင့် တော်တော်ဝေးကွာ၏။ ထနောင်းပင်နှစ်ပင်၏အကြားမှာ ဆောက်ထားသော တဲကလေးကို ထန်းရွက်ခြောက် အမြွာများ အထပ်ထပ် စီ၍ မိုးထားသည်။

အနီးသို့ ရောက်တော့မှ တဲ၏ တိုင်တစ်လုံးမှာ ထနောင်းပင်စည်တစ်ခု ဖြစ်နေမှန်း သိရသည်။

ထို ထနောင်းပင်စည်၏ အထက် တဲခေါင်မိုးမှ ဖြာထွက်သော ထနောင်းကိုင်းများကို မြင်ရ၏။

ပတ်ဝန်းကျင်မှ လောင်ကျွမ်းတောက်ပသည့် အပူရှိန်သည် တဲကလေးအနီးမှာတော့ လုံးဝ မကပ်ငြိသလိုပင် ရှိသည်။ ထနောင်းရိပ်သည် အေးမြနေ၏။

ပတ်ဝန်းကျင်မှာ ချုံပုတ်သေးသေးကလေးများ ဆူးခက် ခြံရံလျက် ပေါက်နေသည်။ ပန်းပွင့်သေးသေးကလေးများသည် နံနက်နှင့် ညတို့တွင်သာ ပွင့်လန်းပုံရလျက် ယခုအချိန်မှာတော့ ညှိုးနွမ်းသလို ဖြစ်နေသည်။

တဲအတွင်းမှ လူတစ်ယောက် ထွက်လာသည်။

ထိုလူသည် အသားညိုမည်းကာ သန်မာတောင့်တင်း၏။ ဆံပင်က ခေါင်းတုံးဆံတောက်ပုံစံ၊ လည်ပင်းတုတ်ခိုင်ကာ စွပ်ကျယ်ကလေးမျှပင် မပါဘဲ အကျီဗလာဖြစ်သောကြောင့် ညိုပြောင်သော အသားအရေကို တင်းမာစွာ မြင်နေရသည်။

အသက်တော့ ၄၀ ပတ်ဝန်းကျင်တွင် ဖြစ်နိုင်သည်။ တောရွာက လူများသည် ရုပ်ရည် ပိုမိုရင့်ကျက် ညိုမောင်းတတ်သဖြင့် ကျွန်မ မခန့်မှန်းနိုင်ပါ။

"မြို့က ဧည့်သည်တွေ ထင်တယ်"

"ဟုတ်ကဲ့ ခင်ဗျာ၊ ကျွန်တော်တို့ ရေတစ်ခွက်လောက်များ ရနိုင်မလား"

မောင့်အမေးကို ထိုလူက လှိုက်လှဲပျူငှာစွာ ဖြေသည်။

"ရပါတယ်... ရပါတယ်၊ ခဏထိုင်နားကြပါဦး"

ထို့နောက်တော့ ကျွန်မတို့သုံးယောက်သည် အိမ်ရှင်ချပေးသော ထန်းလျက်နှင့် ရေကို အားရပါးရ မြည်းစမ်းကာ သောက်ကြပါသည်။

အိမ်အတွင်းခန်း ကွပ်ပျစ်မှာတော့ အဘွားအိုတစ်ယောက်သည် ပြောင်းဖူးဖက် ဆေးလိပ်ကို လိပ်လျက်ရှိသည်။ အဘွားအို၏ ရှေ့တွင် စစ်စေးသုတ်ထားသော ခံတောင်းသေးသေးတစ်ခုနှင့် ဆန်ကောတစ်ခု ချထားသည်။

ဆေးရိုးများ၊ ပြောင်းဖူးဖက်ခြောက် အလိပ်များ၊ ဆေးရွက်ကြီးများ ကိုလည်း တွေ့ရသည်။ အသက် ၇၀ လောက် ဖြစ်မည်ဟု ကျွန်မ ခန့်မှန်းမိ၏။

မောင်က အိမ်ရှင်ကို ဗိသနိုးမြို့ဟောင်းအကြောင်း မေးနေသည်။

"ကျွန်တော် လိုက်ပြပေးပါ့မယ်၊ ဟိုဘက် မြို့ရိုးအခြေမှာ တူးဖော်ပြီးသား ကုန်းတွေ ရှိသေးတယ်ဗျ၊ သင်္ချိုင်းကုန်းလို့ ပြောတာပဲ"

သင်္ချိုင်းဟူသော စကားကြောင့် ကျွန်မ မေ့ပျောက်ထားသော အိပ်မက်၏ အဆုံးပိုင်းကို ချက်ချင်း သတိရသွားမိသည်။

"ဆရာတို့ စိတ်ဝင်စားရဲ့လား"

သူသည် မောင့်ကို ဆရာတစ်ယောက်မှန်း သိပြီး ခေါ်လိုက်တာ မဟုတ်နိုင်ပါ။ လူစိမ်း သူစိမ်းတွေ့တိုင်း ဆရာခေါ်နေကျ နှုတ်ကျိုးနေသည့် ပုံစံမျိုးသာ ဖြစ်ပါသည်။

"စိတ်ဝင်စားတယ်ဗျ၊ လမ်းပြလုပ်မယ့်လူ မရှိလို့ ကျွန်တော်တို့ မြေပုံနဲ့ လာရတာ။ ရှေးဟောင်း သုတေသနက ထုတ်ထားတဲ့ မြေပုံပဲ တိကျပါတယ်။ ဒါပေမဲ့ နည်းနည်းတော့ စမ်းတဝါးဝါးနိုင်တာပေါ့ခင်ဗျ"

ထိုလူက ကျွန်မတို့အဖွဲ့ကို စိတ်ပါလက်ပါ ကူညီချင်သည့်ဟန်မျိုး ရှိသည်။

"အမေ... ကျွန်တော် ခဏလိုက်ပြလိုက်ဦးမယ်"

"အေး... အေး"

အဘွားအိုနှင့် ကျွန်မမျက်လုံးချင်း ဆုံမိသည်။ အဘွားအို၏

မျက်လုံးများ တောက်ပစူးရှလွန်းသဖြင့် ကျွန်မ ထိတ်ခနဲ ရင်ခုန်သွားပါသည်။

မျက်လုံးများသည် အလျားရှည်၏။ မျက်ဆန်က ယခင်ကတော့ နက်မှောင်ချင် နက်မှောင်မည်။ ယခုအချိန်မှာတော့ အညိုရောင်နှင့် မီးခိုးရောင် ရောစပ်ထားသော အရောင်ဖြစ်၍ ကြည်လဲ့နေ၏။

မျက်လုံးဘေးက ပါးရေများ တွန့်သွားသည်မှာ ပါးပြင်အထိ အရေးအကြောင်းများ ဖြစ်နေသည်။ မျက်တောင်က ငယ်စဉ်က မည်းနက် ကော့ပျံ့ပုံရပြီး ယခုအချိန်မှာတော့ ညိုလွဲ့လွဲ့ ဖျော့မှိန်စင်းကျနေသည်။

အဘွားအိုက ကျွန်မကို ပြုံးပြလိုက်သောအခါ ကျွန်မသည် ငေးမောနေရင်းမှ ပြန်ပြုံးပြလိုက်မိ၏။ ကျွန်မ၏ အိပ်မက်ထဲက အဘွားအိုလို ကြောက်စရာ မကောင်းပါ။

ခင်မင်ချစ်ခင်စဖွယ်သာ ဖြစ်ပါသည်။ သဘောကောင်းသော အဘွားအိုတစ်ယောက် ပုံစံပဲ ဖြစ်သည်။

ကျွန်မတို့တဲနှင့် ခပ်လှမ်းလှမ်း လျှောက်သွားမိပြီးနောက် ကျွန်မ နောက်သို့ ပြန်လှည့်ကြည့်မိသေး၏။ အဘွားအိုသည် လိပ်လက်စ ဆေးလိပ်ကို ကိုင်ထားပြီး ကျွန်မတို့ဆီ လှမ်းကြည့်နေသည်ကို မြင်ရသည်။

ကျွန်မ ရင်ထဲမှာ တစ်မျိုးကြီး ဖြစ်သွား၏။ အဘွားအို၏ အကြည့်မှာ ဘာပါသလဲ။ ခင်မင်မှုလား၊ မဟုတ်သေးပါဘူး၊ တစ်ခုခု ပိုသေးသည်။

မကျေနပ်မှုလား၊ ဟင့်အင်း...အဘွား၏ မျက်လုံးတွေက ဖြူစင်ရိုးဖြောင့်နေသည်။ ကျွန်မ သိပြီ၊ စိုးရိမ်ပူပန်မှု။

ကျွန်မသည် အဘွားအို မျက်လုံးထဲမှ စိုးရိမ်ပူပန်မှုကို ပုံဖော်လျက် ခြေလှမ်း တွန့်ဆုတ်စွာ လှမ်းလာခဲ့ရသည်။ အဘွားအို၏ စိုးရိမ်မှုကို ကျွန်မ ခံစားမိသောအခါ ရှေ့ဆက်သွားရမည့် ခရီးအတွက် စိတ်အနှောင့်

အယှက် ဖြစ်လာ၏။

ကျွန်မတို့ ဘယ်သွားနေကြတာလဲ၊ သချိုင်းကုန်းရှိရာကိုလား။

"ကျွန်တော့်အဖေက လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ လောက်က ဒီဗိသယနီးမြို့ဟောင်း တူးဖော်ရာမှာ ကိုယ်တိုင် ဝင်လုပ်ခဲ့တာ ဆရာရဲ့"

"ဟုတ်လား၊ အဲဒီတော့ ခင်ဗျားက ဘယ်အရွယ်လောက် ရှိပြီလဲ"

"ကျွန်တော် မတ်တတ်ပြေးနေတဲ့ အရွယ်လို့ အမေက ပြောတာပဲ"

ကျွန်မ သူ့စကားကြောင့် အနည်းငယ် ပြုံးမိမလို ဖြစ်သွားသည်။

တောရွာနေ လူတို့သည် မိမိ၏ မွေးသက္ကရာဇ်ကို နာရီအတိအကျ မဆိုထားနှင့်၊ ရက် လ နှစ်ကိုပင် မှတ်မထားကြဘူးဟု ကြားဖူးတာ မှန်နေပြီပေါ့။

"အဖေက ကုက္ကိုုရွာသားပေါ့။ ကျွန်တော်တို့မှာ လယ်တွေရှိပါတယ်။ ဒါပေမဲ့ လယ်ကို အမေနဲ့ ဦးကြီးကိုလွှဲထားပြီး ဒီတူးဖော်ရေး လုပ်ငန်းမှာ အဖေ ပါခဲ့တယ်။ အဖေ အဲဒီထဲမှာပါအောင် အဖေ့ကို အိပ်မက်ပေးတာတဲ့ဗျ"

အိပ်မက်ပေးတာဟူသော စကားအဆုံး၌ ကျွန်မနှင့် မောင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြသည်။

သို့သော် မပြုံးရယ်မိကြပါ။

"ဘယ်လိုအိပ်မက်မျိုးလဲဗျ"

"အဲဒါတော့ ကျွန်တော် ကောင်းကောင်း မမှတ်မိဘူး၊ အမေပြောပြ သလောက်တော့ အဖေက အိပ်မက်ထဲမှာ နန်းမြို့ရိုးတစ်ခုထဲကို ခေါ်သွား ခံရတာတဲ့၊ ဟိုအထဲရောက်တော့ နန်းမြင့်ပြာသာဒ်တွေက တော်တော် လှတယ်ဆိုပဲ၊ အဲဒီမှာ အဖေက မိန်းမတစ်ယောက်နဲ့ တွေ့သတဲ့။ အမေ ပြောသလိုဆိုရင်တော့ အဲဒီမိန်းမက ထိုင်မသိမ်း လုံချည်နဲ့ ရှေးက ရင်ခံ အင်္ကျီလိုမျိုး ခပ်ကျပ်ကျပ်ကို ဝတ်ထားသတဲ့"

ကျွန်မ ရုတ်တရက် သူ့ကို မော့ကြည့်မိသည်။

"အဲဒီမိန်းမက ဒီမြို့ကြီးကို မင်း ထိန်းသိမ်းရမယ်... ကြားလားလို့ မှာသတဲ့ ဆရာရဲ့"

"အင်း... ကေန္တတော့ ဒါ ပန်ထွာဘုရင်မပဲ ဖြစ်မယ်ဗျို့"

ကားဆရာက ဝင်၍ ဟာသစွက်သော်လည်း မည်သူမျှ မရယ်မောကြပါ။

"မဟုတ်နိုင်ဘူးဗျ၊ ပန်ထွာဘုရင်မက လှသတဲ့၊ ကျွန်တော့်အဖေရဲ့ အိပ်မက်ထဲက မိန်းမက မလှဘူး"

ကျွန်မ အိပ်မက်ထဲက မိန်းမကလည်း မလှပါဘူးဟု ကျွန်မ ဝင်ပြောချင်စိတ် ပေါက်လာ၏။ သို့သော် သူ့စကားကိုသာ ဆက်၍ နားထောင်နေမိသည်။

"ဆက်ပါဦးဗျ"

"ဒါပဲဗျ၊ အဲဒီ အိပ်မက်မက်ပြီး လပိုင်းအတွင်းမှာပဲ အဲဒီ သုတေသနအဖွဲ့တွေရောက်လာပြီး တူးကြ၊ ဖော်ကြတာပါပဲဗျာ။ လေးငါးဆယ်ခါလောက် ရှိမယ်ဗျ၊ ပြန်သွားလိုက် လာတူးလိုက်နဲ့ပေါ့ဗျာ။ အဲဒီ တစ်ချိန်လုံးလည်း အဖေ ဝင်ပါခဲ့တာချည်းပဲတဲ့"

ကျွန်မ၏ အိပ်မက်ထဲက မိန်းမကတော့ ကျွန်မကို မြန်မာစကားနှင့် ပြောတာမဟုတ်၍ ကျွန်မ နားမလည်ခဲ့ပါ။ အကယ်၍သာ သူမ၏ စကားကို ကျွန်မ နားလည်ခဲ့လျှင် ကျွန်မကိုများ ဤမြို့ဟောင်းကို ထိန်းသိမ်းစောင့်ရှောက်ခိုင်းလေမလား မသိ။ ဤကဲ့သို့ တွေးလိုက်မိသောအခါ ကျွန်မ ကြက်သီးဖြန်းခနဲ ထသွား၏။ ထို့ကြောင့် သူ့စကားကို ဖြတ်၍ မေးခွန်းတစ်ခု မေးလိုက်သည်။

"အခု ရှင့်အဖေရော"

အဖြေသည် ကျွန်မ မျှော်လင့်သည့်အတိုင်း ဖြစ်၏။

"ဆုံးသွားပြီဗျ"

ထို့နောက် သုံးယောက်သား ငြိမ်သက်စွာ ခြေလှမ်းဆက်လှမ်းကြသည်။

"ဆုံးတာ ကြာပြီလား"

ကျွန်မ မမေးချင်သောမေးခွန်းကို မောင်က မေးလိုက်ပါသည်။

"ဟာ... ကြာလှပြီပေါ့ဗျာ၊ ကျွန်တော် ငါးတန်းကျောင်းသားအရွယ်ကတည်းကပဲ။ အဖေ့ကို ကျွန်တော်မှတ်မိသလောက်တော့ အဖေက သိပ်သဘောကောင်းတာဗျ။ ညနေ ညနေဆိုရင် ကျွန်တော့်ကို လှည်းပေါ်တင်ပြီး ကုက္ကိုုခွရွာကနေ ဟောဒီ မြို့ဟောင်းထဲကို လာနေကျ။ ဒီရောက်ရင် ကျွန်တော့်ကို လက်တွဲပြီး အုတ်ပုံတွေကို လျှောက်ပြပါလေရော။ အဲဒီတုန်းကတော့ ကျွန်တော်က ငယ်လည်းငယ်သေးတယ်။ သမိုင်းဆိုတာတွေ၊ သုတေသနဆိုတာတွေလည်း သိပ်မသိတဲ့အရွယ်ပေါ့ဗျာ။ ကျွန်တော့်အတွက်ကတော့ မြို့ပျက်ကြီးဟာ ကျက်သရေ မင်္ဂလာကင်းမဲ့တဲ့ ခြောက်ခြောက်သွေ့သွေ့ အထီးကျန်မြို့ကြီးပဲဗျ။ ကျွန်တော် ဒါပဲသိတယ်။ အုတ်ပုံအပျက်တွေ၊ ရေကန်အပျက်တွေ၊ တူးရာဆွရာတွေကိုလည်း ကျွန်တော် စိတ်မဝင်စားပါဘူး။ ကျောက်ဒိုးထုဖို့လောက်သာ ကျွန်တော်က စိတ်ဝင်စားခဲ့တာကိုး"

နေဝင်ရီတရောအချိန်တွင် လှည်းကလေးပေါ်မှာ လူနှစ်ယောက်တည်းရှိနေပြီး ပတ်ဝန်းကျင်တစ်ခုလုံးမှာလည်း သက်ရှိဟူ၍ သူတို့နှစ်ယောက်သာ ရှိလိမ့်မည်။ ဖုန်ထုနှင့် ရောနှောကာ မြေကြီးရောင်ထနေသည့် အုတ်ပုံအပျက်များသည် ငါးတန်းကျောင်းသားကလေးတစ်ယောက်အဖို့ ပျင်းရိငြီးငွေ့ဖွယ်ရာ ဖြစ်ပေမည်။

"အဖေကတော့ အုတ်ကုန်းတွေကို နာမည်နဲ့ နံပါတ်နဲ့ အလွတ်ရတယ်ဗျ။ အမှတ် ၁၂၊ အမှတ် ၁၃ စသဖြင့်ပေါ့ဗျာ။ အဖေပြောပြောနေ

လို့ သိတာကတော့ အမှတ် ၁၄ ကုန်းက သင်္ချိုင်းကုန်းဆိုပဲ"

စကားပြောကျင့်မရှိသော တောရွာနေ လူတစ်ယောက်၏ ထုံးစံအတိုင်း သူ့စကားများ ဟိုရောက်သည်ရောက် ဖြစ်နေ၏။ သို့သော် ကျွန်မတို့ သုံးယောက်စလုံး စကားဖြတ်၍ မမေးမြန်းကြပါ။

သင်္ချိုင်းကုန်းဟူသော နာမည်ကြောင့် ကျွန်မ ကြက်သီးထသလို ဖြစ်သွားပြန်ကာ ခေါင်းပေါ်မှာ ကျဲကျဲတောက် အရည်ပျော်မတတ် ပူနေသည့် အပူရှိန်အောက်မှာပင် အေးမြလာသလို ကျောထဲ စိမ့်လာသည်။

"အဲဒီသင်္ချိုင်းကုန်းမှာ အရိုးအိုးတွေအပြင် ဘာတွေ့ရတယ် ထင်သလဲ၊ လူအရိုးစုဗျ"

ကျွန်မ ပါးစပ်အဟောင်းသား ငေးမောသွားမိပေမဲ့ မောင်ကတော့ အံ့ဩပုံမရပါ။

"ကျောက်ခုံလို့ ထင်ရတဲ့ အုတ်အခင်းပေါ်မှာ ပက်လက်ဖြစ်နေတဲ့ အရိုးစုကို တွေ့တဲ့အဖွဲ့ထဲမှာ အဖေပါတယ်။ အရာရှိကြီးတွေ ခိုင်းသမျှ အဖေတို့အဖွဲ့က တစ်သဝေမတိမ်း လိုက်နာကြတာတဲ့။ အဖေ့ကြည့်ရတာ ကြောက်ဟန်လည်း မတူဘူးတဲ့။ အမေက စိတ်ပေါက်ပေါက် ရှိတာနဲ့ တော့်အရိုးက ယောကျ်ားအရိုးလား၊ မိန်းမအရိုးလားလို့ မေးတော့ အဖေ မဖြေနိုင်ဘူးတဲ့ဗျ။ အမေကတော့ စိတ်မှန်းနဲ့ မိန်းမအရိုးပဲ ဖြစ်မှာပါလို့ နိမိတ်ဖတ်နေလေရဲ့"

"တကယ်တော့ အဲဒါ ယောကျ်ားအရိုးဗျ။ ကျွန်တော်တို့ စာစောင်တွေထဲမှာ ဖတ်သမျှတော့ အသက်ခပ်ငယ်ငယ်ပဲတဲ့"

မောင်က ဝင်ပြောတော့ သူက မောင့်ကို လေးလေးစားစား ကြည့်သည်။

"ဟုတ်လား ဆရာ၊ အဲဒါ အမေသိရင် အတော်စိတ်ချမ်းသာမှာဗျ။ အမေက အဲဒီအရိုးပိုင်ရှင်ဟာ အဖေ့အိပ်မက်ထဲက မိန်းမလို့ စိတ်စွဲ

နေခဲ့တာ။ အဖေကလည်း သေသာသွားရော အဲဒီအရိုးဟာ ယောကျ်ား ရိုးလား၊ မိန်းမရိုးလား မသိသွားရှာဘူးလေ။ အမေက ဘယ်လောက်ထိ အယူသီးသလဲဆိုရင် အဖေ ဒီမြို့ပျက်ကြီးကို တစ္ဆေအဖြစ်နဲ့ ထိန်းသိမ်း နိုင်အောင်လို့ အဲဒီမိန်းမက လိပ်ပြာနုတ်သွားတာလို့တောင် ထင်နေတာ ဆရာရယ်"

အဘွားအိုရဲ့ အယူသီးမှုကို ကျွန်မ ကိုယ်ချင်းစာနိုင်ပါသည်။ ကျွန်မပင်လျှင် မမက်ဖူးသော အိပ်မက်ဆန်းတစ်ခုကြောင့် ဘာမှန်းမသိ သော စိုးရိမ်ပူပန်မှု ဖြစ်နေရသည် မဟုတ်လား။

ကျွန်မတို့သည် အုတ်အပြိုအပျက်များ အထပ်ထပ် မညီမညာ ဖြစ်နေသည့် ကုန်းမြင့်တစ်ခုသို့ ရောက်လာကြသည်။ အနီး ပတ်ဝန်းကျင် တွင် ဆူးပင်သေးသေးကလေးများနှင့် ထနောင်းပင်ပျိုများ ရှိနေသော်လည်း ဤနေရာသည် အခြားမြေနေရာများထက် ပို၍ ပူပြင်းခြောက်သွေ့ နေသည်။

"ဟောဒီနေရာက ဟိုတုန်းက သင်္ချိုင်းနေရာလို့ အဖေ ပြောတာပဲ"

ဖြစ်နိုင်ပါသည်။ ကျွန်မတို့ လျှောက်လာခဲ့သော မြို့တွင်းမှာတော့ ဤနေရာသည် အစွန်အဖျားဆုံး ကုန်းမို့ဖြစ်သည်။

"ဟောဒါက အပြင်မြို့ရိုး အုတ်အပျက်အစီးတွေပေါ့"

သူ ညွှန်ပြသော နေရာမှာ ဆူးချုံများ ရှင်းလင်းနေပြီး သေသပ် သော မြေကျင်းကလေးများ တူးထား၏။ အုတ်ခဲအလွှာများကို အနီးကပ် မြင်ရသည်။ ထိုအုတ်အလွှာများသည် မကြာခဏ ရွှေ့ပြောင်းကိုင်တွယ် ထားခံရသလို မညီမညာ ဖြစ်နေ၏။

"ကျွန်တော် ဒီဘက်တွေကို တစ်လတစ်ခါလောက်တော့ လာဖြစ် ပါတယ်။ ကျွန်တော် လာတိုင်းလည်း အုတ်တွေကို တတ်နိုင်သမျှ ပြန်ပြန် စီပေးခဲ့တယ်။ တစ်ခါတစ်ခါကျ လူတွေက ခက်တယ်ဗျ။ ဘာမှလည်း

အကျိုးမရှိဘဲနဲ့ လက်အငြိမ်မနေနိုင်တဲ့ လူတွေ ရှိတယ်။ ဒီက အုတ်ချပ်တွေက ဟိုရောက် ဒီရောက် ဖြစ်ချင် ဖြစ်နေတာ။ ကျွန်တော်လည်း အဖေ ခဏခဏပြောပြလွန်းလို့သာ ဒီအုတ်ချပ်တွေကို ထိန်းသိမ်းရကောင်းမှန်းသိခဲ့တာ”

ကျွန်မတို့ရှေ့တွင် အုတ်ပုံအထပ်ထပ် အလွှာလွှာဖြင့် အဆောက်အအုံပျက် အုတ်ကုန်းကြီးတစ်ခု ရှိနေ၏။ အချို့နေရာများသည် လူတစ်ရပ်လောက် နက်ရှိုင်းစွာ တူးထားပြီး အချို့နေရာများကတော့ လေ့ကားထစ်များသဖွယ် အဆင့်များ ဖြစ်နေသည်။ မောင်တို့ သုံးယောက်က ကျင်းချိုင့်အုတ်ခြေအထိ ဆင်းတော့ ကျွန်မပါ လိုက်ဆင်းသွားရသည်။

အဆောက်အအုံပျက်သည် အောက်သိုးသိုး ဖုန်နံ့တစ်မျိုး ရ၏။ လေသည် ကျွန်မတို့၏ ခေါင်းပေါ်မှ ဖြတ်တိုက်သွားပြီး ကျွန်မတို့ အောက်ခြေသို့ ရောက်မလာခဲ့ပေ။

ကျွန်မသည် အသက်ရှူကျပ်သလို ဖြစ်လာ၏။ ကျွန်မ ရောက်နေသော ကျင်းသည် တစ်ချိန်တုန်းက လူသေအလောင်းထားသော အခန်းဖြစ်ချင်ဖြစ်နိုင်သည်ဟု တွေးမိသောအခါ ကျွန်မ လည်ပင်းဆီတွင် ဆို့နင့်သော ခံစားမှုကို ရလာခဲ့သည်။ အိပ်မက်ထဲမှာ မောင် ရောက်နေသော ဝူသည် ယခုလိုပဲ ကျဉ်းကျဉ်းရှည်ရှည် အုတ်အခန်းကလေးဖြစ်သည်ဟု သတိရသွားသည့်အခါမှာတော့ ကျွန်မ မူးနောက်သလို ဖြစ်လာသည်။ ဘာဖြစ်လို့များ ကျွန်မ ဉာဏ်မြို့ပျက်ကြီးထဲသို့ လာခဲ့မိပါလိမ့်။ ကျွန်မကို ဉာဏ်မြို့ပျက်ကြီးရှိရာသို့ လာမိအောင် မည်သည့်အရာက ဆွဲခေါ်ခဲ့ပါလိမ့်။ ဟိုမိန်းမကလား၊ ချောင်းရေစီးသံကလား။

“မြို့ဟောင်းတူးတဲ့အဖွဲ့ထဲက အရာရှိကြီးတစ်ယောက် အဖေတို့ရွာသားတွေကို ခဏခဏ ပြောဖူးသတဲ့၊ အဟောင်းဆိုးတာ သမိုင်းပဲတဲ့။ အဟောင်းကို အဟောင်းအတိုင်း စောင့်ရှောက် မှတ်တမ်းတင်ခြင်းအား

ဖြင့် မွမ်းမံပြင်ဆင်တာထက် ပိုပြီး အကျိုးရှိတယ်ဆိုပဲ ဆရာရဲ့။ ကျွန်တော့်ကို အဖေက ခဏခဏပြောတယ်။ ဒီလိုနဲ့ပဲ ကျွန်တော်က အဖေ့ကိုယ်စား ဒီမြို့ဟောင်းကြီးဘေးမှာ အစောင့်ဖြစ်နေမှန်းမသိ ဖြစ်ခဲ့ရတာပါပဲ ဆရာရယ်"

အုတ်ပုံအပျက်၏ ဟောင်းနွမ်းဖုန်ထူသော အနံ့ကြောင့်လား၊ လှောင်ပိတ်မွန်းကျပ်သည့် ပတ်ဝန်းကျင်ကြောင့်လား၊ သို့မဟုတ် ခေါင်းပေါ်က စူးရှတောက်ပသည့် နေပူရှိန်ပြင်းပြင်းကြောင့်လား မသိ။ ကျွန်မ ရုတ်တရက် ခေါင်းထဲမှာ စူးစူးဝါးဝါး ကိုက်ခဲလာသည်။

"ဒါနဲ့ ခင်ဗျားအဖေက ဘယ်လိုဖြစ်ပြီး ဆုံးသွားတာလဲ"

ကားဆရာက မေး၏။

"အင်း... ဘယ်လိုပြောရမလဲ၊ ဖျားပြီး ဆုံးသွားတာပါပဲဗျာ။ တစ်ညနေမှာ ကျွန်တော်ရယ် အဖေရယ် ထုံးစံအတိုင်း ရွာကနေ ဒီကို လှည်းနဲ့ လာကြတယ်ဗျ။ လှည်းနဲ့ဆိုပေမဲ့ မြေလမ်းပေါက်တဲ့နေရာအထိပဲ အဖေက လှည်းမောင်းတယ်။ ဒီနန်းမြို့ဘက်ကိုတော့ အဖေ ဘယ်တော့မှ လှည်းမမောင်းဘူး။ ကျွန်တော့်ကိုလည်း မမောင်းဖို့ အမြဲပြောတယ်။ ကျွန်တော်တို့ ရပ်နေတဲ့ မြေနေရာတွေဟာ သမိုင်းအတွက် အရေးကြီးသတဲ့။ မတူးရသေးတဲ့ အဆောက်အအုံတွေ၊ အသုံးအဆောင်ပစ္စည်းတွေ ကျွန်တော်တို့ ခြေဖဝါးအောက်မှာ အများကြီးရှိတယ်တဲ့။ လှည်းမောင်းတဲ့ ဒဏ်၊ ကားမောင်းတဲ့ ဒဏ်တွေကြောင့် အက်ကွဲပျက်စီးကုန်မှာ စိုးရတယ်တဲ့။ တစ်ချိန်ချိန်မှာ ထပ်တူးဖို့ လိုချင်လိုလာမှာတဲ့။ အဖေကတော့ စံပါပဲဗျာ"

ပြောရင်းဆိုရင်း အကြောင်းအရာက ဘေးချော်ထွက်သွားပြန်၏။

"တစ်ညနေမှာ နောင်ကြီးတို့သားအဖ ဒီမြို့ဟောင်းထဲကို လာလည်ကြတယ်၊ ဆက်ပြောပါဦး"

မောင်က သိသိသာသာပင် စကားထောက်ပေးတော့ သဘော ကောင်းသော ရှာသားကြီးက အားပါးတရ ပြုံးရယ်လေသည်။

“ဟုတ်ပ့ါဗျာ၊ ကျွန်တော်လည်း ပြောရင်း စကားတွေရောကုန်ပေါ့။ ဟုတ်တယ်... တစ်ညနေမှာ ကျွန်တော်တို့ ဒီကိုရောက်လာကြတယ်။ ဒီကိုဆိုတာ မြို့ဟောင်းထဲတွင် မကဘူးဗျ။ နန်းတော်ကုန်းတင် မကဘူး၊ ဟောဒီနေရာအထိ ရောက်ခဲ့တယ်”

ကျွန်မ မတ်တတ်ရပ်နေသော အုတ်ကျင်းကို မေးငေါ့ပြပါသည်။

“အဲဒီညနေက ကျွန်တော်တို့နှစ်ယောက် ဒီနေရာမှာ အကြာကြီး နေခဲ့ကြတာ၊ မြေပြင်အပူက တဖြည်းဖြည်း အေးလာတဲ့အထိ ဆိုပါ တော့၊ ညချမ်းအထိပေါ့ဗျာ။ အဲဒီညက မိုးလည်း ဖွဲဖွဲရွာတယ်၊ လေက လည်း ပြင်းတယ်။ ကျွန်တော် ဆောင်းထားတဲ့ ထန်းဖူးဦးထုပ်တောင် လွင့်သွားလို့ ဟိုးအဝေးထိ ကျွန်တော် သွားကောက်ရသေးတာ၊ အဖေ ပြန်ရအောင်လို့ ပြောတော့ အဖေက နေဦး ဆိုပြီး ကျွန်တော့်ကို ဟိုတုန်း က အကြောင်းတွေ ပြန်ပြောနေသေးတယ်။ ကျွန်တော် ခဏခဏ ကြား ရပြီး သိပ်စိတ်မဝင်စားလို့ ဘာမှန်းမမှတ်မိတော့တဲ့ စကားတွေပေါ့ဗျာ။ တစ်ခုတော့ မှတ်မိတယ်ဗျ။ အဲဒီညက အဖေပြောတဲ့စကားထဲမှာ စာကြိုး စားတဲ့၊ အတန်းများများအောင်အောင် သင်တဲ့၊ ပညာတတ်ကြီးဖြစ်အောင် လုပ်ပါတဲ့”

ကိုယ်အထက်ပိုင်း ဗလာကျင်းနေသော ဤရှာသားကြီးသည် သူ့အဖေ၏ စကားကို မည်မျှနားထောင်ခဲ့သနည်း။

“ကျွန်တော်ကလည်း ကျောင်းအားကြီးပျင်းတယ်၊ စာသင်ရတာ ထက် လယ်ကန်သင်းဘေးမှာ ပုစွန်လုံး နှိုက်ရတာကို ပိုပျော်တယ်၊ စာ ကျက်ရတာ ဂဏန်းတွက်ရတာထက် မှိုကျင်းရှာရတာ ပိုပျော်တယ်။ အဖေလည်းသေရော ကျွန်တော်လည်း ကျောင်းထွက်လိုက်တော့တာ

ပါပဲ”

တစ်ခဏ တိတ်ဆိတ်သွားသည်။

ကောင်းကင်ပြာပြာမှ ငှက်တစ်အုပ် အသံတိတ်စွာ ပျံသန်းသွားကြ၏။

ကျွန်မသည် ကောင်းကင်က အပူရှိန်ကြောင့် မျက်လုံးများ ရုတ်တရက် ပြာဝေသွားသည်။

“အဲဒီညက အပြန်မှာ အဖေ လှည်းမမောင်းဘူး၊ ကျွန်တော် လှည်းမောင်းရတယ်၊ အဲဒီညက အဖေ တော်တော်စကားနည်းတယ်။ အဲလေ ... စကားနည်းတာ မဟုတ်ပါဘူး။ ငြိမ်ကို ငြိမ်နေတာ ဘာမှကို မပြောတော့တာဗျ။ မှောင်ကလည်း မှောင်နေတော့ ကျွန်တော်က လှည်းကို အာရုံစိုက်မောင်းနေတာ။ နွားတွေကလည်း အဲဒီနေ့မှ ဒုန်းစိုင်းပြေးလိုက်တာဗျို့။ ကျွန်တော် မနိုင့်တနိုင်နဲ့ မနည်းဆွဲထိန်းထားရတယ်၊ အိမ်ရောက်မှ သိတာ၊ အဖေက ကိုယ်တွေပူပြီး ဖျားနေပြီဗျ”

ကျွန်မလည်း ဖျားများ ဖျားနေပြီလား မသိ။ ခေါင်းတွေ ကိုက်ခဲကာ ရင်တလှပ်လှပ် မူးနောက်နေသည်။

ကျွန်မ နောက်က အုတ်နံရံတစ်ခုကိုသာ မှီ၍ ရပ်နေလိုက်ရ၏။

ကျွန်မကိုယ်ခန္ဓာ၏ ပွတ်တိုက်မှုကြောင့် နောက်ဘက်က အုတ်အလွှာများကြားမှ အုတ်မှုန့်များ၊ မြေမှုန့်များ ရုတ်တရက် ပြိုဆင်းကာ ကျွန်မ ခြေဖနောင့်တွေအနားသို့ ကျလာသည်။

“အမေက ပထမတော့ တဖျစ်တောက်တောက်နဲ့ ဆူပူနေတာပေါ့ဗျာ၊ အဲဒီကို ဘာကိစ္စ သွားရတာလဲ၊ ဘာမှ အကျိုးမရှိတဲ့ အလုပ်ကို ဘာကြောင့် လုပ်နေရတာလဲ၊ ထည်သွားတွေ တုံးနေတာတော့ သွားသယ်ပြီး လဲမယ်မကြံဘူး၊ အဲဒါကိုသာ ကြပ်ကြပ်လုပ်နေ၊ တစ်နေ့ ရှင်အဲဒီက ဥစ္စာစောင့်မတစ်ယောက်ယောက်နဲ့ ရမယ်တဲ့။

"အမေ ဘာပြောပြော အဖေက ပြန်မပြောနိုင်ဘူး၊ တစ်ခါတည်း စောင်ခြုံပြီး ကွေးတော့တာပဲ။ နောက်တော့မှ အဖေ တကယ်ဖျားမှန်း သိတော့ အမေက ရေနွေး ကပျာကယာတည်ပြီး လျှာပွတ်ဆေးနဲ့ ကွမ်း ရွက်ပြုတ်ရည်နဲ့ တိုက်ရတော့တာပေါ့ဗျာ။ ခါတိုင်းတော့ အဖေက သိပ် လည်း မဖျားတတ်ဘူး၊ ဖျားရင်လည်း အမေ ဆေးတိုက်လိုက်ရင် ပျောက် တာပဲ။ အခုတစ်ခါကျ အဖျားက ကျသွားလည်း ခဏပဲဗျ၊ ပြန်ဖျားလာ ပြန်ရော။ ဖျားပြီဆို တစ်ကိုယ်လုံး တုန်တုန်ယင်ယင်နဲ့ အသံထွက်ပြီး ညည်းလား ညည်းရဲ့၊ ကယောင်ချောက်ချား ပြောလား ပြောရဲ့၊ အမေ တော်တော်စိတ်ပူသွားရတာပေါ့ဗျာ၊ ဒါနဲ့ လေးငါးရက်ကြာတော့ ရွာ ထဲက ဆေးမှူးကို ကျွန်တော် သွားပင့်ရတယ်ဗျ။ ဆေးမှူးရောက်တဲ့ အချိန်မှာ အဖေက သတိ မလစ်တလစ်ဖြစ်နေပြီ"

"လေး... မူးလို့လား"

မောင့်အသံက အဝေးကြီးမှ လာသလို သဲ့သဲ့ကလေး။ ကျွန်မ မောင့်ကို အားတင်း၍ ပြုံးပြလိုက်မိ၏။

"ဟုတ်တယ်၊ နည်းနည်းမူးနေတယ်"

မောင်က ကျွန်မလက်ကို လာ၍တွဲပါသည်။

"ဟာ... ဒါဆို ကျွန်တော်တို့ ဟိုဘက်က ထနောင်းရိပ်ကို သွားရ အောင်၊ ဒီမှာ လေက သိပ်မကောင်းဘူး"

ကျင်းထဲမှ ကျွန်မ တက်နိုင်အောင် မောင်က လက်တွဲ၍ ခေါ်ခိုက် ကားဆရာနှင့် ရွာသားကြီးက ကျွန်မကို စိုးရိမ်ပူပန်သလိုပင် ကျင်း နှုတ်ခမ်းပေါ်မှ ငုံ့ကြည့်နေကြ၏။

"ရတယ်... ရတယ်... သွားနှင့်၊ ကျွန်မ ဘာမှမဖြစ်ဘူး"

ကျွန်မတို့လေးယောက် သစ်ပင်ရိပ်ရှိရာကို လျှောက်လာခိုက်မှာ မောင်က စောစောက စကားကို ဆက်ပေး၏။

"ဆက်ပြောပါဦးဗျ။ ခင်ဗျားအဖေ သတိလစ်ခါနီး ဖြစ်နေတုန်း ဆေးမှူး ရောက်လာရော"

"အေးဗျာ... ကျွန်တော်လည်း ဆရာ့ဆေးအိတ် အသာချပြီး အဖေ့ အနားမှာ ကပ်ထိုင်လိုက်ရတာပေါ့။ နို့ အမေက ငိုနေပြီကိုးဗျ။ အဲဒီမှာ အဖေက ကယောင်ကတမ်းတွေ ပြောတော့တာပဲ။ တစ်ယောက်ယောက် ကို နှင်ထုတ်နေတဲ့ အသံမျိုးနဲ့ သွား... သွား... မလာနဲ့ ဆိုတာတွေ အော်၊ အမေက ငို၊ ကျုပ်မသွားဘူး... မသွားဘူးလို့ အော်၊ အမေက ငိုပေါ့ဗျာ၊ ကျွန်တော့်ကိုတောင် အဖေက စကားထဲ ထည့်မယောင်နိုင်ပါ ဘူးဗျာ။ သူ ဒီသားကို သိပ်ချစ်တာဗျ။ အဲဒီနောက် အဖေ သွားကြီးစေ့ပြီး တစ်ကိုယ်လုံး တုန်နေတော့တာပါပဲ"

မောင့်ကို တွဲထားရင်းက ကျွန်မ ခြေလှမ်းတွေ နည်းနည်း ယိုင်လာ သည်ကို သတိထားမိသည်။ အပူဒဏ်သည် ကျွန်မ၏ ကိုယ်ခန္ဓာထဲရှိ ရေအင်အားတွေကို စုပ်ယူလိုက်ပြီ ထင်ပါရဲ့။ ကျွန်မ ခြေထောက်တွေမှာ ခွန်အားမရှိတော့ပါ။ တစ်ယောက်ယောက်က နောက်က ဆွဲထားသလို သို့မဟုတ် မြေကြီးက ဆွဲထားသလို ကျွန်မ ခြေလှမ်းတွေ လေးလာသည်။

"ဆေးမှူးက ဆေးတွေလည်း မနည်းပါဘူးဗျာ ထိုးပေးပါရဲ့။ အဖေကတော့ လုံးဝကို သတိပြန်မလည်လာတော့တာဗျ။ ဆေးမှူးက မျက်နှာမကောင်းဘူး။ ကျွန်တော် ကလေးပေမဲ့ ဆေးမှူးမျက်နှာကြည့်ပြီး အဖေ သိပ်မဟန်လောက်ဘူးလို့ သိပါတယ်။ ကျွန်တော့် ဦးကြီးတစ် ယောက်ကိုတော့ ဆေးမှူးက ခပ်တိုးတိုးမှာသွားတယ်ဗျ။ ဆေးရုံသာ တင်ပါတော့တဲ့။ လူနာအခြေအနေ သိပ်မကောင်းဘူးတဲ့။ ဒါပေမဲ့ အဖေ ဆေးရုံမရောက်လိုက်ပါဘူး။ ဆေးမှူး ပြန်သွားပြီး သိပ်မကြာဘူး အဖေ ဆုံးသွားတယ်။

"...အမေက အော်ငိုတာ တက်တောင် တက်သွားတယ်ဗျာ၊ အဲဒီ

နောက်မှာတော့ အမေက အဖေ့အကြောင်း အိပ်မက်တွေ ဆက်မက်တာတဲ့၊ အဖေက မကျွတ်ဘူးပေါ့ဗျာ၊ ကျွန်တော်ကတော့ အဲဒါတွေ မယုံဘူးဗျ။ အဖေ့ကို ဘယ်မိန်းမကမှလည်း ခေါ်တာမဟုတ်ဘူး၊ ဘယ်ဥစ္စာစောင့်မကမှ လိပ်ပြာနုတ်တာ မဟုတ်ဘူး။ ဆေးမှူးက ပြောသားပဲ။ ဦးနှောက်ထဲ ငှက်ဖျားဖြစ်တာတဲ့။ အမေက ကုက္ကိုခွမှာတောင် နေချင်တော့တာ မဟုတ်ဘူး။ သူ့အမျိုးတွေရှိတဲ့ ကိုးပင်ကို ပြောင်းချင်တာ။ ဒါပေမဲ့ မပြောင်းဖြစ်ပါဘူး။ အမေက ဒီရွာမှာမှ ဈေးရောင်းလို့ သိပ်ကောင်းတာ။ ကျွန်တော်က ကျောင်းထွက်ပြီး လယ်ထဲ ဆင်းတယ်။ ဒီလိုနဲ့ သားအမိနှစ်ယောက် နေလာခဲ့ကြတာ”

“အခုရော ခင်ဗျားအမေက ခင်ဗျားအဖေအကြောင်း အိပ်မက်မက်သေးသတဲ့လား”

ကားဆရာက မေးတော့ ရွာသားကြီးက ရယ်၏။

“ဟာ... ကြာ ကြာလှပြီပဲ၊ ဘယ်မက်တော့မလဲ။ အမေက ကြောက်လည်း မကြောက်တော့ဘူးဗျ။ မကြောက်လို့လည်း ကျွန်တော်တို့ကို ရွာမှာ သက်သက်ထားပြီး အမေက ဒီမြို့ပျက်ထဲမှာ တဲကလေး ထိုးပြီး ဆေးလိပ် လိပ်စားနေတာသာ ကြည့်တော့။ အမေက သိပ်မသန်မာတော့ ဈေးမရောင်းနိုင်တော့ဘူးလေ။ ကျွန်တော်တို့ လင်မယားက ကျွေးထားမယ်ပြောလည်း မရပါဘူးဗျာ။ ဒီဘက်ရွှေ့လာတယ်။ အသက်ကြီးပြီဆိုတော့ တိတ်ဆိတ်တဲ့နေရာကို နေချင်ပုံရပါတယ်။ ဒီလာသမျှ ဧည့်သည်တွေကို အမေက လက်ဖက်တို့၊ ထန်းလျက်တို့နဲ့ ဧည့်ခံရတာ ပျော်နေတာ၊ ဒါပေမဲ့ အမေ့စိတ်ထဲ အဖေ ဒီမြို့ပျက်ထဲမှာ မကျွတ်ဘူးလို့တော့ ထင်နေပုံရတယ်။ တစ်လောတုန်းက ကျွန်တော့်ကို အမှတ်တမဲ့ ပြောဖူးတယ်”

ကျွန်မ ကြားနေရသောအသံများသည် တဖြည်းဖြည်း ဝေးဝေး

သွားပြီး ကျွန်မတစ်ကိုယ်လုံး ညွတ်ခွေသွား၏။

မောင်က ကျွန်မကို ကပျာကယာ ထိန်းပွေ့ထားလိုက်သည်ကို သိလိုက်သည်။

"လေးရေ... လေး"

မောင့်အသံသည် ကျွန်မ နောက်ဆုံးကြားရသော အသံဖြစ်ပြီး ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်ကာ မှောင်ကျသွားပါသည်။

*

အခန်း (၄)

ကျွန်မသည် မျက်လုံးဖွင့်လျှင်ဖွင့်ချင်း စူးရှတောက်ပသော မျက်လုံး တစ်စုံကို အရင်တွေ့ရသည်။

ထိုမျက်လုံးများထဲမှာ ညိုလဲ့လဲ့ အရည်ကြည်ကြည်၊ မျက်တောင် တွေကတော့ မရှိသလောက်ပင် ပါးလျား၍ တိုနေသေး၏။

"လေး... နေကောင်းလား"

ကျွန်မ မြင်နေရသော အဖြူရောင် ဆံပင်များနှင့် ပါးရေတွန့်နေ သော ပိန်သွယ်သည့်မျက်နှာ၏ နောက်မှာ မောင့်မျက်နှာကို ကျွန်မ မြင်ရ သည်။

"ကောင်းပါတယ်"

ကျွန်မ အသံသည် မယုံကြည်နိုင်စရာပင် လန်းဆန်း ကြည်လင်နေ ခဲ့သည်။

ကျွန်မရှေ့မှ အဘွားအိုသည် အားရပါးရ ပြုံးလိုက်သောအခါ မျက်လုံးမှ စိုးရိမ်ပူပန်မှုများ လွင့်စဉ် ပျောက်ကွယ်သွား၏။

"ကဲ... တွေ့တယ်မဟုတ်လား ဆရာလေးရဲ့၊ ဘာမှဖြစ်တာ မဟုတ်ဘူး၊ ဒီလိုအချိန်မျိုးက ဒီလိုပဲ မူးတတ်၊ မော်တတ်တယ်"

အဘွားအိုး၏စကားအဆုံးတွင် မောင်က ကျွန်မဘေးတွင် လာထိုင်သည်။ ထို့နောက် ကျွန်မလက်ဖျားများကို ခပ်ဖွဖွ ဆုပ်ညှစ်လိုက်လေသည်။

"ခဏနေရင် ဆရာဝန် ရောက်လာလိမ့်မယ် သိလား လေး၊ အဘွားရဲ့ သားနဲ့ ကားဆရာကြီး ဆရာဝန် သွားခေါ်ကြတယ်"

"အို..."

ကျွန်မ ဖြုန်းခနဲ ထထိုင်မည့်ဟန်ပြင်တော့ အဘွားက ကမန်းကတန်း တားမြစ်၏။

"ဟာ... လေး နေကောင်းပါတယ် မောင်ရာ၊ ဆေးမထိုးချင်ဘူး"

"မထနဲ့လေ သမီးရဲ့၊ လှဲနေ လှဲနေ၊ အစောကြီးကတည်းက အမေက သမီး နေသိပ်မကောင်းဘူးထင်လို့ လှမ်းတားမလို့ ကြံသေးတာ၊ ဘယ့်နှယ် ဒီလိုအချိန်မျိုးမှာ ခရီးကြမ်း မသွားရဘူးကွဲ့"

အဘွားအိုစကားကြောင့် ကျွန်မ တအံ့တဩ ဖြစ်သွားသည်။ ကြည့်စမ်း... ကျွန်မ လုံးဝ သတိမထားခဲ့မိသော အဖြစ်ပါလား။ တကယ်ဆို ကျွန်မ ရိပ်မိဖို့ ကောင်းပါသည်။

ကျွန်မသည် အိပ်မက်ကိုချည်း စဉ်းစား အဓိပ္ပာယ်ဖော်နေခဲ့မိသောကြောင့် ဤနှစ်လ သုံးလအတွင်း ကျွန်မ၏ထူးခြားမှုကို ကျွန်မ သတိမထားနိုင်သလို ဖြစ်ခဲ့ရသည်။

တကယ်တော့ ကျွန်မသည် တော်တော်တုံးသည့် မိန်းမပါလား။

"လေး ဆေးမထိုးချင်ဘူးနော် မောင်"

"အေးပါကွာ၊ မထိုးချင်ရင် မထိုးရပါဘူး"

အဘွားအိုက ကျွန်မကို နူးညံ့စွာ ပြုံးကြည့်ရင်း ယပ်ခတ်ပေးနေ၏။

"တွေ့တယ် မဟုတ်လား အမေ၊ သူက ခေါင်းမာတယ်၊ ဒီကိုလာ

တာ ကျွန်တော်ခေါ်လို့ သူလိုက်လာတာ မဟုတ်ဘူး၊ သူခေါ်လို့ ကျွန်တော် လိုက်လာရတာ။ ဗိသနိုးလို့ ပြောကတည်းက သူ အရမ်းသွားချင်နေတာ အမေရဲ့"

တော်ပါသေးရဲ့၊ အိပ်မက်အကြောင်း မောင်မပြောပေလို့။ အဘွားအိုက ခေါင်းတညိတ်ညိတ် သဘောကျစွာ ပြုံးနေလေသည်။

"သမီးရဲ့ကလေးက အစွမ်းထက်တဲ့ သူရဲကောင်းလေး ဖြစ်မှာမို့ ဒီကို သမီးက လာချင်နေတာပေါ့၊ ကောင်းတယ် ကောင်းတယ်၊ သမီးတို့အပြန်မှာ အမေ ပုတီးကလေးတစ်ခု လက်ဆောင်ပေးရမယ်"

ထို့နောက် အဘွားအိုက သူ့ ထင်းရှူးသေတ္တာကလေးထဲမှ ပုတီးတစ်ကုံးထုတ်၍ ကျွန်မကို ပေးပါသည်။

"အမေ့ယောကျ်ား ကောက်တွေ့တဲ့ ပုတီးစေ့ကလေးတွေကို အမေက ပြန်စုပြီး သီထားတာ။ ရလာခါစတုန်းကတော့ သဲတွေ မြေကြီးတွေနဲ့ ပေကျံလို့ပေါ့။ အဲဒါ ဆေးကြောပွတ်သပ်ပြီး အုန်းဆီနဲ့ အရောင်ပြန်တင်ထားတာလေ၊ အဲဒါလေး ယူသွား"

ပုတီးစေ့ကလေးများသည် အစင်းကျားကလေးတွေ ချစ်စရာ၊ လိမ္မော်ရောင်နှင့် အညိုရောင်အကွက်ကလေးများသည် တမင်တကာ ဆေးခြယ်ထားသလိုပင် ပြေလျော့စွာ တွဲဖက်မိနေ၏။

ကျွန်မသည် ပုတီးကို လက်မှာကိုင်ထားပြီး ပုတီးစေ့ကလေးများကို အသာအယာပွတ်သပ်မိတော့ ပုတီးစေ့ကလေးများ အေးစက်နေသည်ကို ခံစားရသည်။

အိပ်မက်ထဲက မိန်းမ၏ပုတီးလုံးတွေနှင့် တူသည်ဟု ကျွန်မ ထင်သည်။ သို့သော် ဤအကြောင်း ဘယ်သူ့ကိုမှ ထပ်မပြောတော့ဘူးဟု ကျွန်မ ဆုံးဖြတ်လိုက်ပါသည်။

"သိပ်လှတာပဲ အမေ၊ ကျွန်မ ယူသွားပြီး အမြတ်တနိုး သိမ်းထား

ပါ့မယ်”

ကျွန်မကရော အဘွားအိုကို ဘာလက်ဆောင်ပေးရမလဲ။ ရိုးသား ပြီး သဘောကောင်းသော အဘွားအိုသည် သူမ၏ ခင်ပွန်းမှတစ်ပါး အခြားမည်သည့်အရာကို တန်ဖိုးအထားဆုံးလဲ။ အဘွားအို၏ မျက်လုံး များကို ကျွန်မ ငေးကြည့်နေမိ၏။

နောက်ဆုံးတော့ မောင် ရိုက်ယူခဲ့သည့် ဗိဿနိုးမြို့ဟောင်း ဓာတ်ပုံ တွေထဲမှ အကောင်းဆုံးတစ်ပုံကို ပုံကြီးချဲ့ပြီး အဘွားကို လက်ဆောင် ပေးလိုက်မည်ဟု စဉ်းစားမိသည်။

ခင်ပွန်းကို ချစ်ခင်မြတ်နိုးသော အဘွားအိုသည် ဤမြို့ဟောင်းကို လည်း ချစ်ခင်မြတ်နိုးပေလိမ့်မည်။

‘ချစ်တယ်ကြိုက်တယ်ဆိုတာ’ နှင့် အခြားဝတ္ထုသစ်များ၊
ရောင်စဉ်ငှက်စာပေ၊ ဇွန်၊ ၁၉၉၄

❑

## ချစ်စရာရွာ

- တွာလ်ခဲင်းမာန် -

ခိုင်ပူက သူတို့သွားရမယ့် လမ်းဘက်ကို မျှော်ငေးကြည့်လိုက်တယ်။ တောင်ယာမီးတွေ ရှို့ထားတာ ဘာမှမကြာသေးတာမို့ မြေကြီး မည်းတဲတဲမှာ လူသွားလမ်းကလေးကို ကောက်ကောက်ကွေ့ကွေ့နဲ့ ဖြူးဖြူးကလေး လှမ်းမြင်နေရတယ်။

ကုန်းမြင့် တောင်ယာခင်းကြီးက ကြီးမားပြီး ကျယ်ဝန်းလှတယ်။ ဆက်နေတဲ့ တောင်ကြီးနှစ်တောင်ရဲ့ တစ်ဝက်လောက်ကို ယာခင်းလုပ်ထားတာကြောင့် တောင်ယာကြောနဲ့ လက်ကျန်တောစပ် အဆက်နေရာတို့ဟာ အဝေးကကြည့်ရင် လူတစ်ယောက်ရဲ့ ဆံပင်ထူလပျစ်ကြီးကို တစ်ဝက်တိတိ ညှပ်ထားသလို မြင်နေရပြီး၊ ဆောက်ပြီးစ တောင်ယာတဲ ဟိုတစ်လုံး ဒီတစ်လုံးတို့ကလည်း ဆံပင် ပြန်မပေါက်တော့တဲ့ အမာရွတ်တွေနဲ့ တူတယ်။

တောင်ယာတဲလေး တစ်တဲနားကို လေပွေလေးတစ်ခု ထိုးစိုက်ဆင်းသွားပြီး လေပွေထဲမှာ ပြာမှုန်တွေ ဖုန်တွေနဲ့၊ အမှိုက်အစအနတွေက ဖွားခနဲ ဖွားခနဲ အထက်ဘက်ကို ပြန့်ကားတက်သွားတာ မြင်နေရတယ်။

"ခိုင်ပူ... ခွမ်ဖကို ရောက်တဲ့အခါ ငါတို့ရွာကိုလည်း မေ့မနေနဲ့ဦး

နော်။ သတိရတဲ့အခါနဲ့ အားတဲ့အခါ ကြုံရင် လာလည်ဦး... သိလား"

ခိုင်ပူ့ အဖေရဲ့ ညီမ "နီကျင်" က ခွမ်ဖရွာဘက်ကို ငေးကြည့်ရာကနေ ပြောလိုက်တယ်။

"လာမှာပေါ့ နီကျင်ရယ်၊ ကျွန်တော်က အခြေအနေ အကြောင်းကြောင်းကြောင့်သာ သွားရမှာ။ ဘယ်သူမဆို အဆင်ပြေရင် ကိုယ့်ရပ်၊ ကိုယ့်ရွာမှာပဲ နေချင်တာပေါ့၊ မဟုတ်ဘူးလား"

ခိုင်ပူက တင်ထားတဲ့ ပုံစံမကျလို့ ရွဲ့စောင်းစောင်းဖြစ်နေတဲ့ မြင်းကုန်းနှီးပေါ်က ဝန်စည်စလယ်တွေကို တည့်အောင်ပြင်ရင်း ပြန်ပြောလိုက်တယ်။ နီကျင်က "ငါတို့ရွာ" လို့ တမင်ရွဲ့ပြီး ပြောလိုက်တာကိုပဲ သူ သတိထားလိုက်မိတယ်။

"နင်တို့ ခွမ်ဖကို ပြောင်းကြတာ နင့်မိန်းမနဲ့ ကလေးတွေကို ထား၊ နင့်အမေကတော့ ဘယ်လိုမှ သဘောတူလိမ့်မယ်လို့ ငါ မထင်ဘူး"

"ဒါကတော့ နီကျင်ရယ်၊ ကျွန်တော်က အိမ်ထောင်ဦးစီးမို့လား။ ဘာပဲဖြစ်ဖြစ် ကျွန်တော် သွားရမယ့် နေရာကို သူတို့အားလုံး လိုက်ရမှာပဲ"

"အေးလေ...ဟုတ်တော့လည်း ဟုတ်ပါတယ်၊ နင်ကလည်း ကောင်းမယ်လို့ ထင်တဲ့နေရာကို ခေါ်တာပဲ။ ဒါပေမဲ့ ငါ တစ်ခုတော့ ပြောချင်တယ်၊ ငါကတော့ နင်တို့ ပြောင်းမယ့်ကိစ္စကို ဘယ်လိုမှ သဘောမတူဘူး"

ခိုင်ပူက နီကျင့်ကို ဘာမှ ပြန်မပြောတော့ဘူး။ သူတို့ ခွမ်ဖကို ပြောင်းမှာ နီကျင်ကအစ အမေအဆုံး တစ်ရွာလုံးလိုလိုက သဘောတူကြမှာ မဟုတ်ဘူး။ သူတို့ တစ်မိသားစုလုံး ခွမ်ဖကို ပြောင်းကြမယ်လို့ အမေ့ကို စပြောတဲ့နေ့က အမေက ချက်ချင်းပဲ သဘောမတူကြောင်းကို...

"ခွမ်ဖကို ဘာလို့ ပြောင်းရမှာလဲ၊ ငါတို့ ဒီမှာ ငတ်နေကြလို့လား၊ ဒီရွာက လူတွေက ငါတို့ကို နှင်ထုတ်နေကြလို့လား၊ ဒါမှမဟုတ် ဒီရွာမှာ မနေနိုင်လောက်အောင် စစ်ဘေးဒဏ် သင့်နေလို့လား၊ လူဆိုး သူခိုးတွေ ပူနေကြလို့လား" လို့ ပြန်ပြောတယ်။

"အဲလိုကြီးတော့ မဟုတ်ဘူးပေါ့ အမေရယ်၊ ဒါပေမဲ့ ခွမ်ဖမှာဆိုရင် ဒီမှာထက် စားဝတ်နေရေး ပိုပြည့်စုံမယ် မဟုတ်လား။ ဘဝမှာ စားဝတ်နေရေးဟာ အလိုအပ်ဆုံးပဲ။ ဒီတော့ ဘဝမှာ အလိုအပ်ဆုံး အရာကို ရယူပိုင်ဆိုင်တာဟာ ဘဝရဲ့ အဓိပ္ပာယ်ပဲ အမေ" လို့ ဆိုတော့ အမေက...

"စားဝတ်နေရေး ပြေလည်တာလေးတစ်ခုနဲ့ ဘဝရဲ့ အဓိပ္ပာယ် ပြည့်စုံပြီ ဆိုတာလောက်တော့ ငါ ရယ်တောင် ရယ်ချင်ပါသေးတယ်။ ဟင်း... ဟင်း... ဟင်း" ဆိုပြီး မရယ်ချင် ရယ်ချင်နဲ့ ရယ်တောင် ရယ်နေလိုက်သေးတယ်။

သူကလည်း လက်မလျှော့ဘူး။ သူ အခိုင်မာဆုံး ဆုံးဖြတ်ချက် ချထားတာကို ပြန်ပြီး မပြင်နိုင်ဘူး။ ခွမ်ဖကိုပြောင်းဖို့ ကိစ္စကိုလည်း အလွယ်တကူလေးနဲ့ တစ်ထိုင်တည်း ဆုံးဖြတ်ချက် ချခဲ့တာမှ မဟုတ်တာ။ သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ချက် ချခဲ့တာပဲ။

"အမေ သေသေချာချာ စဉ်းစားပါဦး။ ကျွန်တော်တို့ ဒီမှာ တစ်နှစ်တစ်နှစ်ကို စားဖို့သောက်ဖို့ အလျဉ်မီရုံလေးပဲ။ ဝတ်စရာဆိုလည်း ဂျုပ်ခုတ်ခုတ်ထည်တွေနဲ့ပဲ ပြီးနေရတာပဲ မဟုတ်လား။ နေစရာ အိမ်ကလည်း သက်ငယ်မိုး၊ ထရံကာ၊ ရှည်ရှည်မှောင်မှောင် ကုပ်ကုပ်ထဲမှာ နေရတာ။ ဒါပြီး တောင်ယာက အပြန် မောမောနဲ့ ခေါင်းရည်လေး စုပ်ချင်ပါတယ် ဆိုရင်တောင် မစုပ်နိုင်ဘူး။ သားငါးကလည်း ရှားပါးလာပြီ။ ခွမ်ဖမှာဆိုရင် ကျွန်တော်တို့ လုပ်အားနဲ့ နှစ်နှစ် သုံးနှစ်အတွင်း သွပ်မိုးပျဉ်ကာ အိမ်ကောင်းကောင်းတစ်လုံး ဆောက်နိုင်မှာပါ။ ဒါပြီး အစစ အရာရာ

အားလုံး ပြည့်စုံမယ်လို့ မဟုတ်တောင် အခု ကျွန်တော်တို့ နေရတဲ့ ဘဝထက်တော့ အဆင့်မြင့်သွားမှာပါ။ ပိုပြီးတော့လည်း ပြည့်စုံပြီး စိတ်ချမ်းသာလာမှာပါ"

သူ ဘယ်လိုပဲ ပြောပြော၊ အမေကတော့ လက်မခံဘူး။

"ငါက စားဝတ်နေရေး ပြည့်စုံခြင်းဟာ လူတစ်ယောက်ရဲ့ ဘဝ အဓိပ္ပာယ်အားလုံးကို ပြည့်စုံကုံလုံအောင် ဆောင်ကြဉ်းပေးနိုင်တယ်လို့ မယူဆဘူး။ ခွမ်ဖကို ပြောင်းလို့ စားဝတ်နေရေး ပြေလည်တာဟာ ဘဝရဲ့ အဓိပ္ပာယ် ပြီးပြည့်စုံခြင်းလို့ နင် ယူဆရင်တော့ ပြောင်းကြတာပေါ့" လို့ ဆိုပြီး ဘာမှ ထပ်မပြောတော့ဘူး။

အမေ သူတို့ တွီးမွီရွာကလေးကနေ ခွာပြီး ဘယ်ကိုမှ သွားချင်မှာ မဟုတ်ဘူးဆိုတာ သူသိပါတယ်။ သူကိုယ်တိုင်လည်း သူတို့ရွာကလေး ကနေ ခွာပြီး တစ်နယ်တစ်ကျေး သူစိမ်းတစ်ရံဆံကြားမှာ သွားမနေချင် ပါဘူး။ ဒါပေမဲ့ အခြေအနေအရ ရေကြည်ရာ မြက်နုရာကို သူတို့ ပြောင်း ရလိမ့်မယ်။ သူတို့ရွာဟာ အရင်ကလို အိမ်ခြေလေးငါးဆယ် မဟုတ် တော့ဘူး။ အိမ်ခြေ ၁၀၀ ကျော်ပြီ။ အိမ်ခြေနည်းတုန်းက တောင်ယာခင်း ကို ကိုယ် ကြိုက်သလောက် ခုတ်လို့ရတယ်။ အခုတော့ အိမ်ခြေက များလာပြီမို့ ကိုယ် လုပ်ချင်သလောက် လုပ်လို့ မရတော့ဘူး။ အိမ်ထောင် စုနဲ့အညီ နယ်နိမိတ်သတ်မှတ်ပြီး အကွက်ရိုက်ထားတဲ့ တောင်ယာကွက် ကို မဲနှိုက်ရတယ်။ ရတဲ့အကွက် ကိုယ့်အတွက်ပဲ။ ဒါပြီး ကုန်းမြင့်တောင် ယာစနစ်ဆိုတော့ တစ်ခါလုပ်ပြီးတဲ့ တောင်ယာကို နောက်တစ်ခါ ပြန် လုပ်ဖို့အလှည့်က ဆယ့်လေးငါးနှစ်လောက်ကြာတာ။ အဲဒီနှစ်တွေ အတွင်းမှာ တောင်ယာဟောင်းက အပင်တွေ ကောင်းကောင်း ကြီးထွားခွင့် ရတယ်။ ခုတော့ အဲဒီလို မဟုတ်တော့ဘူး။ ခုနစ်နှစ်၊ ရှစ်နှစ်လောက်ဆို တောင်ယာဟောင်းကို ပြန်ခုတ်ကြရပြန်ရော။ တွီးမွီရွာ နယ်နိမိတ်က

ကျဉ်းတာကိုး။ အဲဒီလို ခဏခဏ တောင်ယာ အခုတ်ခံရတော့ တောင်ယာက စပါးအထွက် မကောင်းတော့ဘူး။ တောလည်း တဖြည်းဖြည်း ပြုန်းလာတာကြောင့် သားကောင်တွေပါ ရှားပါးလာတယ်။ အိမ်ခြေနည်းတုန်းကလို တောကောင်စားရတယ်လို့ သိပ်မရှိတော့ဘူး။ ဒီတော့ အသားစားချင်တဲ့ ချင်ခြင်းကပါ ဖြည့်စွက်လာပြန်တယ်။

ခွမ်ဖမှာက အိမ်ခြေသုံးဆယ်ကျော်လောက်ပဲ ရှိသေးတယ်။ ပိုင်နက်နယ်မြေကလည်း တိုးမွှိထက် လေးငါးဆမက ကျယ်တယ်။ တောတောင်တွေဟာ မြေဆီမြေနှစ်တွေနဲ့ ပေါကြွယ်ဝသေးတယ်။ တောင်ယာကို ကိုယ်ကြိုက်သလောက် လုပ်လို့ရတယ်။ တောကောင်းတာကြောင့် သားကောင်တွေကလည်း ပေါသေးတယ်။ အဲဒါတွေကြောင့် သူ ခွမ်ဖကို ပြောင်းချင်တာပါ။

"နေမြင့်လာပြီ၊ ကလေးတွေ ရှေ့အဖွဲ့နဲ့ လိုက်သွားကြဟေ့"

သူတို့ကို လိုက်ပို့မယ့် သူတွေထဲက ပူကျင့်ရဲ့ ဆော်သြသံကို ကြားရတယ်။ ခိုင်ပူက အရှေ့ဘက်ကို မော့ကြည့်တော့ နေဟာ 'ဗိုက်ဗက်' တောင်အထက် တစ်တောင်လောက် မြင့်နေပြီ။ ပူကျင့်ရဲ့အသံကြောင့် သူ့ကလေးတွေနဲ့ သူတို့ကို လိုက်ပို့တဲ့ သူငယ်ချင်းတွေ အချင်းချင်း 'မန်းဖား' ဆိုပြီး နှုတ်ဆက်ကြတယ်။ အိပ်မက်လှလှ မက်ကြပါစေပေါ့။

ကြက်ထည့်ထားတဲ့ ခြင်းကလေးတွေ လွယ်ပြီး တောင်ခြေအတိုင်း ပြေးဆင်းသွားကြတဲ့ သူ့ကလေးတွေကို ခိုင်ပူက ကြည့်လိုက်တော့ အကြီးဆုံးကောင် လျှန်နိုးတစ်ယောက် မပါမှန်း သိလိုက်တယ်။ လျှန်နိုး သူ့ချစ်သူကို နှုတ်ဆက်နေတုန်းပဲလို့ ထင်ပါရဲ့။ လျှန်နိုးမှာ ချစ်သူရှိနေပြီလေ။

ဝန်စည်စလယ်တွေ တင်ထားတဲ့ မြင်းတွေကို လိုက်ပို့ကြမယ့် သူတွေက "တဟေး...ဟေး" နဲ့ မောင်းရင်း 'တီးမာန်ချောင်းကနေ စောင့်

နေမယ်ဟေ့’ လို့ ပြောပြီး ထွက်သွားကြတယ်။ သူတို့နဲ့ ရောပြီး သူ့ မိန်းမ “ကျင်း” လည်း လိုက်သွားတယ်။

“ဦးပေါင်ရေ… ဦးပေါင်နဲ့ သေကွဲ ကွဲရတာ တစ်ခါတည်းနဲ့ ပြီးပြီ လို့ မှတ်တာ။ အခုတော့ သေပြီးမှကို ထပ်ပြီး ခွဲရပြန်ပြီပေါ့” လို့ ဆိုပြီး အမေက အဖေ့ရဲ့ အမှတ်တရ ကျောက်စာတိုင်ပေါ် လက်ခု၊ မေးတင် ပြီး ငိုနေတယ်။ အမေ့ဘေးမှာလည်း မိန်းမကြီးတချို့ ခေါင်းတွေငုံ့ပြီး ဝိုင်းငိုနေကြတယ်။

ခဏနေတော့ ပူကျင့်က ငိုနေတဲ့ အမေ့ကို ဖျောင်းဖျ၊ မြင်းပေါ်တင် ပြီး ထွက်သွားတယ်။ ခိုင်ပူနဲ့ ယောက်ျားကြီး လေးငါးယောက်က နောက် ဆုံး ထွက်ခဲ့ကြတယ်။

“အိပ်မက်လှလှ မက်ကြပါစေ”

ဆိုတဲ့ နှုတ်ဆက်သံတို့ကို ခိုင်ပူ နောက်ကျောဘက်ကနေ ကြားနေ ရတယ်။ မိန်းမတချို့ရဲ့ တစ်ဝက်တစ်ပျက်ပဲ နှုတ်ဆက်ပြီး ငိုချလိုက်သံ ကိုလည်း ကြားရတယ်။

ခိုင်ပူတို့တစ်တွေ တရွေ့ရွေ့နဲ့ တွီးမာန်ချောင်းကို ရောက်တော့ နေ တော်တော်လေး မြင့်နေပြီ။ တွီးမာန်ချောင်းကို ကျော်လိုက်ရင် ဟိုးတစ် ဖက်ကမ်းက ဝိုင်ခိုသမ်ပိုင်နက်။ ဝိုင်ခိုသမ်ရွာကို ကျော်ပြီး ဆက်သွား ရင် နေဝင်ပြီးစ အချိန်လောက်ဆို သူတို့ ခွမ်ဖရွာကို ရောက်ပြီပေါ့။

တွီးမာန်ချောင်းမှာ ခဏနားနေကြတုန်း နောက်က လိုက်လာတဲ့ လျှန်နီးက မီလာတယ်။ ခိုင်ပူက လျှန်နီးကို ကြည့်လိုက်တော့ ချစ်သူနဲ့ ခွဲလာခဲ့ရတဲ့ လျှန်နီးမျက်နှာက မကောင်းဘူး။

*

ခိုင်ပူ တောင်ယာကအပြန် အိမ်ကို ရောက်ခါနီးတော့ အိမ်ဘက်ကို လှမ်းကြည့်လိုက်တယ်။ အိမ်ရှေ့ ကပြင်မှာ အမေဟာ ခြံ့တဘက်လေး ကို ခြုံထားပြီး တွီးမွီရွာဘက်ကို မျှော်ကြည့်နေတာ တွေ့ရတယ်။ ညနေ ခင်း နေဝင်ရီတရောအချိန်မှာ တဟူးဟူး တိုက်ခတ်နေတဲ့လေကြောင့် ခြုံတဘက် အစွန်းနှစ်ဖက်က ချည်ဖွာတွေဟာ တဖျတ်ဖျတ် လှုပ်ခတ် နေတယ်။ ကျဲကျဲတိုတိုနဲ့ ဖြူဖွေးနေတဲ့ ဆံနွယ်ဆံစလေးတွေကလည်း လေထဲမှာ တလွင့်လွင့်နဲ့။ ခုတစ်လော သူ တောင်ယာက ပြန်လာတိုင်း အမေ့ကို ဒီပုံစံအတိုင်း တွေ့နေကျ။ ခိုင်ပူ အိမ်ဝင်းထဲကို ဝင်တော့...

"ခိုင်ပူ ပြောင်းပန်းလေးတွေ ပွင့်ပြီလား" လို့ လှမ်းမေးတယ်။ ခုတစ် လော သူ တောင်ယာက ပြန်လာတိုင်း မေးနေကျ။ သူကလည်း ဖြေနေ ကျအတိုင်း...

"ပွင့်တော့မယ် အမေ" လို့ ပြန်ပြောရင်း လွယ်ထားတဲ့ လွယ်အိတ် ကို ချွတ်လိုက်တယ်။ ဒါပြီး...

"အမေကလည်း... လေ ဒီလောက်တိုက်နေတာ အပြင်မှာ ထိုင် ထိုင် မနေနဲ့လေ" လို့ ပြောတော့...

"အေးပါ ခိုင်ပူရယ်၊ ငါ ဒီကနေပြီးတော့ ငါတို့ရွာ ရှိတဲ့ဘက်ကို လှမ်းကြည့်ရတဲ့အခါ ငါ... ငါတို့ရွာကို ပြန်ရောက်နေသလို၊ ငါတို့ရွာ မှာပဲ ငါရှိနေသလိုလို ခံစားရတယ်။ ဒီအချိန်မျိုးမှာ ငါ အများကြီး စိတ်ချမ်းသာတယ်။ ဒါကြောင့်ပါ"

အမေက ခွမ်ဖကို ငါတို့ရွာလို့ မပြောဘူး။ တွီးမွီကိုပဲ ငါတို့ရွာလို့ ပြောတုန်း။

"ဒီအချိန်ဆို တွီးမွီမှာ ပြောင်းပန်းလေးတွေ ပွင့်လောက်ပြီပေါ့"

အမေက တစ်ယောက်တည်း ပြောသလို ပြောပြီး အိမ်ထဲ ဝင်သွား တယ်။ သူလည်း လိုက်ဝင်သွားတော့ 'ကျင်း' က မီးဖိုနေရာက ထလာ

ပြီး သူ့လွယ်အိတ်ကို လာယူတယ်။

"ကျင်း... ကလေးတွေရော" လို့ ခိုင်ပူက မေးတော့...

"လျှန်နိုးက သေနတ်ယူပြီး တောထဲကို ထွက်သွားလေရဲ့။ အငယ်မလေး နှစ်ယောက်ကတော့ ရေခပ်သွားကြတယ်" လို့ ကျင်းက ပြန်ဖြေရင်း လွယ်အိတ်ထဲက ရွှေဖရုံသီးနဲ့ ခရမ်းသီးတွေကို ထုတ်ပြီး လွယ်အိတ်ကို မီးဖိုဘေးက တိုင်မှာ ချိတ်ထားလိုက်တယ်။

ခိုင်ပူ အိမ်နောက်ဖေးဘက် ရေတချောင်ကိုသွားပြီး ခြေလက်ဆေးနေတုန်း သမီး အငယ်နှစ်ယောက် ပလိုင်းကြားလေး ကိုယ်စီရွက်လို့ ရေခပ်ရာက ပြန်လာကြတယ်။ ခိုင်ပူက ပလိုင်းကြားထဲက ဝါးဆစ်ရေဘူးတွေကို တစ်ခုချင်း နုတ်ပြီး ရေတချောင်နံရံမှာ ကပ်ထောင်ထားလိုက်တယ်။

"အဖေ... အဘွားကလေ ခွမ်ဖရေက တွီးမွိရေလို သောက်ရတာ မကောင်းဘူးတဲ့။ ဒါပြီး ဒီက ငါးထက် တွီးမွိငါးက ပိုစားလို့ ကောင်းတယ်တဲ့"

သမီး အကြီးမက သူ့အဘွားပြောတဲ့ စကားတွေကို သူ့ကို ပြန်ပြောပြနေတယ်။

"အတူတူပါပဲ သမီးရဲ့၊ သမီးအဘွားက သူ့ရွာအစွဲနဲ့ ပြောတာပါ"

ခိုင်ပူက သမီးကြီးကို ခြေ လက် ဆေးနေရာကနေ ပြန်ပြောလိုက်တယ်။ သမီးတို့က သူပြောပြီးတော့ အိမ်ထဲကို ဝင်သွားကြတယ်။ သူလည်း ခြေလက်ဆေးပြီးတော့ အိမ်ထဲပြန်ဝင်ရင်း "ကျင်း... ဘာဟင်းတွေချက်ထားလဲ" လို့ မီးဖိုကို ဝါးပြောင်းနဲ့ တဖူးဖူး မှုတ်နေတဲ့ ကျင်းကို မေးလိုက်တယ်။ ကျင်းက ဝါးပြောင်းကို ချပြီး...

"ရွှေဖရုံညွန့်ရယ်၊ အာလူးရယ်၊ ချေသားခြောက် မီးဖုတ်ထောင်းပြီး ရောပြုတ်ထားတာပဲ" လို့ ပြန်ပြောတယ်။ ခိုင်ပူက ကျပ်ခိုးစင်ကို ကြည့်

လိုက်တယ်။ ပထမအဆင့်မှာ တံစို့ထိုးထားတဲ့ ချောသားခြောက်တွေက အပြည့်။ နောက်တစ်ဆင့်မှာ ငါးကျပ်တင်တွေ။ သူတို့ ခွမ်ဖကို ရောက်ကတည်းက စလို့ သား ငါး ပြတ်တယ်ရယ်လို့ သိပ်မရှိဘူး။

အဲဒီအချိန်မှာ ရွာတောစပ်ဘက်က "ဟန်းလား" (Han La) (သားကောင်ကြီးများကို ရသောအခါမှ ကျူးရင့်ခွင့် ရသောသီချင်း) ဆိုသံကို ကြားလိုက်ရတယ်။ သီချင်းသံ ဆုံးတော့ "ဒိုင်း" ခနဲ သေနတ်ဖောက်သံကိုပါ ကြားလိုက်ရတယ်။

"ဟေး... ဒီဟန်းလားဆိုတဲ့ အသံဟာ လျန်နိုးအသံပဲ။ ဒီကောင် သားကောင်ကြီးတစ်ကောင်တော့ ရတာ သေချာတယ်ဟေ့"

ခိုင်ပူက ဝမ်းသာအားရ ပြောပြီး ကျပ်ခိုးစင်မှာ တင်ထားတဲ့ သူ့သေနတ်ကိုယူပြီး အိမ်ထဲကနေ အပြင်ဘက်ကို ပြေးထွက်သွားတယ်။ ပြေးသွားရင်းနဲ့...

"ကျင်းရေ... ခေါင်အိုး ပြင်ထားဟေ့" လို့ လှမ်းအော်သွားသေးတယ်။

မနက်စာအဖြစ် တောဝက်သား ဝမ်းတွင်းသားတွေကို ချက်ပြီး အိမ်နီးနားချင်းတွေနဲ့ ဝိုင်းစားကြတယ်။ စားသောက်ပြီးလို့ ဧည့်သည်တွေ ပြန်ကုန်ကြတော့ ကျန်တဲ့အသားတွေကို ချွေး၊ တံစို့ထိုး၊ နေလှန်း၊ အဆီတွေကို ဝက်ဆီထုတ်၊ ဝက်ခေါင်းကို မီးမြှိုက်၊ အမွေးတွေကို ပြောင်အောင်ခြစ်၊ ရေဆေးပြီး ညစာအတွက် ပြုတ်ထားလိုက်တယ်။

တွီးမွီမှာသာဆိုရင် ဒီလို သားကောင်ကြီးတွေရရင် ဆွေမျိုးသားချင်းတွေစုပြီး ခေါင်အိုးတွေ တရှန်းရှန်းနဲ့ ဆူလို့ညံလို့၊ သီချင်းတွေ တကြော်ကြော်ဆိုရင်း ကလို့ ခုန်လို့ နေ့ည ပျော်ကြရမယ့် ပွဲကြီးပဲပေါ့။ ခုတော့ မနက်စာ ခြောက်ကပ်ကပ်နဲ့ ပြီးသွားတယ်။ စားရတာလည်း အရသာမရှိသလို ပေါ့ရွတ်ရွတ်နဲ့။ ခွမ်ဖကိုရောက်ပြီး သိပ်မကြာခင်

သူဖျားတော့ ခွမ်ဖက လူတွေ လူနာကြည့် လာကြပါရဲ့။ ကြက်ဥတွေ၊ ကြက်တွေရော ယူလာခဲ့ကြပါရဲ့။ ဒါပေမဲ့ သူ့စိတ်ထဲမှာ ကျေနပ်မှုအပြည့် မရဘူး။ ကျေးဇူးတင်ရုံလောက်ပဲ။ ခုလည်း အဲဒီလို ခံစားရတယ်။ ဗိုက်က 'ဝ' ပေမဲ့ တစ်ခုခု လိုနေသလိုပဲ၊ ရင်မှာ ဟာတာတာနဲ့။

လျှန်နိုးက အိမ်ရှေ့ ကပြင်မှာ ဓားသွေးနေလေရဲ့။ ဓားသွေးနေပုံက စိတ်ပါလက်ပါ ရှိပုံမရဘူး။ သူတို့ မနက်ဖြန်ကစပြီး နောက်နှစ် တောင်ယာအတွက် တောရှင်းရတော့မယ်။ နောက်နှစ်လည်း ဒီမှာ တောင်ယာ ခုတ်ပြီး ဒီမှာပဲ နေရမှာပါလား ဆိုတဲ့ အသိနဲ့ လျှန်နိုးတစ်ယောက် ဓားသွေးနေရတာ စိတ်ပါပုံ မရဘူး။

သူတို့ ခွမ်ဖကို ရောက်ကတည်းက စပြီး လျှန်နိုး တောင်ယာမှာပဲ အအိပ်အနေ များတယ်။ အိမ်ပြန်လာတဲ့ အခါလည်း တောထဲ အမဲပစ် ထွက်သွားပြန်ရော။ ရွာထဲက အပျိုအိမ်တွေကိုလည်း လည်တယ်လို့ မရှိဘူး။ တစ်ခါက သန်စွမ်းနေတဲ့ စပါးခင်းကြီးကို ကြည့်ပြီး သူက "လျှန်နိုး၊ ဒီနှစ် စပါးရိတ်ပြီးရင် ဝမ်းစာချန်ပြီး ပိုတာကို ရောင်းမယ်ကွာ။ သွပ်ပြား နည်းနည်းချင်း ဝယ်စုမယ်၊ မင်းလည်း အင်္ကျီအသစ်လေး ဘာလေး ဝယ်ပေါ့" လို့ ပြောတော့…

"အမိုးလုံရင် ပြီးတာပါပဲ အဖေရာ၊ ဘယ်လို အိမ်နဲ့ နေရ နေရပါ။ ဒါပြီး ကျွန်တော့်အတွက် အင်္ကျီအသစ် မလိုပါဘူး။ ဒီအင်္ကျီအသစ် ဝတ်ပြီး ကျွန်တော်က ဘာလုပ်ရမှာလဲ" လို့ သူ့ကို ပြန်ပြောတယ်။ မနေ့တုန်းကလည်း တောဝက်သာ ရတယ်၊ လျှန်နိုး ပျော်ပုံ မရဘူး။ ဟုတ်တော့လည်း ဟုတ်ပါတယ်လေ။ သူ တောဝက် ရတာကို လာကြို တဲ့ သူတွေကလည်း ကလေး၊ လူကြီး အားလုံးပေါင်းမှ ၁၀ ယောက် လောက် ရှိတာကိုး။

သားကောင်ကြီးစာရင်းဝင် သားကောင်တစ်ကောင်ကောင်ကို

ပထမဆုံး စပြီးရတဲ့ လူပျိုတစ်ဦးကို ရွာလူကြီးတွေက ယောကျ်ားတစ်ယောက်အဖြစ် ဒါမှမဟုတ် လူကြီးတစ်ယောက်လို လူရာဝင်စေပြီး လူကြီးစာရင်း သွင်းကြတယ်။ အဲလို သားကောင်ကြီး ရပြီဆိုရင် ရွာအဝင်မှာ ကလေး၊ လူကြီးအားလုံးက လာကြိုကြတယ်။ လူကြီးတွေက သဘောကျလို့၊ လူငယ်တွေက အားကျပြီး ကလေးတွေက ပျော်ရွှင်လို့ပေါ့။

စစ်ပြီးသား ခေါင်းရည်တွေနဲ့ မိန်းမကြီးတွေ၊ အပျိုလေးတွေကလည်း လာကြိုကြတယ်။ မိန်းမကြီးတွေက "လူကြီး ဖြစ်ပြီဟေ့၊ မိန်းမယူလို့ရပြီ" ဆိုပြီး စကြနောက်ကြတယ်။ အပျိုလေး တချို့က အားကိုးကြည့်ကို 'မြောင်' ကြည့်ကြပြီး၊ တချို့က ရှက်ကိုးရှက်ကန်းနဲ့ ခိုးကြည့်ကြတယ်။ ချစ်သူရှိပြီးသား လူပျိုဆိုရင်လည်း သူ့ချစ်သူနဲ့ မျက်လုံးချင်းဆုံပြီး စကား အများကြီး ပြောဖြစ်လိုက်တယ်။

လူပျိုလေး တစ်ယောက်ရဲ့ ပထမဦးဆုံး အနေနဲ့ သားကောင်ကြီးရပြီး ကြိုဆိုခံရတဲ့ အချိန်ဟာ တက်ကြွစရာ၊ ရင်ခုန်စရာတို့နဲ့ ပြည့်လို့နေတယ်။ လျှန်နီးကျတော့ အသိအမှတ် ပြုမယ့်သူ မရှိသလောက်နဲ့ ပထမဦးဆုံး သားကောင်ရတဲ့ အဖြစ်ဟာ ပြီးသွားခဲ့ရတယ်။

လျှန်နီးရဲ့ ခပ်လှမ်းလှမ်းမှာ အမေဟာ တွီးမွီဘက်ကို ငေးလို့ရတယ်။ သူ ညနေ တောင်ယာက ပြန်လာရင်–

"ခိုင်ပူ၊ ပြောင်းပန်းလေးတွေ ပွင့်ပြီလား" လို့ မေးဦးမှာလား။ ဟိုးအဝေးက မြင်နေရတဲ့ ဇမ်ပီးတောင်ကြောကြီးဟာ ဆင်လာတဲ့ မိုးရိပ်တွေကြောင့် ညို့ညို့မောင်းမောင်းကြီး ဖြစ်လို့။

အမေဟာ ပြောင်းဖူး စားချင်လှပြီ ဆိုတာမျိုးကြောင့်တော့ မဖြစ်နိုင်ဘူး။ အမေဟာ တွီးမွီကို လွမ်းနေတာပါ။ အမေဟာ သူ့ရွာကို လွမ်းနေတာပါ။ စားဝတ်နေရေး ပြေလည်တာလေး တစ်ခုနဲ့တော့ ဘဝကို ပြည့်စုံပြီလို့ ပြောလို့ မရဘူး ဆိုတဲ့ အမေ့စကားကိုလည်း သူ သတိရမိရဲ့။

ခိုင်ပူက မီးဖိုဘေးမှာ ထိုင်ရင်း တစ်သီကြီး တွေးနေရာကနေ ဓားသွေးနေတဲ့ လျှန်နိုးကို...

"လျှန်နိုး... မင်း ဒီနေ့ တွီးမွိကို သွား။ လူနဲ့မြင်း ရသလောက် ခေါ်ခဲ့ပြီး မနက်ဖြန် ပြန်လာခဲ့။ ငါတို့ တွီးမွိကို ပြန်ကြမယ်" လို့ လှမ်းပြော လိုက်တယ်။

*

ခိုင်ပူတို့အုပ်စုဟာ ဝိုင်ခိုသမ်ရွာကို ကျော်ပြီး တွီးမာန်ချောင်ဆီကို ဆင်းစပြုနေကြပြီ။ သူတို့အဖွဲ့ထဲက လူကြီးတွေက "ငါတို့ ငယ်ငယ် တုန်းက ဘယ်လို 'အ' ခဲ့ကြတာကွ" ဆိုပြီး သူတို့ လူပျိုဘဝက အတွေ့ အကြုံတွေကို ပြောပြကြတော့ လူငယ်တွေက တဝါးဝါးနဲ့ ပွဲကျလို့ မောရ မှန်းတောင် မသိကြဘူး။

ဒီလိုနဲ့ သူတို့တွေ တွီးမာန်ချောင်းကို ရောက်တော့ တွီးမွိကနေ အကြိုလာတဲ့ ရွာသူရွာသားတွေကို တွီးမွိဘက်ကမ်းမှာ တစ်အုပ်ကြီး တွေ့လိုက်ရတယ်။ တွီးမွိဘက်ကမ်းမှာ အုပ်စုနှစ်ခု ဆုံကြတော့ "ဟေး... ဟေး... ဟေး" နဲ့ အော်လိုက်ကြတာ...ဆူလို့။

နီကျင်က ခိုင်ပူ့ကလေး အငယ်မလေးနှစ်ယောက်ကို "ငါက အသက်ကြီးပြီဆိုတော့ နင်တို့နဲ့ ဒီတစ်သက် မတွေ့ရတော့ဘူးလို့ ထင်နေ တာ" ဆိုပြီး ကလေးတွေကို ဖက်ပြီး ငိုနေတယ်။ ကလေးတွေကလည်း နီကျင် ငိုတော့ သူတို့ပါ ရောပြီး လိုက်ငိုကြတယ်။

အကြိုလာတဲ့ သူတွေက သူတို့မှာ ပါလာကြတဲ့ ဘူးသီးခြောက် ရေဘူးတွေထဲက စစ်ပြီးသား ခေါင်ရည်တွေကို နွားနောက်ချိုခွက်ထဲ ထည့်ပြီး တစ်ယောက်ကိုတစ်ယောက် တိုက်နေကြတယ်။ မသောက်တဲ့ သူရော၊ မိန်းကလေးရော နားမလည်ဘူး။ အကုန်လုံး လိုက်တိုက်ကြတာ

မို့ ပြေးတဲ့သူက ပြေး၊ လိုက်တဲ့သူက လိုက်၊ လဲတဲ့သူက လဲနဲ့ တွီးမာန်ချောင် တစ်ခုလုံး ရယ်သံတွေနဲ့ ဆူညံနေတယ်။

ခိုင်ပူက လျှန်နိုးကို ရှာကြည့်တော့ သူတို့နဲ့ ခပ်လှမ်းလှမ်းမှာ လျှန်နိုးကို မိန်းကလေးတစ်ယောက်နဲ့အတူ တွေ့ရတယ်။ မိန်းကလေးက ငိုထားပုံ ရတယ်။ လျှန်နိုးက မိန်းကလေးရဲ့ ပါးကို သူ့အင်္ကျီစလေးနဲ့ သုတ်သုတ်ပေးနေတာကို တွေ့ရတယ်။

သူကြည့်နေတုန်းမှာပဲ လျှန်နိုးက မိန်းကလေးရဲ့ နားနားကပ်ပြီး ဘာပြောလိုက်တယ် မသိဘူး။ မိန်းကလေးက လျှန်နိုးဗိုက်ကို ဆွဲလိမ်လိုက်တာ တွေ့ရတယ်။ ဗိုက် အလိမ်ခံရတော့ လျှန်နိုးလည်း ရှက်သွားတယ် ထင်ပါရဲ့။ ဘေးဘီကို မျက်ကလဲဆန်ပျာ လိုက်ကြည့်တော့ သူတို့ကို ကြည့်နေတဲ့ သူ့ကို တွေ့သွားပြီး စပ်ဖြဲဖြဲ လုပ်ပြတယ်။

အဲဒီအချိန်မှာ လူအုပ်ထဲကနေ လူငယ်တစ်ယောက်အသံ ထွက်လာတယ်။

"ဟေး ဟေး၊ ဒီမှာ ဒီမှာ လျှန်နိုးနဲ့ဝေး သိပ်ပြီး ကဲမနေကြနဲ့။ ဒီတစ်ခါ လျှန်နိုးလည်း ဘယ်ကိုမှ ထွက်မသွားတော့ပါဘူး။ ထွက်သွားမှာ စိုးရင်လည်း လျှန်နိုး ခြေထောက်နှစ်ဖက်ကို နင့်အိမ် ယူထား၊ ဟုတ်လား ဝေး။ ဒါမှ အားမရသေးရင်လည်း..."

"တော်... တော်တော့ ပေါင်စိန်၊ ဆက်မပြောနဲ့တော့။ နင်ပြောမယ့်ဟာ ငါ သိတယ်"

လျှန်နိုးရဲ့ချစ်သူ မိန်းကလေး ဝေးက ပြန်ပြောတော့...

"သိရင်လည်း ပြီးရော... သိရင်လည်း ပြီးရော၊ လျှန်နိုးရေ...ဝေးက သိနေတယ်တဲ့ ဟေ့" ဆိုပြီး လူငယ်တွေက ဝိုင်းအော်ကြပြန်ရော။

"ခဏလေးဟေ့ ခဏလေး" ဆိုပြီး လူအုပ်ထဲကနေ ထန်ခိုဇမ်း ထွက်လာပြီး ပြောလိုက်တယ်။ လူအုပ်ကြီးက ခဏငြိမ်သွားတော့ လျှန်နိုး

က သူ့ပလိုင်းနောက်မှာ ချိတ်ထားတဲ့ တောဝက်ခေါင်းကို ဖြုတ်ယူလိုက်တယ်။ တောဝက်ခေါင်းခွံက ဖြူဖွေးနေပြီး တစ်လက်မလောက် အပြင်ဘက်ကို ထွက်နေတဲ့ ဝက်စွယ်က နေရောင်မှာ တစ်ချက်တစ်ချက် လက်လက်သွားသလားလို့တောင် ထင်ရတယ်။

လျန်နိုးက တောဝက်ခေါင်းကို မြေကြီးပေါ် ချပြီး သူ့ညာခြေကို ဝက်ခေါင်းပေါ် မာန်ပါပါ တင်ထားလိုက်တယ်။ သေနတ်ကို ရင်ဘတ်အောက် နည်းနည်းနိမ့်ပြီး ကန့်လန့်ကိုင်လို့။

လျန်နိုး မွါလ်ဆွဖ့ှဟန်းလား စ ဆိုပြီလေ။

"TAANG IN E, .....KHUNZON TUANG LAM AH CIAN EE ..... KAWLCIANG TAWI ING E ..... KA KAWLCIANG TAWI GIABANG A TANG E .....

"ငါ့ရဲ့ဂုဏ်ကို ပြောင်မြောက်စေတဲ့ သေနတ်ကို ကိုင်ပြီး ယောကျ်ားပီသစွာ ငါဟာ ငါ့အိမ် အပြန်လမ်းဖြစ်တဲ့ ရွာဘက်ကို ခြေဦးလှည့်ခဲ့ပြီ"

ဟန်းလား ဆိုပြီးတာနဲ့ လျန်နိုးက သူ့သေနတ်ကို မိုးပေါ်ထောင်ဖောက်လိုက်တယ် ဆိုရင်ပဲ တခြားလူတွေကပါ သူတို့ရဲ့ သေနတ်တွေကို မိုးပေါ်ထောင်ဖောက်လိုက်ကြတယ်။

သေနတ်ဖောက်သံတွေ ဆူညံပြီး အသံတွေ ပြန်တိတ်သွားတော့ ထန်ခိုဇမ်းက "တို့ရဲ့ သူရဲကောင်းကြီးကို ဂုဏ်ပြုတဲ့ အနေနဲ့ ဘယ်သူက စပြီး ခေါင်ရည်တိုက်မလဲဟေ့" လို့ မေးလိုက်တာနဲ့ လူအုပ်ကြီးက "ဝေး...ဝေး...တိုက်...ဝေး တိုက်" ဆိုပြီး ဝေးရဲ့နာမည်ကို ဝိုင်းအော်ကြတယ်။

လူအုပ်ထဲက ဝေးလည်း မငြင်းသာတော့ဘူး။ လက်ထဲမှာ ခေါင်အပြည့်ပါတဲ့ နွားနောက်ချိုခွက်ကို ကိုင်ပြီး လျန်နိုး ရှိတဲ့ဘက်ကို တစ်လှမ်းချင်း လှမ်းသွားတယ်။ ဝေးရဲ့မျက်နှာမှာ ရှက်ရွံ့ခြင်းတွေ ကင်း

ပြီး ဂုဏ်ယူဝမ်းမြောက်ခြင်း၊ ကြည်နူးခြင်းနဲ့ ချစ်ခြင်းမေတ္တာတို့ကို တွေ့မြင်နေရတယ်။

တစ်ဦးတိုက်တဲ့ ခေါင်းရည်ကို တစ်ဦးက ငုံ့သောက်နေတဲ့ ချစ်သူနှစ်ယောက်ရဲ့ ကြည်နူးချမ်းမြေ့စရာ မြင်ကွင်းကို ခိုင်ပူက ကြည့်ရင်း "ဟုတ်တယ်၊ ဘဝမှာ ဒါတွေလည်း လိုသေးတာပဲ" လို့ တွေးမိပြန်တယ်။

တွီးမွီချောင်းကြားကနေ ရွာဘက်ကို တက်ဖို့ပြင်တော့ အမေက "မြင်းမစီးချင်ဘူး၊ ငါ့ဘာသာ ခြေထောက်နဲ့ သွားမယ်" ဆိုပြီး မြင်းစီးဖို့ ငြင်းတယ်။ ခိုင်ပူက မြင်းစီးဖို့ အမေ့ကို ဖျောင်းဖျတော့ "ရပါတယ်၊ ငါ သွားနိုင်ပါတယ်၊ ဖြည်းဖြည်း သွားမှာပေါ့" ဆိုပြီး ငြင်းတာပဲ။ ရွာသားတစ်ယောက်က "ဒီလိုဆို ကျွန်တော်တို့ ရွာကို မိုးချုပ်မှ ရောက်မှာပေါ့" လို့ ပြောတော့ "ငါ့ရွာကို မိုးချုပ်မှ ရောက်တော့လည်း ဘာဖြစ်လဲ။ ငါ့ရွာကို ဘယ်အချိန် ရောက်ရောက်ပေါ့" ဆိုပြီး အမေက ဆက်ငြင်းတယ်။ ခိုင်ပူက "မဟုတ်ဘူးလေ၊ အမေကလည်း ဒီအတိုင်းသွားရင် ညမှောင်တဲ့အခါ လမ်းမှာ အမေ တစ်ခုခု ဖြစ်သွားမှာ စိုးလို့ပါ" ဆိုတော့...

"ငါ့အတွက် ဘာမှ မစိုးရိမ်ကြနဲ့။ ငါ တစ်ခုခုဖြစ်လို့ သေရင် အဲဒီ့ နေရာမှာပဲ ငါ့ကို မြှုပ်ကြ၊ ငါ့ အမှတ်တရ ကျောက်စာတိုင်ကိုလည်း အဲဒီမှာပဲ စိုက်မယ်"

အမေက သူ့ကို ဝိုင်းကြည့်နေကြတဲ့ လူအုပ်ကြီးကို ကြည့်ပြီး စကား ကို ဆက်ပြောတယ်။

"ငါ ပြောပြမယ်၊ ငါ့ခြေထောက်အောက်က မြေဟာ ငါ့မြေ၊ ငါ့ရဲ့ ချက်မြှုပ်ရာမြေ။ ငါ ငယ်ငယ်ကတည်းက ဆော့ကစားရင်း ကြီးပြင်းခဲ့ရာမြေ။ ထင်းရှာ၊ ဟင်းရှာရင်း အပျိုဖော် ဝင်ခဲ့ရာမြေ။ ငါ့ချစ်သူနဲ့ တွေ့ခဲ့၊ ချစ်ခဲ့ ချစ်တင်းနှောခဲ့ ညားခဲ့ကြတဲ့မြေ။ ငါတို့လင်မယား ဒိုးတူပေါင်ဖက်

တောင်ယာခုတ်၊ မျိုးချ၊ ရိတ်သိမ်းခဲ့ကြတဲ့မြေ။ သားသမီးတွေနဲ့ စည်ပင်ခဲ့တဲ့မြေ။ ငါ့ဘိုးဘွားတို့နဲ့ ငါ့ယောက်ျား ခေါင်းချခဲ့တဲ့မြေ။ အဲဒီမြေနဲ့ ငါ ကင်းကွာခဲ့ရတယ်။ အခု ငါ့မြေကို ငါပြန်ရောက်ပြီလေ။ ငါ့မြေကို ငါ နင်းပြီး ငါ့ရွာကို ငါ့ ခြေထောက်နဲ့ လျှောက်သွားပါရစေ"

အမေ့စကားသံအဆုံးမှာ လူတိုင်းလိုလိုက သူတို့ရွာဘက်ကို လှမ်းကြည့်မိကြတယ်။ ရွာကို သွားတဲ့လမ်းမှာ ရှိတဲ့ တောင်ယာခင်းကြီးဟာ စောင်းစ ပြုနေတဲ့ နေရောင်ကြောင့် စိမ်းဖန့်လို့နေတယ်။ တောင်ယာခင်းထဲက ပြောင်းပင်တွေရဲ့ ပင်ဖျားမှာ ပြောင်းပန်းလေးတွေက လေအဝှေ့မှာ ရွရွကလေး လှုပ်ခတ်နေကြတယ်။

"ငါက ငါ့မြေကိုသာ ချစ်ခဲ့တာ မဟုတ်ဘူး။
ငါ့မြေအောက်က ရေထုကိုပါ ချစ်ခဲ့တာပါ။
ငါ့မြေပေါ်က လေထုကိုပါ ချစ်ခဲ့တာပါ။
ငါ့မြေပေါ်က လူတွေကိုပါ ချစ်ခဲ့တာပါ"

အမေ့အသံမှာ ငိုသံတွေ ပါနေတယ်။ ခိုင်ပူက အမေ့ကို ကြည့်လိုက်တော့ အမေ ငိုနေပြီလေ။ ဒီတစ်ခါ အမေ ငိုတာဟာ ရွာက ထွက်ရလို့ မဟုတ်ပါဘူး၊ ရွာကို အဝင်မှာ ငိုတဲ့ အငိုပါ။

ခိုင်ပူတို့လူစု ရွာကို ရောက်ကြတော့မယ်လေ။ ပိန်းပိတ်အောင်မှောင်နေတဲ့ ညမှာ ရွာက မီးတုတ်ကလေးတွေကို ဟိုတစ်ကွက် ဒီတစ်ကွက် မြင်နေရတယ်။ အဲဒီ မီးတုတ်ကလေးတွေ ရွာအဝင်မှာ စုမိကြတဲ့အခါ ကြီးမားတဲ့ အလင်းရောင်ကို ဖြစ်ပေါ်စေတယ်။ အဲဒီ အလင်းစုကြီးဟာ တွီးမွှီမှာ ကျန်ခဲ့တဲ့ အဘိုးကြီး၊ အဘွားကြီးက စလို့ ကလေးတွေပါ မကျန် သူတို့ကို ထွက်ကြိုနေကြတာလေ။

လေအဝှေ့မှာ ရွာဘက်က ဗုံတီးသံနဲ့အတူ သီချင်းသံက ခိုင်ပူတို့ဆီကို ညင်ညင်သာသာလေး စီးမျောလို့ လာတယ်။

**A**

LIA LEH TAANG TAWH NING KAI DAWN NA MUITUI IH VANG KHUA NUAM NO AW E .....

**B**

MUITHI IH VANG KHUANUAM NO AW NUNNOP NGABANG IH LEN NA AW E .....

*မောင်နဲ့မယ်တို့ ဝတ်ရည်ချို အတူသောက်သုံးရာ ချစ်စရာ တွီးမွိရွာကလေးရေ...။*

*ချစ်စရာ့တွီးမွိ ငါတို့ရွာကလေးဟာ ငါတို့တစ်တွေ ငါးကလေးတွေလို ပျော်မွေ့ရာ ဌာနပါပဲ...။*

ဟုတ်ပါတယ်။ ခိုင်ပူတို့တစ်တွေ သူတို့ရဲ့ ချစ်စရာ တွီးမွိရွာကလေးကို ပြန်ရောက်ခဲ့ကြပါပြီ။

မဟေသီမဂ္ဂဇင်း၊ စက်တင်ဘာ၊ ၂၀၀၂

❑

## တောင်ပံမဲ့လျက် လေထဲပျော်

**- မောင်ထွန်းသူ -**

တွေ့စက သူ့ကို ကချင်လေးတစ်ယောက်မှန်း မသိပါ။ ကရင်စပ်လား၊ တရုတ်စပ်လား ဝေခွဲ၍ မရခဲ့ပါ။ အနေအထိုင်အေး၍ စကား အလွန်နည်းသဖြင့် စိတ်ဝင်စားခဲ့မိပါသည်။ သူနှင့် စကားပြောကြည့်တော့မှ ကချင်မှန်း သိလာရပါသည်။

ဤကချင်လေးမှာ ငယ်ငယ်ရွယ်ရွယ်နှင့် မိဘမဲ့ ဖြစ်ခဲ့ရသော်လည်း ယောက်ဖနှင့် အစ်မ၏ ချစ်ခင်ကြင်နာမှု၊ ယုယမှု၊ ပြုစုစောင့်ရှောက်မှုကို ရခဲ့သဖြင့် သူ့ဘဝ ပျက်မသွားဘဲ တည်ငြိမ်မှုရှိခဲ့ပါသည်။ နောက်ပိုင်း လူငယ်တို့ သဘာဝအလျောက် ဝတ်ချင်၊ စားချင်သော စိတ်ကို မထိန်းနိုင်မှုနှင့် အပေါင်းအသင်းတို့၏ သွေးဆောင်မှုကြောင့် မပြုသင့်သော အမှုတစ်ခုကို ပြုခဲ့မိခြင်း ဖြစ်ပေသည်။

ဤသူငယ်၏ အဖြစ်မှာ အဖြစ်မှန်အတိုင်း တင်ပြထားခြင်းဖြစ်ပါသည်။ စိတ်ကူးယဉ်ပြီး ချဲ့ထွင်ရေးသားထားသည့် အချက်အလက်များ မပါပါ။ သူ တောထဲရောက်သွားခြင်းဟာ လူဆိုး သူခိုး ဖြစ်ချင်သော စိတ်၊ ပြည်ထောင်စုကြီးကို ပြိုကွဲပျက်စီးစေလိုသော စိတ်၊ စေတနာမျိုးဖြင့် ရောက်သွားခြင်း မဟုတ်ပါ။ ငယ်ရွယ်သူပီပီ အစဉ်းစား အဆင်ခြင်

ကင်းမဲ့စွာဖြင့် လုပ်မိလုပ်ရာလုပ်သည့်သဘောမျိုးသာ ဖြစ်ပါသည်။

ယခုတော့လည်း ဤကချင်လေးမှာ တပ်မတော်၏ သားကောင်း တစ်ယောက်ဖြစ်နေပါပြီ။ အတွေးအခေါ်၊ အယူအဆများမှာလည်း ယခင်ကနှင့် မတူအောင် တိုးတက်လာသည်ကို တွေ့ရပါသည်။ "တိုင်းပြည်အတွက် တိုက်ရင်းခိုက်ရင်း သေသွားတာလည်း ကောင်းသော သေခြင်းပါပဲ ဆရာ၊ မသေပြန်တော့လည်း ကျွန်တော့်ရွာ ပြန်ပြီး ရပ်ရွာတိုးတက်အောင်လုပ်ရမှာပေါ့" ဟု သူ တစ်ခေါက်လာစဉ်က ပြောသွားပါသည်။

*

(၁)

ကျွန်တော့်အမည်မှာ 'စိုးနောင်' ဖြစ်ပါသည်။ စိုးနောင်ဟု ခေါ်သော်လည်း ကျွန်တော် ဗမာ မဟုတ်ပါ။ ကျွန်တော်သည် ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးဖြစ်ပါသည်။

ကျွန်တော်၏အမည်မှာ 'ခွန်နောင်' ဖြစ်ပါသည်။ မြစ်ကြီးနားမြို့နယ် 'ဘူတဲ့ရွာ' သည် ကျွန်တော်ဖွားရာ ဇာတိချက်မြှုပ်ရွာ ဖြစ်ပါသည်။

မှန်ပါသည်။

ကျွန်တော်နှင့်ပတ်သက်၍ သူငယ်ချင်းတွေ ပြောနေကြသည့် သတင်းများမှာ အားလုံးလိုလို အမှန်ချည်းဖြစ်ပါသည်။ တစ်ချိန်က ကျွန်တော်သည် မျက်စိလည်လမ်းမှားကာ ကျွန်တော်နှင့် မအပ်စပ်သည့် ဘဝတစ်ခုထဲသို့ ရောက်သွားခဲ့ဖူးပါသည်။

ဘာကြောင့် ကျွန်တော် မျက်စိလည် လမ်းမှားခဲ့ရပါသနည်း။

အကြောင်းရှိပါသည်။

ထိုအကြောင်းကို ကျွန်တော် ပြောပြပါရစေ။

*

(၂)

ဘူတဲရွာသည် အိမ်ခြေ ၂၀၀ နီးပါးရှိသော ရွာကြီးတစ်ရွာ ဖြစ်သည်။ တစ်ရွာလုံး ကချင်လူမျိုးချည်းဖြစ်၍ တောင်ယာလုပ်ငန်းဖြင့် အသက်မွေးကြသည်။ မြစ်ကြီးနားနှင့် ဘူတဲရွာမှာ ကားလမ်းပေါက်သည်။ ကားလမ်းမှာ မြစ်ကြီးနားမြို့မှ ချမ်းရွာအထိ ကတ္တရာလမ်းမကြီးဖြစ်၍ လမ်းကောင်းသော်လည်း ချမ်းရွာမှ ဘူတဲရွာအထိတော့ မြေနီလမ်းဖြစ်သဖြင့် လမ်းမကောင်းပါ။

ကျွန်တော်တို့ရွာမှ မြစ်ကြီးနားအရောက် ကားခ ၁၂ ကျပ် ပြား ၆၀ ပေးရသည်။ ကုန်ပစ္စည်းတင်ခ ဟူ၍ မယူပါ။ ကားများမှာ သုံးတန်ကားဟောင်းကြီးဖြစ်၍ ပိုင်ရှင်များမှာ မြစ်ကြီးနားမြို့ပေါ်မှ ဖြစ်သည်။

တစ်နေ့လျှင် မြစ်ကြီးနားမြို့မှနေ၍ မနက် ခုနစ်နာရီ တစ်စီး၊ ရှစ်နာရီ တစ်စီး၊ ၁၀ နာရီ တစ်စီး မော်တော်ကား သုံးစီးထွက်၍ ဘူတဲရွာတွင် ညအိပ်ပြီး မနက်ပြန်ထွက်သည့် ကားများမှာ သုံးစီးပင်ရှိသည်။

နံနက် ခုနစ်နာရီခန့် ဘူတဲရွာမှ ထွက်လျှင် မွန်းလွဲပိုင်း သုံးနာရီခန့်တွင် မြစ်ကြီးနားသို့ရောက်သည်။

ကျွန်တော်တို့ရွာသည် တောင်ခြေရွာဖြစ်သဖြင့် လှပသော ရွာတစ်ရွာဖြစ်ပါသည်။ ရွာအနီးတွင်ရှိသော 'ခေါက်လန်ရှုဖူးတောင်' သည် ရွာအလှကို ပို၍လှအောင်၊ ရွာ၏ ကျက်သရေကို ပို၍ ကျက်သရေရှိအောင် အလှဆင်လျက် ရှိပါသည်။

ရွာသူရွာသားများသည် ပဲ၊ ပြောင်း၊ နှမ်း၊ ခဝဲ၊ ဘူး၊ သခွား၊ ဂျုံ၊ လိမ္မော်၊ သစ်တော် စသော သီးနှံများ စိုက်ပျိုးကြသည်။ စိုက်ပျိုးရေးနှင့်တွဲ၍ တစ်ဖက်မှ မွေးမြူရေးကိုပါ လုပ်ကြ၏။ အများဆုံး မွေးမြူကြသည့် တိရစ္ဆာန်များမှာ ကြက်နှင့်ဝက် ဖြစ်သည်။

ကျွန်တော်တို့ရွာတွင် ဈေးကောင်းရတတ်သည့် အင်ကြင်းပန်းကို

လည်း စိုက်ကြသည်။ အင်ကြင်းပန်း စိုက်ရသည်မှာ လက်ဝင်လှ၏။ အပင်ငယ်တစ်မျိုးဖြစ်၍ နွယ် ဖြစ်တတ်သောကြောင့် စင်လုပ်ပေးရသည်။ အပွင့်မှာ အဖြူရောင်ဖြစ်၍ အလွန်လှ၊ အလွန်မွှေးပါသည်။

အပွင့်ပွင့်လျှင် အရွက်တစ်ရွက်ခံ၍ ပွင့်သည်။ အညာတိုတို၊ အပွင့်သေးသေး၊ ခရေပန်းပွင့် သာသာမျှရှိသည်။ အရွက်ကလည်း အပွင့်လိုခပ်သေးသေးဖြစ်သည်။

အင်ကြင်းပန်းကို တစ်နှစ်မှ တစ်ကြိမ်သာ စိုက်နိုင်ပါသည်။ ဆောင်းဦးပေါက်ဆိုလျှင် အင်ကြင်းပန်း စိုက်ပါပြီ။ ဆောင်းတွင်း တစ်တွင်းလုံး အင်ကြင်းပန်းတွေ ဖွေးဖွေးလှုပ်နေအောင် ပွင့်သည်။ ဆောင်းကုန်သည်နှင့် တစ်ပြိုင်နက် အင်ကြင်းပန်းများ အသက်ကုန်ပြီ ဖြစ်သည်။

မျိုးစေ့တော့ ထားခဲ့သည်။ ထိုအစေ့များကိုပင် နောက်တစ်နှစ်အတွက် မျိုးစေ့အဖြစ် ဆက်၍သုံးကြရပါသည်။

အင်ကြင်းပန်းကို အကိုင်းလိုက်ဖြတ်၍ ရောင်းရပါသည်။ တစ်ကိုင်းလျှင် အရှည် ခြောက်လက်မခန့် ဖြတ်ပါသည်။ မြစ်ကြီးနားမြို့ပေါ်ရောက်သွားလျှင် အင်ကြင်းပန်း တစ်ကိုင်းသည် ပြား ၃၀၊ ၃၅ ပြားထိရပါသည်။

ကျွန်တော်တို့ဘက်တွင် လူက တယုတယစိုက်ပျိုးယူရသောအင်ကြင်းပန်းအပြင် အခြား အင်ကြင်းပန်းတစ်မျိုး ရှိပါသေးသည်။ ၎င်းသည် အလေ့ကျပေါက်၍ ပိတောက်ပင်၊ ခရေပင်ကြီးများလို အပင်ကြီးမျိုးဖြစ်၏။ တောင်ပေါ် နေရာတိုင်းလိုလိုတွင် အင်ကြင်းပင်များကို တွေ့နိုင်ပါသည်။

ဆောင်းဦးပေါက်လျှင် အင်ကြင်းပန်းများ ဖူးကြ၊ ပွင့်ကြပါသည်။ အပွင့်၏ အရောင်မှာ အဝါရောင်ဖြစ်၍ အဆုပ်လိုက်၊ အခဲလိုက် ပွင့်ပါသည်။ မြေပြန့်က ပိတောက်ပန်းနှင့် တူသယောင်ယောင် ရှိပါသည်။

နွေပေါက်လာလျှင် အပွင့်မပွင့်တော့ပါ။

ကျွန်တော်တို့ရွာတွင် ခရစ်ယာန်ဘာသာဝင် များပါသည်။ ဗုဒ္ဓဘာသာဝင်နှင့် နတ်ကိုးကွယ်သူများ ရှိသော်လည်း မများလှပါ။ အနည်းငယ်မျှသာ ရှိပါလိမ့်မည်။

တောင်ယာအလုပ်သည် လွယ်ကူသက်သာသည့်အလုပ် မဟုတ်ပါ။ မိုးဦးမကျမီ နွေရာသီဝင်ပြီ ဆိုကတည်းက တောင်စောင်းများပေါ်ရှိ သစ်တောများကို ခုတ်ထွင်ရှင်းလင်းရသည်၊ ထို့နောက် မီးရှို့ရ၏၊ ပြီးတော့မှ ပေါက်တူးနှင့် မြေဆွထားရသည်။

မိုးကျလာသည်နှင့် တစ်ပြိုင်နက် ပဲတောင့်ရှည်၊ ဗိုလ်စားပဲ၊ ပဲစင်းငုံနှင့် ဂျုံ စသည့် သီးနှံများကို စတင်၍ စိုက်ပျိုးရပါသည်။ ဆောင်းဦးပေါက်တွင် သခွား၊ ဖရုံ၊ ဘူးနှင့် အင်ကြင်းပန်းများ စိုက်ပျိုးရပါသည်။

တောင်ယာခင်းတစ်ခင်းလျှင် ဧက သုံးလေးရာထက် မနည်းရှိမည်ထင်ပါသည်။ ယာခင်းများမှာ တစ်ခင်းနှင့် တစ်ခင်း ဆက်စပ်နေကြပါသည်။ ခေါင်လန်ရှုဖူးတောင်ပေါ်မှ တက်၍ကြည့်လျှင် ရှုမျှော်မဆုံးနိုင်သော ယာခင်းများကို မြင်ရသည်မှာ ကျက်သရေရှိလှပါသည်။

လူတိုင်း ကိုယ့်ယာခင်းကို ခြံစည်းရိုးခတ်ထားရသည်။ ခြံအဝင်တွင် ခဏတဖြုတ်နားရန်၊ နေရန်အတွက် အဝင်တဲတစ်လုံး ထိုးထားရ၏။ ယာခင်းအလယ်တွင် ထိုးရသည့် တဲများမှာ ညအိပ်စောင့်ရန် ဖြစ်သည်။

ယာခင်းကို ညအိပ်စောင့်သူ မထား၍မဖြစ်ပါ။ ယာခင်းများရှိရာသို့ ယုန်၊ ရှဉ့်၊ မျောက် စသော တိရစ္ဆာန်တွေ အုပ်လိုက် သင်းလိုက် ဝင်၍ ဖျက်ဆီးတတ်ပါသည်။ ဂျုံခင်းဆိုလျှင် ဆင်အုပ်ဝင်တတ်ပါသည်။ ယာခင်းထဲလာသည့် မျောက်ကြီးများမှာ အဆမတန် ကြီးလှပါသည်။

ယာခင်းအဝင်ဝရှိ အဝင်တဲ၏ တံစက်မြိတ်တွင် ဝါးကလတက်

များကို ကြိုးနှင့်ချည်ထားပါသည်။ ဝါးကလတက်များတွင် ချည်ထားသည့် ကြိုးစများကို ယာခင်းအလယ်ရှိ တဲမှ ကြိုးနှင့် ဆက်ထားရပါသည်။ ဆက်ထားသည့် ကြိုးစကို လူအိပ်သည့် နေရာနားမှာ ထားရပါသည်။

တိရစ္ဆာန်များ ဝင်လာပြီဆိုလျှင် အိပ်ရာထဲမှနေ၍ ကြိုးကို ဆွဲပေးရသည်။ ဆွဲလိုက်တိုင်း အဝင်တဲပေါ်ရှိ ကလတက်များဆီမှ 'ဂလုပ်... ဂလုပ်... ဂလုပ်' ဟူသော မြည်သံ ဆူဆူညံညံ ထွက်လာသည့် ကလတက်သံကြောင့် တိရစ္ဆာန်များ လန့်ဖျပ်ကာ ထွက်ပြေးကြလေသည်။

ဝါးကလတက်များကို ဝါးပိုးဝါးကြီးများ ခုတ်၍ လုပ်ထားခြင်းဖြစ်ပါသည်။ ဝါးကလတက် တစ်ခု၏အရှည်မှာ နှစ်ပေခန့်ဖြစ်ပါသည်။ ထိပ်နှစ်ဖက်ကို အဆစ်ပိတ်ထားပြီး သစ်သားတုတ်တစ်ချောင်း ဝင်သာအောင် ထိပ်နှစ်ဖက်ကို အပေါက်ဖောက်ရပါသည်။ ထိုအပေါက်မှတစ်ဆင့် ကြိုးချည်ထားသော သစ်သားတုတ်ကို ဝါးလုံးထဲသွင်းပြီး တဲတံစက်မြိတ်တွင် ထောင်လျက် ချိတ်ရခြင်းဖြစ်ပါသည်။

မနက် လေးနာရီဆိုလျှင် အလုပ်လုပ်နိုင်သော အရွယ်အတိုင်း တောင်ယာထွက်ကြသည်။ ယာခင်းထဲ ခြေချမိချိန်မှစ၍ လူတိုင်း အလုပ်နှင့်လက် မပြတ်ကြတော့ပေ။ တစ်နေကုန် တစ်နေခန်းပင် ပေါင်းသင်မြေဆွအလုပ်ကို ကုန်းရုန်း၍ လုပ်ကြပေသည်။ ညနေ ငါးနာရီထိုးလောက်မှ ညစောင့်ကို ထားခဲ့ပြီး ရွာသို့ ပြန်ကြရသည်။

ဤအလုပ်မှာ ကျွန်တော်တို့ ရွာသူရွာသားများ၏ နေ့စဉ်အလုပ်ဖြစ်ပါသည်။ ပေါက်တူး၊ ပေါက်ပြား မနိုင်သေးသည့် ကလေးများမှတစ်ပါး လူတိုင်း အလုပ်လုပ်ကြရပါသည်။ ဘယ်သူမှ အားအားယားယား မနေနိုင်ကြပါ။

လက်ကြောတင်းအောင် အလုပ်မလုပ်လိုသူသည် ကျွန်တော်တို့

ရွာတွင် ထမင်းတစ်လုတ်စားဖို့ ခက်လှပါ၏။

*

(၃)

တခြားရွာသားများလိုပင် ကျွန်တော့်အဖေ 'ဇော်နန်း' သည် တောင်ယာသမား ဖြစ်ပါသည်။ အဖေသည် အလွန် အလုပ်လုပ်သူ ဖြစ်သည့် အားလျော်စွာ သူအားနေသည့် အချိန်ဟူ၍ မရှိသလောက်ပင်။

ညဆိုလျှင် ယာတဲမှာ စောင့်၍ အိပ်ရပါသည်။ မနက်ဆိုလျှင် အမေ၊ အစ်မနှင့် ကျွန်တော်တို့ မရောက်မီ အစောကြီးထပြီး ယာခင်းထဲတွင် လုပ်စရာရှိသမျှကို လုပ်နှင့်ပါသည်။ ကျွန်တော်တို့ ရောက်သွားသည့်အခါတွင်လည်း သူ လုပ်စရာရှိတာကို အဆက်မပြတ် လုပ်နေတတ်ပါသည်။

အဖေ့အနေဖြင့် မလုပ်၍လည်း ဖြစ်ပါသည်။ ကျွန်တော့်အမေ 'ဂျာတောင်' မှာ ကောင်းစွာ မမာသဖြင့် သိပ်ပြီး ပင်ပင်ပန်းပန်း မလုပ်နိုင်ကြပါ။ ကျွန်တော့်အစ်မ 'ကော့ဖန်' မှာလည်း အသက်ငယ်သေးသဖြင့် ကူဖော်လောင်ဖက် သိပ်မရပါ။ လူလားမမြောက်သေးသည့် ကျွန်တော့်ကို အားကိုး၍လည်း ရနိုင်သည်မဟုတ်။ ကျွန်တော်တို့ မိသားစုတွင် တကယ် အလုပ်လုပ်နိုင်သည့်လူမှာ အဖေ တစ်ဦးတည်းသာ ရှိပါသည်။

တစ်ခါတစ်ရံတွင် အဖေသည် ကျွန်တော်တို့ကို ယာခင်းမှာ ထားခဲ့ပြီး အမဲလိုက်ထွက်တတ်သည်။ အမဲလိုက်ထွက်ရာ၌လည်း အဖေသည် အဖော်မရှာပါ။ သူ့ဘာသာသူ လုပ်ထားသည့် ဒူးလေးကို ထမ်းကာ တစ်ယောက်တည်း ထွက်သွားတတ်၏။ ဒါကလည်း ကျွန်တော်တို့ရွာရှိ လူအများ၏ သဘာဝ အလေ့အထတစ်ခု ဖြစ်ပါသည်။

အဖေ အမဲလိုက်ထွက်သည့်အခါ ချေ၊ သမင်၊ ဆတ်၊ ဝက် စသည့်

သားကောင်များကိုသာ ရွေး၍ ပစ်တတ်သည်။ မျောက်ကို မပစ်ပါ၊ မျောက်ကတော့ ယာထဲမှာပင် ရနိုင်ပါသည်။ မျောက်ကို ဒူးလေးနှင့် ပစ်စရာမလိုပါ။ ခြံစည်းရိုးတစ်လျှောက် တွင်းတူးပြီး ဝါးညှောင့်တွေ မြှုပ်ထား၊ မျောက်တွေလာသည့် တွင်းထဲကျ၊ ညှောင့်စူး၊ မသေမရှင်တွေ ဖမ်း၍ သတ်လျှင် မျောက်သားစားရပါသည်။

အဖေသည် အမဲလိုက်ထွက်တိုင်း ပျားဖွပ်လာတတ်သည်။ ပျားအုံ ကလည်း တောထဲမှာ ပေါလှပါသည်။ ပျားရည်မှာ ငွေရသဖြင့် သွားရင်း ဟန်လွှဲ လုပ်ခြင်းဖြစ်ပါသည်။

ယာထွက်သီးနှံများကို အဖေကိုယ်တိုင်ပင် မြစ်ကြီးနားမြို့သို့ သွား ရောင်းပါသည်။ တစ်ခါတစ်ရံတော့ ကသာဘက်သို့ သင်္ဘောနှင့်သွား၍ ဆားနှင့်လဲခြင်း၊ အခြား အသုံးလိုသည့် ပစ္စည်းများနှင့် လဲခြင်း ပြုလုပ်ပါ သည်။

တစ်ရက်တွင် ထုံးစံအတိုင်း ကျွန်တော်တို့သားအမိသုံးယောက် အဖေရှိရာ ယာတဲသို့ ရောက်သွားကြပါသည်။ အဖေက... ပေါင်းရှင်းနေ ရာမှ ကျွန်တော်တို့လာတာ မြင်တော့ နားလိုက်ပါသည်။ သူ သိပ်ပြီး နေမကောင်းဟုလည်း ပြောပါသည်။

နေ့ခင်းကျတော့ အမေတားနေသည့် ကြားမှပင် ဒူးလေးကိုထမ်း ကာ တောလိုက်ထွက်သွားပါသည်။ မိုးချုပ်ချိန်အထိ ပြန်မရောက်လာ သဖြင့် ကျွန်တော်တို့အားလုံး စိတ်ပူကြပါသည်။

ကျွန်တော်တို့ ရွာပြန်ရောက်တော့ အမေက ရွာသားများကို အကြောင်းစုံပြောပြရာ ညတွင်းချင်း ထွက်ရှာကြပါသည်။ မတွေ့ပါ။

နောက်တစ်ရက် ဆက်ရှာကြရပြန်သည်။ မတွေ့ပါ၊ နောက်တစ် ရက် ဆက်၍ ရှာကြပြန်သည်။

တွေ့ပါ၏။

အဖေသည် ခေါင်လန်ရှုဖူးတောင်ပေါ် အထက်တစ်နေရာတွင် ကျား ကိုက်ခံရ၍ သေဆုံးနေပါသည်။

အဖေ့လက်နှစ်ဖက်မှာ ကျားစားသွားပြီဖြစ်၍ မရှိတော့ပါ။

အဖေ့အလောင်းကို ဝါးထမ်းစင်ဖြင့် သယ်ယူလာပြီး ရွာမှာပင် မြှုပ် လိုက်ကြပါသည်။

*

(၄)

အဖေ မရှိတော့သည့်နောက်တွင် ကျွန်တော်တို့ သားအမိသုံး ယောက် ကိုယ့်အားကိုယ်ကိုး၍ လုပ်ကိုင်စားကြပါသည်။ အဖေ ထား ပစ်ခဲ့သည့် လက်ငုတ်လက်ရင်း တောင်ယာလုပ်ငန်းကို မစွန့်နိုင်ကြပါ။ ကောင်းစွာ မကျန်းမာသည့် ကြားမှပင် တောင်ယာအလုပ်ကို အမေက ဦးစီးပါသည်။

ကျွန်တော်က တောင်ယာခင်းတွင် ညအိပ်၍ အမေနှင့် အစ်မက မနက်လာ၊ ညနေပြန်ကြပါသည်။ တောင်ယာထွက် သီးနှံများကို မြစ် ကြီးနားသို့သွား၍ ရောင်းချသည့် အလုပ်ကိုတော့ အစ်မကော့ဖန်က လုပ်ပါသည်။

ကော့ဖန်၏ အသက်မှာ ၁၈ နှစ်၊ ၁၉ နှစ်ခန့်ရှိပြီ ဖြစ်၍ သွားလာ နိုင်သည့်အရွယ်၊ စဉ်းစားချင့်ချိန်နိုင်သည့်အရွယ်ဟု ဆိုရပါမည်။

အဖေ မရှိသဖြင့် ကသီလင်တ ဖြစ်သွားသည်မှာ မှန်သော်လည်း ဆိုးဆိုးရွားရွားတော့ မဖြစ်ပါ။ သားအမိသုံးယောက် တာဝန်ခွဲ၍ လုပ် ကိုင်လာကြသည့်အခါတွင် အဆင်ပြေလာပါသည်။ ရွာသူရွာသားများ ကလည်း တတ်နိုင်သလောက် အကူအညီပေးကြပါသည်။

အစ်မ ကော့ဖန်သည် မြစ်ကြီးနားသို့ ငါးရက်တစ်ကြိမ်လောက်

ရောက်သည်ဖြစ်ရာ ရောက်တိုင်း ကချင်သေနတ်ကိုင်တပ်ရင်း (၃) မှ တပ်ကြပ် 'ဂျေခေါင်' နှင့် ဆုံမိကြသည်။ ဂျေခေါင်သည် အစ်မထံမှ ပစ္စည်းဝယ်သော ဖောက်သည်ဖြစ်လေသည်။

ပထမတော့ ရိုးရိုးသားသား ခင်ကြခြင်းဖြစ်၏။ ကြာတော့ ရိုးရိုးသားသားထက် ပိုလာကြသည်။ 'ဂျေခေါင်' က အစ်မကို ချစ်ရေးဆိုသည်၊ အစ်မက လက်ခံသည်။ အစ်မက အမေ့ကို ချက်ချင်းဖွင့်မပြောပေမဲ့ အမေကတော့ သိလေသည်။

ဂျေခေါင်သည် အစ်မနှင့် ရွာသို့ လိုက်လည်လေ့ရှိပါသည်။ သူလာလည်သည့် အခါတွင်လည်း ကျွန်တော်တို့ တောင်ယာအထိ လိုက်ကာ လုပ်စရာရှိတာများကို လုပ်ပေးတတ်ပါသည်။ ကျွန်တော့်အနေဖြင့် ခင်မင်သောစိတ်၊ အားကိုးအားထား ပြုလိုသောစိတ် အမြဲတစေ ဖြစ်ပေါ်မိပါသည်။

ဂျေခေါင်သည် ကျွန်တော်တို့လို တောင်ပေါ်သား လူရိုးလူကောင်း တစ်ယောက် ဖြစ်ပါသည်။ ဂျေခေါင်လို လူတစ်ယောက် ကျွန်တော်တို့ မိသားစုထဲတွင် ရှိနေမည်ဆိုလျှင် မည်မျှ ကောင်းလေမည်နည်း။

ဂျေခေါင်သည် ကျွန်တော့်မိသားစု၏ အခြေအနေကို သိနေသည့်အားလျော်စွာ အစ်မကို ချစ်ရုံမျှမက သနားဟန်တူပါသည်။ အမေနှင့် ကျွန်တော့်အပေါ်တွင်လည်း သံယောဇဉ်ရှိပုံ ရပါသည်။

တစ်ကြိမ်တွင် ဂျေခေါင်သည် တပ်မှ ခွင့်သုံးရက်ယူပြီး လာလည်သည်။ တစ်နေ့ခင်းလုံး တောင်ယာထဲမှာနေ၍ အမေ၊ အစ်မတို့နှင့် အလုပ်လုပ်သည်။ ညကျတော့ ကျွန်တော်နှင့်အတူ ယာထဲမှာအိပ်သည်။ သူနှင့်အတူ မျောက်ထောင်၊ ပျားဖွပ်၊ တောလိုက် လုပ်ရသည်မှာ ပျော်စရာကောင်းလှပါသည်။

ယခုတစ်ခေါက်တွင် ဂျေခေါင်က အစ်မနှင့်သူ မေတ္တာရှိနေပြီဖြစ်၍

လက်ထပ်ခွင့်ပြုရန် အမေ့အား ဖွင့်ပြောပါသည်။ အမေကလည်း သဘောတူလိုက်ပါသည်။ ဂျေခေါင်က သူ့မိဘတွေပြန်ခေါ်လာပြီး ကျွဲငါးကောင်နှင့် ခေါင်ရည်သုံးစည်၊ ကွမ်းဖိုးပေးပါသည်။ ကျွန်တော်တို့၏ ဓလေ့ထုံးစံအရ သတို့သားက တတ်အားသရွေ့ ပေးရမည်ဖြစ်၍ ပေးခြင်းဖြစ်သည်။

မင်္ဂလာမဆောင်မီ အကြိုတစ်ရက် ညနေပိုင်းတွင် သတို့သားဂျေခေါင်၏ ပစ္စည်းများနှင့် သတို့သမီး အစ်မ ကော့ဖန်၏ ပစ္စည်းများကို လဲကြသည်။ နောက်တစ်နေ့ မနက်ကျတော့ ဘုရားရှိခိုးကျောင်းသွား၍ နှစ်ခြင်းခရစ်ယာန်ဘာသာဝင်တို့ ထုံးစံအတိုင်း လက်ထပ်ကြသည်။

ယခုတစ်ခေါက်တွင် ဂျေခေါင် ကြာကြာမနေနိုင်ပေ၊ ခွင့်ရက်ကကုန်သွားပြီဖြစ်၍ လက်ထပ်ပြီးနောက်တစ်ရက်မှာပင် မြစ်ကြီးနားသို့ပြန်ရ၏။ သူပြန်တော့ အစ်မ လိုက်ရတော့သည်။

အစ်မနှင့် တကယ်ခွဲရမည်ဆိုတော့ အမေက ဝမ်းနည်းပက်လက်ဖြစ်ကာ ငိုပါသည်။ ကျွန်တော်လည်း သူတို့နှင့်ရောစွဲ ရှိုက်ကြီးတငင်ငိုမိပါသည်။

တကယ်တော့ ကျွန်တော်တို့မှာ အပြေးအလွှားကြည့်ပါမှ သားအမိသုံးယောက်သာ ရှိပါသည်။ အမေ့ခမျာ ကျန်းမာရေးက သိပ်မကောင်း၍ အစ်မ ကော့ဖန်ကိုသာ အားကိုးအားထား ပြုနေရသူ ဖြစ်လေရာ ယခုလို ရာသက်ပန် ခွဲရမည်ဆိုတော့ ဝမ်းနည်းပက်လက် ဖြစ်ရရှာသည်။

မည်သို့ပင်ဖြစ်စေ...

အစ်မကို မလိုက်ပါနှင့်ဟု တားမြစ်၍ရမည် မဟုတ်ပါ။ တားမြစ်ပိုင်ခွင့်လည်း ကျွန်တော်တို့မှာ မရှိပါ။

အစ်မ ကော့ဖန်သည် အမေနှင့် ကျွန်တော်တို့ထက် ပို၍ ချစ်ရမည့်

သူနှင့် တွေ့၍ လိုက်ပါရခြင်းဖြစ်ပါသည်။

*

(၅)

ယောကျ်ားရသွားပြီ ဖြစ်သော်လည်း အစ်မ ကော့ဖန်သည် ကျွန်တော်တို့နှင့် အဆက်အသွယ် မပြတ်ပါ။ မြစ်ကြီးနားမှနေ၍ မကြာခဏ လာလည်ပါသည်။ သုံးရက်တစ်ခေါက်၊ ငါးရက်တစ်ခေါက် ဆိုသလို လာပါသည်။ လာတိုင်း အမေနှင့် ကျွန်တော့်အတွက် တိုတိုထွာထွာ ပစ္စည်းများ ဝယ်လာတတ်ပါသည်။

အစ်မက အဆက်အသွယ် မပြတ်သော်လည်း အမေ့မှာကတော့ အားကိုးရာမဲ့နေသည်မှာ အမှန်ပင်ဖြစ်သည်။

တောင်ယာလုပ်ငန်းကို သူကိုယ်တိုင် ဦးစီး၍မလုပ်နိုင်သလို ကျွန်တော်ကလည်း ငယ်သေး၍ ဦးစီးဦးဆောင် မပြုနိုင်ပါ။ အမေ့အနေဖြင့် တောင်ယာလုပ်ငန်းကိုလည်း မစွန့်ချင်ပါ။ ဤလုပ်ငန်းသည် ကျွန်တော်တို့၏ မိရိုးဖလာလုပ်ငန်း ဖြစ်ပါသည်။ ဤလုပ်ငန်းကို စွန့်လွှတ်လိုက်လျှင် ကျွန်တော်တို့မှာ လုပ်စရာရှိတော့မည် မဟုတ်ပါ။

ဤသို့ဖြင့် အမေသည် နောက်ထပ် အားကိုးစရာတစ်ဦး ရှာခဲ့ရပါသည်။ အမေ၏ နောက်အိမ်ထောင်မှာ ကျွန်တော်တို့ရွာထဲမှ လူပျိုကြီး 'ဇော်လ' ဆိုသူဖြစ်၍ လူရိုးလူကောင်း၊ သဘောကောင်းမနောကောင်း တစ်ယောက်ပင် ဖြစ်ပါသည်။

ပထွေးဆိုပေမဲ့ ကျွန်တော့်ကို သားအရင်းလို ချစ်ခင်ရှာသည်။ တောင်ယာကို သူ ဦးစီးလုပ်လာတော့ သိသိသာသာ တိုးတက်လာပါသည်။ ကျွန်တော့်အဖို့မှာတော့ ဇော်လသည် အလွန်ချစ်ခင်အားကိုးရသော ပထွေးဖြစ်ပါသည်။

ဖော်လနှင့် အမေ အိမ်ထောင်ကျပြီးနောက် ခြောက်လ၊ ခုနစ်လခန့် ကြာတော့ ကျွန်တော့်ယောက်ဖ ဂျေခေါင်တို့တပ်သည် မကွေးမြို့သို့ ပြောင်းရပါသည်။ ယောက်ဖနှင့် အစ်မတို့ လာနှုတ်ဆက်တော့ အမေ နေမကောင်း၍ အိပ်ရာမှ မထနိုင်ပါ။

အလွန် အလှမ်းဝေးသည့်ဒေသသို့ ရွှေ့ရမည်ဆိုတော့ အမေ ပို၍ စိတ်ထိခိုက်ဟန်တူပါသည်။

"ကျွန်တော်တို့ ဟိုရောက်ပြီး အနေအထိုင် အဆင်ပြေပြေချင်း အမေ့ ကို ပြန်ခေါ်မယ်၊ ဟိုမှာ ဆေးကုရင် ပိုကောင်းမယ်။ ဆေးရုံကောင်း ကောင်း၊ ဆရာဝန်ကောင်းကောင်းလည်း ရှိတယ်။ ဒီမှာ ကြာရင် မကောင်းဘူး။ အမေ့ရောဂါက ဘာရောဂါမှန်းလည်း မသိဘူး၊ သိပ် ခက်တယ်"

ဂျေခေါင်က ပြောသွားပါသည်။

သိပ်ပြီး မကြာလိုက်ပါ။

"အစ်မတို့ပြောင်းသွားပြီး နှစ်လခန့်အကြာတွင် အမေ ဆုံးပါ သည်။

အမေဆုံးတော့ ကျွန်တော်ရော ပထွေးပါ အမေ့အနားတွင် မရှိ ကြပါ။ တောင်ယာထဲ ရောက်နေကြပါသည်။ ရွာက လူလွှတ်ပြီး အပြော ခိုင်းမှ သိရသဖြင့် အမြန်ပြန်ခဲ့ရပါသည်။

အမေသည် အိပ်ရာထဲတွင် လဲလျောင်းနေရာမှ တစ်စုံတစ်ခုယူရန် မီးဖိုဘက်သို့ သွားဟန်တူပါသည်။ အမေသည် မီးဖို အဝင်အထွက် တစောင်းလဲ၍ သေဆုံးနေခြင်းဖြစ်ပါ၏။

မြစ်ကြီးနားတွင်ရှိသည့် တပ်မှတစ်ဆင့် မကွေးတပ်သို့ အကြောင်း ကြားရာ အစ်မနှင့် ယောက်ဖတို့ လိုက်လာကြပါသည်။

အမေ့အလောင်း မြေကျပြီးသော် အစ်မနှင့် ယောက်ဖတို့ ခေါ်ရာသို့

ကျွန်တော် လိုက်ခဲ့ရပါတော့သည်။

ဘူတဲရွာတွင် ကျွန်တော် အားကိုးစရာ၊ သံယောဇဉ်ဖြစ်စရာ လူ မရှိတော့ပါ။ အဖေ့လောက်နီးပါး ကောင်းပါသည်ဆိုသော ပထွေး ဖော်လမှာလည်း တကယ်တော့ သွေးနီးသူမဟုတ်ပါ။

သို့ဖြစ်ရာ ကျွန်တော် ချစ်မြတ်နိုးသော ခေါင်လန်ရှုဖူးတောင်နှင့် ကျွန်တော် ချစ်မြတ်နိုးသော ဘူတဲရွာကို အပြီးအပိုင် ခွဲခွာရပါတော့သည်။

မကွေးရောက်တော့ တွေ့မြင်သမျှ၊ ကြားသိရသမျှတို့သည် ကျွန်တော့်အတွက် အံ့သြစရာတွေချည်း ဖြစ်နေသည်။ ကျွန်တော့်အဖို့ အံ့သြစရာအကောင်းဆုံး ဖြစ်နေသည့်အရာမှာ အခြားမဟုတ်ပါ။ ကျွန်တော့်အစ်မ ကော့ဖန် စာတတ်နေခြင်းပါတည်း။

အစ်မသည် နေ့စဉ်စာဖတ်ပါသည်။ သူဖတ်နေသည့် စာအုပ်ကြီး တွေက အထူကြီးတွေ။ 'ဘာစာအုပ်တွေလဲ' ဟု မေးတော့ 'ဝတ္ထုစာအုပ် တွေပေါ့၊ ဖတ်လို့သိပ်ကောင်းတယ်' ဟု အစ်မက ပြောပါသည်။

ရွာမှာနေစဉ် အစ်မနှင့် ကျွန်တော်တို့ စာမသင်ခဲ့ပါ။ စာသင် ကျောင်းလည်းမရှိ၊ စာတတ်ဖို့ဆိုသည်မှာ အလွန်ဖြစ်နိုင်ခဲသည့် ကိစ္စ တစ်ခု ဖြစ်ပါသည်။

ယခုတော့ အစ်မ စာတတ်နေပြီ။

အစ်မ ဘယ်လိုလုပ်ပြီး စာတတ်ခဲ့ပါလိမ့်။

ကျွန်တော့်ယောက်ဖသည် အစ်မကို အလွန်ချစ်သူဖြစ်ရာ အစ်မ နှင့် မရခင်ကတည်းက အစ်မကို စာသင်ပေးခဲ့သည်။ ကကြီးခခွေး၊ တစ်၊ နှစ်၊ သုံး၊ လေး မှ စခဲ့သော အစ်မသည် လေးလမပြည့်မီ စာဖတ်တတ် လာသည်။

"ဂျေခေါင်... ခွန်နောင်ကို ကျောင်းထားပေးပါ၊ သူ စာသိပ်တတ် ချင်နေတယ်"

ယောက်ဖက ကျွန်တော့်ကို တပ်တွင်းကျောင်းမှာ ထားပေးသဖြင့် ပထမတန်းမှ စ၍နေရသည်။

ကျွန်တော့်ယောက်ဖ ဂျေခေါင်သည် အလွန်သဘောကောင်းပါသည်။ အရက်မသောက်တတ်၊ ဖဲမရိုက်တတ်။ ရိုးရိုးအအ,သမား ဖြစ်သည်။ အပျော်အပါးဆိုလျှင် ဘာကိုမျှ ဝါသနာမပါပါ၊ ရုပ်ရှင်ကိုပင် ကြည့်တတ်သည့် ဝါသနာ မရှိပါ။

ယောက်ဖသည် အလွန်ငွေစုပါသည်။ အိမ်စရိတ်ကို တစ်လ ၈၀ နှင့်လောက်အောင် သုံးခိုင်းပါသည်။ ထိုအချိန်က စရိတ်စက မကြီးသဖြင့် အစ်မ၏ သားငယ်နှစ်ယောက် အပါအဝင် လူငါးယောက် ရှိသော ကျွန်တော်တို့ အိမ်ထောင်မှာ တစ်လ ၈၀ နှင့် လုံလောက်အောင် စားနိုင်ပါသည်။

ယောက်ဖသည် သူစုထားသည့် ငွေများကို ရင်းနှီးသူများအား အတိုးနှင့်ချေးသည်။ ချေးထားသည့် စာရင်းကို အစ်မက ကိုင်ပြီး လဆန်း၍ လစာထုတ်သည့်ရက်တွင် အစ်မကိုယ်တိုင် လိုက်၍တောင်းရပါသည်။

အစ်မနှင့် ယောက်ဖတို့ အိမ်ထောင်သည် သာယာချမ်းမြေ့မှု ရှိသည်ဟု ဆိုနိုင်သည်။ သူတို့လင်မယား အကြီးအကျယ် ရန်ဖြစ်သည်ဟူ၍ တစ်ကြိမ်မျှ မတွေ့ခဲ့ပါ။ တစ်ခါတစ်ရံ သဘောချင်း မတိုက်ဆိုင်၍ ကတောက်ကဆ များတတ်ကြသည်မှလွဲ၍ အလွန်အကျွံဖြစ်သည်ဟု မရှိခဲ့ပါ။

ကျွန်တော် ပထမတန်း အောင်သည့်နှစ်တွင် မကွေးမှ သရက်သို့ ပြောင်းခဲ့ရပြန်သည်။ သရက်ရောက်သော်လည်း တပ်တွင်းကျောင်းမှာပင် ဆက်၍ နေရပါသည်။ သရက်ရောက်တော့ ကျွန်တော် ဒုတိယတန်း ရောက်ပါပြီ။ တတိယတန်း စာမေးပွဲ ဖြေပြီးသည့်နှစ်တွင် ကျွန်တော့် ယောက်ဖ၏ တပ်သည် ကရင်ပြည်နယ်၊ ဘားအံမြို့သို့ ရွှေ့ရပါသည်။

ဘားအံရောက်တော့လည်း ယောက်ဖက မွေးမြူရေးစလုပ်သည်။ ဝက်တွေ စ၍ မွေးမြူခြင်းဖြစ်၏။ ကျွန်တော်ကလည်း ယောက်ဖအလုပ်ကို ကူရပါသည်။

ကျောင်းအားရက် နေ့ခင်း နေ့လယ်တွင် ဝက်တွေကို ရေချိုးပေးရသည်။ နေ့စဉ် မှန်မှန်လုပ်သည့် အလုပ်ကတော့ ညနေ ကျောင်းဆင်း၍ အိမ်ပြန်ရောက်လျှင်ရောက်ချင်း လွယ်အိတ်ကိုချိတ်ကာ ပိန်းရိုးထွက်ခုတ်၍ ကိုယ်တိုင် ဝက်စာကျိုပေးလျှင် ကိုယ်တိုင်ပင် ဝက်စာကျွေးရသည်။

ဝက်စာကျွေးပြီးမှပင် ရေမိုးချိုး၊ ထမင်းစား၊ ည ခုနစ်နာရီခန့်မှစ၍ စာကျက်သည်။

နေ့စဉ်နှင့်အမျှ ကလေးထိန်း၊ ရေခပ်ကတော့ လုပ်ရသည်။ အစ်မနှင့် ယောက်ဖက ကျွန်တော့်ကို ချစ်ကြပါသည်။ အလိုလိုက်တန်သရွေ့လည်း လိုက်ကြသည်။ သို့သော် ယောက်ဖက နေရာတိုင်း အလိုမလိုက်။ သူကောင်းသည်ဟု ထင်သည့်ကိစ္စမျိုးတွင် အလိုလိုက်တတ်သော်လည်း သူမကောင်းဟု ထင်သည့်ကိစ္စမျိုးကျတော့ လုံးဝ အလို မလိုက်တတ်ပါ။

သူ့အမြင်အရ မကောင်းဟုထင်နေသည့် ကိစ္စကို ကျွန်တော်က အကောင်းဟု မြင်မိသည့်အခါမျိုးတွင် ကျွန်တော့်စိတ်ထဲဝယ် မခံချိမခံသာဖြစ်ကာ နာကြည်းသလို ခံစားရပါသည်။

အထက်တန်းကျောင်းမှာဆိုတော့ သက်တူရွယ်တူ အပေါင်းအသင်းက များလာသည်။ သူတို့ခေါ်၍ ရုပ်ရှင်ကြည့်မိသည့်အခါ ကြည့်မိသည်။ ယောက်ဖက ရုပ်ရှင်ကြည့်တာ မကြိုက်၊ ရုပ်ရှင်ကြည့်ရကောင်းမလားဟုဆိုကာ ဆူဆူပူပူ မလုပ်သော်လည်း မကြိုက်သည့် အမူအရာကိုတော့ ပြတတ်ပါသည်။

ကျွန်တော်ကလည်း ရုပ်ရှင်ဝါသနာအိုးတစ်ယောက် ဖြစ်မှန်းမသိဖြစ်လာခဲ့သည်။ ဆဋ္ဌမတန်း ရောက်သည့်နှစ်ကျတော့ ကျွန်တော့်တွင်

အပေါင်းအသင်း ပို၍ များလာသည်။ သူတို့နှင့် သွားအတူ၊ လာအတူ ဖြစ်သည့်အခါ သူတို့နှင့်မတူသော ကျွန်တော့်ဘဝကို မြင်လာသည်။ ကျွန်တော်သည် သူတို့ဝတ်သလို မဝတ်နိုင်၊ သူတို့စားသလို မစားနိုင်၊ သူတို့ဖြုန်းသလို မသုံးနိုင်။

ကျွန်တော် သူတို့လို နေချင်ပါ၏။ နေနိုင်ဖို့ ကျွန်တော့်မှာ ကျော ထောက်နောက်ခံ မရှိ၊ ငွေမရှိ။ သူတို့နှင့်ယှဉ်၍ စဉ်းစားလိုက်တိုင်း ကျွန်တော့်စိတ်တွေ သိမ်ငယ်လာရသည်။

ကိုယ့်ဘဝကို မကျေမနပ်သောစိတ်သည် ကျွန်တော့်ရင်ထဲဝယ် ကိန်းအောင်းစ ပြုလာပါသည်။

အမှန်တော့ ကျွန်တော့် အခြေအနေသည် ဆိုးလှသည့် အခြေ အနေ မဟုတ်ပါ။ ကိုယ့်ဘဝကိုယ် တင်းတိမ်ကျေနပ်နိုင်လောက်သည့် အခြေအနေမျိုး ဖြစ်ပါသည်။ သို့ပါလျက်နှင့် ကျွန်တော်သည် ကိုယ့်ဘဝ ကိုယ် မကျေမနပ် ဖြစ်လျက်ရှိပါသည်။ ကိုယ့်ဘဝကိုယ် မကျေနပ်သော စိတ်သည် ကျွန်တော့်အား ဒုက္ခပေးလိမ့်မည်ကို ကြိုတင်၍ မသိခဲ့ခြင်း သည် ကျွန်တော်၏ တွေဝေမိုက်မဲမှုတစ်ရပ်ပင် ဖြစ်ပါ၏။

*

(၆)

ထိုနှစ်တွင် ကျွန်တော် ခြောက်တန်း မအောင်ပါ။ ကော့ဖန်က ကျွန်တော် ပေါ့လို့ စာမေးပွဲကျသည်ဟု အပြစ်ဆိုပါသည်။

"နင့်ကို နှစ်စကတည်းက ငါ သတိပေးသားပဲ၊ နင်က နင်ထင်တာ လုပ်ချင်နေတဲ့ကောင်ပဲ၊ ကျမှာပေါ့"

ဂျေခေါင်ကတော့ မဆူပါ။

"အယ်... ဒီနှစ်ကျတော့ နောက်နှစ်အောင်ရမှာပေါ့၊ တစ်နှစ်ကျ

တာ ဘာဖြစ်လဲ"

သည့်စကားမျိုး ကြားရပြန်တော့ ယောက်ဖလုပ်သူ၏ သဘော ထားကြီးမှုကို အသိအမှတ်မပြုဘဲ မနေနိုင်ပါ။ လာမည့်နှစ်ရောက်လျှင် ပို၍ ကြိုးစားမည်ဟု စိတ်ပိုင်းဖြတ်လိုက်ပါသည်။

ကျောင်းပြန်မဖွင့်မီ ယောက်ဖ ဂျေခေါင် ကော့ကရိတ်မြို့သို့ ရွှေ့ရ ပြန်သည်။ ယောက်ဖက ကျွန်တော့်အား ကော့ကရိတ် အ.ထ.က တွင် ဆက်ထားပါသည်။

ကော့ကရိတ်ရောက်တော့ ကျွန်တော့် ယောက်ဖမှာ အလုပ်တာဝန် များလာပါသည်။ မကြာခဏ တိုက်ကင်းထွက်ရပြီး နယ်မြေလုံခြုံမှု အတွက် အရေးပေါ်ထွက်ရသည့် ခရီးကလည်း များလာသည်။ နယ်မြေ က သိပ်ပြီး မအေးဆေးသဖြင့် သူ့မှာ တာဝန်ကြီးသည်။

ကျွန်တော်ကတော့ ကော့ကရိတ်ရောက်မှ အပေါင်းအသင်း ပို၍ စုံလာသည်။ အထူးသဖြင့် တစ်တန်းတည်းသားတွေဖြစ်သော စောထူး စိန်၊ စောပေါလူ၊ စောဝီလျံ၊ ခင်အောင်စိုးတို့နှင့် အလွန်ရင်းနှီးလာပါ သည်။ သူတို့လေးယောက်မှာ ခြောက်တန်း နှစ်နှစ်ကျများဖြစ်၍ ကျောင်း တက်ရခြင်းကို စိတ်ပျက်နေသူများဖြစ်ရာ မကြာခဏ ကျောင်းပြေးပါ သည်။

သူတို့နှင့်တွဲမိတော့ ကျွန်တော်ပါ ကျောင်းပြေးဖြစ်လာသည်။ တစ်ခါတလေများ အိမ်မှထွက်လာပြီး ကျောင်းအနီးမှ အအေးဆိုင်တွင် တစ်နေကုန်ထိုင်ကာ ကျောင်းချိန်ကုန်မှ အိမ်ပြန်ပါသည်။

"ခွန်နောင်... နင် အလကားကောင်ပဲ၊ ကျောင်းပြေးတယ်။ နင် ဒီလိုလုပ်နေရင် ဒီနှစ်လည်း စာမေးပွဲကျမှာပဲ"

အစ်မ ကော့ဖန်က ပူညံညံလုပ်သည်။ ကျွန်တော်ကတော့ အစ်မ က အလကားသက်သက် အာပူသည်ဟု ထင်သည်။

"နင့်ကို ဘယ်သူကပြောလဲ၊ ငါ ကျောင်းပြေးတယ်လို့...။ ငါ ဘယ်တော့မှ ကျောင်းမပြေးဘူး"

"နင် အလကားကောင်၊ နင် ညာတယ်။ နင် ဘယ်တုန်းက ညာဖူးသလဲ။ အခု ညာနေပြီ၊ နင် အသုံးမကျတော့ဘူး။ နင် ကျောင်းပြေးတာကို အားလုံးသိတယ်။ နင့် သူငယ်ချင်းတွေကလည်း ပြောတယ်၊ နင့် ဆရာမကလည်း ငါ့ကိုတိုင်တယ်။ နင် ဘာပြောချင်သေးလဲ"

"ငါ တစ်ခါတလေ ကိစ္စရှိလို့ အပြင်သွားတာ၊ အဲဒါ ကျောင်းပြေးတာ မဟုတ်ဘူး"

"နင့်မှာ ဘာအလုပ်ရှိလို့ အပြင်သွားရတာလဲ၊ နင် ကျောင်းသားပဲ၊ ကျောင်းတက်ဖို့ အလုပ်ပဲ ရှိတာ မဟုတ်လား။ ငါ ဒီတစ်ခါတော့ မနေဘူး၊ ဂျေခေါင်ကို ပြောရမှာပဲ"

"နင့်ဟာနင် ပြောချင်တဲ့လူကို ပြော ငါ ဂရုမစိုက်ဘူး။ ငါ ကျောင်းပြေးချင် ပြေးမှာပဲ၊ နင်နဲ့ ဘာမှမဆိုင်ဘူး"

"နင် အလကားကောင်၊ အသုံးမကျတဲ့ကောင်။ နင် ဘဝမေ့နေတယ် သိလား၊ နင့်ဘဝနင် မေ့နေတယ်။ နင် ဒုက္ခရောက်တော့မယ် သတိထား"

အစ်မနှင့် ကျွန်တော်တို့ အကြီးအကျယ် စကားများကြသည်။ ကျွန်တော်က မလျှော့လေ ကော့ဖန်က ဒေါသကြီးလေ။ နောက်ဆုံး "ဒီလိုသာဆိုရင် နင် တို့နဲ့မနေနဲ့" ဟူသော စကားတစ်ခွန်း ပါလာသည်။

ကျွန်တော်က ထိုစကားတစ်ခွန်းကြောင့် ဆတ်ဆတ်ခါအောင် နာမိပါသည်။

"အေး... မနေဘူး မနေဘူး၊ နင်တို့နဲ့နေမှ ငါ ထမင်းစားရမှာ မဟုတ်ဘူး"

စိတ်ပေါက်ပေါက်နှင့် အဝတ်အစားတွေယူကာ လွယ်အိတ်

တစ်လုံးထဲထည့်ပြီး ထွက်လာခဲ့သည်။ ဒေါသအလျောက် ထွက်မယ့်သာ ထွက်လာသည်၊ ဘယ်သွားရမှန်း မသိပါ။ ကျွန်တော့်မှာ သွားစရာနေရာ လည်း မရှိပါ။

ခြေဦးတည့်ရာ သွားရင်းက စောထူးစိန်ကို သတိရလာသဖြင့် သူတို့အိမ်ဘက် ထွက်လာခဲ့ပါသည်။ စောထူးစိန်နှင့် အဆင်သင့်ပင် တွေ့ရသည်။ သူ့ထံတွင် ခင်အောင်စိုးလည်း ရောက်နေသည်။

"ငါ့အစ်မနဲ့ ရန်ဖြစ်လာတယ်၊ ငါ့အစ်မက ငါ့ကို နှင်ချတယ်။ ဒါကြောင့် ထွက်လာတာ"

"ဒါဖြင့် မင်းဘယ်သွားမလို့လဲ" ဟု စောထူးစိန်က မေးသည်။

"ငါလား... ဘယ်သွားရမှန်း မသိသေးဘူး၊ ရန်ကုန်သွားမလားလို့ စဉ်းစားနေတယ်"

ခင်အောင်စိုးက တစ်စုံတစ်ရာကို စဉ်းစားသလို လုပ်နေရာမှ...

"ငါ့လည်း အိမ်က အမြဲဆူတယ်၊ စိတ်ညစ်နေတာကြာပြီ။ သောင်းကျန်းသူတွေဘက်ပြေးရင် ကောင်းမလားလို့ စဉ်းစားနေတယ်ကွာ" ဟု ဆိုပါသည်။

"သူတို့ထဲ ပြေးလို့ ဖြစ်မလားကွ၊ တို့ကို ဆီးပြီးသတ်မှာပေါ့"

ကျွန်တော်က စိုးရိမ်မကင်းဖြစ်၍ မေးမိသည်။

"မသတ်ဘူးလို့ ပြောတယ်ကွ၊ စောဝီလျံ ပြောတာတော့ သူတို့အဖွဲ့ထဲဝင်ရင် ဗိုလ်ဖြစ်တယ်တဲ့"

ခင်အောင်စိုးက တောခိုရန်သာ အားသန်နေသည်။

"ဟုတ်ပါ့မလားကွာ၊ တော်တော်ကြာ ဖမ်းထားပြီးမှ သတ်ရင် ဒုက္ခ ဖြစ်ကုန်မှာ"

စောထူးစိန်ကလည်း ချီတုံချတုံ...

"ငါ စောဝီလျံကို သွားခေါ်မယ်လေကွာ၊ သူ့ကို မေးကြည့်

တာပေါ့"

ကျွန်တော်တို့က ခေါင်းညိတ်သဖြင့် ခင်အောင်စိုး ထွက်သွားပါသည်။ ခဏကြာတော့ စောဝီလျံနှင့် ပြန်လာပါသည်။

စောဝီလျံက...

"ငါလည်း ပြောသံကြားဖူးတာ ပြန်ပြောတာပဲကွ။ မသတ်ဘူးလို့ ပြောတာပဲ၊ ဗိုလ်ရာထူးပေးတယ်တဲ့"

ကျွန်တော်တို့ တစ်ယောက်တစ်ပေါက် ထင်ရာမြင်ရာတွေ ပြောကြသည်။ နောက်ဆုံးကျတော့ တောခိုကြရန် သဘောတူ ဆုံးဖြတ်ကြသည်။

ပြေးမည်ဆိုလျှင် ယခု မိုးချုပ်နေပြီ၊ ပြေး၍ မဖြစ်တော့။ ယနေ့ည ကျွန်တော် စောထူးစိန်နှင့် အိပ်၍ မနက်ကျတော့မှ အားလုံးစုပြီး ထွက်ကြမည်။

ကျွန်တော်သည် ထိုညက ကောင်းစွာ မအိပ်နိုင်ပါ။

ကျွန်တော်၏ စိတ်အာရုံတွင် ဒူးလေးကြီးထမ်း၍ သွားလာလှုပ်ရှားနေသည့် အဖေ၊ မမာ၍ အိပ်ရာထဲတွင် လဲနေရှာသည့် အမေ၊ ဆီးနှင်းများ ဖုံးနေသည့် ခေါင်လန်ရှုဖူးတောင်၊ အဆုပ်လိုက် အခဲလိုက် ဖူးပွင့်နေကြသည့် အင်ကြင်းပန်းများ၊ ကျွန်တော့်ကို ချီမ၍ ကားပေါ်တင်ပေးနေသည့် ပထွေး ဇော်လ၊ ပြီးတော့ အစ်မ ကော့ဖန်၊ ယောက်ဖ ဂျေခေါင်နှင့် သူတို့၏ သားငယ်များ...

အားလုံးကို ပြက်ပြက်ထင်ထင် မြင်နေပါသည်။

ခပ်ဝေးဝေးမှ ကြက်တွန်သံများ သဲ့သဲ့ကြားလာရသည်။ မြို့လယ်ဘုန်းကြီးကျောင်းဆီမှ တုံးမောင်းခေါက်သံများသည် လေနှင့်အတူ ပါလာပါသည်။

ကျွန်တော်သည် မှေးခနဲ အိပ်ပျော်သွားသည်။

*

(၇)

ညက တိုင်ပင်ထားသည့်အတိုင်း ကျွန်တော်တို့လေးဦးသား ကော့ကရိတ်မှ အစောကြီး ထွက်ကြသည်။ ကော့ကရိတ်– မြဝတီသွားလမ်းဘေးအတိုင်း သွားကြခြင်းဖြစ်သည်။

လမ်းမကြီးပေါ်တက်၍ ပြောင်ပြောင်တင်းတင်း မသွားဝံ့ပါ။ ကားလမ်းမကြီးဘေးရှိ ချုံနွယ်ပိတ်ပေါင်းများကို ခို၍ သွားကြရသည်။ ၁၁ နာရီခန့်တွင် သကၠန်းညီနောင်ရွာသို့ ရောက်ကြသည်။

သကၠန်းညီနောင်ရွာတွင် တစ်နာရီခန့်နားပြီး ခရီးဆက်ကြရာ ရွာတစ်ရွာသို့ ရောက်ကြသည်။ ထိုရွာအမည်ကို ကျွန်တော် မမှတ်မိတော့ပါ။ ထိုရွာသို့ ရောက်သည့်အခါ ကျွန်တော်တို့ အဖမ်းခံရပါတော့သည်။

"ကျွန်တော်တို့ အိမ်က ထွက်ပြေးလာတာပါ။ သူပုန်ထဲ ဝင်ချင်လို့ လာကြတာပါ"

ကျွန်တော်တို့ကို ကြိုးနှင့်တုပ်နေခိုက် စောဝီလျံက ပြောပါသည်။

"မင်းကလား တို့ကို သူပုန်လို့ခေါ်တာ"

ကျွန်တော့်အနီး၌ ခါးထောက်၍ ရပ်နေသော ဆံပင်ရှည်ရှည် ပါးသိုင်းမွေးထူလပျစ်နှင့် လူက ပြောပြောဆိုဆို စောဝီလျံကို ခြေထောက်ဖြင့် ကန်လိုက်ပါသည်။

စောဝီလျံ၏နှာခေါင်းမှ သွေးများ ရဲခနဲ ကျလာသည်။

"သူပြောတာ မှားလို့ပါဗျာ၊ ကျွန်တော်တို့ အမှန်ပြောနေတာပါ၊ လိမ်မပြောပါဘူး။ အိမ်က ပြေးလာတာပါ၊ တကယ်ပါ။ အဆင်သင့်ရင် ဗိုလ်ကြီးတို့ထဲ ဝင်မလို့ပါ"

စောထူးစိန်က သက်သာရာရစေရန် အမြန်ဝင်ပြောလိုက်ပါသည်။

"တော်... တော်... ဒီစကားတွေ အခုမပြောနဲ့၊ ဟိုရောက်မှပြော။ စကားလည်း ကြည့်ပြော၊ သူပုန်လေး ဘာလေးနဲ့" ဟု ပြောပါသည်။

ကျွန်တော်တို့ မလှုပ်ဝံ့ကြတော့ပါ။ အားလုံး မျက်နှာသေလေးတွေနှင့် ဖြစ်ကုန်ကြပါသည်။ ကျွန်တော်တို့အထဲတွင် အနေအပျက်ဆုံးမှာ ခင်အောင်စိုးဖြစ်ရာ သူသည် ကြောက်လွန်း၍ တစ်ကိုယ်လုံး တုန်နေရုံမက ကြိတ်၍ပင် ငိုနေပါပြီ။

"ဟော့ကောင် မငိုနဲ့... မင်း အခြောက်လား၊ ငါ ပါးရိုက်လိုက်ရ" တစ်ဦးက လှမ်းငေါက်လိုက်တော့ ခင်အောင်စိုး ငြိမ်သွားသည်။

ကျွန်တော်တို့ကို ဖမ်းသည့်အဖွဲ့မှာ လူ ၂၀ ခန့်ရှိ၍ ရွာမှ ထွက်ကြသည်။ တစ်ညလုံးနီးပါးမျှ သွားရပါသည်။ လမ်းတွင် နှစ်ကြိမ်၊ သုံးကြိမ်ခန့်သာ နားရပါသည်။

ကျွန်တော်တို့ ဒေါနတောင်ခြေရှိ သူတို့စခန်းရောက်တော့ မိုးလင်းနေပေပြီ။

ဒေါနတောင်ခြေရှိ သူတို့စခန်းတွင် လူအင်အားသုံးရာခန့်ရှိ၍ သူတို့ ၏ တပ်ရင်းမှူးမှာ ဗိုလ်ခမ်းလူ ဆိုသူဖြစ်သည်။

ကျွန်တော်တို့ကို သူကိုယ်တိုင် စစ်ဆေးမေးမြန်းသည်။ သူမေးသည့်မေးခွန်းများမှာ နာမည်ဘယ်လိုခေါ်သလဲ၊ အသက်ဘယ်လောက်ရှိပြီလဲ၊ ဘယ်နှတန်းအောင်သလဲ၊ ဘာ့ကြောင့်ထွက်ပြေးလာတာလဲ၊ ဘယ်တုန်းက ပြေးလာသလဲ၊ သူတို့တပ်ထဲဝင်ရင် လက်ခံတယ်လို့ ဘယ်သူက ပြောသလဲ စသည်များဖြစ်၏။

သူကတော့ ကျွန်တော်တို့အပေါ် ကြမ်းကြမ်းတမ်းတမ်း မဆက်ဆံပါ။ ချော့ချော့မော့မော့၊ ပျော့ပျော့ပျောင်းပျောင်း ဆက်ဆံသည်။ သူပြောသည့်စကားများတွင် ကျွန်တော်တို့အား ဆွယ်တရားဟောသည့် သဘောများပါသလို ခြောက်လုံး လှန့်လုံးများလည်း ပါသည်။

"မင်းတို့ကို လက်ခံမယ်။ သစ္စာဖောက်ပြီး ထွက်ပြေးမယ်တော့ မကြံနဲ့၊ ဒီတစ်ဝိုက်မှာ တို့လူတွေချည်းပဲ။ ထွက်ပြေးရင် ပြန်မိမှာပဲ၊

ပြန်မိရင်တော့ မသက်သာဘူးသာမှတ်။ ထွက်ပြေးတဲ့လူဆိုရင် ပစ်သတ်ရမယ်ဆိုတဲ့ အမိန့်က ရှိပြီးသား။ သစ္စာမဖောက်ဘဲ တို့ခိုင်းတဲ့အတိုင်း လုပ်မယ်ဆိုရင် မင်းတို့ ကောင်းကောင်းစားရမယ်၊ ကောင်းကောင်းဝတ်ရမယ်"

ဗိုလ်ခမ်းလူက နိဂုံးချုပ်အနေနှင့် ဒါပဲပြောပြီး ကျွန်တော်တို့ လေးယောက်အား ဗိုလ်မှတ်ဆိတ်ဆိုသူထံ အပ်လိုက်သည်။ ဗိုလ်မှတ်ဆိတ်က ကျွန်တော်တို့လေးယောက်အား တပ်သားသစ်များအဖြစ် လက်ခံပါသည်။ ကျွန်တော်တို့ကို သုံးလတိတိ စမ်းသပ်တာဝန်ပေးမည်ဟုလည်း ပြောပါသည်။

သုံးလအတွင်း ကျွန်တော်တို့ ဘာမျှ ထူးထူးခြားခြား မလုပ်ရ။ မနက်စောစောစီးစီးထပြီး သေနတ်ပစ်လေ့ကျင့်ရ၍ ကျန်အချိန်များတွင် ထမင်းချက်၊ ရေခပ်၊ ထင်းခွဲ စသည့် ဗာဟီရအလုပ်များကိုသာ လုပ်ရလေသည်။

ထိုသုံးလအတွင်း ခင်အောင်စိန်နှင့် စောဝီလျံတို့သည် ညတိုင်းလိုလို တိတ်တဆိတ် ကြိတ်၍ ငိုကြသည်။ "ဒီဘက်ကို ထွက်ပြေးလာမိတာ မှားပြီ၊ ငါတို့ အိမ်ပြန်ရောက်တော့မှာ မဟုတ်တော့ပါဘူး" စသည်ဖြင့် ပြောပါသည်။

သူတို့ငိုတော့ ကျွန်တော်နှင့် စောထူးစိန်ပါ စိတ်ဓာတ်ကျ၍ စိတ်ညစ်ရသည်။ "ရောက်စမို့ပါကွာ၊ နောက်တော့ ပျော်သွားမှာပါ" ဟု အားပေးရသော်လည်း ကျွန်တော်တို့ကိုယ်တိုင်ကလည်း သူတို့ထဲရောက်တော့ အိမ်ပြန်ရောက်ဖို့ မလွယ်တော့ဟု တွေးကာ ဝမ်းနည်းမိကြပါသည်။

သုံးလပြည့်တော့ ကျွန်တော်တို့ လေးယောက်စလုံးကို "ဆက်ကြေးတောင်းအဖွဲ့" ထဲ သွင်း၍ တာဝန်ပေးပါသည်။

ဆက်ကြေးတောင်းအဖွဲ့တွင် လူဆယ်ဦးရှိရာ အားလုံး လူငယ်တွေ ချည်းဖြစ်ပါသည်။ တပ်ကြပ် စောနပိုလီယံဆိုသူမှာ အသက် ၂၀ ကျော် မျှသာ ရှိပါသေးသည်။ ကျွန်တော်တို့အဖွဲ့တွင် သူတစ်ဦးသာ သေနတ် ကိုင်ရပါသည်။ ကိုင်ရသည့်သေနတ်က ခြောက်လုံးပြူးဖြစ်ရာ စောနပိုလီ ယံသည် ခြောက်လုံးပြူး ခါးချိတ်၍ အလွန်ခြေဖျားထောက်လျက်ရှိပါ သည်။

ကျွန်တော်တို့အဖွဲ့ ဆက်ကြေးတောင်းရန် တာဝန်ကျသည့်ရွာများ မှာ သင်္ကန်းညီနောင်ရွာ၊ မဲဆောက်ရွာ၊ ရေပူလမ်းခွဲရွာ၊ နောင်လုံရွာ၊ ဆီးလုံရွာ၊ လှိုင်းဘွဲ့ရွာနှင့် ဂျိုင်းရွာတို့ဖြစ်ပါသည်။

ဆက်ကြေးတောင်းတာဝန်ကို တပ်ကြပ် စောနပိုလီယံက တစ်လ တစ်ကြိမ် ခွဲပေးသည်။ သုံးယောက်တစ်ဖွဲ့၊ တစ်ဖွဲ့လျှင် တစ်ရွာ သွားရ ပါသည်။ ဒီလ စောထူးစိန်၊ စောဝီလျံနှင့် ကျွန်တော်တို့သုံးဦးအဖွဲ့က ဂျိုင်းရွာတာဝန်ကျလျှင် နောက်လကျတော့ နောင်လုံရွာ ကျချင်ကျပါ သည်။

တာဝန်ပေးပုံမှာ အမှန်မရှိပါ၊ ပုံသေသတ်မှတ်၍ မပေးပါ။ ဘယ် ရွာ တာဝန်ကျမည်ဟု ကြိုတင်၍ မသိအောင် လုပ်ထားပါသည်။

ဆက်ကြေးမှာ တစ်ရွာလျှင် ရစ်ရာမှ ၁၀၀၀၊ ၁၅၀၀ အထိရသည်။ တစ်ခါတစ်ရံ ငွေမယူဘဲ ဆန်စပါးယူ၍ တစ်ခါတစ်ရံကျတော့ ငွေရော၊ ဆန်ပါယူသည်။ ဆန်စပါးယူသည့်အခါတွင် ရွာမှ လှည်းဖြင့် လိုက်ပို့ပေး ရပါသည်။

ကျွန်တော်တို့ ဆက်ကြေးတောင်းထွက်သည့်အခါ သေနတ်တစ် လက် ထုတ်ပေးပါသည်။ သေနတ်မှာ ကာဘိုင်သေနတ် ခပ်သေးသေး ဖြစ်၍ အရှည်တစ်တောင်သာသာခန့်ရှိသည်။ သေနတ်ပြောင်းနေရာမှာ တစ်ချက်၊ သေနတ်ဒင်မှ တစ်ချက်ချိုးလိုက်လျှင် လွယ်အိတ်ထဲ ထည့်

လို့ရသည်။

ဆက်ကြေးတောင်းထွက်တိုင်း ကာဘိုင်သေနတ်ကို ချိုးခေါက်ပြီး လွယ်အိတ်ထဲ ထည့်ထားရသည်။ ရှောင်တိမ်း၍ မရသည့် အခြေအနေမျိုးနှင့် ကြုံလာမှ သေနတ်ကို သုံးရမည်။ အကယ်၍ မရှောင်တိမ်းနိုင်သည့်တိုင်အောင် သေနတ်ကို အလျင်စလို မသုံးရ၊ ဖွက်နိုင်လျှင် ဖွက်ထားခဲ့ရမည်။ နောက်မှ ပြန်ယူ စသည်ဖြင့်…

နပိုလီယံက ညွှန်ကြားထားပါသည်။ ကျွန်တော်တို့လူစု ဆက်ကြေးတောင်းထွက်ပြီဆိုလျှင် အရပ်ဝတ် အရပ်စားနှင့် နွားကျောင်းသားလိုလို၊ ဘာလိုလို အယောင်ဆောင်၍ ထွက်ရသည်။

တတ်နိုင်သမျှ ကျေးရွာသား လူငယ်များနှင့်တူအောင် ဝတ်ရသည်။ အကယ်၍ စစ်တပ်မှ တိုက်ကင်း စသည်များနှင့်တွေ့လျှင် ရွာသားဟန်ဆောင်နေကြရမည်ဟု ညွှန်ကြားထားပါသည်။ ဆက်ကြေးငွေရလာလျှင် တပ်ကြပ် စောနပိုလီယံမှတစ်ဆင့် အထက်သို့ ပို့ပေးရသည်ဟု သိရသော်လည်း ဘယ်သူဘယ်ဝါထံ ပို့ပေးရမည်ကိုမူ အတိအကျ မသိပါ။

ဘယ်နေရာမှာပဲဖြစ်ဖြစ် လူရိုးနှင့် လူညစ်သည် ရှိစမြဲဖြစ်ရာ အခုလည်း ကျွန်တော်တို့သည် လူရိုးလူကောင်းကိုရော၊ လူညစ်လူဆိုးကိုပါ ရင်ဆိုင်နေကြရပါသည်။

ဆက်ကြေးတောင်းရာ၌ မရိုးသားမှုများရှိသည်ကို တွေ့ရပါသည်။ ရွာကို ဆက်ကြေးခွဲတော့ ၁၀၀၀ ဟုခွဲသော်လည်း ဗိုလ်ခမ်းလူကို ပေးတော့ ၇၀၀ သာပေး၍ ၃၀၀ ကို ဗိုလ်မှတ်ဆိတ်က ၂၀၀၊ စောနပိုလီယံက ၁၀၀ စသည်ဖြင့် ခွဲယူကြသည့် လုပ်နည်းလုပ်ဟန်များ ရှိပါသည်။

ကျွန်တော်တို့၏ တပ်ကြပ် စောနပိုလီယံမှာ လူငယ်ပင် ဖြစ်သော်

လည်း အလွန်လည်ပါသည်။ တော်ရုံတန်ရုံ လူကြီးလူရှုပ်တစ်ဦးပင် သူ့ကိုမီမည်မထင်ပါ။

အဝတ်အစားဆိုလျှင် ကောင်းပေ့ညွှတ်ပေ့ဆိုသည့် မှောင်ခိုထည် များကိုသာ ကြော့နေအောင် ဝတ်သည်။ သေနတ်ကိုလည်း သူ့ခါးမှာ ဘယ်တော့မှမချ။ ငါးသုံးလုံးစီးကရက်ကို ကာတွန်းလိုက်ထား၍ သောက်သူဖြစ်သည်။ မူးလျှင် ရမ်းတတ်ပြန်သည်။ အရက်ကျတော့ လည်း နိုင်ငံခြားအရက်မှလွဲ၍ မသောက်ပါ။ ဒီကြားထဲ တစ်လနှစ်ကြိမ် ထက်မနည်း တစ်ဖက်နိုင်ငံ နယ်စပ်သို့သွား၍ ပျော်ပါးလိုက်ပါသေး သည်။

အမှန်တော့ ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ့်လူ၊ သူ့လူ ခွဲ၍ မျက်နှာ သာပေးခြင်းနှင့် အခွင့်အရေးပိုပေးခြင်း စသည့် လုပ်ရပ်များသည် ရှိနေ တတ်သည်ဖြစ်ရာ အခုလည်း စောနပိုလီယံအား ဗိုလ်ခမ်းလူကရော၊ ဗိုလ်စောခပေါ်ကပါ အလွန်မျက်နှာသာပေးသည်။ ထို့ကြောင့်လည်း စောနပိုလီယံ ဘာလုပ်နေနေ ဘယ်သူကမှ မပြောဝံ့ကြပါ။

စောနပိုလီယံသည် တစ်ဖက်သားအပေါ် အနိုင်ကျင့်တတ်သည်။ အာဏာနှင့်လက်နက်ကို အလွဲသုံးစားပြုကာ ရက်စက်ယုတ်မာချင်သည်။ တစ်ဖက်သား ဒုက္ခရောက်အောင် ချောက်တွန်းတတ်သည်။

ဤအကျင့်များရှိသော စောနပိုလီယံသည် ကျွန်တော်တို့နှင့် ဆက် ဆံရာ၌ အဘယ်မှာ ပြေပြစ်ပါမည်နည်း။

ကျွန်တော်တို့သည် နေ့စဉ်နှင့်အမျှ စောနပိုလီယံ၏ မောက်မာရိုင်း စိုင်းစွာ ဆက်ဆံမှုကို ခံရသည်။ အနိုင်အထက် ပြုမှုကို ခံရသည်။ ရန် ရင်းကြမ်းတမ်းစွာ ဆဲဆိုမှုကို ခံရသည်။ ဘာမဟုတ်သည့် အကြောင်း ကလေးများနှင့် ပါးရိုက်၊ နားရိုက် ခံရသည်။

သောင်းကျန်းသူ အဖွဲ့ထဲတွင် နေရသည့် ကျွန်တော်တို့ဘဝသည်

အဘယ်မှာလျှင် သာယာပျော်မွေ့စရာ ကောင်းပါမည်နည်း။

*

(၈)

ကျွန်တော်တို့ နေရသည့် စခန်းသည် အဝေးမှကြည့်လျှင် ဒေါန တောင်ခြေ၌ တည်ထားသော စခန်းဟု ထင်ရသည်။ အမှန်တော့ တောင် ခြေစခန်း မဟုတ်ပါ။ တောင်ခါးပန်းတွင် တည်ထားသည့် စခန်းဖြစ် သည်။ ကော့ကရိတ်မှ မြဝတီသို့ သွားသည့် ကားလမ်းနှင့် သူတို့ စခန်း မှာ မနီးလှ၊ အလွန်ဝေးကွာသည်ဟု သိရသည်။

စခန်းကို တောင်ခါးပန်းတွင် အမြင်ခံ အထင်ခံတည်ထားခြင်း မဟုတ်ပေ။ တောင်ခါးပန်းတစ်ဖက်ရှိ ချောက်ကြီးတစ်ခုအတွင်း တည် ထားခြင်းဖြစ်သည်။ ခနိမိုး၊ ထရံကာ ဝါးတဲပေါင်း အလုံး ၄၀ ခန့် ရှိလေသည်။

စခန်း၏ အရှေ့ဘက်တွင် လမ်းရွာဟုခေါ်သော ကရင်ရွာတစ်ရွာ သည် ဒေါနတောင်ခြေတွင် ကပ်နေသည့်ရွာ ဖြစ်၏။ အိမ်ခြေ ၇၀ ကျော်မျှသာရှိ၍ ရွာသူရွာသားများသည် ခြံလုပ်ငန်းနှင့် တောင်ယာ လုပ်ငန်း လုပ်ကိုင်ကြသည်။

ကျွန်တော်တို့ အားလပ်ချိန်တွင် လမ်းရွာသို့သွား၍ နေလေ့ရှိပါ သည်။ စခန်းအနောက်ဘက်တွင် တောင်ငယ်တစ်လုံးရှိ၍ ယင်းတောင် ငယ်ကို ကျော်လိုက်လျှင် ဒေါနတောင်ချောင်းကို တွေ့ရမည်ဖြစ်သည်။ ကျွန်တော် မှတ်မိသမျှ ပြောရလျှင် ဒေါနတောင်ချောင်း၏ အရှေ့ဘက် ကမ်းတွင် “ဘုရားသုံးဆူတောင်” ရှိပါသည်။ ထုံးဖြူဖြူနှင့် စေတီငယ် သုံးဆူသည် တောင်ထိပ်မှနေ၍ ဒေါနတောင်ပတ်ဝန်းကျင်ကို ရှုချင်ဖွယ် တင့်တယ်အောင် ဖန်တီးလျက်ရှိပါသည်။

စခန်းတွင် ဆေးခန်းတစ်ခု ရှိသော်လည်း ဆရာဝန်တော့ မရှိပါ။ တတ်ကျွမ်းသည့် သူနာပြုဆရာမများလည်း မရှိပါ။ သူတို့ဘာသာ လေ့ကျင့်သင်ကြားပေးထားသည့် ဆရာမ လေးဦးသာ ရှိပါသည်။ လေးဦး စလုံး အရွယ်ကောင်းတွေ ဖြစ်ကြပါသည်။

သူတို့ဆီမှာ အနေကြာလာတော့လည်း ဆေးခန်းမှ ဆရာမလေး များနှင့် ကျွန်တော်တို့သည် ခင်မင်ရင်းနှီးလာကြသည်။ နော်ဖြူတီ၊ နော်လဲဝါး၊ နော်ရဲထာနှင့် နော်စေးဖောတို့ ဖြစ်ပါသည်။ သူတို့ထဲတွင် ဇာသပြင်ရွာသူ နော်ရဲထာသည် ကျွန်တော့်မျက်စိထဲ၌ အလှဆုံးဖြစ်နေ ပါသည်။

ဆောင်းအကုန် နွေရာသီအကူးဆိုလျှင် ဒေါနတောင်တစ်ဝိုက် သည် နေချင်စဖွယ် တင့်တယ်သာယာလှပါသည်။ သာယာလှပသော ဤတော၊ ဤတောင်၊ ဤရေမြေကို ငေးမောရင်းက ကျွန်တော့်ဇာတိ ဘူတဲရွာ ခေါင်လန်ရှုဖူးတောင်နှင့် တောင်ယာခင်းများသည် ကျွန်တော် ၏ စိတ်အာရုံတွင် ထင်ဟပ်လျက်ရှိပါသည်။

သြော်... လွမ်းမောရပါသော ကျွန်တော့် မွေးရပ်မြေသို့ ဘယ်သော ကာလမှ ကျွန်တော် ပြန်ရောက်ပါမည်နည်း။ မရှင်သော နှလုံးကြောင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

"ဟေ့... စိုးနောင်... မင်းဘာဖြစ်နေတာလဲ၊ ငေးလှချည်လား"

စောထူးစိန်သည် ကျွန်တော့်အား ငေးကြည့်နေပါသည်။

"ငါတော့ကွာ အဖေ၊ အမေတို့ကို သိပ်သတိရတာပဲ။ အမှန် အတိုင်းပြောရရင် ဒီမှာနေရတာက မကောင်းပါဘူးကွာ"

စောထူးစိန်က လိုက်လိုက်လှဲလှဲ ပြောသည်။

"ငါလည်း မင်းလိုပါပဲကွာ၊ ဒါပေမဲ့ ဘယ်လိုလုပ်ကြမလဲကွာ"

နှစ်ယောက်သား ငေးမောနေမိပြန်လေသည်။

"ပျင်းတယ်ကွာ...၊ ဒေါနတောင်ချောင်းဘက်သွားပြီး ရေကူးကြရအောင်"

ကျွန်တော်တို့ ရေလဲလုံချည်ပြန်ယူပြီး ဒေါနတောင်ချောင်းဘက်သို့ လာခဲ့ကြသည်။ လမ်းတွင် ဆေးခန်းဘက်မှ ပြန်လာသော စောဝီလျံနှင့် တွေ့၍ သူပါလိုက်မည်ဆိုကာ လိုက်လာလေသည်။

"ဟိတ်ကောင်တွေ နော်ရဲထာတို့လည်း ချောင်းဘက်သွားတယ်၊ ရေသွားချိုးတာတဲ့ကွ"

"သူတို့အားလုံး သွားကြတာလား"

"မဟုတ်ဘူးကွ... ဆေးခန်းမှာ နော်ဗြူတီနဲ့ နော်လဲဝါး ကျန်ခဲ့တယ်"

စောထူးစိန်နှင့် စောဝီလျံတို့၏ ခြေလှမ်းများ သွက်လာကြသည်။

ချောင်းဘက်အဆင်းတွင် ကျွန်တော်တို့ မျှော်လင့်မထားသော ဖြစ်ရပ်တစ်ခုနှင့် တိုးနေသည်။

လူမှန်းသူမှန်း မသိအောင် မူးနေသည့် စောနပိုလီယံ...။

နော်ရဲထာနှင့် ဗလုံးဗထွေးဖြစ်လျက် ရှိသည်။ နော်ရဲထာက ရုန်း၊ စောနပိုလီယံက ဆွဲ။ နော်ရဲထာခမျာ ထဘီရင်လျားနှင့်...။

နော်စေးဖောကတော့ သူတို့နှင့် မနီးမဝေးတွင် မှောက်လျက် လဲနေ၏။

ကျွန်တော်တို့ အပြေးအလွှား သွားကြပြီး စောနပိုလီယံကို ဝင်ဆွဲကြသဖြင့် သူ့လက်ထဲမှ နော်ရဲထာ လွတ်သွားလေသည်။

"နင် ကောင်းတဲ့အကောင် မဟုတ်ဘူး၊ ငါ ဗိုလ်ခမ်းလူကို တိုင်မယ်"

နော်ရဲထာသည် နော်စေးဖောကို ပြေး၍ ထူမရင်းက စောနပိုလီယံကို လှမ်းပြောသည်။

စောနပိုလီယံကတော့ ကျွန်တော်တို့ကို မာန်မဲသည်။

"မင်းတို့နဲ့ ဘာဆိုင်လို့ ဝင်ဆွဲရတာလဲ"

ပြောပြောဆိုဆို ကျွန်တော့်မျက်နှာကို လက်သီးနှင့် လှမ်းထိုးသည်။ အမှတ်တမဲ့မို့ မိမိရရ ထိသဖြင့် ကျွန်တော် ဖင်ထိုင်လျက် လဲကျသွားသည်။ ကျွန်တော့်သွားတစ်ချောင်း နဲ့သွားသည်။ ပါးစပ်ထဲမှ ငန်ကျိကျိ ဖြစ်လာသဖြင့် ထွေးထုတ်လိုက်တော့ သွေးတွေ။

ကျွန်တော် ထူပူသွားပါသည်။

ဘာကိုမျှ မသိမမြင်တော့ပါ။

စောထူးစိန်တို့အား ထိုးကြိတ်နေသည့် စောနပိုလီယံကို ဝင်၍ ထိုးမိပါသည်။

အတော်ကလေး မူးနေသော စောနပိုလီယံသည် ကျွန်တော့်ကို မလှန်နိုင်ပါ။ ကျွန်တော့်လက်သီးများသည် သူ့မျက်နှာပေါ်သို့ မိုးသီးမိုးပေါက်ပမာ ကျနေပါသည်။

တပ်ကြပ် စောထူးဝါးတို့လူစုသာ ရောက်မလာလျှင် ဘယ်လောက်အထိ ဆက်ဖြစ်ကြမည် မသိပါ။ ယခုတော့ စောထူးဝါး ရောက်လာပြီး ဖျန်၍သာ လက်လွန်ခြေလွန် မဖြစ်ကြခြင်း ဖြစ်ပါသည်။

စောနပိုလီယံက ကျွန်တော့်ကို သေနတ်ဖြင့် ပစ်မည် တကဲကဲ လုပ်နေသဖြင့် စောထူးဝါးက သူ့သေနတ်ကို သိမ်းယူထားလိုက်ပါသည်။

အမှန်တော့ စောနပိုလီယံ၏ အလွန်ဖြစ်ပါသည်။

နော်ရဲထာတို့ ရေချိုးရာသို့ လိုက်လာပြီး မူးမူးရူးရူးနှင့် ဗလက္ကာရ ပြုခြင်းဖြစ်၏။ ဝင်ဆွဲသူ နော်စေးဖောကို ပါးရိုက်သည်။ လက်သီးဖြင့် ထိုးသည်။ ခြေဖြင့်ကန်သည်။ ပြီးတော့ ယုတ်ယုတ်မာမာ ဆဲသည်။

ဆေးခန်းမှ ဆရာမများအား စော်ကားခြင်းဖြစ်၍ တစ်ဖက်မှ မကျေမနပ်ဖြစ်လာလျှင် ပြဿနာကြီးလာနိုင်သဖြင့် အမှုကို ဗိုလ်ခမ်းလူကိုယ်

တိုင် ညတွင်းချင်း စစ်ဆေးပါသည်။

မူး၍ ရမ်းကားမှုနှင့် နော်ရဲထာအား ဗလက္ကာရပြုမှုအတွက် စောနပိုလီယံအား တပ်ကြပ်အဆင့်မှ တပ်သားအဆင့်သို့ ချလိုက်ပြီး စခန်းပြောင်းရမည်ဟု အမိန့်ချပါသည်။ ယခုည အမူးမပြေသေးသဖြင့် အချုပ်ထဲ ထားရမည်ဟု ညွှန်ကြားပါသည်။

ကျွန်တော့်ကိုတော့ အချုပ် ၁၂ ရက် ကျခံစေရမည်ဟု အမိန့်ချပါသည်။ ဘာကြောင့် ကျွန်တော့်ကို အချုပ်ချရမည်ဟု ဆုံးဖြတ်ပါသနည်း။

ကျွန်တော် မသိပါ။

ကျွန်တော့်ဘက်က မှန်ပါလျက်နှင့် အချုပ်ခံရမည်ဆိုတော့ ကျွန်တော် မကျေနပ်ပါ။ လူမှန်လျှင် မတရားအပြုခံရသည်ကို မခံချင်တတ်သည်မှာ သဘာဝပင် မဟုတ်ပါလား။

သို့သော်လည်း ကျွန်တော် မပြောရဲပါ။ ပြောနေ၍လည်း ရမည့်ကိစ္စ မဟုတ်သည့်အတူတူ မပြောတော့ဟုပင် ဆုံးဖြတ်လိုက်ပါသည်။

တစ်ဖက်သော အချုပ်ခန်းထဲမှ စောနပိုလီယံကတော့ အမူးပြေသေးဟန်မတူပါ။ ကျွန်တော့်အား ယုတ်ယုတ်မာမာ ဆဲရေးတိုင်းထွာလျက်ပင် ရှိသည်။

"လူစွမ်းကောင်းလုပ်တဲ့ မအေ...စိုးနောင်၊ နင့်ကို ငါသတ်မယ် သတိသာထားပေတော့"

သူ၏ ကြိမ်းဝါးသံကို ကျွန်တော် မကြားချင်ယောင် ဆောင်နေပါသည်။ နာရီဝက်ခန့်ကြာတော့ မူးမူးရမ်းရမ်းနှင့် အိပ်ပျော်သွားဟန်တူ၏။ သူ၏ ကျယ်လောင်သော ဟောက်သံကို ကြားရသည်။

ကျွန်တော် မအိပ်နိုင်ပါ။

အချုပ်ခန်းနံရံကို မှီ၍ထိုင်ကာ ရောက်တတ်ရာရာ တွေးနေမိသည်။ အမေ့ကို သတိရသည်၊ အဖေ့ကို သတိရသည်။ ပြီးတော့ အစ်မ

ကော့ဖန်နှင့် ယောက်ဖ ဂျေခေါင်။

မခံချင်စိတ်၊ ဝမ်းနည်းအားငယ်စိတ်၊ ယူကျုံးမရစိတ်တို့ဖြင့် ပြည့်သိပ်တင်းကျပ်နေသော ကျွန်တော့်ရင်သည် လှိုင်းထလျက် ရှိပေသည်။

ကျွန်တော်သည် မငိုစဖူး ရှိုက်ကြီးတငင် ငိုချလိုက်မိပါသည်။

*

(၉)

အချုပ်ခန်းထဲတွင် ကျွန်တော် ၁၀ ရက်နေခဲ့ရ၏။ ထိုရက်များအတွင်း စောထူးစိန်နှင့် စောဝီလျံတို့အဖွဲ့သည် အိန္ဒြကျေးရွာသို့ ဆက်ကြေးသွားတောင်းကြရသည်။ ရွာထဲတွင် စစ်တပ်မှ တိုက်ကင်းရောက်နေသည်ကို သူတို့ မသိ၊ ခါတိုင်းလိုပင်ထင်၍ ဝင်နေကျအတိုင်း ဝင်သွားကြသည်။ စစ်သားများကို မြင်တော့မှ လန့်ဖျပ်ပြီး ပြန်ထွက်လာကြသည်။

စစ်တပ် တိုက်ကင်းက မသင်္ကာ၍ နောက်မှလိုက်လာပြီး ရပ်ခိုင်းသည်။ သူတို့ကရပ်မပေးဘဲ သေနတ်နှင့်ပစ်ပြီး ထွက်ပြေးကြသည်။ တိုက်ကင်းက နောက်မှလိုက်လာပြီး ပြန်လည်ပစ်ခတ်ရာ စောဝီလျံ ကျကျန်ရစ်ခဲ့လေသည်။

လွတ်မြောက်လာကြသည့် စောထူးစိန်နှင့် တင်သိန်းတို့မှာလည်း သူတို့လုပ်ပုံ မဟုတ်၍ အခုလိုဖြစ်ရသည်ဆိုကာ အဆူအပူ ကြိမ်းမောင်းခံရသည်။ နောက်တစ်ကြိမ် သည်လိုအဖြစ်မျိုး ဖြစ်လျှင် ပြင်းပြင်းထန်ထန် အရေးယူမည်ဟု သတိပေးခံရသည်။

ကျွန်တော် အချုပ်မှလွတ်တော့ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ ပိန်ချုံးနေသော စောထူးစိန်က ဖြစ်သမျှအကြောင်းကို ကျွန်တော့်အား ဝမ်းနည်းပက်လက်နှင့် ပြောပြရှာပါသည်။

ကျွန်တော်တို့ ဘာလုပ်ကြရမည်နည်း။

ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု သဘောထားကာ ရေစုန်မျော၍ နေကြမည်လော။

အချုပ်မှ လွတ်လာပြီး သုံးလေးရက်ကြာတော့ ကျွန်တော် ဗိုလ်စောခပေါနှင့်တွေ့၍ စောဝီလျံနေရာတွင် ခင်အောင်စိုးကို ထားပေးရန် ပြောပါသည်။ သူကလည်း ရှောရှောရှူရှူပင် သဘောတူ ခွင့်ပြုပါသည်။

ကံအားလျော်စွာပင် ကျွန်တော်တို့အဖွဲ့ သင်္ကန်းညီနောင်ရွာသို့ သွား၍ ဆက်ကြေးတောင်းရန် တာဝန်ကျလာသည်။ ကျွန်တော့်စိတ်ကူး၊ ကျွန်တော့်အကြံအစည်ကို စောထူးစိန်နှင့် ခင်အောင်စိုးတို့အား ကြိုတင်ဖွင့်မပြောပါ။

သင်္ကန်းညီနောင်ရွာနှင့် ကော့ကရိတ်မြို့မှာ မဝေးလှပါ။ ကျွန်တော့်စိတ်ထင် ငါးမိုင်ခန့်သာ ဝေးမည်ဟုထင်ပါသည်။

ခက်သည်က ကျွန်တော့်လွယ်အိတ်ထဲတွင် ပါလာသည့် ယမ်းတောင့် ၅၀ နှင့် ကာဘိုင်သေနတ်။

ယူလာခဲ့လျှင် ကောင်းမည်လား။

စွန့်ပစ်ခဲ့လျှင် ကောင်းမည်လား။

မဝေခွဲနိုင်ဘဲ ချီတုံချတုံ ဖြစ်မိပါသည်။

နောက်ဆုံးကျတော့ စွန့်ပစ်ရမှာ နှမြောသော်လည်း မတတ်သာတော့ပါ။ မြို့အဝင် ချောင်းထဲသို့ လွှင့်ပစ်ခဲ့ရပါတော့သည်။

ကော့ကရိတ်ရောက်တော့ ချက်ချင်း အိမ်မပြန်ရဲကြသဖြင့် မြို့လယ်ဘုန်းကြီးကျောင်းတွင် ဝင်၍ခိုကြပါသည်။

ဘုန်းကြီးကျောင်းရောက်မှပင် အိမ်ပြန်ရန် သင့် မသင့် တိုင်ပင်ကြပါသည်။ စောထူးစိန်နှင့် ခင်အောင်စိုးတို့ကတော့ အိမ်ပြန်မည်ဟုဆိုပါသည်။ ကျွန်တော်ကတော့ အိမ်ပြန်လိုစိတ် မရှိပါ။

"မင်းလည်း အိမ်ပြန်ပေါ့ကွ၊ ဘယ်မှလျှောက်သွားမနေပါနဲ့တော့" ဟု ခင်အောင်စိုးက ပြောပါသည်။ စောထူးပေါကလည်း "ဟုတ်သားပဲကွာ၊ မင်းလည်း အိမ်ပြန်ပါ" ဟု တိုက်တွန်းပါသည်။

အိမ်ပြန်ဖို့သာ ပြောကြသော်လည်း ကျွန်တော်တို့ သုံးယောက်စလုံး အိမ်ပြန်ဖို့ မဝံ့မရဲဖြစ်လျက် ရှိကြပါသည်။

ကျွန်တော်တို့ သောင်းကျန်းသူတွေဘက်မှ ထွက်ပြေးကြသည်ကို လူကြီးတွေ သိထားနှင့်ကြလေမလား၊ အခုလို သူတို့နယ်မြေထဲမှ ပြန်လာသည်ကိုရော သိကြလေမလား။

အကယ်၍ သိခဲ့ပါမူ ကျွန်တော် ဆက်မတွေးရဲပါ။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်ကတော့ အိမ်မပြန်ဟု အခိုင်အမာ ဆုံးဖြတ်ပြီးပါပြီ။

မနက်ကျတော့ သင်္ကန်းညီနောင်ရွာမှ ရလာသည့် ဆက်ကြေးငွေ ၈၀၀ ကို ကျွန်တော် ခွဲပေးပါသည်။ သူတို့နှစ်ယောက် တစ်ယောက်ကို ၂၅၀ ကျပ်စီပေးပြီး ကျွန်တော်က ၃၀၀ ကျပ် ယူပါသည်။

"ငါ အိမ်မပြန်သေးဘူးကွာ၊ ဒါကြောင့် ငွေပိုယူတာပါ။ မင်းတို့ ကျေနပ်ကြတယ်နော်"

"ဟာကွာ... ကျေနပ်ပါတယ်။ ထပ်ယူချင် ယူပါဦး။ မင်းလမ်းမှာ လိုနေရင် ခက်မယ်။ ဒါနဲ့ မင်းက ဘယ်သွားဦးမှာလဲ"

"ငါလား... ငါဘယ်သွားရမှန်း မသိသေးပါဘူးကွာ၊ ရန်ကုန်တော့ ရောက်မှာသေချာတယ်"

ကျွန်တော်တို့ လမ်းခွဲကြပါသည်။ သူတို့နှစ်ယောက်က တစ်လမ်း၊ ကျွန်တော်က တစ်လမ်း။

*

(၁၀)

ကျွန်တော်က ကော့ကရိတ်မှ ကျုံဒိုးအထိ ကားစီးသည်။ ကျုံဒိုးမှ မော်လမြိုင်သို့ သင်္ဘောစီးသည်။

မော်လမြိုင်မှာ တစ်ညအိပ်လိုက်သည်။ နောက်တစ်ရက် မုတ္တမဘက်ကူးသော မီးရထားစီးသည်။

ရန်ကုန်ဘူတာကြီးရောက်တော့ ကျွန်တော် အဖမ်းခံရသည်။ အမှုက လက်မှတ်မဲ့ ရထားစီးမှု။

ကျွန်တော့် လက်ထဲတွင် ငွေ ၂၀၀ ကျော် ရှိပါလျက်နှင့် ကျွန်တော် လက်မှတ်မယူခဲ့မိပါ။

ရဲက ကျွန်တော့်အသက်မေးတော့ ၁၆ နှစ်ဟု မှန်းပြောလိုက်ပါသည်။ ကျွန်တော့်ကို ကလေးသူငယ် တရားရုံးသို့ ပို့ပါသည်။

ကျွန်တော် ပြောဆိုပုံ အလွဲလွဲ အချော်ချော်ဖြစ်ကာ ရှေ့နောက်မညီခြင်းကို မသင်္ကာ၍လား မပြောတတ်ပါ။

ကျွန်တော့်အား သရက်မြို့ရှိ ဘော်စတယ်ကျောင်းသို့ ပို့လိုက်ပါသည်။

ဘော်စတယ်ကျောင်းတွင် သုံးနှစ်နေရမည်တဲ့။

ကျောင်းမှာနေစဉ်အတွင်း ယောက်ဖထံ စာရေးရာ သူကိုယ်တိုင်တပ်မှ ခွင့်ယူပြီး လိုက်လာပါသည်။

သူ့ကျေးဇူးကြောင့် သုံးနှစ်မပြည့်မီ အပြင်လောကသို့ ကျွန်တော် ပြန်ရောက်ခဲ့သည်။ သူ့ကျေးဇူးကြောင့်ပင် ကျွန်တော်သည် အမြင်မှန်ရသူ တစ်ယောက် ဖြစ်လာသည်။

ယခုတော့ ...

ကျွန်တော်သည် သင်တန်းကျောင်းမှ သင်ကြားပေးလိုက်သည့် အတတ်ပညာဖြင့် မော်တော်ယာဉ် စက်ပြင်ဌာနတစ်ခုတွင် အလုပ်လုပ်

လျက်ရှိသည်။ ရောက်လေရာအရပ်မှ ကျွန်တော် လွမ်းမောခဲ့ရသော မောမြေ ဘူတဲရွာကိုလည်း အလည်တစ်ခေါက် ရောက်ခဲ့ပြီးပြီ။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် ကျွန်တော့် မွေးရပ်မြေသို့ ပြန်၍ တောင်ယာလုပ်ငန်း၊ ခြံလုပ်ငန်းများဖြင့် အသက်မွေးမြူရင်း ရပ်ရွာဖွံ့ဖြိုးရေးကို လုပ်မည်ဟုလည်း သန္နိဋ္ဌာန်ချပြီး ဖြစ်ပါတော့သည်။

တောင်ပံမဲ့ငှက် လေထဲပျော်၊ ၂၀၁၅

❑

# ဂွသတ်ချိန်

- ခင်ခင်ထူး -

(၁)

စိတ်ကလေး လက်ကလေးအားတုန်း မရှင်းရတာ ကြာပြီဖြစ်သော ဗီရိုကြီးကို ရှင်းဖို့ စိတ်ကူးမိပါသည်။ ဗီရိုကြီးက ယွန်းပစ္စည်းများ၊ အမှတ်တရပစ္စည်းများထားသည့် ဗီရိုဖြစ်၍ အောက်ထပ်မှာ အင်္ဂလိပ်ဘာသာ စာအုပ်မျိုးစုံ ရှိနေပါသည်။ ကျွန်မတို့ ရတ်တရက် မဖွင့်ဖြစ်သော ဗီရိုဖြစ်၍ ပိုးမျှင်တွေ ဖုန်တွေ ထုတက်နေလေပြီ။ စာအုပ်တွေကို အကန့်လိုက်ထုတ်၊ ဖုန်ခါ၊ အလိုက်သင့် ပြန်စီရတာ လွယ်သော်လည်း အပေါ်နှစ်ကန့်က ပစ္စည်းတွေကတော့ အရွယ်စုံ အမည်စုံ ဆိုရလောက်အောင် ဖြုတ်စဖျင်းတောင်းတွေဆိုတော့ တစ်ခုချင်း အပြင်ထုတ်ပြီး ရှင်းရပါသည်။ ဓာတ်ပုံအယ်လ်ဘမ်များ၊ ဂွမ်းအရုပ်များ၊ သမီး၏ ကစားစရာများ၊ မှန်အိမ်ဟောင်းများ၊ ဓားပြားဘူးများ စသည်ဖြင့် ထွက်လာသမျှ ပစ္စည်းတွေကို တစ်ခုချင်း ဖုန်သုတ်သန့်စင်ရသည်။

အကန့်တစ်ကန့်ကတော့ ကျွန်မ အဖေနှင့်ဆိုင်သည့် ပစ္စည်းများဖြစ်ပါသည်။ အဖေ မရှိတော့သည့်နောက်ပိုင်း အဖေ့ အလွမ်းပြေပစ္စည်းတချို့ ကျွန်မ ယူထားခဲ့ပါသည်။ အဖေ လူပျိုဘဝက ဝတ်ခဲ့သည့်

ဘန်ကောက်ပုဆိုး သုံးထည်ပင် ပါသေးသည်။ အဖေ ရေးခဲ့သည့် ဖောင်တိန်၊ အဖေ ရဟန်းဝတ်စဉ်က ရဟန်းဝတ်နှင့် ရိုက်ကူးထားသည့် ဓာတ်ပုံ၊ အဖေကိုင်နေကျ ရေဒီယို စသည်ဖြင့် ပစ္စည်းများလည်း ရှိနေပါ၏။

ရေဒီယိုကလေးကို ဖုန်သုတ်သန့်စင်သည့်အခါမှာတော့ အဖေရှိစဉ်ကလို ရေဒီယိုကလေးက အသံတွေ မြည်လာသလိုလို ခံစားမိပါသည်။ အဖေက ဒီရေဒီယိုကို အင်မတန် စွဲလမ်းရှာပါသည်။ အဖေနေထိုင်မကောင်းစဉ်တစ်လျှောက်လုံး ပို၍ပင် စွဲလမ်းရှာခဲ့ပါ၏။ ရေဒီယိုက လာသမျှအစီအစဉ်တိုင်းကို နားထောင်သည်။ ပြောချင်ရာ ပြောနေသော အဖော်တစ်ယောက် အနားမှာ ရှိနေသလို အပျင်းပြေနေပုံလည်း ရပါ၏။ အမေက အိမ်မှုကိစ္စတွေနှင့် လုံးချာပတ်ချာ ရိုက်နေတတ်သလို ကျွန်မတို့ သားသမီးတွေကလည်း ကိုယ့်ကိစ္စနှင့်ကိုယ် ဆိုတော့ အဖေ့အနားကပ်ချိန် နည်းကြရတာ မဟုတ်လား။ ကျွန်မ ကျောင်းကပြန်လာလျှင် တော့ အဖေ ပျော်သွားတတ်ပါသည်။ ရေဒီယိုက ကြားထားသည့် ထူးထူးဆန်းဆန်း ကိစ္စတွေ ပြန်ပြောတတ်သည်။

"အသံထက်မြန်တဲ့ လေယာဉ်ပျံတောင် ပေါ်နေပြီတဲ့ သမီးရဲ့၊ အသံထက် မြန်တယ်ဆိုတာ ဘာတဲ့တုန်း...လေယာဉ်ပျံရှေ့က အသံက နောက်ကျန်ရစ်ခဲ့တာကို ပြောတာလား၊ အဖေတို့တော့ နားမလည်နိုင်တော့ပါဘူး သမီးရယ်။ တို့က လှေသမားဆိုတော့ တစ်သက်လုံး ရေထဲ တရွေ့ရွေ့ သွားနေရတာ မဟုတ်လားကွယ့်"

သမီး ကျောင်းဆရာမတော့ သည်ကိစ္စ ရှင်းနိုင်မည်အထင်ဖြင့် မေး ခြင်းဖြစ်ပါ၏။ ကျွန်မကလည်း ခပ်ထွေးထွေးကလေးလောက်သာ ဖြေနိုင်သည်။ နေ့စဉ် ရေဒီယိုထဲက ကြားသမျှ တစ်ခုမဟုတ် တစ်ခုကို မေးတတ်သော အဖေ့ကို ရေဒီယိုကလေးကြည့်ရင်း လွမ်းလွမ်းဆွတ်ဆွတ် သတိရနေမိခဲ့သည်။ အခုတော့ ရေဒီယိုကလေးကလည်း အသံမမြည်

တော့ပြီ။ အဖေလည်း မရှိတော့ပြီ။ အလွန်ထူးဆန်းသော ခေတ်ပေါ်ပစ္စည်းတွေအကြောင်း ပြောပြချင်သော်မှ နားထောင်မည့်သူ မရှိတော့တာကို ဝမ်းနည်းနေမိခြင်း ဖြစ်ပါ၏။

ရေဒီယိုကလေးက နေရှင်နယ် အမျိုးအစားဖြစ်၍ အလျားတစ်ပေ၊ အနံ ၁၀ လက်မလောက်တော့ ကြီးပါသည်။ ခလုတ်ကလေး သုံးခုပါသော်လည်း အခုတော့ ခလုတ်တစ်ခု နှစ်ခု ပြုတ်ထွက်နေလေပြီ။ သံချေးကိုက်သည့် နေရာတွေမှာ ကိုက်နေပြီ။ လေတံလို့ ခေါ်ကြသည့် အသံတိုင်က ရေဒီယိုနှင့် တွဲထားသောကိုင်းဖြစ်၍ ရေဒီယိုကို ဆွဲယူသွားနိုင်သည့် လက်ကိုင်ကိုင်းလည်း ပါသေးသည်။ သည်ရေဒီယို အိမ်ကိုရောက်လာစက ကျွန်မတို့အိမ်မှာ ရေဒီယို မရှိတော့ တစ်အိမ်လုံး ဝမ်းသာကြသည်။

"ဝမ်းမသာကြနဲ့ဟေ့၊ အဖေလည်း ယူသာယူရတာ စိတ်မကောင်းချက်ကတော့... ဖောင်သမား ဘိုးမှူ ထိုးပေးခဲ့တာလေ၊ အဖေ့ဆီက ချေးထားတဲ့ ပိုက်ဆံတွေ များလာတော့ ကျုပ်မှာ ပိုက်ဆံရယ်လို့ မဆပ်နိုင်တော့ဘူး ကိုညိုရေ ရေဒီယိုသာ ယူပါတော့၊ သူနာ ကိုယ်နာ မအောက်မေ့နဲ့တော့ဗျာလို့ ပြောရှာတယ်"

"အဖေက ဘာဖြစ်လို့ ယူလာရတာလဲ။ ဘိုးမှူကြီး သနားပါတယ်။ အဖေက အကြွေးနဲ့ သိမ်းသလို ဖြစ်နေပြီ"

"အေးပါအေ... အဖေကလည်း အဲသလို စိတ်ထဲဖြစ်နေလို့ မယူပါဘူး။ သူက ကျုပ်က ဖောင်သမားတဲ့။ ရေထဲမိုးထဲ အန္တရာယ် အင်မတန်များတဲ့လူတဲ့။ ကျုပ် ခင်ဗျားအကြွေးနဲ့ သံသရာ မပတ်ချင်ဘူးတဲ့ဗျာ။ ယူသာ ယူပါဆိုတော့ အဖေလည်း မယူလို့ မရတော့ဘူး သမီးရဲ့"

ကျွန်မက ဘိုးမှူကြီး သနားပါတယ်လို့ ပြောတာကလည်း ဘိုးမှူအကြောင်းသိ၍ ပြောခြင်းပါ။ ဘိုးမှူက ရေထဲက ကုန်းပေါ်တက်ရသည်

မရှိသော ဖောင်သမားကြီးဖြစ်သည်။ တစ်ခါတစ်ရံ ကျွန်မတို့ မော်တော် ဆိုက်ကပ်ရာ မင်းကွန်း၊ စစ်ကိုင်း စသည့် သစ်ဆိပ်များကို ရောက်ရတိုင်း ဖောင်ပေါ်က တဲထဲမှာ (ဖောင်တဲ ခေါ်ကြပါသည်) ဘိုးမူ အမြဲတမ်း ရှိသည်။ ဘိုးမူက ဆယ့်လေးနှစ်သားလောက်ကတည်းက အသက် ၆၀ ကျော်၊ ၇၀ အထိ ဖောင်နှင့် မခွာရသူဖြစ်သည်။ ပင် ပန်းလှသော ကြိုး တုပ် ကြိမ်တုပ် အလုပ်တွေ မလုပ်ရတော့သော်လည်း အသက်ငယ်သူ တွေက ဖောင်စောင့်ထားခဲ့မြဲ ဖြစ်သည်။ လူငယ်တွေက 'ဘိုးမူ ဖောင် စောင့် ကျွန်တော်တို့ ကုန်းပေါ်တက်လည်လိုက်ဦးမယ်' ဆိုလျှင် မပေါ် လာကြတော့။ ဘိုးမူ ဖောင်တဲထဲမှာ ရေဒီယိုတစ်လုံးနှင့် တဂျိဂျိ အသံဖမ်း ရင်း စောင့်ရတော့သည်။

သည်ရေဒီယိုက အဖေ့ဆီကို ရောက်လာတာဆိုတော့ ဘိုးမူ ဘယ် လိုများ နေရှာမှာပါလိမ့်လို့ တွေးမိရာက သနားစိတ် ဝင်မိခြင်းဖြစ်သည်။ အခုတော့ သည်ရေဒီယိုကလေး ကျွန်မတို့အိမ်က ဗီရိုထဲမှာ အဖေ့ပစ္စည်း အဖြစ် ရောက်နေခဲ့ပြီ။ လှိုင်းသံ၊ ရေသံ၊ ဝဲသံ၊ ဂယက်သံ၊ မိုးကြိုးမုန် တိုင်းသံတွေထဲက မျှင်းမျှင်းကလေး ကြားနေရသော တယောသံကလေး တစ်သံလို လွမ်းစရာကောင်းလှသော အသံတစ်သံကို ကျွန်မ ကြား ယောင်နေမိသလိုပင်။

*

(၂)

ဘိုးမူ၏ အမည်ရင်းကို ကျွန်မတို့တစ်တွေ မသိကြပါ။ လူတကာ က ဘိုးမူဆိုလို့ ဘိုးမူ ခေါ်ကြရခြင်းပင်။ ဘိုးမူက ဖောင်သမား၊ အဖေ က ဖောင်ဆွဲမော်တော်သမားဆိုတော့ အလုပ်ချင်း ဆက်စပ်ရာက ဘိုးမူ နှင့် ခင်မင်ကြရတာကလွဲလို့ ဘိုးမူအကြောင်း ဘယ်သူမှ ဂဃနဏ

မပြောနိုင်။ လူကတော့ ဖောင်သမားပီပီ ကျစ်ကျစ်လျစ်လျစ် ထုသားပေသား ကျနေပုံမျိုးဖြစ်သည်။ နေပူ၊ ရေပူ၊ လေပူထဲ သစ်ဖောင်မျောသလို မျောရသူဆိုတော့ အသားက သစ်စေးရောင် ညစ်နက်နက်ဖြစ်၏။ မွဲခြောက်ခြောက် မျက်လုံးတွေမှာ အမြဲတမ်း မျက်ဝတ်တွေ ထွက်နေတတ်သည်။ အင်္ကျီကျောပြောင်ကြီးနှင့် နေတတ်သူ ဆိုသော်လည်း စွပ်ကျယ်ဟောင်းတစ်ထည်တော့ ပခုံးပေါ် ပါလာတတ်၏။

"ကျုပ်က အင်္ကျီဝတ်ကြီးနဲ့ မနေတတ်ဘူးဗျ ကိုညို့ရ။ ဝတ်ရင်ယားနေတော့တာ။ ဖောင်စစ်စာရေးတွေ၊ သစ်စစ်စာရေးတွေလာရင် အသင့်ဝတ်နိုင်အောင်လို့သာ ပခုံးပေါ် တင်ထားတာ။ လူကြီးတွေလာရင် ရိုသေသမှု ဝတ်ရတာကိုး"

ဘိုးမူ၏ အင်္ကျီချွတ်ထားရခြင်း အကြောင်းပြချက် ဖြစ်ပါ၏။ ပုဆိုးကြမ်းထော်ထော်ကို တိုတိုပါအောင်ဝတ်၍ ခါးမှာ ပိုက်ဆံကို လိပ်ကျစ်ထားသည့် အဖုတစ်ဖု အမြဲပါသည်။ အင်္ကျီအိတ် မပါတော့ သူပိုင်ပိုက်ဆံကို ကိုယ်နှင့်မကွာ ထားသည့်သဘော ဖြစ်ပါလိမ့်မည်။ ကျွန်မတို့က သူ့ကို စချင်လို့ ပုဆိုးခါးစည်းကဖုကို စမ်းလျှင် ရယ်နေတတ်သည်။

"ပိုက်ဆံ မရှိပါဘူး တူမကြီးရာ၊ ဘိုးမူရတဲ့ ပိုက်ဆံ ကမ်းနားက မပွား ပေးရတာနဲ့ ကုန်တာပါအေ၊ အခု သည်ပိုက်ဆံလည်း မပွား ပေးရမှာပဲ"

မပွားဆိုသူမှာ မြစ်ကမ်းနားက တစ်ခါပြင် ထမင်းသည်ဖြစ်သည်။ အရက်ကလေး ဘာလေးလည်း ရသည်။ သည်တော့ ဖောင်လိုက်ခရသမျှ စားတာသောက်တာနှင့် ကုန်ရတာပါပဲဆိုသည့်သဘော ပြောခြင်း ဖြစ်ပါ၏။

ဘိုးမူ ခေါင်းက တဘက်ကတော့ ကျွန်မတို့အိမ်မှာ ပြောစရာ

ဖြစ်ရသည်။ ဘယ်တုန်းကမှ ဖွပ်ခြင်း၊ လျှော်ခြင်းမရှိဘဲ ခေါင်းပေါင်း ထားတတ်သော တဘက်ကြီးမှာ ချေးညှော်များ၊ ချွေးစေးများ၊ သဲမှုန့် ဖုန်မှုန့်များဖြင့် စေးကပ်ကာ ပျစ်တွဲကြီး ရှိနေသည်။ ကျွန်မတို့ မောင်နှမ တစ်တွေ ရေချိုးပြီးလို့ တဘက်ပျောက်နေလျှင် သို့မဟုတ် တဘက်နှင့် သုတ်နေတာတွေ့လျှင် ဘိုးမူက တဘက်လားဟု စကြမြဲဖြစ်၏။

"မမ နင့်တဘက် ဘိုးမူ ခေါင်းပေါင်းထားတာတွေ့တယ်၊ သွားယူ ပေးရမလား"

ကျွန်မ မောင်တွေက ကျွန်မ အကဲဆတ်မှုန်း သိသဖြင့် စကြခြင်း ဖြစ်သည်။ ခေါင်းပေါင်းကြီးအောက်မှ ဘိုးမူ မျက်နှာမည်းညစ်ညစ်ကြီး ကလည်း မျက်လုံးအရောင်ကိုပင် မမြင်ရ။ ဘိုးမူ ရယ်လိုက်လျှင် ပါးကြီး ခွက်သွားတတ်တာကလွဲ၍ သွားရယ်လို့လည်း မတွေ့ရပါ။ ပါးရေ နားရေတွေ တွန့်ချင်တိုင်းတွန့်၊ လိပ်ချင်တိုင်း လိပ်နေပြီ ဖြစ်သော်လည်း ဘိုးမူ၏ ခန္ဓာကိုယ် သန်စွမ်းမှုက အံ့သြစရာပင် ကောင်းလှပါသည်။

တစ်ခါတစ်ရံ ကျွန်မတို့ ဖောင်ဆွဲမော်တော် ဆိုက်ကပ်ထားရာ မင်းကွန်းသစ်ဆိပ်၊ စစ်ကိုင်းသစ်ဆိပ်၊ ရွှေကြက်ယက်သစ်ဆိပ်များသို့ ကျွန်မတို့ လိုက်သွားတတ်ပါသည်။ ထိုအခါမျိုးတွင် ဘိုးမူသည် ဖောင် ပေါ်က ဖောင်တဲကလေးထဲတွင် ချက်ပြုတ်နေတတ်တာ ရှိသလို ဖောင် ကြိုးများကို လိုက်တုပ်နေတာမျိုး၊ သစ်လုံးတွေတွဲတာ လိုက်ကြည့်နေတာ မျိုးလည်း တွေ့ရတတ်ပါသည်။ ကျွန်မတို့က စားစရာတစ်ခုခု ဝယ်လာ သဖြင့် ဘိုးမူ မုန့် သုံးဆောင်ပါဦးလို့ လှမ်းခေါ်လျှင် ဘိုးမူက တွဲထား သည့် ဖောင်လုံးတွေကို တစ်လုံးပြီးတစ်လုံး ဆတ်ခနဲ ဆတ်ခနဲ နင်းကာ ကျွန်မတို့ မော်တော်ပေါ် ကူးလာလေ့ရှိသည်။ ဖောင်ပေါ်လျှောက်လျှင် သစ်လုံးပေါ်ကို ခပ်မြန်မြန်ကလေး နင်းရသည်။ မြေပေါ် လမ်းလျှောက် သလို တစ်လှမ်းချင်း အေးအေးဆေးဆေး နင်းနေလျှင် သစ်လုံးက ရေထဲ

နှိမ့်ကျသွားတတ်လို့ ဖြစ်သည်။

ပုဆိုးတိုတို၊ အင်္ကျီဗလာ၊ ခေါင်းပေါင်းတဘက် ညစ်ထပ်ထပ်နှင့် မော်တော်ခန်းထဲ ဝင်လာသည့် ဘိုးမူက အမြဲတမ်း ဖျတ်ဖျတ်လတ်လတ် ပင်။ ပြီးလျှင် ကျွန်မတို့ ဝယ်ခြမ်းလာသည့် စားစရာတွေ မြိန်ရေရှက် ရေ စားတော့သည်။ စားပြီးတိုင်း သူ့ခေါင်းပေါင်းကို လက်သုတ်သည်။ တစ်ခါ နှိုက်စားလိုက် လက်သုတ်လိုက်။ အစား ကုန်အောင်စားပြီးလျှင် တော့ ဆေးလိပ်တစ်တို မီးညှိကာ အူနေအောင်ဖွာရင်း သူ့စိတ်ထဲ မရှင်း တာတွေ မေးတော့သည်။

"နေစမ်းပါဦး၊ ငါ့တူမက အတန်းတွေ ရလှပြီဆိုတော့ ဘကြီး မေး စမ်းပါဦးမယ်။ ရေဒီယိုထဲက လာနေတဲ့ စစ်ပွဲ ငါ့တူမလည်း ကြားမှာ ပေါ့။ ဖော့ကန်ကျွန်းဆိုတာ ဘယ်ဆီမှာတုန်းကွယ့်၊ ဘကြီးတို့နဲ့များ နီးသလား"

ဘိုးမူပြောသည့် ဖော့ကန်ကျွန်းဆိုတာကို ကျွန်မ ကိုယ်တိုင်က အတော်ကလေး စဉ်းစားယူရပါသည်။ အခု ရေဒီယိုထဲမှာ စစ်ဖြစ်နေတဲ့ ဖော့ကန်ကျွန်း။ နောက်မှ ထိုစဉ်ကာလတွေတုန်းက အင်္ဂလန်နိုင်ငံနှင့် အာဂျင်တီးနားနိုင်ငံတို့ ဖက်ပြိုင်အချင်းများနေကြသည့် ဖောက်ကလန် ကျွန်းကိုပြောမှန်း သဘောပေါက်ရပါတော့သည်။

"ဖောက်ကလန်ကျွန်းပါ ဘိုးမူရဲ့၊ ဟိုးအနောက်ဘက်ဆီမှာ ရှိတယ်၊ ကျွန်မတို့ နိုင်ငံနဲ့ တော်တော်ဝေးပါတယ် ဘိုးမူရယ်"

"သြော်... အေး.... အေး... ဘကြီးက ရေဒီယိုထဲက ညတိုင်း ကြားနေရတော့ နီးများနီးသလားလို့၊ ဒုံးပျံတွေ ဘာတွေဆိုတာက လောကဓာတ်ပညာနဲ့ လုပ်ထားတာဆိုတော့ လွင့်စဉ်ပြီးများ ရောက်လာ ရင် ဒုက္ခ..."

ကျွန်မတို့ မောင်နှမတစ်တွေနှင့်ဆုံတိုင်း ဘိုးမူက သည်လို

အကြောင်းအရာတွေ အမြဲတမ်း မေးတတ်ပါသည်။ ကျွန်မ **မောင်တွေက**တော့ ဘိုးမူကြောက်အောင် ပြောပြတာလည်း ရှိပါသည်။ "ဘိုးမူ ဖောင်မျှောတုန်း ကောင်းကင်က လေယာဉ်ပျံသံကြားရင် ဖောင်တဲထဲ ဝင်နေ၊ သူများမပြောနဲ့" ဆိုလျှင် တကယ်ယုံရှာပါသည်။

"ကိုရင်ညို့နှယ်... ခင်ဗျားသား အလတ်ကောင် ပြောထားလို့ပေါ့ဗျာ။ တစ်လောက ပခန်းဆိပ် ဖောင်ကပ်တုန်း လေယာဉ်ပျံဝဲလာလို့ ကျုပ် ဖောင်တဲထဲ ဝင်ပြေးရသေးတာ"

အဖေကတော့ ရယ်နေတတ်ပါသည်။ အဖေက ကွယ်ရာမှာတော့ ကျွန်မတို့ မောင်နှမတွေကို ဆူတတ်သည်။ ဘိုးမူကို မစကြဖို့၊ ကြောက်အောင် မခြောက်ကြဖို့၊ လူကြီးသူမကို ရိုရိုသေသေ ပြောကြဖို့ ဆုံးမပါသည်။

*

(၃)

"ဘိုးမူက သူ့လောက သူ့ပတ်ဝန်းကျင်မှာ အားကိုးရတဲ့ ဖောင်သမားကြီးကွယ့်၊ မိုးလေများ အကဲခတ်ရပြီဆိုရင် သူ့ကို ဘယ်သူမှ မမီဘူး။ နေသာ မိုးသာ တိမ်သာ လသာ မျှောနေရာက ဘယ်စခန်းရောက်ရင် ဖောင်ကပ်ကြတော့ဟေ့၊ ထမင်းအိုးတစ်လုံးချက်အတွင်း လေကျနိုင်တယ်ဆိုရင် တကယ့်ကို လေကျတော့မှာ သေချာပြီ၊ ဖောင်သမားတွေက မဟုတ်တာ ဘိုးမူရာလို့ မပြောဝံ့ဘူး။ ဟုတ်လည်း ဟုတ်တာကိုး"

ဖောင်တစ်ပျစ်ဆိုတာ သစ်လုံးပေါင်း ရာနှင့်ချီကာ ဆွဲထားသော အပြင်ပြန့်ကြီးဖြစ်သည်။ သည်ဖောင်တွဲကြီးကို ရုတ်တရက် ကမ်းကပ်ရဖို့ဆိုတာ မလွယ်ပါ။ ကပ်ရမည့်ကမ်းက အဆင်ပြေပါမှ။ ပုံမှန်ဆိုလျှင်

တော့ ကမ်းသာရာ ဖောင်ဆိပ်ကမ်းတွေကို သတ်သတ်မှတ်မှတ်ထားကာ ရောက်အောင် ဆွဲလေ့ရှိကြပါသည်။ ခရီးအကွာအဝေးကိုလိုက်၍ တစ်ကြိုးဆွဲ၊ နှစ်ကြိုးဆွဲ စသဖြင့် ခေါ်ဝေါ်တတ်ကြသည်။ ဖောင်တစ်သုတ်ဆိုလျှင် မော်တော် သုံး၊ လေးစင်းစာ ရှိတာဆိုတော့ ဖောင်သုံး၊ လေးပျစ် ဆိုက်ကပ်နိုင်ဖို့ ဆိပ်ကမ်းကိုလည်း ရွေးရသည်။ စည်းတိမ်သောင်တိမ်၊ ရေထူရေပါးကအစ ကြည့်ရသည်။ ဖောင်ကို ဝွဲသတ်ရသည့် အလုပ်ကလည်း ခက်ခဲလှပါ၏။ ဖောင်တစ်ပျစ် ကမ်းကပ်ဖို့ရာက မော်တော်ကလည်း ထိန်းလှည့်ပေးရသည်။ ဖောင်သမားတွေကလည်း မျောတိုင်တွေ စိုက်ရ၊ ကြိုးချည်ရနှင့် တော်တော်နှင့် ဝွဲသတ်လို့ မရနိုင်။ သည်အလုပ်ကို ပေါ့ပေါ့ဆဆ သဘောထား၍မဖြစ်။

သို့သော် ဘိုးမူက ကမ်းကပ်တော့မည်ဆိုလျှင် ဖောင်သတ်လို့ကောင်းရာ အနီးဆုံးကမ်းကို ရှာကြပေရော့။ မကြာမီ လေကြီးမိုးကြီး ရုတ်တရက် ကျလာကာ ဖောင်တွဲကြီးသည်ပင် ဖျိုးဖျိုးဖျစ်ဖျစ် မြည်သည်အထိ ရုန်းရင်းဆန်ခတ် ဖြစ်ရတော့သည် ဆိုပါ၏။

“ဘိုးမူကို မေးကြည့်တော့ ကျုပ်နှာခေါင်းထဲမှာ မိုးနံ့ လေနံ့ ရလာတာပဲ ကိုရင်ညို၊ပုရွက်ဆိတ်များ ခပ်ဝေးဝေးက ထန်းလျက်လုံးနံ့ ရသလိုပဲ။ မိုးပေါ်က ကြည့်လိုက်ရင် တိမ်အရောင် မြင်တာနဲ့ ကျုပ်က သိနေတာလို့ အဖေ့ကို ပြောဖူးတယ်။ ဟုတ်မှာပဲ၊ ဘိုးမူ ဖောင်သက်က အနှစ် လေး၊ ငါးဆယ် ရှိနေမင့်ဟာ။ ဖောင်သမားတွေက သူ့ကို ဖောင်ဘိုးတော် ခေါ်ကြတယ်”

ကျွန်မတို့ မိသားစု၏ စီးပွားရေးမှာ ဖောင်ဆွဲမော်တော်ဖြင့် သစ်ဖောင်များကို သတ်မှတ်ရာ သစ်ဆိပ်ကို အရောက်ပို့ရခြင်းဖြစ်သည်။ တစ်ခါတလေ အထက်အညာအရပ်က သစ်ဖောင်တွေကို မင်းကွန်း၊ စစ်ကိုင်း သစ်ဆိပ်များကို ပို့ရသလို တစ်ခါတစ်ရံမှာ မင်းကွန်း၊ စစ်ကိုင်း

သစ်ဆိပ်မှ ဖောင်များကို ရန်ကုန် အလုံသစ်ဆိပ်သို့ ပို့ရတတ်ပါသည်။ သစ်ဖောင်ဆွဲခ တစ်ခေါက် မည်ရွေ့မည်မျှ သတ်မှတ်ပြီး မန္တလေးဖောင်ဖွဲ့ရေး အဖွဲ့က ချမှတ်ပေးလိုက်သော ဖောင်တွေကို ဆွဲရခြင်း ဖြစ်ပါ၏။ သည်တော့ အလှည့်ကျရာ ဖောင်နှင့် တွဲကြရသည်။ မော်တော်သမားက သစ်ဆိပ် ဖောင်အပ်ပြီးသည်နှင့် ပြန်လှည့်ခဲ့ရုံသာ။ ဖောင်သမားတွေကတော့ ဖောင်အပ်ပြီး အိပ်ရာကိုလိပ်ကာ ကြုံရာယာဉ်ဖြင့် ပြန်ကြရသည်။ မော်တော်နှင့် ဖောင်စာရင်း တွဲထွက်လာသော်လည်း ဖောင်မှူး၊ ဖောင်ခေါင်းများ၏ အမည်သာ ပါတတ်သဖြင့် ဖောင်သမား ဘယ်သူဘယ်ဝါ ပါမည်ဆိုတာကတော့ မသေချာ။ ဘိုးမူ လိုက်သည့် ဖောင်ဟုတ်ချင်မှလည်း ဟုတ်မည်။ ကျွန်မတို့ မော်တော်နှင့် ကျသည့်အခေါက်ဆိုလျှင် ဘိုးမူ ပျော်သွားတတ်ပါသည်။

"ကိုရင်ညိုရော...ကျုပ်က ခင်ဗျား မော်တော်နဲ့ ကျပါစေ ဆုတောင်းတာဗျ။ ခင်ဗျားနဲ့ဆိုတော့ ဖောင်သတ်ချိန် စကားစမြည် ပြောရတယ်။ ဘုရားစကား၊ တရားစကား ပြောရတယ်။ ကျုပ်က ရေထဲက သစ်လုံးတွေပေါ် ဘဝကုန်နေရတာဆိုတော့ ဥပုသ်ရက်ဝင်တောင် မသိတော့ပါဘူးဗျာ"

ကျွန်မတို့က ဘိုးမူ အိမ်အလည်တက်လာလို့ ရွာမပြန်ဘူးလားမေးလျှင် "ဖောင်တဲထဲ တစ်သက်လုံးနေလာတော့ ကုန်းပေါ်ကို မနေတတ်ပေါင်ဗျာ၊ ရွာလည်း မရောက်တာ ကြာပေါ့" ဟု ဖြေတတ်ပါသည်။ ဆေးလိပ်တွေကို ဆေးကြေးစော်နံအောင် သောက်သူဖြစ်သည်။ အရက်လည်း သောက်သည်ဆို၏။ တစ်ခါမှတော့ မူးလို့ပြုလို့ ဆိုတာမျိုး မကြားရ။ ဖောင်မျိုးရိုးအဖြစ် သမက်နှင့် မြေးပါ ဖောင်ပေါ်ရောက်နေကြပြီဖြစ်သည်။ ဘိုးမူတို့ရွာက မြင်းမူနယ် မြစ်နားရွာကဆိုတော့ တစ်ရွာလုံး ယောကျ်ားမှန်လျှင် ဖောင်မလိုက်ဖူးသူရယ်လို့ မရှိ။ တစ်သက်လုံး

ဖောင်သမားအဖြစ် လုပ်စားခြင်း၊ မစားခြင်းသာ ရှိသည်။ အသက်ကြီးပြီကောရယ်လို့ ဘိုးမူကို ဖောင်ပေါ်က ဆင်းတော့လို့ဆိုသူ မရှိပါ။ လူငယ်များလို ကျားစီးဖားစီး မရှိနိုင်တော့ပေမဲ့ ဖောင်ဘိုးတော် ဆိုသည့် ဘွဲ့ဖြင့် ဘေးကင်း ရန်ကင်း ဖောင်စောင့် တဲစောင့်အဖြစ် ဘိုးမူကို ခေါ်ကြရသည်ပင်။

အသက်အရွယ်နှင့် ကျန်းမာရေးအရ အဖေ မော်တော် မလိုက်နိုင်သည့်နောက်တောင် ကျွန်မ အစ်ကိုတွေ၊ မောင်တွေဆီကတစ်ဆင့် ဘိုးမူသတင်းကို ကြားနေခဲ့ရသည်။ အထူးသဖြင့် ဘိုးမူ ရေဒီယိုကလေး အကြောင်းကို ပြောကြခြင်းဖြစ်သည်။

*

(၄)

"မနက် ဘယ်နနာရီထ ဖောင်ဆွဲဆွဲ... ခုနစ်နာရီထိုးလို့ကတော့ ဘိုးမူ ဖောင်တဲထဲက ရေကင်းသံကတော့ ကြားနေရတာပါပဲဗျာ။ နေ့လယ်လည်း တကွဲကွဲနဲ့၊ ညလည်း တကွဲကွဲနဲ့၊ ဘယ်အချိန်ကျမှ အိပ်သလဲ မသိပါဘူး အဖေရာ"

အိမ်က သစ်ဆွဲမော်တော်ပေါ် လိုက်နေပြီဖြစ်သည့် ကျွန်မ အစ်ကိုက သည်လိုပြောလျှင် အဖေက ပြုံးနေတတ်ပါသည်။ မြစ်ထဲက သစ်လုံးတွေပေါ် လှိုင်းတအိအိ မြစ်လေတဖြူးဖြူးကြားမှာ ရေဒီယိုကလေး တစ်လုံးနှင့် နေရသော စည်းစိမ်မျိုးကို ဘိုးမူမှလွဲ၍ ဘယ်သူကများ ရနိုင်လို့လဲ။ ပိုက်ဆံချမ်းသာသော်မှ သည်စည်းစိမ်၊ သည်အရသာကို ရနိုင်ဖို့ မလွယ်ပါ။ ရေထဲ မိုးထဲမှာလည်း စုတ်စုတ်ခါးခါး နေနိုင်ရမည်။ သစ်ဖောင်လို့ အချိန်မရွေး အန္တရာယ်ကျရောက်နိုင်သော နေရာမှာလည်း နေနိုင်ရမည်။ သည်လိုဘဝကို တွယ်တာသူလည်း ဖြစ်ရမည်။ ရေဒီယို

ကလေးတစ်လုံးကလည်း ရှိရမည် မဟုတ်လား။

အဖေ မော်တော်အလုပ်က နားလိုက်တော့ မန္တလေးဆိပ်ကမ်း ရောက်တိုင်း ဘိုးမူက သူ့ရောင်းရင်းကြီး အဖေ့ကို လာ,လာတွေ့ရှာသည်။ အဖေ့ခမျာ ပန်းနာရောဂါအခံဖြင့် အသက်နှင့်အမျှ လူပါအိုစာသွားခဲ့ သော်လည်း ဖောင်သမားကြီး ဘိုးမူကတော့ ကျွန်မတို့ တွေ့စကအတိုင်း ပင် သန်ဆဲ၊ မြန်ဆဲဖြစ်သည်။ ပုဆိုးတိုတို၊ အင်္ကျီမဝတ်၊ ဖျင်တဘက် ခေါင်းပေါင်းနှင့် အသားညစ်မွဲမွဲ ဘိုးမူကတော့ ဖောင်တွဲသစ်လုံးကြီး တစ်လုံးလို အကြောမာလှပါသည်။

မန္တလေးကို ဖောင်ကပ်စဉ်တစ်ခေါက်မှာတော့ အဖေ့ထံမှ ငွေသုံးရာ ချေးသည်။ သူ့မြေး ငထွန်းကို လှူရာမှာ ကုသိုလ်ပါချင်သဖြင့် ချေးခြင်း ဖြစ်ပါသည်။ အဖေကလည်း အလှူကိစ္စဆိုတော့ ထုတ်ချေးခဲ့ပါ၏။ မြေးတွေ များလှသော ဘိုးမူက မြေးတစ်သုတ် လှူတိုင်း တတ်အားသမျှ ငွေထည့်နေကျဆိုတော့ သည်တစ်ခါ မြေးအငယ်ဆုံးကောင် ငထွန်း အတွက်ဟု ဆိုပါသည်။ ငထွန်းက ဘိုးအေနှင့်အတူ ဖောင်တောင် လိုက် နေပြီဆိုတော့ မလှူလို့ကလည်း မဖြစ်တော့။ သားကြီး ရှင်ဖြစ်လှူလိုက် ခြင်းသာ ဖြစ်၏။

သို့သော် အဖေ့ထံမှ ငွေချေးပြီးကတည်းက ဘိုးမူတစ်ယောက် အဖေ့ဆီကို ပေါ်မလာတော့ပါ။ ကျွန်မ အစ်ကိုများနှင့် တစ်ခါတစ်ရံ ဖောင်ဆွဲရင်း ဆုံတတ်သော်လည်း အစ်ကိုတို့ကလည်း လူကြီးချင်း ချေးငှားကြသည့်ကိစ္စဆိုတော့ သတိတရ မတောင်းသလို ဘိုးမူကလည်း ချေးငွေကိစ္စကို စကားစပ်လို့ပင် မပြောခဲ့ဟု ဆိုပါသည်။ အဖေကလည်း ဆပ်ကောင်းသည် မအောက်မေ့ပါ။ အလှူအတွက် ချေးရတာဆိုတော့ မဆပ်ဖြစ်သော်လည်း အလှူကူပြီးသား ဖြစ်ရသည်ဟု သဘောထားခဲ့ပါ ၏။

တစ်ရက် ကျွန်မ ကျောင်းသွားနေခိုက် အဖေ့ကို ဘိုးမူ လာတွေ့သည် ဆိုပါသည်။ ကျွန်မနှင့်တော့ မဆုံဖြစ်လိုက်ပါ။ ညနေဘက် ကျွန်မကျောင်းကအပြန်မှာ အဖေက ဘိုးမူ ထားခဲ့သော ရေဒီယိုကလေး ကျွန်မကို ဆီးပြခြင်းဖြစ်သည်။

အဖေက ဘိုးမူ ဈေးသော ငွေသုံးရာကို ကျေကျေနပ်နပ် ဈေးလိုက်ပါကြောင်း၊ ရေဒီယိုကိုလည်း ဘိုးမူကိုပင် လက်ဆောင်ပြန်ပေးပါကြောင်း ပြောသော်လည်း လက်မခံဟု ဆိုပါသည်။ သူ့ဘဝနှင့်အမျှ မက်စက်ရာသော သူ့ ရေဒီယိုကလေးက အဖိုးစားနားအားဖြင့် မဆိုသာသော်လည်း သူ့အတွက်တော့ တန်ဖိုးကြီးရာပေလိမ့်မည်။ ရေဒီယိုကလေး မရှိသည့်နောက် မြစ်ကြီးပေါ်က ဖောင်တဲကလေးထဲမှာ ဘိုးမူ ဘဝကို ဘယ်လိုဖြတ်သန်းသွားလေသလဲ။ ဒါကိုပဲ ကျွန်မ သိချင်နေခဲ့သည်။

"ဘိုးမူကြီး... ဖောင်မလိုက်တော့ဘူးလား မသိဘူး အဖေ၊ ကျွန်တော်တို့နဲ့ကို မဆုံတော့ဘူး၊ ဖောင်တွေကလည်း ကြဲတော့..."

ကျွန်မ အစ်ကိုတွေက ဒီလိုပြောတော့ ဘာမဆိုင် ညာမဆိုင် ကျွန်မဘိုးမူကို လွမ်းနေခဲ့မိသည်။ အမြဲတမ်း ကျန်းမာဖျတ်လတ်နေတတ်သောဘိုးမူသည် ဖောင်တွေကို စွန့်ခွာသွားမည့်သူ မဟုတ်တာတော့ ကျွန်မယုံကြည်သည်။

*

(၅)

အခုတော့လည်း သစ်ဖောင်ဆွဲ မော်တော်ပိုင်ရှင် ကျွန်မအဖေလည်း မရှိရှာတော့ပြီ။ မြေကြီးပေါ် မနေတတ်ပေါင်အေ... ဆိုသည့်ဖောင်သမားကြီး ဘိုးမူလည်း ကွယ်လွန်ရှာပြီ။

ဖောင်တဲထဲမှာပဲ တစ်သက်လုံးနေတော့မည်ဆိုသည့် ဘိုးမူတစ်

ယောက် သူ မသေခင်ကလေးမှာ ရွာကို ပြန်နေခဲ့သေးသည်ဆို၏။ ဖောင်ပေါ်မှာ ပျော်သည့် ဖောင်သမားကြီးက ရွာကို ဘာကိစ္စ ပြန်သွားရတာပါလိမ့်။ သစ်လုံးတွေပေါ်မှာ ဆတ်ခနဲ ဆတ်ခနဲ လျှောက်နေတတ်သည့် ဘိုးမူ၊ မိုးလေဝသ ဗေဒင်ဟောနိုင်သူ ဘိုးမူ၊ ဖောင်ပေါ်မှာပဲ ဘဝကုန်တော့မည်ဆိုသည့် ဘိုးမူ၊ ရေဒီယိုကလေးတစ်လုံးနှင့် ဖောင်တဲထဲမှာပင် မွေ့ရာသူ ဘိုးမူ...။ ဖောင်တစ်ပျစ် ကမ်းကပ်ဖို့ ဝဲသတ်ရသလို သူ့ဖောင်သမားကြီး ဘဝကိုလည်း ဘိုးမူက ဝဲသတ်သွားခဲ့သည်။

ပြောသာ ပြောရတာပါ။ ကျွန်မတို့လည်း ဖောင်ဆွဲမော်တော်ကို ရောင်းပစ်လိုက်ရတာပဲ မဟုတ်လား။ အခုတော့လည်း ကျွန်မတို့တစ်တွေပါ သစ်ဖောင်နှင့် ဝေးခဲ့ကြရပြီ။ 'ဖောင်အလုပ်တွေကလည်း မကောင်းတော့ပါဘူးအေ' လို့ အမေကပင် ပြောခဲ့သေးသည်။

ရေဒီယိုကလေးကို သန့်ရှင်းရင်းက ရေသံ၊ လှိုင်းသံ၊ ဝဲသံ၊ ဂယက်သံတွေထဲက တယောသံမျှင်းမျှင်းကလေးလို အသံတစ်သံ ကျွန်မ ကြားနေရသည် ထင်မိပါ၏။

သစ်ထုတ်လုပ်ရေးမဂ္ဂဇင်း၊ ၂၀၀၉

❑

# မှတ်တိုင်

## - မောင်ခိုင်အောင် -

ရင်ခွဲရုံတံခါးပေါက်ရှေ့တွင် မြက်များ ကျိုးတိုးကျဲတဲ ရှင်နေသည်။ နံနက်ပိုင်းက ရွာထားသော မိုးကြောင့် သဲဆန်ဆန်မြေနိမ့်နိမ့်တွင် ရေအနည်းငယ် ဝပ်နေသည်။ ထိုရေဝပ်အိုင်ကလေးကို ကျော်လျက် တံခါးဝသို့ ကိုမြကျော် ညင်သာစွာ ခုန်သည်။ မိုးကာလဖြစ်လျက်နှင့် ကတ္တီပါဖိနပ် စီးထားသည်။ လူသွားစင်္ကြံလမ်းကို ဖြတ်လျှောက်ပြီး အလောင်းများထားရာ ခန်းမ၏တံခါးဝတွင် သူရပ်သည်။ လွယ်အိတ်ထဲမှ စီးကရက်ဘူးနှင့် မီးခြစ်ကိုထုတ်သည်။ မီးညှိကာ အားရပါးရ ဖွာရှိုက်ပြီးလျှင် ကျွန်တော့်အား နောက်လှည့်ကြည့်သည်။ ကျွန်တော်က ပထမတံခါးဝတွင်သာ ရှိသေးသည်။ သူ့ဦးခေါင်းကို အောက်သို့ ဆတ်ခနဲငုံ့ကာ ဝင်ခဲ့ပါသဘောနှင့် ကျွန်တော့်ကိုခေါ်သည်။ သူ့အနီးသို့ ကျွန်တော်ရောက်လာသောအခါ အထဲသို့ လှမ်းကြည့်ပြီး ဝင်မည့်ဟန် ပြင်သည်။ တုံ့ခနဲရပ်ပြီး ပြန်လှည့်သည်။ စိမ်းရွှေပုပ်အဲ့သော အနံ့သည် လွင့်ပျံနေ၏။ ကိုမြကျော်က စီးကရက်ကိုကမ်းပြီး "သြော် ခင်ဗျားမှ မသောက်တတ်ဘဲ" ဟု ပြောသည်။ သူ့စကားသံ၌ စိတ်လှုပ်ရှားမှု ကပ်ငြိနေသည်။

ရင်ခွဲရုံစောင့်က ကျွန်တော်တို့ကို အထဲမှ ခေါ်သည်။ ကိုမြကျော်

က လက်ကာပြသည်။ ထုတ်ယူခဲ့ဟု လက်ဟန်ဖြင့် ပြသည်။ အထမ်းသမားနှစ်ဦးက အလောင်းကို သံပြားထမ်းစင်ပေါ်သို့ ရွှေ့တင်သည်။ အလင်းရောင် အားနည်းနေသော်လည်း မှိုမောက်နေသော ဝမ်းဗိုက်နှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးငယ်ကို မနီးမဝေးမှပင် ကျွန်တော် မှတ်မိနေသည်။ သူတို့က အလောင်းကို ထမ်းသယ်လာစဉ် ကျွန်တော်တို့ ဦးစွာ ထွက်ခဲ့ကြသည်။

ရင်ခွဲရုံနှင့် ကွန်ကရိလမ်းငယ် ဆက်သွယ်လျက် ဇရပ်ဆန်ဆန် အဆောက်အအုံတစ်ခုရှိသည်။ သင်္ချိုင်းသို့ သဂြိုဟ်ရန်မသွားမီ အလောင်းကို ထိုဇရပ်၏ အုတ်ခုံမြင့်မြင့်တွင်ထားသည်။ ထိုနေရာတွင် ဖျာကြမ်းတစ်ချပ် ခင်းထားသည်။ ခပ်လှမ်းလှမ်းတွင် လူသုံးဦးသည် အသုဘခေါင်းကို လက်စသတ်နေသည်။ အစိမ်းနုရောင် ပလတ်စတစ်ကို ဖြတ်ကိုက်ပြီး ခေါင်းပျဉ်တွင် သံမှိုရိုက်၍ ကပ်ရန်သာ ကျန်တော့သည်။

ကိုမြကျော်က သူတို့အပါးတွင်ရပ်လျက် အုတ်ခုံပေါ်တွင် ထားသော အလောင်းကို ငေးကြည့်နေသည်။

"ကိုကြီးသိန်းရေ၊ ဆရာတော်ကို ကပ်မယ့် တရားပွဲ အုန်းပွဲမှာ ပစ္စည်းတွေ အားလုံးစုံရဲ့လား၊ ဟိုရောက်ရင်လည်း ခင်ဗျားပဲ သွားပင့်လိုက်ပါနော်" သူ ပြောသည်။

သံရိုက်နေသူတစ်ဦး ထလာပြီး "သင်္ကန်းတစ်စုံပဲ ကျန်တယ် ဆရာကျော်၊ ဒါပြီးရင် ဆိုက်ကားနဲ့ သွားဝယ်လိုက်မယ်၊ ဆရာတော်ကတော့ သင်္ချိုင်းထဲက နီးရာကျောင်းတစ်ခုက ပင့်လိုက်ရင် ရပါတယ်" ထိုသူမှာ ကိုမြကျော်နှင့် အလွန်ခင်မင်သော အိမ်နီးချင်း ပရဟိတသမားတစ်ဦး ဖြစ်သည်။ အားကိုးပါတယ် ကိုကြီးသိန်းရေဟု ကိုမြကျော် ပြောသည်။ ကိစ္စဝိစ္စအားလုံးကို လွှဲအပ်ထားပုံရသည်။

အလောင်းကိုကြည့်ရန် ကျွန်တော် လာစဉ် ကိုမြကျော် ရပ်လျက်

ကျန်ခဲ့သည်။ မိုးမှုန်ကလေးများကျလျက်နှင့်ပင် နေအရောင်ဝင်းနေသည်။ မို့မောက်နေသော ဝမ်းဗိုက်သည် မျက်စိလွဲထားသော်လည်း အမြင်အာရုံထဲသို့ ရောက်နေသည်။ ပန်းနုရောင်နှင့် အဖြူပန်းကွက်ကလေးများပါသော ဖလန်နယ် အနွေးထည်လက်ရှည်ကို ကြယ်သီးစုံတပ်လျက် သူမ ဝတ်ထားသည်။ လက်အစုံသည် ဖောရောင်မို့မောက်လျက် ဝင်းထိန်နေသည်။ ခုထားစရာ အောက်ခံ ခေါင်းအုံး မရှိသောကြောင့် ပိန်သွယ်သော လည်ပင်းသည် စောင်းလိမ်လျက် ပခုံးနှင့်ပါးထိနေသည်။ ဖြစ်သလို နှောင်ထားသော ဆံပင်များ ပြေလျော့ကာ လည်ပင်းအောက်တွင်တချို့၊ ဦးခေါင်းနောက်ဝယ်တချို့ ဖြာကြဲနေသည်။ သူမ၏ မျက်နှာပြင်တစ်ခုလုံး ဝါထိန်နေသည်။ ပါးပြင်နှစ်ဖက် ဖူးရောင်လျက် နှုတ်ခမ်းများ ပြာနှမ်းထူအန်းနေသည်။ ဖောင်းမို့သော မျက်ခွံအောက်မှ ဘယ်ဘက်မျက်လုံးအိမ်သည် မသိမသာလေး ပွင့်ဟနေသည်။ နဖူးကျယ်ကျယ် နှာတံ မပေါ်တပေါ်နှင့် ရုပ်ရည်သန့်ပြန့်သော မိန်းမငယ်တစ်ဦးဖြစ်သည်။

သူမဘဝ၏ အနာဂတ်၊ သူမ လွယ်ပိုးခဲ့ရသော ရင်သွေး၊ သူမ၏ မျှော်လင့်ချက် မျိုးဆက်၊ အရာအားလုံးသည် ကြေကွဲပျက်သုဉ်းခဲ့ရပြီ။ သူမနှင့်အတူ လိုက်ပါသွားမည့် ရင်သွေးသည် ယောကျ်ားလေးလား၊ မိန်းကလေးလား၊ သူမ သိခွင့်မကြုံခဲ့။ ကျွန်တော် မသိ၊ ကိုမြကျော်လည်း မသိ၊ လောကကြီးကလည်း မသိ။ သိရန်လည်း မလိုအပ်တော့ပြီ။

ကျွန်တော် လှည့်ကြည့်လိုက်တော့ ကိုမြကျော်က အလောင်းဆီသို့ ငေးကြည့်နေသည်။ ခေါင်းအုံးတစ်ခု သို့မဟုတ် လုံချည် အင်္ကျီစများကို ဘေးပတ်ဝန်းကျင်တွင် ရှာကြည့်သည်။ မှို့များပွင့်ထွက်ပြီး ပေရေနေသော ခေါင်းအုံးစွပ်တစ်ခုကို တွေ့သည်။ မသင့်တော်ပေ၊ အသုဘ

ခေါင်းစပ်ရာမှ ကျန်ခဲ့သော ပျဉ်တိုသုံးချပ်ကို ကျန်ခဲ့သော ပလတ်စတစ်စဖြင့် သပ်သပ်ရပ်ရပ်လေး ပတ်သည်။ သူမ၏ ဦးခေါင်းအောက်တွင် ခုသည်။ ဦးခေါင်းကို တည့်သည်။ ဆံပင်ကို လည်ပင်းဘေးတွင် စုခွေထားလိုက်သည်။

ကျွန်တော့်အနီးသို့ ကိုမြကျော် ရောက်လာသည်။ သူမ၏ ခြေမနှစ်ချောင်းကို သားရေကွင်းဖြင့် ပူးနှောင်သည်။ အလောင်းကို မကြည့်ဘဲ ကျောခိုင်းလျက် ရပ်သည်။ စီးကရက် ဖွာရှိုက်ကာ အသုဘ အခေါင်းပြုပြင်နေသူများကို ကြည့်နေသည်။ သူ့လက်မှ နာရီကို ငုံ့ကြည့်ပြီး '၁၂ နာရီကျော်ရုံပဲ ရှိသေးတယ်။ ကိစ္စ ထွေထွေထူးထူး မရှိတော့ပါဘူး။ နိဗ္ဗာန်ယာဉ်က တစ်နာရီလာမယ်လေ။ ကမ်းနားဘက်က လက်ဖက်ရည်ဆိုင်သွားမယ်၊ ကိုခိုင်အောင် တစ်ခုခု စားပါလား'

"ကျွန်တော် မစားချင်ဘူး၊ လက်ဖက်ရည်ဆိုင် သွားလေ"

ကျွန်တော်တို့ ထိုနေရာမှ ထွက်လာခဲ့ကြသည်။

မနေ့က ဤအချိန်မျိုးတွင် ဤနေရာမှ အသုဘတစ်ခုကို စီစဉ်လိုက်ပို့ခဲ့ကြသည်။ ကျွန်တော်တို့နှင့် ကျောင်းနေဖက် မိတ်ဆွေတစ်ဦး၏ ဖခင်ဖြစ်သည်။ စစ်တွေသို့ ဆေးကုလာရင်း ဆေးရုံ၌ ဆုံးသွားသည်။ ကျွန်တော်တို့ မိတ်ဆွေ အဝန်းအဝိုင်းများ စုပေါင်းစီစဉ်ခဲ့ကြသည်။ ၎င်းမှ ဆက်၍ ကိုမြကျော်၏ ယခုကိစ္စ သီးသန့်ပေါ်လာခြင်း ဖြစ်သည်။

ကုန်ခဲ့သော တစ်မြန်နေ့က ရှစ်နာရီထိ ထိုအသုဘ၌ ကိုမြကျော်သည် ကျွန်တော်နှင့် ရှိနေခဲ့သည်။ သံဃာတော် တရားနာရန် ကြွလာစဉ် စာပေမိတ်ဆွေတစ်ဦးနှင့် တွေ့စရာရှိ၍ သူ ပြန်သွားသည်။ ဆရာတော်တရားဟောကြားနေစဉ် လတ်တလော ဆုံးလာသော အလောင်းတစ်ခုကို ရင်ခွဲရုံသို့ သယ်လာသည်။ အစပိုင်းတွင် ကျွန်တော်တို့ သာမန်မေ့မေ့လျော့လျော့။

ခပ်မာမာဟောက်သံ၊ အောက်ကျို့တောင်းပန်သံ၊ ယောက်ျားတန်မဲ့ ငိုသံထက်ဝက်နှင့် ပြောသံများ ကျယ်လာသည်။ အာရုံများက ထိုဘက်သို့ လှည့်သွားသည်။

ကိုယ်ဝန်နှင့် အမျိုးသမီးတစ်ဦး၏ အလောင်းကို ရင်ခွဲရုံတံခါးဝတွင် ချထားသည်။ ခပ်ဖွဲဖွဲမိုးထဲတွင် သယ်လာသောကြောင့် မိုးရေစိုရွှဲနေသည်။ နဖူးနှင့် နှာသီးဖျားတွင် တင်နေသော မိုးစက်များသည် ခပ်စောင်းစောင်း ထိုးကျနေသော မီးရောင်နှင့် လက်နေသည်။ လင်ယောက်ျားဖြစ်ဟန် တူသူသည် လွယ်အိတ်နှစ်လုံးကို တစ်ဖက်တစ်ချက်လွယ်ပြီး တိုလီမိုလီပါသော ကြိမ်ခြင်းတစ်ခုကို ဘယ်လက်၊ လေးဆင့်သွပ်ချိုင့်တစ်ခုကို ညာဘက်လက်တွင် ကိုင်ကာ အလောင်းဘေးတွင် ရပ်နေသည်။ ဝမ်းနည်းကြေကွဲနေသဖြင့် နှုတ်ခမ်းများတုန်ယင်၊ ပါးစပ်မဲ့ရွဲ့ကာ စကားကို ပီပီပြင်ပြင် မပြောနိုင်ပေ။ ရင်ခွဲရုံစောင့် လူငယ်က ပိတ်ထားသော တံခါးဝတွင်ရပ်ကာ စကားရင့်ရင့် ပြောနေသည်။ အနည်းငယ် သောက်စားထားပုံ ရပေသည်။

"အစ်ကိုတို့ စဉ်းစားကြည့်ပါဦး။ ဒီလူတွေက သူတို့ အလောင်းကို အမှိုက်ပုံလို ဒီမှာထားခဲ့မယ်။ လာမယ် မလာမယ် သေချာတာလည်း မဟုတ်ဘူး။ ဒါ ကျန်းမာရေးဌာနပါ။ ရက်စွန်းလာရင် ပတ်ဝန်းကျင်ကို ထိခိုက်တယ်။ မလာရင် ကျွန်တော်တို့ မောပြီ၊ အလုပ်ရှုပ်တဲ့အထဲမှာ ဒီအလုပ်က စိတ်ညစ်ဖို့ အကောင်းဆုံးပဲ"

ကျွန်တော်တို့ရောက်လာသောအခါ သူ့လေသံက အလုပ်သဘော ဆန်သွားသည်။

"ဟေ့လူ၊ မိန်းမသေတာ အဆန်းလားဗျ။ အူတူတူ ကြောင်တောင်တောင်နဲ့၊ ခင်ဗျား ပြန်လာမယ့်သူ မဟုတ်ပါဘူး။ ပေးမထားနိုင်ဘူးဗျာ၊ ဟိုဇရပ်မှာထားပြီး ဖြစ်သလို သင်္ဂြိုဟ်ပေါ့"

အလောင်းရှင်သည် ကျေးတောနေတစ်ဦးဖြစ်သည်။ တစ်စုံတစ်ရာ တုံ့ပြန်ရန် ကိုယ်၊ နှုတ်၊ အမူအရာ ပြင်သည်။ ပါးစပ်မှ အသံထွက်မလာဘဲ ကျွန်တော်တို့ကို ပါးစပ်ဟ မျက်လုံးပြူးကာ စိုက်ကြည့်နေသည်။

သူသည် တစ်ရပ်တစ်ကျေး မြို့ပေါ်၌ အသုဘ အတွေ့အကြုံမရှိသူ၊ လုပ်ထုံးအစဉ်အလာများကို သိနားလည်ခြင်းမရှိသူ၊ သည်အထဲ ပရိဒေဝ ဖိစီးနေသေးသည်။ ကျွန်တော်တို့က ညှိညှိနှိုင်းနှိုင်း ပြောပေးသည်။ ခင်ဗျားတို့ ဘယ်ကလဲ၊ ငွေ ဘယ်လောက်ကျန်သေးသလဲ (၁၀၀ ကျော်)၊ စစ်တွေမှာ အသိမိတ်ဆွေ ရှိသလား (မော်တော်ဆိပ်မှာ) မနက်ဖြန်မနက် ကိုးနာရီလောက် ဒီကိုလာခဲ့၊ ငွေ ၅၀၀ လောက်ရှာခဲ့၊ အဆင်မပြေရင် ပစ္စည်းတွေ ရောင်းဗျာ။

"ဟော့လူ ဖြစ်အောင်လာနော်၊ မလာရင် ခင်ဗျားတို့လိပ်စာ ဆေးရုံမှာရှိတယ်၊ မလွယ်ဘူးနော်"

"ဟော့လူ ခင်ဗျား တော်တော့" ရင်ခွဲရုံစောင့်အား ကျွန်တော်တို့က ဟန့်တား ဖျောင်းဖျကြသည်။ မိတ်ဆွေတစ်ဦးက "ရော့ ခင်ဗျားကလေးတွေ စာအုပ်ဝယ်ဖို့" ဆိုပြီး ငွေ ၁၀၀ ပေးသည်။ အရက်သောက်မပစ်နဲ့နော်၊ သောက်ချင်ရင် ဟိုမှာရှိတယ်ဟု ထောင့်တစ်နေရာကို ညွှန်သည်။

တံခါးကိုဖွင့်ပြီး အလောင်းကို အထဲသို့ သွင်းလိုက်သည်။ ထိုယောကျ်ားက မတုန်မလှုပ် ရပ်ကြည့်နေသည်။ ကျေးဇူးတင်ပါတယ်ဟု အခါခါ ထပ်ပြောပြီး မိုးထဲတွင် သူ ထွက်သွားခဲ့သည်။

သည်ဖြစ်ရပ်ကို အသုဘပို့ရင်း သင်္ချိုင်းမှာ ကျွန်တော်တို့ ပြန်ပြောဖြစ်ကြသည်။ ကိုမြကျော် စိတ်ဝင်တစား နားထောင်သည်။ လှုပ်လှုပ်ရှားရှား သူ ဖြစ်သွားသည်။ "အမျိုးသမီးက ကိုယ်ဝန်နဲ့ပေါ့" ဟု တွေးတွေးဆဆ တစ်ဦးတည်းပြောပြီး တစ်ခုခုကို စဉ်းစားသလို ဖြစ်နေသည်။

ရောက်တတ်ရာရာ ပြောနေသော စကားဝိုင်းတွင် သူ ဝင်မပါတော့ပေ။

ကိုမြကျော်က ဣန္ဒြေသမား၊ အတွေးသမားဖြစ်သည်။ မျက်နှာတည်တည်နှင့် မဟုတ်ဘဲ နှစ်လိုဖွယ်အပြုံးရှိသည်။ စိတ်ရင်းဖြူစင်ပြီး ကူညီတတ်သူ ဖြစ်သောကြောင့် ခင်မင်လေးစားကြသည်။ မြောက်ဦးမြို့နယ် ကျေးတောရွာ၊ ချောင်လည်သော မိသားစုထဲက ကြီးပြင်းလာသည်။ မြို့နေ အထက်လွှာများလို သန့်ရှင်းသပ်ရပ်စွာ ဝတ်စားနေထိုင်တတ်သည်။

"ကျွန်တော်က တောသားပေမဲ့ မင်းသားလေးလို နေချင်စိတ်ပါလာတယ်။ အဖေက ကြည့်လို့ကို မရဘူးတဲ့။ ဝင့်ပါတယ်ပေါ့ဗျာ" ဟု သူ့ကိုယ်သူ ခပ်လှောင်လှောင် ပြောတတ်သည်။ ကျွန်တော်နှင့် စစ်တွေကောလိပ်တွင် ဆုံကြသည်။ စာပေအနုပညာ မြတ်နိုးစိတ်တူသောကြောင့် ညီအစ်ကိုပမာ၊ ငယ်ပေါင်းရင်းပမာ ချစ်ခင်ခဲ့ကြသည်။ အနေအထိုင် အပြောအဆို နူးညံ့သလောက် အစားအသောက် ကြံ့ကြံ့ခံနိုင်သည်။ အလယ်တန်းဆရာဘဝနှင့် ဘီအီးဒီ (အထက်တန်းဆရာဖြစ်သင်တန်း) ကျွန်တော်တို့ တက်ကြသည်။ တက်ချင်လို့ မနည်းကြိုးစားပြီး တက်လာရတာ စီးပွားရေးက အရင်လိုမဟုတ်။ အဖေ ဆုံးပြီး မိသားစုကို တာဝန်ယူနေရသည်ဟု ပြောသည်။ သင်တန်းတစ်လျှောက် နံနက်၊ ညစာ ကျောင်းထမင်းဟင်းမှလွဲ၍ ဘာမျှမစား၊ လက်ဖက်ရည် ကော်ဖီ မသောက်၊ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင် ထိုင်လျှင် ရေနွေးကြမ်းသောက်ပြီး ဆေးလိပ်ဖွာမည်။ ကွမ်း၍လည်း မရ။ ဆေးလိပ်ကိုတော့ စွဲလမ်းသည်။ ညဘက်များတွင် တယောအိုကလေးနှင့် နွဲ့နေတတ်သည်။ ကျောင်းအားလျှင် တစ်ခါတစ်ရံ မြေနီကုန်း ပန်းဆိုးတန်း စာအုပ်အဟောင်းဆိုင်များကို သွားမွှေကြ၊ ဈေးပေါလျှင် ဝယ်စုကြသော စရိုက်မျိုး ကျွန်တော်နှင့် တူသည်။ ကျောင်းပြန်သောအခါ သူ့စာအုပ်များက

ကျွန်တော့်နှစ်ဆရှိမည်။

စစ်တွေသို့ သူ တာဝန်ကျသောအခါ ကျွန်တော် ပျော်သည်။ သူ့အရည်အချင်းနှင့် စိတ်ဓာတ်ကို ကျွန်တော် ယုံသည်။ စာပေအနုပညာတွင် သူ ပို၍ရှင်သန်လာသည်။ ပညာရေး၌လည်း သူ အောင်မြင်သည်။ ဝင်ငွေကို သိက္ခာအပြည့်နှင့် ရှာပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်သည်။ သူ့စေတနာကို တပည့်များ၊ မိဘများက နားလည်ကြသည်။ သူ့ညီမလေးနှစ်ဦးနှင့် အဒေါ်ကို ခေါ်သည်။

"ကျွန်တော်တို့ စာပေသမား၊ ကျွန်တော်တို့ ကျောင်းဆရာဆိုတာ အပေးသမားတွေပါ၊ အစွန့်သမားတွေပါဗျာ။ ယူတယ်ဆိုတာ လောဘမဟုတ်ပါဘူး။ ဘဝမှာ ဣန္ဒြေရရလေးနေဖို့၊ နောက်ထပ် များများပေးနိုင်ဖို့အတွက်ပါဗျာ" သူ့အတွက် ဘဝလမ်းကို ရွေးချယ်ပြီးသား ဖြစ်ပေသည်။

မနေ့က အသုဘအပြန်တွင် သူက စကားဆန်းဆန်းပြောသည်။

"တစ်ဖက်သားကို အထင်သေး စော်ကားတယ် မဟုတ်ပါဘူး။ ကျွန်တော့်စိတ်ထဲ တစ်မျိုးကြီးဖြစ်နေတယ်။ ဟိုလူက သူ့မိန်းမကို လာပြီး သင်္ဂြိုဟ်ဖို့ သိပ်မလွယ်ဘူးထင်တယ်။ အဲဒါဆိုရင် တော်တော် စိတ်မကောင်းစရာပဲ။ ကိုယ်ဝန်သည်ဆိုတော့ ဗိုက်ထဲက ကလေးအတွက်ပါ ခံစားရတယ်ဗျာ"

"ခင်ဗျားက လူပျိုကြီးမို့လို့ပေါ့။ မိသားစုနဲ့ ကလေးအဖေဆိုရင် ဒီထက် ပိုခံစားရမှာ" ကျွန်တော်က ခပ်ပေါ့ပေါ့ ပြန်ပြောခဲ့မိသည်။ သူက ဘာမှပြန်မပြော၊ နွမ်းယဲ့စွာပြုံးသည်။ သူ့မျက်ဝန်းများက ဝေမှိုင်းနေလေသည်။

ယနေ့ နံနက် ၁၀ နာရီခန့်တွင် ကျွန်တော့်ထံသို့ သူ ရောက်လာခြင်း ဖြစ်သည်။

"ကိုခိုင်အောင် လိုက်ခဲ့ပါဗျာ။ မနေ့က အသုဘကို ကျွန်တော်

စီစဉ်နေတယ်။ နောက်မှ အေးအေးဆေးဆေး ပြောပြမယ်။ လာ...သွားကြမယ်"

ကျွန်တော်တို့နှစ်ဦး ဝေယျာဝစ္စတွေနှင့် အလုပ်ရှုပ်နေသဖြင့် စကားရှည်ရှည် မပြောဖြစ်ကြ။ သူနှင့် မည်သို့ ပတ်သက်သွားသလဲ၊ ကျွန်တော် မတွေးတတ်။

ရင်ခွဲရုံရှေ့၌ လမ်းမကြီးသည် တောင်နှင့်မြောက်ကို ဖြောင့်တန်း၍ ပြေးနေသည်။ ဤလမ်းကို ထောင့်မှန်ကျလျက် အရှေ့အနောက်ဖြတ်သော လမ်းရှိသည်။ လမ်း၏ အရှေ့ဘက်အဆုံး၌ ကုလားတန်မြစ်လမ်းဖြစ်သည်။ ညာဘက်တွင် ဆေးရုံဝင်းကြီးတစ်ခုလုံးဖြစ်၍ ထုံးဝါရောင် အဆောက်အအုံများ ဆက်တိုက်ရှိနေသည်။ လမ်း၏ အနောက်တစ်ဖက်တွင် ကျေးလက်တောရွာနယ် သစ်ပင်ကြီးများ စီတန်းနေသည်။ ပိတောက်ပင်ကြီးများနှင့် ပျဉ်းမပင်ကြီးများ ပါသည်။ သစ်ရိပ်အောက်တွင် စတိုးဆိုင်ငယ်များ၊ ဆေးဆိုင်ငယ်များ ရှိကြသည်။ မြစ်ပြင်ကို မျက်နှာမူလျက် ကျွန်တော်တို့ လျှောက်လာကြသည်။ မြစ်ဘက်နှင့် နီးလာလျှင် ပင်လယ်ကဗွီးပင်များ ရှိသည်။ မြစ်ဘက်မှ လေတိုက်နေသဖြင့် ကဗွီးရွက်များ တရှဲရှဲ တရှီးရှီး မြည်နေသည်။

"မနေ့ ညနေဘက် ကျူရှင်ပြီးတော့ ကိုဇော်ဆီကို သွားတယ်၊ ကျွန်တော်နဲ့ ခင်တဲ့ ဆရာဝန် ကဗျာဆရာလေ၊ ကိုခိုင်အောင် သိပါတယ်။ အသုဘ မသင်္ဂြိုဟ်ဖြစ်ဘူးဗျာ။ အဲဒီ အမျိုးသမီးရဲ့ ဆေးရုံမှတ်တမ်းတွေလည်း ကိုဇော် ကူညီပေးပါတယ်။ ကျွန်တော့်အပေါ် သံသယကင်းပြီးသွားပါ။ ရောဂါက အီကလစ်စီးယား ဆိုလားပဲ။ ကိုယ်ဝန်ဆောင် သွေးဆိပ်သင့်တယ်ပေါ့ဗျာ။ မိခင်လောင်းတစ်ဦးအနေနဲ့ အာဟာရလည်း တော်တော်ချို့ယွင်းနေတယ်။ ဆေးဝါးကုသမှုလည်း နောက်ကျတယ်။ ဆင်းရဲတာလည်း ပါမှာပေါ့လေ"

လမ်းရှေ့တည့်တည့်မှ မြစ်ပြင်ကို မြင်နေရသည်။ နောက်ခံ တောင်တန်းကြီးများ မှုန်ဝါးဝါး ဖြစ်နေသည်။

"ကျွန်တော် တစ်ညလုံး အိပ်မရဘူး။ သင်္ချိုင်းမှာ ကိုခိုင်အောင်တို့ ပြောနေကတည်းက ကျွန်တော် စိတ်မကောင်း တော်တော်ဖြစ်သွားတယ်။ ခုလို မိုးဦးမှာပဲ ကျွန်တော့်အမေ ဆုံးတာ၊ ကိုယ်ဝန်ကြီးနဲ့ပဲ။ ကျွန်တော့် မျက်စိထဲ ခုထိ မြင်နေသေးတယ်"

သူ့အသံ အနည်းငယ် လှိုက်ပြီး တိတ်သွားသည်။ ကျွန်တော့်ရင်ထဲ ဆို့နင့်သွားသည်။ မြစ်မှ လှိုင်းပုတ်သံများ ကြားနေရသည်။

"ကျွန်တော်က မြောက်ဦးမှာ စာသင်နေတယ်၊ ခြောက်တန်း။ ညီလေးတစ်ယောက် ရတော့မယ်ဆိုပြီး ပျော်နေတာ။ အမေ ဆုံးတယ်လို့ သိရတော့ ငိုတာပဲ။ အဲဒီတုန်းက မိုးကြီးလို့ ချောင်းတွေ လယ်ကွင်းတွေမှာ ရေတွေလျှံနေတာ ကျွန်တော် မှတ်မိနေတယ်။ ရွာကို လှေနဲ့ လာခဲ့ပေမဲ့ လှေပေါ်မှာ ငိုတာပဲ။ အမျိုးသမီးရဲ့ အလောင်းကို ခပ်ဝေးဝေးက ကြည့်ရင် ကျွန်တော့်အမေလိုပဲ၊ သူက အသက်ငယ်တယ်၊ ကျွန်တော့်အမေ ဆုံးတော့ ၃၄၊ ကျွန်တော်နဲ့ ညီမလေးတွေ ကျန်ခဲ့တယ်။ သူ့မှာက ပထမဦးဆုံး သားဦး ကိုယ်ဝန်၊ အေးဗျာ လူ့ဘဝမှာ ဘယ်လိုခေါ်မလဲ"

ကျွန်တော်တို့ စကားမဆက်မိကြ။ ကိုယ့်အတွေးနှင့်ကိုယ် ရှိနေကြသည်။

"မနက်လင်းချင်းပဲ ဆေးရုံကို ကျွန်တော် သွားတယ်။ တာဝန်ယူပြီး သင်္ဂြိုဟ်မယ်ပေါ့။ ဘာမှ မပတ်သက်တဲ့သူဆိုတော့ ပြောပြ၊ ရှင်းပြရတာပေါ့။ ကိုဇော်က အများကြီး ထောက်ခံ ကူညီပေးပါတယ်။ ငွေကုန်တာကိုထား၊ ဒီကိစ္စပြေလည်ဖို့ အောက်ကျို့တောင်းပန်ရမှာကိုလည်း ကျွန်တော် ဝန်မလေးပါဘူး။ ဆေးရုံ တာဝန်ရှိသူတွေလည်း အများကြီး

ကောင်းပါတယ်။ ဆရာဝန်ကြီးကို ကျွန်တော် ပြောခဲ့တယ်။ ကျွန်တော့် အမေလည်း သူ့လိုဆုံးခဲ့ပါတယ်။ အမေ့အတွက် အမှတ်တရလုပ်တာပါ။ အခုလို ခွင့်ပြုတဲ့အတွက် အများကြီး ကျေးဇူးတင်ပါတယ်လို့၊ သူက လက်ဆွဲနှုတ်ဆက်ပြီး ပြန်ထွက်ခါနီး သာဓုပါလို့တောင် ရယ်ရယ်မောမော ပြောသွားသေးတယ်"

သူ ပေါ့ပါးသွားသည်။ အပျော်သံ ကပ်ပါလာသည်။

"ထောင်စုသစ် ကြိုတဲ့ အမေ့အလွမ်းပြေ ကုသိုလ်ပွဲခင်းလေးပေါ့" ကျွန်တော် ပြောလိုက်သည်။

"ခင်ဗျားဟာက ကဗျာတစ်ပိုဒ် စပြီလေ။ ဆက်လုပ်ဗျာ" ကလေးငယ်တစ်ဦးပမာ သူ ပြုံးရယ်သည်။

မြစ်ပြင်ကို မျက်နှာပြုထားသော လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ကြသည်။ မိုးဦးလေကြောင့် အနည်းငယ် လှိုင်းကြမ်းနေသည်။ မြစ်တစ်ဖက်ကမ်းမှ တောင်တန်းများကို လုံးဝ မမြင်ရတော့ချေ။

"ဟိုဘက်ကမ်းက ပေါက်တောမြို့နယ်ပဲ။ အမျိုးသမီးရဲ့ နေရပ်က ဂန့်ကျားလား၊ ပုဏ္ဏားကြီးလား မသိဘူး။ ဆရာဝန် လက်ရေးဆိုတော့ ဖတ်ရ မလွယ်ဘူး။ ပေါက်တောက မိတ်ဆွေတွေ သိမှာပါ။ ကျွန်တော်တို့ ခရီးကြုံလို့ ရောက်ရင်လည်း အကျိုးအကြောင်း ဝင်ပြောရတာပေါ့"

"သူ့ယောကျ်ား အခုနေ အသုဘမှာ ရောက်လာရင်တော့ ကောင်းသွားမယ် ကိုမြကျော်"

"အေးဗျာ သူလည်း မလာဘဲ ဘယ်နေချင်ပါ့မလဲ"

နိဗ္ဗာန်ယာဉ်ကို ဆယ့်ငါးမိနစ်ခန့် စောင့်ဆိုင်းပေးပါရန် ကိုမြကျော်က မေတ္တာရပ်ခံသည်။ စီးကရက်ဖွာလျက် လမ်းမကြီးဘက်ကို ကြည့်ရင်း နာရီကိုကြည့်ရင်း ကိုမြကျော် စိတ်လှုပ်ရှားနေသည်။

စီးကရက်ကို မြောင်းထဲသို့ လွှင့်ပစ်ပြီး ကားဆရာရေ သွားကြမယ်

ဟုဆိုကာ ကားပေါ်တက်သည်။ နိဗ္ဗာန်ယာဉ်က ရှေ့မှ စထွက်သည်။ နောက်မှ တိုယိုတာ နောက်ပွင့်ကားလေးတွင် ကျွန်တော်၊ ကိုမြကျော်နှင့် ကိုကြီးသိန်းတို့အဖွဲ့ လိုက်ပါခဲ့ကြသည်။

အသုဘကို ဖြစ်ကတတ်ဆန်း မဟုတ်ဘဲ ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာနှင့်အညီ ပြုခဲ့သည်။ လာပို့သူက ခြောက်ဦး၊ အသုဘရှင်က သန့်သန့်ပြန့်ပြန့်၊ သေသူက အဝတ်အစား ဆင်းဆင်းရဲရဲ၊ ကိုယ်လေးလက်ဝန်ကြီးနှင့်။ အသုဘသည် စည်းဝါးမကျ ဖြစ်နေသည်။

"တပည့်တော်ရဲ့ ညီမလေးပါ ဘုရား၊ ဝေးသွားတာ ကြာပါပြီ။ ဆေးရုံမှာ ဆုံးပြီးမှ သိရပါတယ် အရှင်ဘုရား" သူ့အသံသည် ပကတိတည်ငြိမ်နေသည်။

အသုဘ ခေါင်းအဖုံးကို သံမရိုက်မီ အမျိုးသမီးငယ်အား နောက်ဆုံးအကြိမ် ကြည့်လိုက်မိသည်။ ကိုမြကျော်က ကျွန်တော်တို့ကို ကျောခိုင်းကာ ရပ်လျက် ပြန်ကြွသွားသော သံဃာအရှင်အား ငေးကြည့်နေသည်။

နံနက်လင်းသည်နှင့် ကျွန်တော့်ထံသို့ ကိုမြကျော် ရောက်လာပြန်သည်။ လန်းဆန်းပေါ့ပါးသော အပြုံးနှင့်ဖြစ်သည်။

"မနေ့ညက ကျွန်တော် နည်းနည်းလေး လိုသွားတယ်ဗျာ။ လိုက်ခဲ့ပါဦး ကိုခိုင်အောင်ရေ၊ ကျောင်းရှိရင်လည်း ဒီတစ်မနက်တော့ လိုက်ကူပါဦး"

ကျွန်တော် ငြင်းစရာမရှိပါ။ ကျွန်တော်တို့ စက်ဘီးကိုယ်စီဖြင့် ထွက်လာခဲ့ကြသည်။ မနေ့က အကြောင်းများကို ကျွန်တော်တို့ ပြောခဲ့ကြသည်။ ကျွန်တော့်ရင်ထဲ၌ ဖြစ်တည်နေသော မေးခွန်းတစ်ခုရှိသည်။

"ကျွန်တော် သတိထားမိတယ်၊ အဲဒီအမျိုးသမီးကို ခင်ဗျား သေချာမကြည့်ဖြစ်ဘူးနော်"

သူက ကျွန်တော့်ကို အံ့ဩစွာ ကြည့်သည်။ နှမ်းလျစွာ ပြုံးသည်။

"ဟုတ်တယ် ကိုခိုင်အောင်၊ သူ့မျက်နှာကို မကြည့်မိအောင် နေခဲ့တယ်။ ကျွန်တော်က စကတည်းက အမေ့အသုဘလို ခံစားပြီး လုပ်ခဲ့တာ။ သူ့ကို ကြည့်မိရင် သူစိမ်းမျက်နှာကို မြင်ရပြီး အာရုံပျက်သွားမှာစိုးတယ်။ မနေ့ညက နီးတစ်ဝက်နဲ့ အမေ့ကိုပဲ မြင်နေတယ်။ အမေ့ကို ကိုယ်တိုင်သင်္ဂြိုဟ်လိုက်ရသလို ကျွန်တော် ခံစားရတယ်။ မစမ်းဖြူဘဝက တော်တော် ကြေကွဲစရာကောင်းပါတယ်။ သူ့ရင်သွေးအတွက် ပိုပြီး စိတ်မကောင်းစရာပေါ့"

ဆိုင်းဘုတ်ပန်းချီ ဆိုင်ငယ်တစ်ခုရှေ့တွင် ကျွန်တော်တို့ ရပ်ကြသည်။ ဆိုင်ထဲသို့ သူ ဝင်သွားသည်။ သစ်သားမှတ်တိုင်တစ်ခုကို ယူပြီး ကျေကျေနပ်နပ် ပြုံးလျက် သူ ထွက်လာသည်။

သပ်သပ်ရပ်ရပ် မှတ်တိုင်လေး။

မစမ်းဖြူ (ပေါက်တော)

အသက် ၂၂ နှစ်။

နီညိုရောင်ပျဉ်ပေါ်တွင် အဖြူရောင်ဆေးဖြင့် ဝိုင်းစက်စက်ရေးထားသည်။ မနေ့ညကတည်းက အပြီးသတ် မှာထားခဲ့ခြင်းဖြစ်ပေမည်။ လှပလွန်းသော သူ့စိတ်ကူးကို ရင်ထဲ၌ ချီးကျူးနေမိသည်။

"ဆင်းဆင်းရဲရဲ သေရပေမဲ့ ဘဝမှာ မှတ်တိုင်လေးတစ်ခုတော့ ရှိသင့်ပါတယ်ဗျာ။ ကျွန်တော်တို့ လုပ်ပေးရမှာပေါ့။ ဟုတ်တယ် မဟုတ်လား ကိုခိုင်အောင်"

ဘာကြောင့်မှန်းမသိ၊ ကျွန်တော် ဝမ်းနည်းသွားသည်။ သို့သော် ကြည်နူးနေသည်၊ စကား ပြန်မပြောမိ။ သူ့ကို ပြုံးလျက် ခေါင်းညိတ်ပြမိသည်။

လူသားတစ်ဦး သေဆုံးသွားသောအခါ သူ့အတွက် ဝမ်းနည်းပူဆွေးသူ အနည်းနှင့်အများ ရှိကြပါလိမ့်မည်။ အရေးကြီးသည်မှာ တန်ဖိုးမဲ့

ကြေကွဲမှု ဖြစ်ပါသည်။ ကျွန်တော်တို့ သေဆုံးသောအခါ ကျွန်တော့်အဖို့ တန်ဖိုးထားကြေကွဲသူ အနည်းဆုံး တစ်ဦးတော့ ရှိသင့်ပါသည်။ ကံဆိုး မိုးမှောင်ကျစွာနှင့် လူ့လောကကို ကျောခိုင်းသွားခဲ့ရသော်လည်း သူမ အား တန်ဖိုးထား ကြေကွဲသူတစ်ဦးရှိနေခြင်းအတွက် သူမ သိခွင့် မကြုံ တော့သော်လည်း မစမ်းဖြူ ကံကောင်းပါသည်။

စက်ဘီးကို ဆိုင်မှာထားခဲ့ပြီး ဆိုက်ကားတစ်စီး ငှားကြသည်။

"အစ်ကိုကြီးတို့ ဘယ်ကိုသွားမလဲ"

"သင်္ချိုင်းကို"

စာပေအနုပညာ မြတ်နိုးသော ကျောင်းဆရာတစ်ဦးက သူနှင့် မည်သို့မျှ မပတ်သက်သော တောသူမငယ်တစ်ဦး၏ သင်္ချိုင်းမြေပုံတွင် မှတ်တိုင်ငယ်တစ်ခု စိုက်ခဲ့ပါသည်။

ဤလူ့ရွာမြေ၏ တစ်ခုသော သင်္ချိုင်းတစ်နေရာတွင် သုခုမ ပြင်းပြ သော မှတ်တိုင်ငယ်တစ်ခု ရှိပါသည်။

ထိုမှတ်တိုင်အောင်တွက် မစမ်းဖြူနှင့် ရင်သွေးငယ်တို့ ငြိမ်းချမ်းနေ ကြပါပြီ။

ထိုမှတ်တိုင်သည် လွန်ခဲ့သော နှစ်ပေါင်း ၂၀ ခန့်ကမှ သေဆုံးသွား သော ကျေးတောသူ မိခင်တစ်ဦး၏ မှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။

ထိုမှတ်တိုင်သည် အဝေနိက ဒုက္ခနှင့် သေဆုံးသွားရသော အမျိုး သမီးများအတွက် မှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။

ထိုမှတ်တိုင်သည် မိခင်၏ဂီတ၊ မိခင်၏ နို့ရည်ကို ခံစားသောက် ခွင့်မကြုံသော ရင်သွေးငယ်များအတွက် မှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။ ထိုမှတ်တိုင်ကို စိုက်ထူပေးသူ၏ ဘဝမှတ်တိုင်လည်း ဖြစ်နိုင်ပါသည်။

မိုးမိုး(အင်းလျား)အမှတ်တရ ၂၀၀၀ ပြည့်နှစ် ဆုရဝတ္ထုတိုများ

❑